www.burmeseclassic.com



www.burmeseclassic.com

စိစဥ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၅၊ ဒီဇင်ဘာလ
[illegible] ။ ၅၀၀
[illegible] ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းပလင် ။ *Eagle*

■

ပုံနှိပ်သူ
ဒေါ်ယဥ်ယဥ်မွန်
(ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ
ဦးတင်ထွန်း (မြ)(၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ညိုမှိုင်း၊မောင်(သန်လျင်)
ရွှေဘိုသားဦးကုန်းဘောင်/မောင်ညိုမှိုင်း(သန်လျင်)။-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၄၈-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ရွှေဘိုသားဦးကုန်းဘောင်

## မာတိကာ

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေဘိုသား ဦးကုန်းဘောင်<br>မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | ၁၅၀၀ အသပြာ ပေးထိုင်တက်ပေါက်<br>မကျေးညိုစိုး | ၄၉ |
| ၃။ | သဗိုသံ ပါကံ ဝေနတိ<br>ထောင်မှူးကြီးသိန်းဝင်း | ၆၁ |
| ၄။ | ရုပ်လည်ပွဲ<br>လေယူမင်းသျှင် | ၈၈ |
| ၅။ | ကြုံခဲ့ရသော အမှတ်တရအလွဲများ<br>ဝင်းနိုင် (ရွှေပြည်သာ) | ၁၂၆ |
| ၆။ | ပြာတစ်မှုန် မြူတစ်ဝ ကျိုရှ<br>မြဘုန်းထက် | ၁၅၂ |
| ၇။ | ခြင်တောင်ပိုနှင့် မြစ်ရုပ်ဆန်း<br>ဇလွန်ကျော်ဦး | ၁၈၅ |
| ၈။ | ကြိုးတိုက်ထဲက ည<br>သြဇိသ | ၂၀၅ |
| ၉။ | မြေသခင်ရွှေတောင်ဖိုး<br>ဖိုးယဥ်ထွန်း | ၂၂၅ |

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်နေ့သောအခါ ကျွန်ုပ်မိတ်ဆွေ ရှေးဟောင်းပစ္စည်းများ စုဆောင်းသူ ကိုဖားရွှေကျော်ဆိုသူသည် ကျွန်ုပ်ကို ထူးဆန်းသော လူကြီးတစ်ဦးနှင့် မိတ်ဆက်ပေးလေ၏။

"ကိုညိုမှိုင်းရေ ... ဟောဒါ ကျုပ်တို့ဆရာတော် ဦးသီလရဲ့တပည့် ဦးကုန်းဘောင်တဲ့"

"ဦးကုန်းဘောင် ..."

"ဟုတ်ကဲ့ ... ဦးကုန်းဘောင်လို့ ခေါ်တယ်ဗျ။ အဘကုန်းဘောင် .. ဒါ ကျွန်တော့်မိတ်ဆွေ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးဆရာကြီး ဦးညိုမှိုင်း ခေါ် မောင်ညိုမှိုင်း(သန်လျင်)ပါ အဘ"

"လူထူးဆန်း ဘတိုက်ပုံဦးရာကျော်တို့၊ ပုံပျက်ပန်းပျက်ရသေ့ကြီးတို့၊ ဦးရေချမ်းတို့အကြောင်းရေးတဲ့ စာရေးဆရာမဟုတ်လား"

"ဟုတ်ပါတယ် ... ခင်ဗျ။ အဘ ကျွန်တော်ရေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတွေ အတော်ဖတ်ဖူးတယ်နဲ့ တူရဲ့ခင်ဗျာ"





"ဖတ်ဖူးတာပေါ့ ... စာရေးဆရာရယ်။ လူထူးဆန်း ဘတိုက်ပုံဦးရာကျော်၊ ပြည်ကြီးစည်တီးဝင်မည့်မိုးကြိုး၊ ဗြိတ္တာရာသီဖွားနန်းအိမ်ကြို့၊ စောရနက္ခတ် ကြောင်နက်နှစ်ကောင်၊ ပြိတ္တာရွာသူမကြွေ၊ နတ်မြင်းခွာသံ၊ သိင်္ဂါရမြွေဆိပ်၊ နတ်မျက်စိမောင်စုန်၊ သေမင်း၊ အဲဒီဝတ္ထုတွေအားလုံး ဖတ်ပြီးပြီ။ အားလုံးလည်း ကြိုက်တယ်။

"ကျေးဇူးတင်ပါတယ် ... အဘရယ်၊ အဘ အတော့်ကို စာဖတ်နိုင်တာပဲ။ မျက်မှန်လည်း မတပ်ရဘူးနော်"

"ဟုတ်တယ် ... ကျုပ် အခု အသက် (၇၅) နှစ်ထဲ ရောက်နေပြီ။ ဆံပင်မဖြူဘူး။ သွားတစ်ချောင်းမကျိုးဘူး။ မျက်စိမမှုန်ဘူး။ နားလည်း မထိုင်းဘူး။ လမ်းလျှောက်လည်း မမောဘူး။ ကျုပ် ဇင်းကျိုက်တောင်၊ ကေလာသတောင်၊ ကုလားမတောင်၊ ပုပ္ပားတောင်၊ မြသပိတ်တောင်၊ ဖိုဝင်တောင် အားလုံး တက်ဖူး ရောက်ဖူးတယ်။ မမောခဲ့ဖူးဘူး"

"အံ့သြစရာပါလား ... အဘရယ်၊ ဘယ်လို ဆေးကောင်းဝါးကောင်းများ မှီဝဲခဲ့လို့ပါလဲခင်ဗျာ"

အဘဦးကုန်းဘောင်ရဲ့ ကိုယ်လုံးကိုယ်ထည်သည် ကျားကျားလျားလျား၊ ထွားထွားကျိုင်းကျိုင်း မဟုတ်သော်လည်း ကြည့်လို့တင့်တယ်၏။

သာမန် သူလို ကိုယ်လို အလုံးအဖန်မျိုးပဲဖြစ်၏။

ကျစ်ကျစ်လစ်လစ် ရှိ၏။ မျက်လုံးမျက်ဖန် ကောင်း၏။ မျက်နှာပေါ်မှာ ပြုံးရိပ်သန်းနေလေ့ရှိ၏။ သျှောင်ထုံးကို ဇာတ်မင်းသားများလို တွဲထုံးလေးထုံး၍ ပဝါနှင့်ပေါင်းထား၏။

ဒီမှာ ကျွန်တော့်မိတ်ဆွေ ကိုဖားရွှေကျော်က ...

"အဘရဲ့အကြောင်းကို ခင်ဗျားသိရရင် စာရေးလို့ ကုန်မှာမဟုတ်ဘူး ... ကိုညိုမှိုင်းရဲ့"

"ဟုတ်လား ... ဒါဆို ကျွန်တော် အဘကုန်းဘောင်နဲ့ တွေ့ရတာ ကံအလွန်ကောင်းလို့ မှတ်ရမှာပဲ ... ကိုဖားရွှေကျော်"

"ကိုညို ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး … ကိုဖား"

"ကိုညို … အဘကုန်းဘောင်ရဲ့လက်မှာ စွပ်ထားတဲ့ လက်စွပ်ကို ချွတ်လို့ရမလား"

ကိုဖားရွှေကျော်က သို့ကလို လှမ်းပြောလိုက်လို့ ကျွန်ုပ်သည် ရေနွေးကြမ်းသောက်နေသည့် အဘဦးကုန်းဘောင်ကို လှမ်းကြည့်လိုက်တော့ …

အဘရဲ့ ဘယ်လက်သူကြွယ်မှာ ဓာတ်လုံးကို ရွှေနှင့် ကွပ်ဝတ်ထားသည့် လက်စွပ်တစ်ကွင်းကို မြင်လိုက်ရသည်။

"ချွတ်မယ်ဆိုရင် ရနိုင်မှာပါဗျ … ကိုဖားကြီးရ"

"အဘ … ချွတ်ခိုင်းစမ်းပါဗျာ"

"စာရေးဆရာ … ချွတ်နိုင် ရနိုင်မလား"

"ရနိုင်မှာပါ အဘ"

"ဒီမှာ အဘချွတ်ပြီး ပြန်စွပ်ပြမယ်နော်"

"ဟုတ်ကဲ့"

အဘဦးကုန်းဘောင်အမည်ရှိ လူကြီးသည် သူ့ရဲ့ ဘယ်ဘက်လက်သူကြွယ်မှ ဓာတ်လုံးရွှေလက်စွပ်ကို သူ့ညာလက်နှင့် ချွတ်၍ပြ၏။

အလွယ်တကူ ရှိပေ၏။

ပြီးနောက် သူ့လက်သူကြွယ်မှာ ပြန်စွပ်လိုက်၏။

ဒါလည်း အလွယ်တကူပဲရှိနေ၍ ကျွန်ုပ်အဖို့ ဒီကိစ္စ အခက်အခဲရှိလိမ့်မည် မထင်ပေ။

"ရော့ … စာရေးဆရာ၊ ကျွတ်အောင်ချွတ်၊ ရအောင်ချွတ်၊ ကျွတ်အောင် ရအောင်ချွတ်နိုင်ရင် အဲဒီလက်စွပ်မှာ ရွှေက ငါးမူးသားရှိတယ် … စာရေးဆရာ ယူသာသွား။ ကိုင်း … ချွတ်တော့"

အဘဦးကုန်းဘောင်က သူ့ဘယ်လက်ကို ကျွန်ုပ်ရှေ့သို့ ဆန့်ထုတ်ပေး၏။ ကျွန်ုပ် သူ့ရဲ့ ရွှေလက်စွပ်ကို ချွတ်လို့ရခဲ့သည့်တိုင် ယူလိမ့်မည် မဟုတ်ပါ။





ဘာကြောင့် အဘဦးကုန်းဘောင် အာမခံရဲနေသည်ကိုသာ အဓိကသိလို၍ သူ့လက်သူကြွယ်မှ ရွှေကွပ်ဓာတ်လုံးလက်စွပ်ကို ကျွန်ုပ် ညာလက်နှင့် အသာလှည့်၍ ချွတ်လေ၏။

လက်စွပ်ဝတ်သည့် အဘဦးကုန်းဘောင်ရဲ့ လက်သူကြွယ်မှာ လှည့်လျှင် လည်နေ၏။ ရှေ့တိုးနောက်ငင် လုပ်ကြည့်၏။ ချောင်နေ၏။

သို့ဖြစ်၍ ကျွန်ုပ်က ပေါ့ပေါ့ပါးပါး ဆွဲချွတ်လေသောအခါ ‥

အလို … အံ့ဖွယ်ပါလား။

လက်စွပ်ကို ချွတ်လို့မရဖြစ်နေ၏။ ကျွန်ုပ်သည် ဂရုစိုက်၍ ချွတ်၏။ လက်စွပ်က အရင်းကနေ လက်သူကြွယ်အဆစ် အပြင်ကို ရောက်လာပြီးနောက် တစ်ဖက်ကနေ သံလိုက်နှင့် ဆွဲငင်လိုက်လို့ ပါသွားသကဲ့သို့ ပြန်ပါသွားပြီး အဘရဲ့ လက်သူကြွယ်အရင်းမှာ ပြန်ကပ်နေ၏။

ကျွန်ုပ်သည် ငါးကြိမ်တိတိ ဆွဲချွတ်ပါသော်လည်း ကျွတ်လွတ်ကာနီးကျမှ နောက်ကို ပြန်ပြန်ဆုတ်ကပ်သွား၍ အံ့ဩနေ၏။

"ရလား … ကိုညို"

"အေးဗျာ … တစ်မျိုးဆန်းနေသလိုပဲ"

"ရော့ … ဆပ်ပြာနဲ့ပွတ်ပြီး ချွတ်စမ်းပါ … ကိုညို"

ဒါနဲ့ ကျွန်ုပ်လည်း ကိုဖားရွှေကျော်လှမ်းပေးသည့် အမွှေးဆပ်ပြာတုံးကို ရေနှင့်ပွတ်လိုက်ပြီး ဆပ်ပြာရည်ချွဲချွဲရသောအခါ …

ဘကုန်းဘောင်ရဲ့ လက်စွပ်ပေါ်ကိုလည်းကောင်း၊ လက်သူကြွယ်ကို လည်းကောင်း ဆပ်ပြာရည်ချွဲချွဲကိုသုတ်ပြီး ဆွဲချွတ်သည့်တိုင် …

"ဘယ့်နှယ် … စာရေးဆရာ၊ ရနိုင်ရဲ့လား"

"ချွတ်လို့မရဘူး အဘ။ အလွန့်ကို ထူးဆန်းနေတယ်"

"ခဏလေး …"

သည့်နောက် အဘကုန်းဘောင်က သူ့ဘယ်လက်က ဓာတ်လုံးလက်စွပ်ကို သူ့ညာလက်နှင့် ဆွဲချွတ်လိုက်တော့ အလွယ်တကူ ကျွတ်၍ပါလာသည်ကို ကျွန်ုပ် မျက်ဝါးထင်ထင် မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာ ... ဒီလက်စွပ်အလေးချိန် ဘယ်လောက်သား ရှိမတုံး မှန်းစမ်းပါဦး"

"ရွှေက ငါးမူးသား၊ ဓာတ်လုံးကျောက်က ငါးမူးသား၊ နှစ်ခုပေါင်း တစ်ကျပ်သားပေါ့ အဘ"

"ဒီလောက်ပဲ အလေးချိန်ရှိမှာလား ... စာရေးဆရာ"

"ဟုတ်ကဲ့ ... ဒီလောက်ပါပဲ အဘ"

"ကျုပ် ဒီလက်စွပ်ကို စာရေးဆရာရဲ့လက်မှာ စွပ်ပေးမယ်။ ပြီးရင် လက်စွပ်ရဲ့အလေးချိန်ကို ပြန်ခန့်မှန်းပေး။ ရမလား"

"ရပါတယ် အဘ"

"ကိုင်း ... ရရင်လာခဲ့"

သည့်နောက် အဘဦးကုန်းဘောင်က ကျွန်ုပ်ရဲ့လက်သူကြွယ်မှာ သူ့ရဲ့ ရွှေကွပ် ဓာတ်လုံးကျောက်လက်စွပ်ကို စွပ်ပေးလိုက်သောအခါ ..

အလို ... ဘုရားရေ။

ကျွန်ုပ်လက်သူကြွယ်မှာ ရောက်ရှိနေသည့် ရွှေကွပ်ဓာတ်လုံး လက်စွပ်သည် ကျွန်ုပ်ရဲ့လက်ကို အလေးချိန်စီးစွာဖြင့် အောက်ကို ဆွဲဆွဲချနေသည်ကို အံ့ဖွယ် ကျွန်ုပ် မြင်နေ ကြုံနေရ၏။

ကျွန်ုပ်ရဲ့ဘယ်လက်သည် တဖြည်းဖြည်း လေးလာ၏။

ကျွန်ုပ်က လက်စွပ်ဝတ်ထားသည့်လက်ကို အပေါ်သို့ ပြန်မြှောက်တင်၏။ လုံးဝမရ။ လက်စွပ်က တဖြည်းဖြည်း ပို၍ပို၍ လေးလာပြီး နောက်ဆုံး ဘယ်လက်သည် ကြမ်းပြင်မှာ ကပ်သလိုရှိနေပြီး ...

လုံးဝ မ,တင်၍ မရတော့။

တစ်ကျပ်သားခန့်သာရှိမည့် ရွှေကွပ်ဓာတ်လုံး ကျောက်လက်စွပ်ကလေးသည် ပိဿာချိန်အတော်များများ အလေးချိန်စီးသကဲ့သို့ ရှိပြီး ဘယ်လိုမမ လုံးဝ မကြွတော့ချေ။

"စာရေးဆရာ"

"ခင်ဗျာ ... အဘ"

"မြှောက်လို့ မ,လို့ ကြွလို့ ရဦးမလားဗျ"





"မရတော့ဘူး အဘ"

"ဒါဆို ဒီလက်စွပ်အလေးချိန် ဘယ်လောက်သား ရှိမလဲဗျ"

"အင်း ... ခန့်မှန်း နှစ်ပိဿာ အလေးချိန်ရှိနိုင်မယ် အဘရဲ့"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟုတ်ရဲ့လား စာရေးဆရာ"

"ဟုတ်ကို ဟုတ်ပါတယ် ... အဘ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ငါ့လူ စာရေးဆရာက ဟုတ်တယ်ဆိုမှတော့ ဟုတ်လိုက်ပေါ့ဗျာ။ ကိုင်း ... ကိုင်း ... ကျုပ်ပဲ ချွတ်ပေးပါ့မယ်ဗျာ"

သည့်နောက် အဘဦးကုန်းဘောင်က ကျွန်ုပ် ဘယ်ဘယ်လက်ကို မ, သူ့လက်နှင့် လက်စွပ်ကို ချွတ်ယူပြီး သူ့လက်မှာ ပြန်စွပ်လိုက်၏။

"အဘ ..."

"ပြော ... စာရေးဆရာ"

"ဒါ ... ဒါ .... မျက်လှည့်လား ဟင်"

"မဟုတ်ပါဘူး"

"လက်လှည့်များလား ခင်ဗျာ"

"ဒါလည်း မဟုတ်ပါဘူး ... စာရေးဆရာ"

"ဒါဆို အဘ ကျွန်တော့်ကို စိတ်ညို့ပြီး လိုသလိုခိုင်းလိုက်တာပါလား အဘ"

"ဒါဆို ဘာကြောင့် ချွတ်လို့မရတာတို့၊ အလေးချိန်များစွာ စီးနေတာတို့ ဖြစ်ရတာတုံး အဘ"

"အဲဒါ ဟောဒီဓာတ်လုံးရဲ့ အနှစ်သာရ စွမ်းရည်ကြောင့်ပဲ"

"ဗျာ ... ဓာတ်လုံးရဲ့ အနှစ်သာရစွမ်းရည် Power ပေါ့"

"ဒါပေါ့။ စာရေးဆရာ ကြားဖူး မှတ်ဖူး မဟုတ်လား။ ရှင်အဇ္ဇဂေါဏရဟန်းကြီး ဖိုထိုးတယ်။ ဓာတ်လုံးထိုးတယ်ဆိုတာ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသည့် သိဒ္ဓိများရလိုလို့ ဓာတုဓာတ်ပစ္စည်းတွေကို ပြဒါးဓာတ်နဲ့ အချိုးနည်းစနစ်မှန်မှန် ပေါင်းစပ်ကာ မီးနဲ့ ပြုပြင်ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် အလေးချိန် အချိုးမှန်တိုင်း သိဒ္ဓိသုံးပါ။ ဒါမှမဟုတ် သိဒ္ဓိတစ်ပါးအောင်တဲ့ ဓာတ်လုံးကို ရမှာလားတဲ့၊ မရဘူးဗျ။ နိုင်ငံခြားက ပညာရှင်တွေ၊ အလေးချိန်အချိုးအစား နားလည်ကျွမ်းကျင်တယ်၊ သံလုပ်လို့ရတယ်၊ သွပ်လုပ်လို့ရတယ်၊ ရွှေအတုလုပ်လို့ရတယ်၊ စိန်အတု လုပ်လို့ရတယ်။ အပူပေးတာကို သူတို့နားလည်တာကိုး။

ကျုပ်တို့မြန်မာလည်း သံ၊ သွပ်၊ ရွှေတု လုပ်လို့ရပါတယ်။ ရွှေအစစ်ဖြစ်နိုင်တဲ့ ဓာတ်လုံးဓာတုဓာတ်ပစ္စည်းကို လုပ်ရတာ ခက်ခဲနက်နဲတယ်။ အဲဒါကို ပုဂံခေတ်တုန်းက ရှင်အဇ္ဇဂေါဏ အောင်မြင်ခဲ့တယ်။ ရိုးရိုးအောင်မြင်တာ မဟုတ်ဘူး။ အပေးအယူ အလဲအလှယ်လုပ်ပြီးမှ အောင်မြင်ခဲ့တာ။ အဲဒါ စာရေးဆရာ သိလား''

''မသိပါဘူး အဘ''

''ရဟန်းကြီးက သီလလည်းရှိပါတယ်၊ ပညာလည်းရှိပါတယ်။ သို့သော် ပညာရှိသော်လည်း သတိဖြစ်ခဲဆိုသလို ပုဂံတစ်ပြည်လုံး ရွှေမိုးရွာမယ်လို့ အာမခံခဲ့တယ်။ သို့သော် ရွှေလိုချင် ရွှေအရင် ကျွေးရမယ်၊ ဆန်ပေးမှ ဆေးရမှာကိုးဗျ။

အဲဒီတော့ ပြည့်ရှင်မင်းက ရှိသမျှရွှေပုံအောပြီး ဓာတ်လုံးအောင်ဖို့ ဘုန်းကြီးကိုယုံလို့ ကျွေးတယ်။ ရွှေသာကုန်ရော ရွှေဖြစ်တဲ့ ဓာတ်လုံး ဖြစ်မလာခဲ့ဘူး။ ရှင်ဘုရင် စိတ်ဆိုးသွားပြီး ရွှေဖြစ်ရမယ်၊ ရွှေမိုးရွာမယ်လို့ အာမခံခဲ့တဲ့ ဆရာဘုန်းကြီးကို ပြစ်တင်ရှုံ့ချ အရေးဆိုခဲ့ရော။

ဆရာတော်က သူ့မျက်လုံးနှစ်လုံးကို ဖောက်လို့ ဖျက်ဆီးဒဏ်ခတ်ပစ်လိုက်တယ်။ ဆရာတော်ဟာ စိတ်နာကြည်းလွန်းလို့ သူ့ဘဝပျက်အောင်ဆိုးကျိုးပေးခဲ့တဲ့ ဓာတ်လုံးကို ဘုန်းကြီးကျောင်းသား များခေါ်ပြီး ... ရော့ဒုက္ခပေးတဲ့ဓာတ်လုံး၊ အိမ်သာကုဋီထဲ သွားလွှင့်ပစ်လိုက်လို့ ခိုင်းခဲ့တယ်။

ဘုန်းကြီးကျောင်းသားလေးကလည်း ဆရာတော်ခိုင်းသည့်အတိုင်း အိမ်သာကျင်းထဲလည်း လွှင့်ပစ်လိုက်ရော ဘာကြာလဲဗျာ အိမ်သာကျင်းထဲမှာ ရွှေရောင်ဝင်းဝင်းလက်လက်နဲ့ အရောင်တွေထွက်နေလို့ ဆရာဘုန်းကြီးကို ပြေးလျှောက်ကြရော ...





''အရှင်ဘုရား ... အရှင်ဘုရား ...''

''ဟဲ့ ... ကျောင်းသား၊ ဘာဖြစ်လို့တုံးဟဲ့။ အလန့်တကြား''

''အိမ်သာကျင်း (ကုဋီ) ထဲမှာ ရွှေရောင်များ လင်းလက်နေကြောင်းပါဘုရား''

''ဟဲ့ ... ကျောင်းသားတို့ရဲ့ ဘယ်လိုကြောင့် အိမ်သာ(ကုဋီ) ထဲမှာ ရွှေရောင်လင်းလက် တောက်ပနေရသတုံး''

''မှန်ပါဘုရား ... အရှင်ဘုရားက ဓာတ်လုံးကို ဒုက္ခပေးလို့ အိမ်သာကျင်းထဲ လွှင့်ပစ်လိုက်ဆိုလို့ လွှင့်ပစ်ပြီး မကြာပါဘူးဘုရား။ ခုလို ကျင်းထဲကနေ ရွှေရောင်များ လင်းလက်တောက်ပနေတာပဲ ဘုရား''

''ဟေ ... ဒါ အမှန်ပဲလားဟဲ့ ... ကျောင်းသားများရဲ့''

''အမှန်ပါဘုရား ... မညာဝံ့ပါဘုရား။ မယုံရင် အရှင်ဘုရားကိုယ်တိုင် လာကြည့်တော်မူပါဘုရား''

''ဟဲ့ ... ကျောင်းသားတို့ရယ်၊ ငါ့မှာ မျက်စိနှစ်လုံးမရှိဘူး။ ဒဏ်ခတ်အပြစ်ပေးခံရလို့ မျက်စိမရှိတော့ဘူး။ အင်း ... အင်း .. ဒါ ... ဒါ ... ဟုတ်ပြီ၊ မှန်ပြီ၊ အောင်ပြီကွ ... အောင်ပြီဟေ့''

ဆရာတော် ဝမ်းသာပြီး အားရပါးရ ကြုံးဝါးတယ်။

တပည့်ဘုန်းကြီးကျောင်းသား ကပ္ပိယများက သူတို့ဆရာတော် စိတ်ဖောက်ရူးသွားပြီလို့ ထင်ကြရော ...

''မောင်ကျောင်းသားတို့ ...''

''ဘုရား ...''

''စောစောတုန်းက ကုဋီအိမ်သာကျင်းထဲ လွှင့်ပစ်လိုက်တဲ့ ဓာတ်လုံးကို ပြန်ဆင်းဆယ်ပြီး ရေဆေးသန့်စင်လို့ ငါ့ဆီကို ယူခဲ့။ သွား ... မြန်မြန်လုပ်ကြစမ်း''

''မှန်ပါဘုရား''

''ကပ္ပိယကြီး ...''

''ဘုရား ...''



www.burmeseclassic.com

www.burmeseclassic.com



"ဈေးကိုပြေး၊ နွားမျက်လုံးနှစ်လုံးရရ၊ ဆိတ်မျက်လုံး နှစ်လုံးရရ ရရာ အမြန်သွားဝယ်။ သွား ..."

"မှန်ပါဘုရား"

ကုဋီအိမ်သာကျင်းထဲက ရွှေရောင်ဝင်းနေတဲ့ဓာတ်လုံး ဘုန်းကြီး လက်ထဲ ရောက်လာတယ်။ ဓာတ်လုံး လက်ဝါးပေါ်ရောက်တာနဲ့ ဘုန်းကြီး က သူ့ပစ္စည်းရဲ့အာနိသင်ကို အာရုံခံစား သိရှိလိုက်တယ်"

ဒီအချိန်မှာ ဈေးပြေးပြီး နွားမျက်စိနှစ်လုံး သွားဝယ်ယူတဲ့ ကပ္ပိယ ကြီး ပြန်ရောက်လာတယ်။

"အရှင်ဘုရား ..."

"ကပ္ပိယကြီးလား"

"မှန်ပါဘုရား"

"မျက်လုံးနှစ်လုံး ရခဲ့ပြီလား။ မြန်မြန်ပေးစမ်း"

"အဲ ...အဲ ...ဟို ...ဟို ...မှန်လှပါဘုရား။ ဈေးကွဲချိန် ရောက်နေသမို့ နွားမျက်စိနှစ်လုံး မရပါဘူးဘုရား။ မရောင်းရလို့ ကျန်တဲ့ နွားမျက်စိတစ်လုံးနဲ့ ဆိတ်မျက်စိတစ်လုံးပဲ ရပါတယ်ဘုရား"

"အေး ...ဘယ်မျက်လုံးရရ၊ ရတာပဲ အမြန်ပေးဟဲ့"

ဒါနဲ့ ကပ္ပိယကြီးဝယ်လာပေးတဲ့ ဆိတ်မျက်လုံးတစ်လုံးနဲ့ နွား မျက်လုံးတစ်လုံးကို မျက်စိနှစ်လုံးမရှိလို့ ဟောက်ပက်ကြီးဖြစ်နေတဲ့ သူ့ မျက်တွင်းထဲထည့်ပြီး အိမ်သာထဲကပြန်ယူလာတဲ့ ဓာတ်လုံးနဲ့ ပွတ်ချလိုက် ရော။ ဆရာတော်ဘုန်းကြီး မျက်လုံးနှစ်လုံး အလင်းရလို့ မြင်ရရော့ဗျ။

မြင်လည်းမြင်ရော ရွှေရောင်ဝင်းလက်နေတဲ့ သူ့ဓာတ်လုံးကို ကြည့် ပြီး သူ့ပညာအသိနှစ်ခု တိုးသွားတယ်။ သူထိုးခဲ့တဲ့ဓာတ်လုံးရဲ့ နောက်ဆုံး အဆင့်ဟာ အချဉ်ရေနဲ့ဆေးရမှာ မဟုတ်ဘူး။ ကျင်ငယ်ကျင်ကြီးရေနဲ့ ဆေး မှ စိမ်မှ ဓာတ်လုံးရဲ့သိဒ္ဓိ၊ နောက်ဆုံးအဆင့်ပြီးမြောက် တယ်ဆိုတာကို သိလိုက်တယ်။ ခု သူ့ဓာတ်လုံးရဲ့ အစွမ်းကိုသိပြီး အနီးမှာရှိတဲ့ ကြေးကွပ်ညှပ် ကို ဓာတ်လုံးနဲ့ တို့ကြည့်လိုက်တယ်။

ကြည့်စမ်း ...ကြေးကွမ်းညှပ်ကနေ ...





ရွှေကွမ်းညှပ်ဖြစ်သွားတာကို အားလုံး တွေ့လိုက်တယ်။

ကျန်တဲ့ ကြေးပစ္စည်းများကိုလည်း ဓာတ်လုံးနဲ့ တို့ကြည့်တယ်။ အလို ...အားလုံး ရွှေဖြစ်သွားပါပကောလား။

အောင်ပြီဟေ့ ...အောင်ပြီ။

"ကပ္ပိယကြီး ..."

"ဘုရား ..."

"ရွှေနန်းတော်ကိုသွား ရှင်ဘုရင်ကို လျှောက်ဟဲ့။ တစ်တိုင်းပြည် လုံး ရှိသမျှ ကြေးတိုကြေးစ နက်ဖြန် အိမ်ရှေ့မှာ၊ နန်းရင်ပြင်မှာ စုထား။ ပုဂံပြည်မှာ ရှင်အဖွဲ့ဂေါဏ (ဆိတ်မျက်လုံးနဲ့ နွားမျက်လုံး နှစ်လုံးထည့်ပြီး ဓာတ်လုံးအစွမ်းနဲ့ ပြန်မြင်လို့ပေးထားတဲ့ နာမည်နော်) ရွှေမိုးကြီးရွာမယ်လို့ ပြောလိုက်"

နောက်နေ့လည်းရောက်ရော ရွှေနန်းတော်ဝန်းကျင်မှာလည်း ကြေးပုံ ကြီးတွေ မြို့ထဲက အိမ်ရှေ့များမှာလည်း ကြေးတိုကြေးစအပုံတွေ ဖြစ်ပြီး စောင့်ကြလို့။

အဲဒါ ရှင်အဖွဲ့ဂေါဏ ရဟန်းကြီးက သူ့ဓာတ်လုံးနဲ့လိုက်တို့ ပေး လိုက်တာ အကုန်ရွှေဖြစ်လို့ ပုဂံတစ်ပြည်လုံး ချမ်းသာကုန်ကြပါရောလား။ ဘုရားတည်၊ ကျောင်းဆောက်၊ အလှူကြီးပေးနဲ့ သူဌေးတွေ ဖြစ်ကုန်ပါရော လား။

အဲဒီတော့မှ သူ့ကို အထင်သေးပြီး ပြစ်တင်ဒဏ်ခတ်တဲ့ ပြည့် ရှင်မင်းကလည်း ဝန်ချတောင်းပန်တယ်။

နောင်တော့ ကြေးရှိရင် ရွှေဖြစ်တယ်ဆိုတာသိကုန်ပြီး ရှင်အဖွဲ့ ဂေါဏကျောင်းပဲ လာလာနေကြတော့ ...

ကြာရင် ပုဂံတစ်ပြည်လုံး လယ်ယာလုပ်ငန်းများ မလုပ်ကြတော့ဘဲ သူဌေးဘဝနဲ့ ဂုဏ်တုဂုဏ်ပြိုင်ဖြစ်ပြီး လူပျင်းတွေဖြစ်ကုန်မှာ စိုးလို့ ...

ဒီနေရာက ခွာမှဖြစ်တော့မယ်။

နို့မို့ ရဟန်းအလုပ် ရဟန်းလုပ်ရမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်မပြုရဘဲ ငရဲကို ဇောက်ထိုးဆင်းသွားရမည့်ကိန်းဆိုက်မှာကို ရှင်အဇ္ဇဂေါဏ မြင်နေတယ်။

"တပည့် ..."

"ဘုရား ..."

"ငါနဲ့လိုက်ခဲ့"

"အရှင်ဘုရား ဘယ်ကိုကြွမှာမို့လို့လဲ ဘုရား"

ရှင်အဇ္ဇဂေါဏက ဘာမှမပြောဘူး။ သူ့တပည့်ဘုန်းကြီး ကျောင်းသားကိုခေါ်ပြီး တောတန်းတစ်ခုရှေ့မှာ ရပ်လိုက်တယ်။

"တပည့် ... ဆရာတော် လူသူနဲ့ဝေးရာအရပ်ကို သွားတော့မယ်"

"တပည့်တော်ပါ လိုက်ပါရစေ ဘုန်းဘုရား"

"မလိုက်နဲ့။ မင်းတို့သံယောဇဉ်တွေကြောင့် ငါလောကီမှာ အောင်မြင်မှုရပြီး လောကုတ္တရာမှာ အားနည်းနေတယ်။ ရော့ ... ဟောဒီပစ္စည်းလေး၊ ကိုယ်နဲ့မကွာ ဆောင်ထားပြီး ဉာဏ်သွားသလို သုံးပေရော့။ ကိုင်း ... မင်းလည်း လိုရာအရပ်ကိုသွား။ ငါ့ကိုလည်း ဘယ်သွားတယ်လို့ ဘယ်သူ့မှ မပြောနဲ့"

တပည့်ကျောင်းသားဟာ သူ့ဆရာ ရှင်အဇ္ဇဂေါဏပေးသည့် ပစ္စည်းလေးကိုယူပြီး ဆရာအရှင်ကို ဦးကုန်းချကန်တော့လိုက်တယ်။

ပြန်မော့ကြည့်လိုက်တော့ မျက်စိရှေ့မှာ ဆရာအရှင် မရှိတော့ဘူး။ ဆရာအရှင်ကို ရှာတယ်။ တကြော်ကြော် အော်ခေါ်တယ်။

သူတို့ဆရာအရှင်ကတော့ ...

ပုဂံပြည့်ရှင်မင်းမိဖုရားနဲ့ မှူးမတ်မင်းညီမင်းသား တိုင်းသူပြည်သားများကို ဓာတ်လုံးတစ်လုံးနဲ့ ချမ်းသာအောင်လုပ်ပေးခဲ့ပြီး ထွက်ရပ်လမ်းကို မြန်းသွားခဲ့တယ်။

"အဲဒီဓာတ်ကို သမိုင်းကို ကြားဖူး၊ သိဖူးမဟုတ်လား ... စာရေးဆရာ"

"ဟုတ်ကဲ့ ... အဘ၊ ကြားဖူးပါတယ်ခင်ဗျား"





"အဲဒီမှာ အရေးကြီးတဲ့အချက်တစ်ချက်ကို ခုထက်ထိ အဂ္ဂိရတ်ပညာရှင်များ သတိမထားမိကြဘူး"

"အဲဒါ ဘာလဲအဘ"

"ကိုယ်က အဖိုးတန် တန်ဖိုးကြီးပစ္စည်းတစ်ခု ရယူချင်ရင် ကိုယ့်ဆီကလည်း တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခု ပြန်ပေးရတာပဲ"

"ဘာကိုဆိုလိုတာလဲ အဘ"

"ရှင်အဇ္ဇဂေါဏရဟန်းကြီး ရွှေဖြစ်ငွေဖြစ် ဓာတ်လုံးကိုရဖို့ သူ့ဘက်က မွေးရာပါ မျက်လုံးအကောင်းနှစ်လုံးကို စွန့်ခဲ့ရတယ်လေ"

"ဟာ ... ဟုတ်တာပဲ"

"ဟုတ်တယ်ဗျာ။ အဘပြောမှ ကျွန်တော်တို့ ရှင်းခနဲ သိရတယ်ဗျာ။ အဲဒါကို အမှုမဲ့အမှတ်မဲ့ သတိမပြုမိတာ ကြာပြီဗျ ... အဘရ"

ကျွန်ုပ်တို့နှစ်ယောက်စလုံးဟာ အဘဦးကုန်းဘောင်ရဲ့ ပြောပြချက်ကို နောက်ဆုံးတော့မှ နားရှင်းသဘောပေါက်သွားခဲ့ရတယ်။

"မှတ်ထား ... စာရေးဆရာတို့၊ မောင်ဖားရွှေကျော်တို့ရေ တန်ဖိုးကြီး အဖိုးတန်ပစ္စည်းမှန်သမျှ ရခဲ့ရင် လွယ်လွယ်နဲ့ မရဘူး။ လွယ်လွယ်နဲ့ ရခဲ့ရင်လည်း တန်ဖိုးက ကြာရှည်မခံဘူး။ ကြာရှည်ခံ တန်ဖိုးရှိပစ္စည်းဆိုတာ အရင်းအနှီးကောင်းကောင်းပေးမှ ထိုက်ထိုက်တန်တန် ရတာရယ်။ အနှစ်သာရစွမ်းရည်ရှိတဲ့ ပစ္စည်းမှန်လေ ရယူရတာ ခက်လေပဲ"

"အဘ ..."

"ပြောပါ ... မေးပါ ... စာရေးဆရာ"

"ကျွန်တော်လည်း အဂ္ဂိရတ်ဆရာတွေနဲ့ ပေါင်းခဲ့ဖူးလို့ အဂ္ဂိရတ်ကျောက်၊ ဓာတ်သား၊ ဓာတ်လုံးတွေအကြောင်းကို အတော်အတန် သိခဲ့မြင်ခဲ့ရပါတယ်ခင်ဗျ။ အချို့ ရွှေဖြစ်နိုးနိုးနဲ့ ရှိတာလေးကုန်ပြီး ရှုံးသွားတာလည်း ရှိတယ်။ အချို့ကျတော့လည်း ရေစိမ်သောက်၊ သေးများများပေါက်တဲ့ ဓာတ်လုံးတွေပဲ ရတာများတယ်။

အခု အဘရဲ့ လက်စွပ်ဓာတ်လုံးလို အစွမ်းသတ္တိပါဝါအား ကောင်းတဲ့ ဓာတ်လုံးမျိုး ကျွန်တော် မမြင်ဖူးသေးဘူး အဘ။ ဖြစ်နိုင်ရင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လုံးကို ဘယ်လိုကြိုးစားခဲ့လို့ ရသလဲဆိုတာရယ်၊ အဲဒီဓာတ်လုံးရဲ့ အစွမ်းအာနိသင် အဆန်းအပြားများ၊ ဓာတ်လမ်းများရှိခဲ့ရင် သိပါရစေ ... အဘရယ်"

"စာရေးဆရာ ... ဟိုးလွန်ခဲ့သည့် အနှစ် (၄၀) ခန့်တုန်းက စာရေးဆရာ ပုဂံသူရဆိုတဲ့ စာရေးဆရာကို ကြားဖူးသလား"

"ဟုတ်ကဲ့ ... ကြားဖူးပါတယ်"

"ပုဂံသူရရဲ့ နာမည်ကြီး ဝတ္ထုကရော ..."

"မင်းအသက် ငါ့ပေး၊ ဆရာကြီးမြနိုင်ဝတ္ထုပါ အဘ"

"ဟုတ်လိုက်လေဗျာ ... စာရေးဆရာ သိသားပဲကိုး"

"ကျွန်တော်တို့ ကာလသားအရွယ် စာဖတ်စတုန်းက စွဲစွဲလမ်းလမ်း ဖတ်ခဲ့ရတဲ့ စာရေးဆရာကိုး ... အဘရဲ့"

"အဲဒီဝတ္ထုထဲမှာ ဓာတ်လိုက် မင်းအသက်ငါ့ပေး ဆရာကြီးမြနိုင်က ဘာနဲ့ စွမ်းတာတုံးဗျာ"

"ဓာတ်လုံးအဘ ... ဓာတ်လုံး။ သူ့ရဲ့ အဂ္ဂိရတ်ဓာတ်လုံးက ကာယသိဒ္ဓိပြီးမြောက်ပြီး စေလိုရာ စေနိုင်းလို့ရတဲ့ ဓာတ်လုံးပဲ"

"ဟုတ်တယ် ... ကျုပ်လည်း သူ့ရဲ့ဝတ္ထုကိုဖတ်ပြီး ဓာတ်လုံးဆိုတာကို စိတ်ဝင်စားခဲ့တယ်။ ရှင်အဖွဲ့ဂေါဏအတ္ထုပ္ပတ္တိကို လေ့လာသိရှိတော့ ဓာတ်လုံးရဲ့ တန်ဖိုး၊ အစွမ်း အဲဒါကို သိချင်တယ်။ ဒါနဲ့ ကျုပ်အရွယ်ကောင်းဘဝကတည်းက အဂ္ဂိရတ်နောက်ကို လိုက်ခဲ့လိုက်တာ ရှုးတယ်လို့ ပြောချင်ပြော နားထောင်တော့ စာရေးဆရာ"

✿ ✿ ✿

[၂]

❑

ကျုပ်မိဘများက ရွှေဘိုအရပ်က စဉ့်လုပ်ငန်းသူဌေးများပေါ့ဗျာ။ ရွှေဘိုကျောက်မြောင်းအရပ်က စဉ့်အိုးသူဌေး ဦးရန်ကြီးအောင် ဒေါ်ဟေမာ မျိုးမြွတ်ဆိုရင် မသိသူ ရှားတယ်။

ကျုပ်တို့မျိုးရိုးက အလောင်းမင်းတရား ဦးအောင်ဇေယျရဲ့ မြင်းရည်တက် မျိုးရိုးအဆက်ဗျ။

ကြားရာရောက်မှာစိုးလို့ မျိုးရိုးကို မပြောတော့ဘူးဗျာ။

ကျုပ်ကို ရွှေဘိုမှာ မွေးတယ်။

နာမည်ကိုတောင် ရွှေဘိုသားပီသအောင် မောင်ကုန်းဘောင်လို့ အမည်ပေးခဲ့တယ်။ ကုန်းဘောင်ပြည်ရွှေဘိုပေါ့ဗျာ။

ကျုပ် အရွယ်ရောက်လာတော့ မိဘများရဲ့အလုပ် စဉ့်အိုးလုပ်ငန်းကို စိတ်မဝင်စားဘူး။ စိတ်ဝင်စားရင် ကျုပ် ခုဆို သူဌေးဖြစ်ကရော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက အင်္ဂလိပ်ပင်လယ်ကူး သင်္ဘောသားတွေက ကျုပ်တို့ရွှေဘိုက စဥ့်အိုးကြီးတွေကို သိပ်သဘောကျတာ။

ပင်လယ်ခရီးသွားရင် သောက်ရေချိုထည့်ရာမှာ နိုင်နိုင်ခန့်ခန့် အသုံးဝင်တာကိုး ဗျ။

ကျုပ်တို့ ရာဝင်စဥ့်အိုး၊ ငါးဆယ်ဝင်စဥ့်အိုး၊ အစိတ်ဝင်စဥ့်အိုးများက ရေထည့်ထည့်၊ ဆီထည့်ထည့်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးထည့်ထည့်၊ ရိက္ခာဆန်ပဲပြောင်း ထည့်ထည့် လိုရာသုံးလို့ရတော့ သိပ်ကို အသုံးတည့် ရောင်းကောင်း၊ ကမ္ဘာကျော်နေတာကိုး။

ကျုပ် အမျိုးသားကျောင်းက (၇)တန်းအောင်ပြီးရော ဇာတ်ထဲကို လိုက်သွားခဲ့တယ်။

ငယ်စဥ်ကတည်းက အဆိုအက ဝါသနာပါတယ်။ အဖေက အဲဒါ မကြိုက်ဘူး။ ရွှေဘိုကို ရွှေမန်းကြည်ချိုဇာတ်လာကရော သူတို့နဲ့ အဖွဲ့ကျပြီး သူတို့ဇာတ်အဖွဲ့အပြန်မှာ လိုက်သွားခဲ့တယ်။

အဖေတို့လည်း လိုက်ရှာခေါ်တယ်။ ကျုပ်က ပြန်မလိုက်ဘူး။

ဒါနဲ့ ဇာတ်ထဲမှာ ပစ္စည်းသယ်၊ ကားလိပ်ဆင်၊ ကားလိပ်ဆွဲကနေ ဇာတ်ဝင်ခန်းများလူလိုလို့ တစ်ခန်းစ၊ နှစ်ခန်းစ ဝင်ပါရင်းက ဒါရိုက်တာက သဘောကျပြီး နောက်နှစ်နှစ်လောက်မှာ လက်ထောက်ပြဇာတ်မင်းသား။ အဲဒီကနေ ပြဇာတ်မင်းသားဖြစ်ပြီး မြန်မာပြည်အနှံ့အပြား ဇာတ်လိုက်ကခဲ့တယ်။

အဲဒီမှာ ပြဇာတ်မင်းသမီးချော သီတာမြဝေ ဆိုတဲ့မင်းသမီးနဲ့ ရည်းစားဖြစ်ခဲ့ကြတယ်။

ကျုပ်က ရုပ်ကလည်းချော၊ အပြောကလည်းကောင်းကိုး။ သီတာမြဝေကလည်း အချိုးအဆစ်ကျနပြီး ဇွဲမက်စရာကောင်းတဲ့ မင်းသမီးဗျ။

အရာရှိ အရာခံများက လက်ထပ်ပါရစေဆိုပြီး ပြောတာကို ဉပက္ခာပြုပြီး ကျုပ်ကိုချစ်တာ။

သီတာမြဝေက မိုးရာသီဇာတ်နားရင် ကျုပ်နဲ့ လက်ထပ်ချင်တယ်။ ကျုပ်က လွှတ်လွှတ်လပ်လပ်နေရတာ သဘောကျတယ်။





ကျုပ်တို့ ဇာတ်နားချိန်ရောက်ရင် နောက်ပိုင်မင်းသား အောင်လံတော်ခင်ရွှေ ရဲ့အဘိုး အဂ္ဂိရတ်ရုံကိုသွားပြီး ကျုပ်က ဖိုဆွဲပေးတယ်။ မီးသွေးဝယ်ပေးတယ်။

အဘိုးဦးဝဏ္ဏက ကျုပ်ကို ခင်တယ်၊ ယုံတယ်။ အဘိုးက သူ့ဖိုရုံထဲကို တော်ရုံလူ အဝင်မခံဘူး။

နောင်တော့ အဘိုးက ဇာတ်လုံးသေးသေးလေးတစ်လုံး ပေးခဲ့တယ်။

"အဲဒါ မျက်နှာပွင့်ဇာတ်လုံး ... မောင်ကုန်းဘောင်"

"ကျွန်တော် ဘယ်လိုသုံးရမလဲဟင် ... အဘိုး"

"ရွှေနဲ့ကွင်းပြီး လက်စွပ်လုပ်ဝတ်ထား။ မင်းက ပြဇာတ်မင်းသားဆိုတော့ လူချစ်လူခင်များဖို့ လိုတယ်"

"ဟုတ်ကဲ့အဘ"

အဲဒါ ရွှေပန်းတိမ်မှာ ရွှေတစ်မတ်သားနဲ့ လက်စွပ်လုပ်ပြီး ဝတ်ထားလိုက်တာ တယ်ဟုတ်ပဲဗျာ။ ဇာတ်ကတိုင်းကတိုင်း ရောက်ရာအရပ်မှာ အပျို၊ အအို အချောအလှတွေ ဝိုင်းဝိုင်းလည်နေလို့ ကျုပ်ချစ်သူ သီတာမြဝေက မရှုစိမ့်ဘူး ဖြစ်နေပါရောဗျို့။

ဒီအကြောင်းကို ဇာတ်လုံးလက်ဆောင်ပေးတဲ့ အဘိုးဦးဝဏ္ဏကို ပြောပြတော့ ...

"မောင်ကုန်းဘောင် ..."

"ခင်ဗျာ အဘိုး"

"သတိတော့ထားကွယ်"

"ဘယ်လိုလဲ အဘ"

"ဒီလက်စွပ် စွပ်ထားချိန်မှာ အရက်မသောက်နဲ့"

"ဟုတ်ကဲ့"

"အနန္တငါးပါးကို မပြစ်မှားနဲ့"

"ဟုတ်ကဲ့ အဘ"

"လင်ရှိမယားနဲ့ မမှောက်မှားနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ အဘ"

ရည်းစားလုပ်သူ သီတာမြဝေကလည်း ကျုပ်မျက်နှာပွင့်ပြီး အချော အလှတွေ ဝိုင်းဝိုင်းလည်လို့ စိတ်မချတော့ဘူး။ တစ်နေ့ …

"ကိုကုန်းဘောင် …"

"ဘာတုံး … မဝေ"

"ကျွန်မ ရှင့်ကို စိတ်မချနိုင်တော့ဘူးရှင့်"

"ဟာ … မဝေကလည်း ကို ဘာဖြစ်နေလို့တုံး"

"ရှင့်အနားမှာ အပျိုတွေ အအိုတွေ ဝိုင်းဝိုင်းလည်နေတယ်"

"မင်းလောက်မလှပါဘူး … မဝေရာ"

"ကျွန်မတို့ လက်ထပ်ကြစို့ … ကိုကုန်းဘောင်"

"စောပါသေးတယ် … မဝေရာ"

"အထူးသဖြင့် ဇာတ်ပိုင်ရှင်မိန်းမနဲ့ ရှင့်ကို စိတ်မချဆုံးပဲ"

"အို … သူက လင်ကြီးနဲ့ဥစ္စာ မဝေကလည်း"

"ဒီမိန်းမက စည်းရှိတာမဟုတ်ဘူး။ ရှင့်ကိုကပ်နေတာ ကျွန်မသိတယ်"

"ကိုယ် စိတ်မဝင်စားပါဘူး … မဝေရာ"

အဲဒီလိုပြောပြီး နောက် မကြာပါဘူးဗျာ (.....) မြို့မှာ ဇာတ်ကတယ်။ ကိုယ့်ပြဇာတ်ပြီးလို့ အိပ်ရာဝင်ခဲ့တယ်။ မိုးလင်းခါနီးမှာ ပြဿနာတက်တော့တာပဲ။

ကျုပ်ခြင်ထောင်ထဲမှာ ဇာတ်ပိုင်ရှင်မိန်းမ မချောချောသီ ရောက်နေတယ်။ အဲဒါ ကျုပ်အိပ်မောကျနေလို့ မသိဘူး။ ဇာတ်ထဲကလူတွေ မသင်္ကာလို့ ခြင်ထောင်လာလှန်ရော …

ဇာတ်ပိုင်ရှင်ဇနီးက အပေါ်အင်္ကျီမရှိဘူး။ ကျုပ်ကိုဖက်ပြီး အိပ်နေတာကို တွေ့သွားကြပါရောဗျာ။ ကျုပ်လည်းဗျာ စိတ်ဆိုးလွန်း၊ ရှက်လွန်းလို့ ဘာပြောရမှန်းမသိဘူး ပေါက်ကွဲပေါ့။

ခက်တာက အထုပ်အထည်နဲ့မိနေတော့ အရှက်ကွဲပါရော။

ရှင်းလို့လည်း မရတော့ဘူး။ ရှင်းလေ ရှုပ်လေပဲ။





နောက် ကျုပ် ဇာတ်လောက ကနေ အပြီးထွက်ခဲ့ရတယ်။

ချစ်ရသူ မဝေကလည်း ကျုပ်ကို ရွံမုန်း မုန်းသွားခဲ့တယ်။ ကျုပ်က ကျုပ်ဆရာအဘကို ရှင်းပြခဲ့ပေမင့် အဘက ဘာမှမပြောတော့ဘူး။ ကျုပ်ကိုလည်း သိပ် ဟက်ဟက်ပက်ပက် မရှိတော့ဘူး။

ကျုပ်လည်း စိတ်ညစ်လွန်းလို့ ဝီယာသိဒ္ဓိလက်စွပ်ကို ချောင်းတစ်ခုမှာ လွှင့်ပစ်ခဲ့လိုက်တယ်။

ဇာတ်ပိုင်ရှင်ရဲ့ဇနီးက ကျုပ်နောက်ကို လိုက်လာတယ်။ သူ့ကို ယူပါတဲ့။ သူ့ယောက်ျားနဲ့ ကွာရှင်းလိုက်ပါ့မယ်တဲ့။ သူမရဲ့ယောက်ျား သူဌေးအဘိုးကြီးက သူမရဲ့ဆန္ဒကို မဖြည့်နိုင်လို့ပါတဲ့။

ကျုပ် ငြင်းပယ်ခဲ့တယ်။

သူမလည်း သူမရဲ့အကြံအစည် မအောင်မြင်ဘဲ အရှက်ကွဲခဲ့တာပဲ အဖတ်တင်တယ်။

အဲဒါ ပထမဦးဆုံး ရရှိခဲ့တဲ့ ဝီယာသိဒ္ဓိဇာတ်လုံးရဲ့ အကျိုးကျေးဇူးပဲ။

သိပ်စွမ်းလာပြီ၊ ကံပွင့်လာပြီဆိုရင် အဖျက်က ဝင်ရော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ဒီလိုနဲ့ ခြေဦးတည့်ရာ လျှောက်သွား၊ စုဆောင်းထားတဲ့ ငွေလေး ကုန်တော့ အမေ့အိမ်ရွှေဘိုကို မပြန်ခဲ့ဘူး။

ကြုံရာကျပန်းလုပ်ရင်း ဘဝကို ရင်ဆိုင်ခဲ့လိုက်တယ်။

ဆိုက်ကားနင်းဖူးတယ်။ ကားစပယ်ယာလိုက်တယ်။ စပါးဒိုင် တာလီစာရေး လုပ်ဖူးတယ်။ ကုန်တင်ကုန်ချ အလုပ်သမား လုပ်ဖူးတယ်။ စာအုပ်အဟောင်း ရောင်းဖူးတယ်။

စာအုပ်တိုက်ရဲ့ စာအုပ်ဖြန့်သမား လုပ်ဖူးတယ်။

အဲဒီကနေ ဒုလ္လဘဝတ်ရင်း တန်ခိုးကြီးဘုရားများရှိရာ အရပ်တွေ ကို ရောက်ခဲ့တယ်။

နောက် သိုက်ဆရာတို့၊ ပယောဂကုဆရာတွေနဲ့ တွေ့ရင်း ဂမ္ဘီရ လိုင်းဘက်ကို ရောက်သွားပြန်ပါရော။

အဲဒီမှာ ဘုန်းကြီးလူထွက် ပြန်ဖြစ်ပြီး သိုက်ဆရာအုပ်စုနဲ့ တွေ့ရာ က ...





ဘယ်ဘုရားကုန်းမှာ ရွှေသိုက်ရှိတယ်။ ညာဘုရားကုန်းမှာ ငွေသိုက် ရှိတယ်။ အဖော်လိုက်ခဲ့။ ရရင် ချမ်းသာရောဆိုလို့ ...

အမှန်က ချမ်းသာချင်တာမဟုတ်ဘူး။

လူရှုယ်ကိုးဗျ။ အသစ်အဆန်းကို ဝါသနာသိပ်ပါတော့ လိုက် သွားပါရော။

အဲဒါ ပဲခူးဒေးစွန်ပါက တောထဲမှာ သိုက်ဆရာ ဆရာထိန် တို့အဖွဲ့ နဲ့ ညဥ့်သန်းခေါင်ကြီး ကန်တော့ပွဲတွေပေး၊ ဖယောင်းတိုင် မီးတွေထွန်း၊ ကြိမ်စကြာသံပေးပြီး သိုက်နန်းရှင်များကိုခေါ် ...

ကံကောင်းလို့ မသေတာရယ်။ ညသန်းခေါင်ကြီး လေကြီး မိုးကြီး ကျ၊ မိုးကြိုးပစ်ပြီး တောင်ကျရေတွေ ဝါးလုံးထိုးကျလာတာ။

ကျုပ်က လူငယ်ဆိုတော့ အပြေးမြန်လို့ပေါ့ လွတ်တာ။

သိုက်ဆရာ ဆရာထိန်နဲ့ သူ့တပည့်တော့ ရေစီးနဲ့ မျောပါပြီး ကျောက်တုံးနဲ့ဆောင့်မိလို့ သေသွားခဲ့တယ်။

အဲဒါလည်း ကျုပ်က မမှတ်သေးဘူး။

အကြောက်အလန့်က ခဏပဲ ရင်ထဲမှာရှိတယ်။ အဖော်ကောင်းလို့ လာစပ်ရင် ဓားပြတိုက်၊ အနုကြမ်းစီးတာကလွဲ အကုန်လိုက်တာ။

ပေါ်ရိသာရဆေးထိုးမလို့တဲ့။

ထိုးပေးမည့်ဆရာအမည်က ပယောဂဆရာ ကိုကျောက်ပွားတဲ့။ အသားမည်းမည်း ကလန်ကလားကြီး။

ကွမ်းစားတာလည်း သွားတွေကို မည်းလို့။

"ပေါ်ရိသာရဆေးထိုးပြီးရင် ဘာဖြစ်မှာတုံးဆရာ"

"ပေါ်ရိသာရဆေးထိုးပြီးရင် ကိုယ့်ကို ဘယ်လိုရန်သူမျိုးမှ ရန်လုပ် လို့မရဘူး။ ခုန်ပျံကျော်လွှား ဖမ်းမမိနိုင်ဘူး။ စားချင်တဲ့အသားကို 'တ'လိုက် တာနဲ့ ရောက်လာရော။ လူငါးဆယ် တစ်ရာ ဓားနဲ့ဝိုင်းခုတ် ခုတ်လို့မရဘူး။ သူတို့ချင်းသာ ထိရော။

"ဟုတ်ရဲ့လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒီဆေးထိုးပေးတာ ငါးယောက်ရှိပြီဗျ။ ဒီတစ်ယောက်နဲ့ဆို (၆) ယောက်မြောက်ပဲ။ (၉)ယောက်တိတိ ထိုးပေးပြီးရင် ကျုပ် နားတော့မယ်"

"လိုက်ကြည့်လို့ ရမလားဆရာ"

"လိုက်ခဲ့လေ ... ကျုပ်လုပ်ပေးတာ ဘယ်လောက်ခွမ်းသလဲကြည့်။ စိတ်ဝင်စားရင် ခင်ဗျားလည်း လုပ်လိုက်ပေါ့"

"ဘယ်လောက်ပေးရမလဲ ဆရာ"

"သချိုင်းစောင့် မဖဲဝါအတွက် တစ်ပွဲ၊ ရုက္ခစိုးအတွက် တစ်ပွဲရယ် သက်သတ်လွတ် ငွေက ငါးရာပါ"

အဲဒီအချိန်ကာလတုန်းက ငွေငါးရာဆိုတာ ရွှေနှစ်ကျပ်သား ဝယ်လို့ရတယ်။

ဒါနဲ့ လေ့လာရအောင် ဆရာကိုကျော်ပွားတို့ စီရင်မည့် မဂျမ်းကုန်းသချိုင်းကို ညသန်းခေါင်မှာ သုံးယောက်သား လာခဲ့ကြတယ်။ ဒီည ဆေးထိုးခံမည့်သူက အောင်ရွှေကြီးတဲ့။

ကျုပ်တို့ မဂျမ်းကုန်းသချိုင်းအနီးက ရေမြောင်းပင်ကြီးအောက်ကိုရောက်ရော ရုက္ခစိုးကြီးအတွက် သက်သတ်လွတ် အသီးအနှံ၊ သောက်ရေတစ်ပွဲ၊ မဖဲဝါအတွက် အုန်းပွဲတစ်ပွဲ။

ပေါရိသာရကိုယ်စားပြု နတ်ဘီလူးများအတွက် ထမင်း၊ အမဲသားစိမ်း၊ ဝက်သားစိမ်းများကိုလည်း ခေါပန်းတောင်းစားတော်ခွက်မှာ ထည့်လို့ ဆရာ က အလင်းတိုင်များနဲ့ ပြင်ပေးထားတယ်။

သည့်နောက် လူတစ်ထိုင်စာကျင်းတူးပြီး အဆင်သင့်ပြင်ထားတယ်။ နရီကိုက်ချိန်လည်း ရောက်ရော ဆရာကိုကျော်ပွားက မဖဲဝါကိုရော၊ ရုက္ခစိုးနတ်ကိုရော၊ ပေါရိသာရကိုယ်စားပြု နတ်ဘီလူးများကိုရော၊ ပြောဆိုကျွေးမွေးအပ်နှံပြီး ပါးစပ်ကနေ တိုင်ပေးတာကို တပည့်အောင်ရွှေကြီးကို လိုက်ဆိုစေတယ်။

" ... ပေါရိသာရကဲ့သို့ တန်ခိုးအာဏာရှိလိုပါ၏။ အမဲ၊ ဝက်သား၊ ထမင်းဖြူများဖြင့် ကျွေးမွေးပါ၏။ ကျွေးသောအစာသည် ..... မှာ ဖြစ်ပါ





စေသတည်း။ ကျွန်ုပ်တောင့်တလျှင် ရုပ်အမျိုးမျိုး ဖန်ဆင်းပြီး ကူညီစောင့်ရှောက်ကြပါကုန်လော့"

ဘီလူး၏သစ္စာကြောင့်လည်း ဘေးရန်အန္တရာယ်အပေါင်းမှ လွတ်မြောက်ပါစေသတည်း။ သိဒ္ဓိပေါင်းတစ်ရာကျော် မ,စပါစေသတည်း။

သို့ကုလို အမိန့်ပြန် ပြောဆိုအပ်နှံပြီးရော ဆေးထိုးခံမည့် ကိုအောင်ရွှေကြီးကို အကျႌချွတ်၊ ခါးတောင်းကျိုက်စေပြီး တူးထားတဲ့ကျင်းထဲမှာ ခေါင်းဖော်ပြီး မြေမြှုပ်လိုက်တယ်။

ဒါက ဆေးထိုးစီရင်ပြီးတာနဲ့ 'ကျား' လို့အော်ပြီး မြေမြှုပ် ကျင်းထဲက ခုန်ထွက်ရမယ်။ ဆေးအောင်ရင် ခုန်ထွက်လို့ရပြီး အပြင်ကိုရောက်ရင် သစ်ပင်တစ်ဖျားအထိ ခုန်နိုင်သတဲ့ဗျာ။

ပြီးလည်းပြီးရော ...

ဘီလူးလည်ပြတ်ဂါထာနဲ့ ရွှေပြားပေါ်ထိုးထားတဲ့ လက်ဖွဲ့ကို အောင်ရွှေကြီးရဲ့ဘယ်လက်မှာ ချည်ပေးပြီး မြုပ်တာ။

ပြီး ... ပါးစပ်ကနေ အမဲအစိမ်းကို ကိုက်ထားရသေးတယ်။ သည့်နောက် သန်လျက်ခွဲကိုင်ဟန်ရှိတဲ့ ပေါရိသာရဆေးရုပ်နဲ့ မှော်ဆေးကိုဖျော်ပြီး ကိုယ့်လူအောင်ရွှေရဲ့ ပြောင်နေတဲ့ ခေါင်းတုံးပေါ်ကို စုတ်နဲ့ ပေါက်ပါရောဗျာ့။

အောင်ရွှေလည်း နာလွန်းလို့ အမဲသားအစိမ်းကို ကိုက်ထားရတယ်။ ဒီအချိန်မှာ မဂျမ်းကုန်းသချိုင်းထဲကနေ သချိုင်းခွေးတွေက ကျုပ်တို့သုံးယောက်ရှိရာကို မျက်နှာမူပြီး အူနေတာဗျာ ...

ကျုပ်ဆို ခေါင်းနားပန်းကြီးပြီး ကြက်သီးဖြန်းဖြန်း ထရော။

လေကလည်း တိုက်နေပြန်တော့ ...

သချိုင်းကုန်းထဲက ထန်းပင်ကြီးနှစ်ပင်ရဲ့ အရွက်ချင်းရိုက်သံကလည်း 'ဂုန်း ... ဝရော ... ရှဲရှဲရှဲနဲ့ ကြောက်စရာကောင်းလိုက်တာ။

"ဩော်င်း ... ဩော်င်း ... ဟိ ... ဟိ ... ခန္ဓာနှောယကွာ၊ ဟိနွဲ့မယောကျ်ားရာဓာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦ ... ဦ ... ဟိရိန္ဒ ... ရာဇာယကျော ... မလောစ ...

ဆရာပွားကလည်း ဂါထာမန္တန်ကိုရွတ်လိုက်၊

စုတ်နဲ့ပေါက်လိုက်၊

အောင်ရွှေကြီးက အံကြိတ်ပြီး အမဲသားကိုကိုက်လေ ...

"အူ ... အူ ... ဝူ ... ဝူ ..."

"မြန်း ... မြန်း ..."

"ဝရော ... ဝရော ... ဝရုန်း ... ဝရုန်း ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

ခွေးတွေကအူ၊ လေကတိုက်၊ ထန်းရွက်တွေက အပင်ပေါ်မှာ ဝုန်းဒိုင်းကြဲ။ ကျုပ်လည်း လန့်နေပြီ။

ဒီအချိန်မှာပဲ အကုသိုလ်က အတုံးလိုက် အတစ်လိုက် ဝင်လာပါရော စာရေးဆရာရေ။

"သူခိုးဗျို့ ... သူခိုး ... သူခိုး ..."

"လိုက်ဟေ့ ... လိုက်ဟ ..."

"သူခိုးဟေ့ ... သူခိုး ... ပြေးပြီ ... ပြေးပြီ ... လိုက်ဟေ့"

"ဘယ်ရောက်သွားပြီတုံးဟေ့ ..."

"မသိဘူး"

"ဟော ... ဟိုမှာ ... ဟိုမှာ ... ညောင်ပင်ကြီးဘက်ကို ပြေးပြီ။ လိုက် ..."

"ပြေးပြီဟေ့"

"မိရင် မှတ်လောက်သားလောက်အောင် ... ချကွာ"

အဲဒါ ဒုက္ခပဲ။ အချိန်မတော် သူခိုးလိုက်နေကြတယ်။ လူနှစ်ယောက်က ကျုပ်တို့အနီးကနေ ဖြတ်ပြီး သချိုင်းဘက်ကို ပြေးတယ်။

"ဆရာပွား ... ဆရာပွား ..."

"ဦ ... တေယကျော၊ ဟိန္ဒ ... ဟိန္ဒ ... ယက္ခဒေဝါ .."

"ဆ ... ရာ ... ပွား ... သ ... သခိုး လိုက်နေတယ်။ ကျုပ်တို့ဘက်ကို လာနေကြပြီ။ ပုန်း ... ပုန်း ..."





"ဦ ... ဘာ ... ဘာ ..."

"သူခိုးလိုက်နေတယ်။ ကျုပ်တို့ဘက်ကို လူအုပ်ကြီး လာနေပြီ"

"ဟော ..."

"ဘယ် ... လို ... လုပ် ... မတုံး"

"ဟ ... ဟ ... သူခိုးနဲ့ ငါတို့ ... ရော ... ရော ... သွားမယ်။ ပြေး ... ပြေး ... ပုန်း ... ပုန်းဟ"

ဒါနဲ့ ကျုပ်နဲ့ ဆရာပွားလည်း ပေါရိသာဒ စီရင်နေရာကနေ ပြေးရော။ မြေကြီးထဲမှာ ဦးခေါင်းပဲအဖော်ခံ ဆေးပေါက်ခံနေရတဲ့ အောင်ရွှေကြီးကလည်း ကြောက်လန့်တကြား အော်ပါရော ...

"ဆ ... ဆ ... ရာ ..."

"ကျုပ် ... ကျုပ် ... ကို ... မ ... မ ... ထားခဲ့ပါနဲ့ ... ဗျ ... ဟီး ... ကျုပ် ကြောက်လို့ပါဗျ။ ဟီး ... ဟီး ... ကျုပ်ကို ကယ်ပါဗျ"

ကျုပ်တို့လည်း ပုန်းစရာ ချုံပုတ်မရှိလို့ မဂျမ်းကုန်းသချိုင်းကုန်းပေါ် ပြေးကြရော။

လက်နှိပ်မီးရောင်တွေ ကိုယ်ပေါ် ကျလာပါရောဟေ့။

"ဟိုမှာ သူခိုးနှစ်ယောက် သချိုင်းထဲမှာ"

"ဟေ့ကောင်တွေ ... ရပ်"

"ဆ ... ဆရာ ... ဘယ်လို ... လုပ် ... လုပ် ..."

"ပြေး ... ပြေး ... အိမ်ရောက်အောင် ... ပြေးဟ"

မလွယ်ပါဘူးဗျ။ ဘေးဘယ်ညာပန်းညှပ်ပြီး ကျုပ်တို့နှစ်ဦးကို ဝိုင်းလိုက်လိုက်ကြတာ သူခိုးမဟုတ်ပါဘူးလို့ ဖြေရှင်းချိန်မရဘူး။ ခေါ်အလူးလူး မြေပုံကြား။ ဂူကြား သတိလစ်လုဖြစ်ရောဗျာ။

နောက်ဆုံး ရဲစခန်းကို ရောက်သွားတယ်။

ကံဆိုးချင်တော့ သချိုင်းကုန်းပေါ်မှာ ထွက်ပြေးသွားတဲ့ သူခိုးတွေက ခိုးရာပါပစ္စည်းအချို့ စွန့်ပစ်ခဲ့တော့ ကျုပ်တို့ခိုးလာသလို ဖြစ်ပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ သူခိုးမဟုတ်ပါဘူး။ ပေါ်ရိုသာရဆေး ထိုးနေကြတာပါလို့ ပြောလည်း မယုံဘူး။ ဒါက အယောင်ဆောင်လုပ်ပြတာ။ အမှန်က သူခိုးတွေလို့ လိုက်ဖမ်းတဲ့သူများက အားရပါးရ သက်သေခံကြလို့ •••

ကျုပ်တို့သုံးယောက် ထောင် (၂)နှစ်စီ ကျသွားခဲ့ကြတယ်။

မှပ္ပလင်ကျောက်ထုစခန်းမှာ ရဲဘက်တွေနဲ့ ကျောက်ထုခဲ့ရတယ်။ အဲဒါ စူးစမ်းချင်လို့ အချောင်ခံရတာ။ မသေတာ ကံကောင်းဗျာ။

✿ ✿ ✿

[၄]

❑

စိတ်ညစ်ညစ်နဲ့ ဘဝကို ရေစုန်မျှောပြီး နေခဲ့လိုက်တယ်။ ရန်ကုန်ကိုရောက်တော့ ဗိုလ်တထောင်က လူမိုက်တွေနဲ့ တွေ့ရတယ်။ သူတို့အဖွဲ့ထဲကို ဝင်ပါလားတဲ့။ စားဖို့ နေဖို့ရော၊ လုံခြုံရေးရော တာဝန်ယူမယ်တဲ့။

ငြင်းပယ်ခဲ့လိုက်တယ်။

သည့်နောက် လမ်းမတော်ဖိုးတုတ်ရဲ့ ညာလက်ရုံး။ ဘယ်လက်ရုံးအဖွဲ့၊ ပုဇွန်တောင်ရေကျော် လူမိုက်အဖွဲ့၊ တာမွေကိုရောက်နေတဲ့ (တိုက်ကြီးသံပရာ) တို့အဖွဲ့နဲ့လည်း ဆုံခဲ့ရတယ်။

သူတို့ကလည်း အတွေ့အကြုံများတဲ့ ကျုပ်ကို သူတို့အဖွဲ့ထဲ ဆွဲသွင်းစည်းရုံးကြတယ်။

သူတို့တွေဆီမှာက လူစုံတာကိုး။





ခါးပိုက်နှိုက်၊ ဖောက်ထွင်း၊ လုယက်၊ လူသတ်၊ ပြန်ပေး၊ လူစုံပညာစုံပဲ။ အပိုင်စားတွေကလည်း သူ့နေရာနဲ့သူပဲ။

မီးရထားဘူတာ၊ ရုပ်ရှင်ရုံ၊ ကီလီဗောတံတား၊ အရက်ဆိုင်၊ ပြည့်တန်ဆာလုပ်ငန်း၊ အခြားစီးပွားရေးလုပ်ငန်းတွေ စသည်တို့မှာ လူမိုက်အပိုင်စားတွေ ချပေးထားတယ်။

သူ့အပိုင်နဲ့သူ၊ သူ့အုပ်စုနဲ့ သူပေါ့။

ခက်တာက သူတို့အချင်းချင်း နယ်ကျော်လို့ဆိုပြီး ပြန်ချကြ၊ ချောက်တွန်းကြ၊ လုပ်ကြံကြ၊ ထောင်ထဲရောက်ရင် ထောင်ထဲ၊ ရဲဘက်ရောက်ရင် ရဲဘက်မှာ လုပ်ကြံသတ်ဖြတ်ကြတာတွေကို ရွံမုန်းလို့ အားလုံးနဲ့ သင့်အောင်ပေါင်းပြီး နေခဲ့လိုက်တယ်။

ကျုပ် ဘာရာဇဝတ်မှုမှ မကျူးလွန်ခဲ့ဘူး။

အဲဒီလိုနေရင်းက ကုလားသူဌေးမွန်နားဆိုသူနဲ့ အိန္ဒိယကို ပါသွားတယ်။

ကုလားသူဌေးက ဘုံဘေမှာ ချယ်ရီရီတွေ အများကြီးပိုင်ပြီး ချမ်းသာတယ်။

သို့သော် သူက ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းတာ ဝါသနာထုံတယ်။

အခြားချယ်ရီရီပိုင် သူဌေးတွေက သူတို့ဝင်ငွေရရှိရေးကို အဓိကထားပေမဲ့ သူဌေးဦးမွန်နားက သူ့လုပ်ငန်းဆွဲတဲ့ အလုပ်သမားကူလီ ဆင်းရဲသားများကို ကြည့်လို့ ဆင်းရဲသားတွေက သူဌေးဦးမွန်နားကို ချစ်ခင်လေးစားကြတယ်။

သူ့မှာ လူယုံစာရေးစာချီတွေရှိတော့ လုပ်ငန်းတွေကို စာရေးစာချီများနဲ့ လွှဲခဲ့ပြီး သူနဲ့ကျုပ်နဲ့က ဟိမဝန္တာတောင်ခြေဝန်းကျင်ကို ခရီးလှည့်ခဲ့တယ်။ ဟိမဝန္တာတောထဲမှာက အိန္ဒိယဖကီးတွေ၊ ဆာဒူးကြီးတွေ တွေ့ခဲ့ရတယ်။

သူဌေးက အထူးအဆန်းများကို ဝါသနာပါပြီး ပစ္စည်းအဆန်းတွေ့ကိုရရင် သူကြိုက်ရင် ကြိုက်ဈေး ပေးဝယ်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တီဗက်ပြည်ဘက်ကို ရောက်သွားပြီးနောက် လူရိုးနဲ့ လုပ်ထားတဲ့ ပလွေတစ်ချောင်းကို ကြိုက်လို့ ဈေးကောင်းပေးဝယ်တယ်။ တီဗက်အဘိုးကြီးက မဝယ်ပါနဲ့လို့ ပြောတယ်။

"ဘာဖြစ်လို့ မရောင်းချင်တာလဲ။ ကြိုက်ဈေးကိုသာ ပြောပါ"

"ဒါ မကောင်းဘူး"

"မကောင်းမှန်းသိရင် အဘိုးကရော ဘာလို့ဆောင်ထားသတုံး"

"ကျုပ်က မကြောက်ဖူးလေ"

"ကျွန်တော်လည်း မကြောက်ပါဘူး အဘိုး။ ကျွန်တော် လိုချင်လို့ပါ"

"ဒီပလွေကို ဘာအရိုးနဲ့ လုပ်ထားသလဲ သိလား"

"ပြောပါ အဘိုး"

"ဒါ လူရိုးနဲ့ လုပ်ထားတာ။ ဒါ အစိမ်းသေ လူတစ်ယောက်ရဲ့ အရိုးနဲ့ လုပ်ထားတဲ့ပလွေ"

"ကျွန်တော်က နိုင်ငံပေါင်းစုံက ပစ္စည်းအဆန်းတွေ စုဆောင်းတဲ့ လူပါ"

သူဌေးကလည်း ဖြူဖွေးနေတဲ့ပလွေကို ကြည့်ပြီး သဘောကျနေတယ်။ အရမ်းလိုချင်နေတယ်။ ဈေးအမျိုးမျိုး တိုးပေးနေတယ်။

"မေတ္တာရပ်ခံလို့ မရဘူးလား သူဌေး"

"လိုချင်လို့ပါ အဘိုး"

"ကိုင်း ... ဘယ်လိုမှ တားမရမှတော့ ယူသွားပါလေ။ တစ်ခု ကျုပ် ကြိုပြောလိုက်မယ်။ လပြည့်လကွယ်နေ့မျိုးမှာ သူဌေးဒီပလွေကို အသံထွက်အောင် မမှုတ်ပါနဲ့"

"ဘာလို့လဲ"

"မကောင်းဘူး"

"ဘယ်လို မကောင်းတာတုံး"

"လူသေတတ်တယ်"





"ဟင်း ... ဟင်း ... ဟင်း ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

တကယ့် ရှာရှာဖွေဖွေပါပဲဗျာ။ တီဗက်နယ်စပ်တောရွာနေ အဘိုးကြီးထံက လူရိုးပလွေကို ဈေးကြီးကြီးပေးပြီး ဝယ်လာခဲ့တယ်။

တီဗက်အဘိုးအိုက တီဗက်ဘာသာစကားနဲ့ ဂါထာလား၊ မန္တန်လားမသိဘူး ရေရွတ်ပြီး ပလွေကို ဝါးဘူးနဲ့ ထည့်ပေးလိုက်တယ်။

သူဌေးရဲ့ ကျူတိုရီယယ် ရှေးဟောင်းပစ္စည်းအရောင်းပြခန်းမှာ အရှေ့တိုင်းက ဘုရားကျိုး အုတ်ခွက်၊ ကြေးရုပ်၊ ခဲရုပ်၊ မြေမီးဖုတ်၊ နတ်ရုပ်တွေလည်း ရှိတယ်။

ဓာတ်လုံးမျိုးစုံ လက်စွပ်တွေလည်း ရှိတယ်။

အီဂျစ်တို့၊ ဂရိတို့က ရှေးဟောင်းပစ္စည်း ကျောက်ရုပ်တုတွေရော၊ ကြွေထည်၊ မြေထည်တို့၊ ပိုက်ဆံ၊ စက္ကူအကျႌ၊ စစ်ဝတ်ပစ္စည်းတွေလည်း ရှိတယ်။

အီရတ်တို့ အီရန်တို့ တရုတ်တို့က ကြေးခေတ်၊ သံခေတ်၊ ကျောက်ခေတ်ပစ္စည်း သေးသေးလတ်လတ် ကြီးကြီးတွေလည်း ရှိတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက ကမ္ဘာလှည့် ခရီးသည်တွေကလည်း သူ့ရှေးဟောင်းပစ္စည်းဆိုင်ကို ဝင်ရောက်လေ့လာကြတယ်။ စူးစမ်းကြတယ်။

တစ်နေ့ နိုင်ငံခြားသားတစ်ဦးက ဖြူဖြူဖွေးဖွေး အရောင်အဆင်းရှိတဲ့ ပလွေကိုကြည့်ပြီး သူ့နောက်ခံရာဇဝင်ကို မေးတယ်။

သူဌေးက အင်္ဂလိပ်လိုရော၊ ကုလားဟူစတန်နီစကားနဲ့ရော သာသာဆန်းဆန်းလေး ရှင်းပြတယ်။ ဈေးနှုန်းကို မေးတယ်။

"ဒေါ်လာ တစ်ရာပါ"

"ဆင်စွယ်လား"

"နိုး ... လူရိုး လူရဲ့လက်ဖျံရိုးနဲ့ လုပ်ထားတာ"

"အိုးဟို ... အသံမြည်သလား"

"မြည်တယ်"

"မှုတ်ပြပါ။ ကျွန်ုပ် စိတ်ဝင်စားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးက ကြိုက်ဈေးရတော့မှာမို့ ဝါးခွက်ထဲက လူရိုးပလွေကို ယူပြီး ပါးစပ်မှာတေ့လို့ မှုတ်ပြမယ်လုပ်ရော ကျုပ်က အမြန်လှမ်းတားလိုက်ရတယ်။

"သူဌေး ... သူဌေး ..."

"ဘာတုံး ... ကုန်းဘောင်"

"မမှုတ်နဲ့လေ"

"ဘာလို့တုံး ... ဘာလို့ မမှုတ်ရမှာတုံး။ သူ ဝယ်မလို့ဥစ္စာ"

"ဒီနေ့ လကွယ်နေ့လေ ... သူဌေး"

"လကွယ်နဲ့ ဘာဆိုင်လို့တုံး ... ကုန်းဘောင်"

"တိဗက်အဘိုးကြီးက ပြောထားတယ်လေ ... သူဌေး။ ဒီပလွေကို လပြည့်လကွယ်နေ့မှာ မမှုတ်နဲ့။ ဟိုဒင်း ဖြစ်တတ်တယ်လို့ ပြောတယ်လေ သူဌေး"

"သူပြောတိုင်း မင်း ယုံသလား ... ကုန်းဘောင်"

"တစ်ခုခုဖြစ်ခဲ့ရင် ဘယ်လိုလုပ်မတုံး"

"ကျုပ် မယုံဘူး။ ဝယ်သူကြိုက်အောင် နမူနာအသံထွက် မှုတ်ပြရမှာပဲ"

ပြောနေ တားနေသည့်ကြားမှ သူဌေးက တိဗက်လူရိုးပလွေကို သူ့ရဲ့ပါးစပ်မှာ တေ့ပြီး မှုတ်ပြလိုက်ရော ...

ပလွေသံက လူတစ်ယောက်၊ အထူးသဖြင့် မိန်းမတစ်ယောက် ငိုရှိုက်တဲ့အသံမျိုး ထွက်လာတာကို ကျုပ် ကြားလိုက်ရတယ်။

အဲဒါ အံ့ဩစရာပဲ။

ခါတိုင်း လပြည့်လကွယ်မဟုတ်သည့် ရက်တစ်ရက်မှာ သူဌေး ဒီပလွေကို မှုတ်ဖူးတယ်။ သူက မြန်မာဝါးပလွေ၊ မြေပလွေ၊ သစ်သားပလွေ၊ အိန္ဒိယပလွေ၊ နဲ့ကအစ မှုတ်တတ်တာကိုး။

အဲဒီရက်တုန်းက ဒီတိဗက်အရိုးပလွေကို မှုတ်စဉ်က ငှက်အော်သံစုံလို့ အသံမျိုးထွက်ခဲ့တယ်။ ငှက်သံ လေးငါးခြောက်မျိုး အသံမျိုး။





အခု မှုတ်လို့ထွက်လာသည့်အသံက မိန်းမတစ်ယောက် ငိုနေတဲ့အသံ။ နိုင်ငံခြားသားကလည်း ပလွေသံကို နားစွင့်ပြီး ...

"ဘယ်ဈေး ..."

"ဒေါ်လာတစ်ရာ"

"ကျုပ် နက်ဖြန်မနက် ငွေလာချေမယ်။ ရမလား"

"အိုကေ ... ဒါဆို စရံငွေ နည်းနည်းပေးခဲ့ပါ"

ဒါနဲ့ နိုင်ငံခြားက လူထွားကြီးက ဒေါ်လာငွေအနည်းငယ် စရံပေးခဲ့ပြီး ဘောက်ချာကိုယူလို့ ထွက်သွားတယ်။

"နောက်နေ့လာမယူရင် ဘယ်လိုလုပ်မလဲ ... သူဌေး"

"စရံငွေ အဆုံးပဲပေါ့"

ကံဆိုးပါတယ်ဗျာ ... စရံငွေကို သူ့ကုတ်အင်္ကျီအိတ်ထဲကို ထည့်တယ်။ အရိုးပလွေကို နူတ်ခမ်းနဲ့စုတ်လိုက်ပြီး ကျေနပ်ဝမ်းသာနဲ့ မှန်ရှိုးကေ့(စ်)ထဲ ပြန်ထည့်ပြီး သူ့ကားကိုမောင်းလို့ အိမ်ကိုအပြန်မှာပဲ သူ့ကားကို နောက်ကနေ ဘရိတ်ပေါက်ပြီး အရှိန်သတ်လို့မရတဲ့ ကုန်တင်ကားက ဝင်ဆောင့်တိုက်ပစ်လိုက်တာ သူဌေးရဲ့ကားဟာ အပေါ်ကို (၁၀)ပေလောက် မြောက်တက် ပြန်ကျပြီး မီးလောင်သွားခဲ့တယ်။ သူ ရုပ်ပျက်ဆင်းပျက် သေဆုံးသွားခဲ့တယ်။

ကျွန်ုပ်တို့ ဆေးရုံကို ရောက်သွားချိန်မှာပဲ သူဌေးရဲ့ဇနီး သူဌေးကတော်က သူဌေးရဲ့အလောင်းကိုကြည့်ပြီး ရှိုက်ကြီးတငင် ငိုနေတယ်။

အံ့ဩစရာကောင်းတာက ...

သူဌေးကတော်ရဲ့ငိုသံဟာ မနက်ပိုင်းတုန်းက သူဌေး တိဗက်အရိုးပလွေကို မှုတ်ပြစဉ်က ထွက်လာသည့် ပလွေသံနှင့် ထပ်တူကျနေလို့ပါပဲဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

ကျုပ်ရဲ့ကျေးဇူးရှင် သူဌေးမရှိတော့ ကျုပ်လည်း ပြည်တော်ပြန်ဖို့ ပြင်ရတာပေါ့။

ကျုပ်အပေါ် အစစအရာရာကောင်းတဲ့ လူပါဗျာ။ သို့သော် သူက ဂမ္ဘီရပစ္စည်းများရဲ့ ကောင်းကျိုးဆိုးကျိုးကို မယုံကြည်ဘူးလေ။

အဲဒီရဲ့အကျိုးဆက်ကို သူ ခံစားလိုက်ရတာပဲ။

ဒီလိုနဲ့ ကျုပ် ထိုင်းနိုင်ငံကိုရောက်သွားတယ်။ ငါးဖမ်းသင်္ဘော (တန်ကေး) မှာ အလုပ်ရတယ်။ လုပ်ငန်းရှင်က ထိုင်းသူဌေးမ ချောချော လှလှ၊ တောင့်တောင့်ဖြောင့်ဖြောင့်ပဲဗျ။

သူက ကျုပ်ကို သဘောကျတယ်။

ကျုပ်က ပြဇာတ်မင်းသား လုပ်ခဲ့ဖူးသူဆိုတော့ အသားဖြူဖြူ ရုပ်ရည်သန့်သန့်ဆိုတော့ သူဌေးမက ကျုပ်ကို အရမ်းခင်နေတာ။

ပထမ သူ့အနီးမှာ ခေါ်ထားတယ်။





ကျုပ်ကို ဝတ်စားကောင်းလှတွေ ဆင်တယ်။ စားကောင်း သောက်ဖွယ်များ ကျွေးတယ်။ အရက်တိုက်တယ်။ ကျုပ်က အရက်မသောက်ဘူး။ သူဌေးမက မူးလာရင် ကျုပ်ကို ဖက်လိုက်၊ နမ်းလိုက် သူ့ရဲ့ ကာမဂုဏ်အာရုံနဲ့ ပွတ်လိုက် လုပ်တယ်။

ကျုပ်က အဲဒီကိစ္စမှာ ဝါသနာမပါဘူး။

ရောဂါလည်း ကြောက်တယ်။ ကျုပ်တို့ခေတ်တုန်းက အေ့(စ်) ရောဂါ မပေါ်သေးဘူး။ ကာလသားရောဂါလို့ခေါ်တဲ့ ဂနိုရီးယားတို့၊ ဆစ်ပလစ်တို့ အားကောင်းတဲ့အချိန်ကိုး။

ကျုပ်က သူမလို ချောချောလှလှသူဌေးမကို ငြင်းပယ်လို့ သူဌေးမက ကျုပ်ကို အရမ်းအံ့သြနေတယ်။ ယောက်ျားမှ ဟုတ်ရဲ့လားတဲ့။ ရိတယ်၊ ရစ်တယ်။ လှောင်တယ်။

ကျုပ် နိုင်ငံခြားသူကို မချစ်ချင်ဘူး။ မယူချင်ဘူး။

ယူချင်းယူရင် မြန်မာလူမျိုး ယဉ်ယဉ်ကျေးကျေး အမျိုးသမီးကိုပဲ ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ တွေ့ရင်ယူမယ်။

သို့သော် သူဌေးမက ကျုပ်ကို အမြဲတမ်း အမျိုးမျိုး သွေးဆောင်ဖြားယောင်းတယ်။ ကျုပ်ကို ချောင်းမြောင်းလှေလာ စောင့်ကြည့်နေတဲ့သူတွေရှိမှန်းလည်း ကျုပ် ရိပ်မိတယ်။

ကျုပ် သူမအနီးအနားမှ ဆက်နေရင် အန္တရာယ်ရှိနိုင်တယ်။ ဒါမှမဟုတ်ရင် ဇာတ်ပျက်သွားနိုင်တယ်။

ဒါကြောင့် ပင်လယ်ထွက်ငါးဖမ်းတဲ့ တန်ကေးမှာ အလုပ်လုပ်ခဲ့လိုက်တယ်။ အမှန်က မြန်မာရေပိုင်နက်ထဲဝင် ငါးခိုးဖမ်းရတာ။

ကုန်းပေါ်မှာက ငါးစည်သွပ်လုပ်ငန်းတို့၊ ငါးမုန့်လုပ်ငန်းတို့ ရှိတာကိုး။

တစ်နေ့ ပင်လယ်ပြင်မှာ ငါးဖမ်းထွက်နေချိန် လှိုင်းလေကလည်း ဒီနေ့ကျမှ ကြီးနေလို့ ပိုက်ကိုဖော်ပြီး ပြန်ဖို့လုပ်နေချိန် ...

လေမိုးနဲ့ လှိုင်းလူးပြီး ငါးဖမ်းစက်လှေ စောင်းသွားချိန်မှာ ကျုပ်ကို လူတစ်ယောက်က ရိုက်ချလိုက်တာ ကျုပ် လှိုင်းထန်နေတဲ့ ပင်လယ်ရေထဲကို ကျပြီး ကမ်းမမြင် လမ်းမမြင် မျောပါသွားပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလို့ပေါ့ဗျာ ...

ကျုပ် ရေထဲမျောနေတဲ့ ငှက်ပျောတုံးကြီးတစ်တုံးကို ဖက်ပြီး မျောပါနေတုန်း မြန်မာငါးဖမ်းလှေက မြင်လို့ အသက်ရှင်ခဲ့ရတယ်။

အဲဒီတံငါရွာမှာ ခဏနေရင်းက ဗေဒင်ဟောတဲ့ ရသေ့ကြီးတစ်ပါးနဲ့ သွားတွေ့တာပဲဗျ။

ရသေ့အိုကြီးဗျ။

သူက ကျုပ်ရဲ့ မွေးနေ့သက္ကရာဇ်ကိုမေး၊ ကျုပ်ရဲ့လက်ဝါးနှစ်ဖက်ပေါ်က လက္ခဏာများကို ကြည့်ပြီး ဟောတော့တာပဲ။

"မင်းက မရဏဖွား"

"သေကိန်း ခဏခဏ ကြုံရမယ်"

"ဒါပေမင့် မသေနိုင်ဘူး"

"မင်း ဘယ်တော့မှ မိန်းမ မရဘူး"

"မိန်းမတွေက မင်းကိုချစ်တယ်"

"မင်းဇာတာက ဘုန်းကြီးရဲ့ဇာတာ ဖြစ်နေလို့ပဲ"

"မင်းဘဝမှာ မြဲမြဲတဲ့အလုပ် ဘာမှမရှိဘူး"

"သို့သော် တစ်နေ့ မင်း ဆရာကြီးတစ်ဆူ ဖြစ်ရဦးမယ်။ လူတိုင်းက မင်းကို အံ့ဩလေးစားကြလိမ့်မယ်"

"ဟုတ်ရဲ့လား ... ရသေ့ကြီး"

"ဟုတ်တယ်"

"မင်း ရဟန်းသုံးဝါ ဝတ်လိုက်ပါ။ သုံးဝါစေ့ရင် ငါ့ဆီကို ပြန်လာပါ။ ငါ မင်းကို ဇင်းကျိုက်တောင်ခြေကနေ စောင့်နေမယ်။ ငါ့နာမည်ကို မှတ်ထား။ ရသေ့ကြီး ဦးခေတ်လုံးလို့"

"သက်နိုး မဝတ်ခဲ့ရင်ရောဗျာ"

"အချုပ်နဲ့ ထောင်ထဲမှာပဲ နေရတာများမယ်"

"ကျွန်တော်က မဟုတ်တာ ဘာမှမလုပ်ဘူးဗျ"

"ဟုတ်တာလုပ်တဲ့လူလည်း ကံမကောင်းရင် အချုပ်ထဲ၊ ထောင်ထဲ ရောက်တာပဲကွ။ သွားတော့ ...။ ဒီမှာ မောင်ကုန်းဘောင် ..."





"ခင်ဗျာ ... ဘရသေ့"

"မင်းနဲ့ငါ ပြန်ကို ဆုံရမှာပါကွ။ ငါ ဇင်းကျိုက်တောင်ခြေ ဘုရားက စောင့်နေမယ်။ သုံးနှစ်နော် ... သုံးနှစ်"

✿ ✿ ✿

[၆]

❑

ကျုပ် ရသေ့ကြီးဦးခေတ်လုံးနဲ့ခွဲခွာပြီး ဖြစ်ချင်ရာဖြစ် မောင်ဘချစ်လုပ်လို့ လျှောက်သွားလိုက်တာ သုံးကြိမ် အဖမ်းခံရတယ်။

မသင်္ကာမှုနဲ့ တစ်ကြိမ်၊

ခါးပိုက်နှိုက်က ပြေးမလွတ်တော့ သူဖြတ်ပြေးတဲ့ဆွဲကြိုး ကျုပ်လွယ်အိတ်ထဲကို ထည့်ခဲ့တဲ့ကိစ္စအတွက် တစ်ကြိမ်၊

ကားအသစ်တစ်စီးကို မမြင်ဖူးလို့ အနီးကပ်ကြည့်မိတာ အဲဒီ ပိုင်ရှင်က မီးလုံးဖြုတ်ခိုးဖို့ လုပ်ပါတယ်ဆိုပြီး ဝိုင်းဖမ်းလို့ တစ်ကြိမ်၊

သုံးကြိမ် အချုပ်နဲ့ထောင်ထဲကို ရောက်ခဲ့တယ်။

သည်တော့မှ ရသေ့ကြီးဦးခေတ်လုံးဟောခဲ့တာ မှန်ပါကလားလို့ ယုံကြည်ပြီး ဒီအတိုင်းသာဆက်သွားရင် အချုပ်နဲ့ထောင်ဟာ ငါ့အိမ်ငါ့ယာ ဖြစ်နေမှာပဲလို့ သိလိုက်တယ်။

ဒါနဲ့ ထောင်ကလွတ်ရော ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သင်္ကန်းဝတ်ခဲ့လိုက်တယ်၊ သိဒ္ဓိတင်လိုက်တာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



တယ်ဟုတ်ပဲဗျာ။ သက်န်းဝတ်နဲ့က ဘဝ တယ်လုံခြုံပဲကိုး။

ကျုပ်ဆရာဘုန်းကြီးကလည်း ကျုပ်ကို ခင်တယ်၊ ယုံတယ်ဗျာ။

ကျုပ်ကို တရားထိုင်နည်းတွေ သင်ပေးတယ်။

စွန်းလွန်းနည်း၊ သဲအင်းဂူနည်း၊ လယ်တီနည်း၊ မိုးကုတ်နည်း အစုံပဲဗျ။ အဲဒီက မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ နည်းကိုကြိုက်လို့ ကိုယ်နဲ့သင့်တဲ့ စရိုက်ကမ္မဋ္ဌာန်းကိုယူပြီး ကျေးဇူးရှင်ဆရာဘုန်းကြီးကို အခွင့်ပန်လို့ ခရီးထွက်ခဲ့လိုက်တယ်။

ပုပ္ပားမှာ တစ်နှစ်ကြာတယ်။

မြသပိတ်တောင်မှာ (၆)လ ကြာခဲ့တယ်။

ကေလာသမှာ (၃) လကြာတယ်။

ပြည် ဖိုဝင်တောင်မှာ (၁)လ ကြာတယ်။

ရှမ်းပြည်မှာ (၆) လ ကြာခဲ့တယ်။

ကုလားမတောင်မှာ (၆) လ ကြာခဲ့တယ်။

မဟာမြိုင်တောထဲကို အတွေ့အကြုံရအောင် တောထွက်ဘုန်းကြီးတစ်ပါးနဲ့ လိုက်သွားတာ။ ကျုပ် ငှက်ဖျားဖြစ်ပြီး သေမလို ဖြစ်ပါရောဗျာ။ အဲဒါ ဆေးရုံရောက်သွားပါရော။ ဒီမှာ သက်န်းချွတ်ဘဝကို ရောက်ပြီး ငှက်ဖျားရောဂါကို ကာလအတန်ကြာကုမှ ပျောက်သွားခဲ့တယ်။

ကိုယ်လှုပ်ရှားခဲ့တဲ့ ရက်တွေကို ပြန်စစ်ဆေးလိုက်တော့ ...

သုံးနှစ်သုံးမိုး ရှိခဲ့ပြီပဲကိုး။

ကျုပ်နဲ့ ရသေ့ကြီးဦးစာတ်လုံးတို့ ဇင်းကျိုက်တောင်ခြေ ဘုန်းကြီးကျောင်းမှာ ချိန်းထားတာ သွားသတိရတယ်။

ရသေ့ကြီး ဦးဓာတ်လုံး ရှိမှရှိပါ့မလား။

ပျံလွန်တော် မူသွားပြီလား။

ဟိုက် ... အဲဒီညမှာပဲ ကျုပ် အိပ်မက်ဆိုး မက်ပါရောဗျာ။

ရသေ့ကြီး ဦးဓာတ်လုံးရယ် ...

အနက်ရောင်ခေါင်းထဲကနေ ထလာပြီး ကျုပ်ကို ခေါ်နေတာဗျာ။

"ဟေ့ကောင် ... ကုန်းဘောင်၊ လာခဲ့"





"ဗျာ ... ရသေ့ကြီး ... ကျုပ် ... ကျုပ် ... ဘယ်ကိုလာရမှာတုံးဗျာ"

"ငါ့ဆီကိုလာ ... ဒီကိုလာ ..."

"အမလေးဗျ ... ကျုပ် ... ကျုပ် ... မလာပါရစေနဲ့ဗျာ"

သူက ခေါင်းနက်ကြီးထဲက အော်ခေါ်၊ ကျုပ်က ငြင်းဆန်၊ ဒီမှာပဲ ခေါင်းထဲ ငုတ်တုတ်ထိုင်ရာကနေ လက်ကြီးတစ်ဖက် ဆန့်ထွက်လာပြီးနောက် ကျုပ်ရဲ့ကုပ်ကိုဆွဲပြီး သူနေတဲ့ ခေါင်းနက်ကြီးထဲ ဆွဲထည့်လို့ ခေါင်းဖုံးကြီး ဝုန်းခနဲ ပိတ်ချလိုက်ရော ...

ကျုပ်လည်း အမလေးဗျ ... အော်ရင်း အိပ်ရာကနေ လန့်နိုး၊ တစ်ကိုယ်လုံး ချွေးတွေကို ရွှဲနစ်နေတာပဲ။

"ဟူး ... ငါ့ကို ရသေ့ကြီးခေါ်နေပြီနဲ့ တူရဲ့။ ငါ့ကို အတူသေဖို့ ခေါ်နေတာလား၊ အတူနေဖို့ ခေါ်နေသလား မသိဘူး။ သုံးနှစ်ကလည်း စေ့သွားပြီ။ ငှက်ဖျားလည်း ပျောက်နေပြီ၊ ငါ ဒီလိုနေလို့ မဖြစ်သေးဘူး။ ငါ တစ်ခုခုကို ကြိုးကြိုးစားစား ဖောက်ချလုပ်မှဖြစ်မယ်။ ငါ အသက်လည်း မငယ်တော့ဘူး။ ငါ့အဖေနဲ့ အမေလည်း သေလားရှင် လားမသိဘူး။ ငါ သိပ်မှားနေပြီနဲ့ တူရဲ့"

တစ်ညလုံး စဉ်းစားတယ်။ မိုးလင်းရော လွယ်အိတ်ကောက်လွယ်ပြီး မော်လမြိုင်သွားမည့်ကားကို စီးလို့ ဇင်းကျိုက်တောင်ခြေကို ထွက်ခဲ့လိုက်တယ်။

ညနေ (၃)နာရီလောက်မှာ ဇင်းကျိုက်တောင်ခြေကို ရောက်ခဲ့တယ်။ တောင်ခြေမှာ ဇင်းကျိုက်ဘုရားရှိတယ်။ ဘုန်းကြီးကျောင်းဝင်ပြီး မေးရင် ရမှာပဲ။

ဘုန်းကြီးကျောင်းထဲဝင်တော့ တစ်ယောက်မှမရှိဘူး။ ဘယ်သွားနေကြလဲ မသိဘူး။ တောင်ပေါ်များ ရောက်နေကြလို့လား။

ခွေးသုံးလေးကောင်က ကျုပ်ကို ကျားစီးဖားစီး ဟောင်နေတာနဲ့ တော်ကြာ သူခိုးဆိုပြီး ဝိုင်းဖမ်း အချုပ်ထဲထည့်ရင် ဒုက္ခ။

ဒါနဲ့ ကပျာကယာ ပြန်နောက်ဆုတ်ထွက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ..."

"ဗျာ ... ဗျာ ..."

ဘေးနားကနေ ဟောက်ခေါ်တဲ့အသံ။ ခေါင်းနားပန်းကို ကြီးပါရောကွာ။ အချုပ်ထဲ ရောက်ရပြန်ပြီနဲ့ တူပါရဲ့။ ကြည့်လိုက်တော့ အရူးတစ်ယောက်ဗျာ ... မင်းသားလိုဝတ်ထားတယ်။

ခေါင်းပေါ်မှာ စက္ကူစုတ်ခေါင်းပေါင်းနဲ့ တောင်ရှည်ပုဆိုးနဲ့။ အင်္ကျီမပါဘူး။

"မင်းက ဘာကောင်လဲ"

"ဗျာ ..."

"မင်းက အရူးလား ... ဟုတ်လား"

ဘုရားရေ ... အရူးက အကောင်းကို အရူးလားတဲ့။

"မင်းကြည့်ရတာ အရူးနဲ့ တူပါရဲ့ကွာ။ ဟား ... ဟား ... ဟား ... ဟား ..."

"ကျုပ် ... ကျုပ်က အကောင်း။ ခင်ဗျားသာ ... အရူး ... အရူး"

"ငါက အရူး၊ မင်းက အနှမ်းကွ။ မင်းလည်း လျှောက်သွားနေတဲ့ကောင်၊ ငါလည်း လျှောက်သွားနေတဲ့ကောင်ပဲ။ မင်းလည်း အရူး၊ ငါလည်း အရူးပဲ။ ပြော ... မင်း ဘာအကူအညီလိုလဲ။ ရွှေလား၊ ငွေလား၊ ထမင်းဟင်းလား၊ အိမ်လား၊ တိုက်လား၊ မိန်းမလား"

သူ့ကြည့်တော့ ကိုယ်ပေါ်မှာ အင်္ကျီမရှိဘူး။ ကျုပ်ကို ဘာလိုလဲတဲ့။

"ဟော့ကောင် ... အရူးသစ်"

"ဗျာ ... အဲ ... အဲ ..."

"မင်းကြည့်ရတာ တစ်ယောက်ယောက်ကို လိုက်ရှာနေပုံပဲကွ။ ဟုတ်ရဲ့လားဟေ့ ... အဟေဟေ့ ... အဟား ..."

"ဟုတ်တယ်ဗျ"

"မင်းရှာနေတာ လူလား၊ ရဟန်းလား၊ ရသေ့လား၊ မယ်သီလလား"





"အယ် ..."

"မြန်မြန်ပြောကွ။ အင်္ဂလန်မှာ ဘုရင်မကြီးနဲ့ ညစာအတူစားဖို့ သွားရဦးမယ်"

တယ်ဟုတ်တဲ့ အရူးပါလား။ ဒါနဲ့ ပြောရတယ်။

"ကျုပ်တွေ့ချင်တာ ရသေ့ကြီးတစ်ပါးပါဗျာ"

"နာမည် ဘယ်သူတုံး။ ရွှေဘလား၊ တင်ညွန့်လား၊ ချိုးမူးလား"

"ရသေ့ကြီး ဦးခတ်လုံးဗျ"

"ဩော် ... ဩော် ... ဦးခတ်ပြားလား"

"ခတ်လုံးဗျ ... ခတ်လုံး၊ ရသေ့ကြီး ဦးခတ်လုံး ... သိလား"

"ဟင့်အင်း ..."

"တောက် ..."

ကျုပ်လည်း အရူးနဲ့ပြိုင် ဒေါကန်နေရင် မကောင်းလို့ တောက်တစ်ချက် ခတ်ပြီး လှည့်ထွက်ရော ...

"ဒီမှာ ကိုကုန်းဘောင် ..."

"ဟင် ... ဘာ ... ဘယ်လို ခေါ်လိုက်တယ်"

"မင်းနာမည် ကိုကုန်းဘောင် မဟုတ်ဘူးလား။ ပြော ..."

"ဟုတ်တယ် ... ခင်ဗျား ကျုပ်နာမည်ကို ဘယ်လိုလုပ် သိနေတာလဲ"

"အဲဒါ မမေးနဲ့။ ကိုယ့်လူရှာနေတဲ့ ရသေ့ကြီးဦးခတ်လုံးဆိုတာ ဟိုမှာတွေ့လား ... ထိုင်ရှိခိုးနေတဲ့ ကျောက်တုံးလူကြီး"

"တွေ့တယ်"

"အဲဒီကျောက်ရုပ်လူကြီးရဲ့ရှေ့က ကျောင်းသခ်မ်းဟာ ရသေ့ကြီးဦးခတ်လုံးရဲ့နေရာပဲ။ သွားတော့"

"အဟုတ် ..."

"ဟော့ကောင် ... ငါ ရူးပေမင့် မလိမ်ဘူး။ မညာဘူး။ မဟုတ်တာဟုတ်က မပြောဘူး။ သွားတော့။ မောင်ရင့်ကို စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … အင် …"

အံ့ဩစရာပါလားကွာ။ ကျုပ်နာမည်ကို တစ်ခါမှမပြင်ဖူးတဲ့ အရူးက သိနေတယ်။ ပြီး သူကပြောသေးတယ်။ ရသေ့ကြီး စောင့်နေတယ်တဲ့။ သူက ပြောလို့လည်းဝရော ဟိုးဖင်းကျိုက်တောင်တက်လမ်းအတိုင်း တောင်ပေါ်ကို ပြေးတက်သွားပါရောဗျာ။

သူလမ်းညွှန်တဲ့အတိုင်း လှေကျောက်တုံး (ကျောက်တုံးက လှေတစ်ယောက် ထိုင်ကန်တော့နေသည့်အတိုင်း ရှိနေ၏) တောင်ငယ်ကို ကျော်လိုက်ရော ရေကျနေတဲ့ ကျောက်ကုန်းကြားက ဝါးကျောင်းလေးရှေ့မှာ ရသေ့ကြီးဦးခေါင်းတုံးကို တန်းမြင်ရပါရောဟေ့။ သူက ဖိုထိုးနေတာကိုး။ ဖိုမီးကလည်း ရဲလို့။ ဖားဖိုကလည်း ကြိုးတစ်ချက်ဆွဲရင် ရှူးရှဲဟဲနဲ့။

ပြာမှုန့်တွေကလည်း သူ့ခေါင်းတုံးပေါ်မှာ ဝဲပျံနေတယ်။

ပြီး … မီးရဲရဲဖိုပေါ်ရှိ လုံးကို ညှပ်နဲ့ကိုင်ပြီး စစ်ဆေးရဲ့။

"ဘုရသေ့ …"

"ရောက်လာပြီလားကွ"

"ဟုတ်ကဲ့ … ရောက်ပါပြီခင်ဗျ"

"ငါခေါ်တဲ့အသံ မင်းကြားရလို့လားဟ … ငါ့ကောင်ရ"

"ဗျာ … အဲ … အဲ … ဘယ်လို …"

"မနေ့တုန်းက မင်းကို ငါခေါ်တာလေကွာ။ ဟား … ဟား … ဟား …"

ပထမတော့ ကျုပ် ကြောင်သွားတယ်။ မနေ့တုန်းက သူခေါ်သတဲ့။ နောက်မှ ညတုန်းက အိပ်မက်ကို ပြေးသတိရလိုက်တယ်။ ဟုတ်မှ ဟုတ်ရဲ့လား။ သူခေါ်တာမှ ဟုတ်ရဲ့လား။ တိုက်ဆိုင်မှုနေမှာပါ။

ဒါနဲ့ ဟုတ်မဟုတ်သိချင်လို့ ကျုပ်က မေးရော …

"ရသေ့ကြီး …"

"ဘာတုံးကွ"

"ခေါင်းနက်ကြီးရောဗျ"

"ဟောဟိုမှာလေကွာ … အိပ်ချင်ရင် ဝင်အိပ် … ကိုယ့်လူရေ … ဟား … ဟား … ဟား …"





"ဟင် …"

ဟုတ်ပဗျာ။ ကျုပ်အိပ်မက်ထဲက ရသေ့ကြီးဝင်အိပ်တဲ့ သစ်နက်ခေါင်းကြီးကို ဝါးကျောင်းပေါ်မှာ မြင်နေလိုက်ရရော၊ အံ့ရောဗျာ။

ဒါနဲ့ မနေ့ညတုန်းက ကျုပ်မက်ခဲ့တဲ့ အိပ်မက်ဟာ ရသေ့ကြီး ဒီကနေ လှမ်းခေါ်ပေးလိုက်တဲ့ အိပ်မက် သေချာပြီပေါ့။

ကျုပ် ရသေ့ကြီးကို အထင်မသေးရဲတော့ဘူး။

သူပြောသမျှတွေကလည်း မှန်နေတာချည်းပဲလေဗျာ။

ဒါနဲ့ ကျုပ်က သူ့ဖိုရုံမှာ ထိုင်ပြီး သူလုပ်သမျှကို ကြည့်နေလိုက်တယ်။ သူကလည်း ဘာမှမပြောတော့ဘူး။

ကျုပ်ကလည်း အဂ္ဂိရတ်ဖိုရုံ အတွေ့အကြုံလေးရှိခဲ့ဖူးတော့ ဖားဖိုမီးကို ဆွဲပေးတယ်။ ပြင်းပြင်းဆွဲလိုက်၊ ဖော့ဖော့ဆွဲလိုက်၊ ခပ်လေးလေး ဆွဲလိုက် လုပ်ပေးတော့ ရသေ့ကြီးက သဘောကျပြီး ပြုံးနေတယ်။

"မင်း မီးအကြောင်းသိလား … ကုန်းဘောင်"

"ဟုတ်ကဲ့ …"

"ဘင်ရော သိလား"

"သိတယ်"

"နာရော သိလား"

"သိတယ်"

"ဌာတ်ရော သိလား"

"သိပါတယ်"

"ပြဒါး …"

"သိ …"

"ခဲ …"

"သိ …"

"မီးစိမ်း၊ မီးကျက် …"

"သိ …"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူက အဂ္ဂိရတ်ဆိုင်ရာ အခေါ်အပြောများကို တစ်ခုပြီးတစ်ခု မေးတယ်။ ကျုပ်ကလည်း တစ်ခုပြီးတစ်ခု ဖြေတယ်။ သူ သဘောကျနေတယ်။

"မင်း ရှင်အဇ္ဇဂေါဏ ... သိလား"

"သိတယ်"

"ပြဒါးသေ၊ သံသေ သိလား"

"သိတယ် ... မမြင်ဖူးဘူး"

သူ ခေါင်းညိတ်တယ်။

"ရသေ့ကြီး ..."

"ဘာတုံး"

"ကျုပ် ဖင်းကျိုက်ဘုရားအဝင်ဝမှာ အရူးတစ်ယောက်နဲ့ တွေ့ခဲ့တယ်"

"အင်း ... ပြော"

"သူက ကျုပ်ရဲ့နာမည်ရော၊ ကျုပ်ရောက်မည့် အချိန်ရော၊ ရသေ့ကြီးကိုရော သိနေတယ်"

"အင်း ... ဘာဖြစ်လဲ"

"သူ့ကို ကျွန်တော်မသိဘူး။ သူက ဘာလဲ"

"ဝိဇ္ဇာပဲကွ"

"ဗျာ ... ဝိဇ္ဇာ။ ဘာဝိဇ္ဇာတုံး ... ရသေ့ကြီးရ"

"တောင်တက် တောင်ဆင်း ဝိဇ္ဇာပဲကွ"

"ဗျာ ..."

"သူလည်း ကျင့်ရင်း ရှာရင်း စုရင်းကနေ စည်းနည်းနည်း စောင်းသွားလို့ ခုလိုဖြစ်နေတာ။ ငါ့ဆီ ပညာလာသင်ဖူးသကွ။ ဒါပေမင့် အကြား အမြင်လေး ဘာလေးရနေတယ်။ ခုတော့ ဟိုတောင်ပေါ်ကို ဆင်းလိုက်တက်လိုက် လုပ်နေလို့ တောင်တက်တောင်ဆင်းဝိဇ္ဇာလို့ ခေါ်ရတာ။ အတတ်ကျူးနေလို့ ငါလည်း သူ့ခေါ်မသုံးတော့ဘူး။ မင်းလည်း အတတ်မကျူးနဲ့ကြားလား"





"ဟုတ်ကဲ့"

"မင်း ငါနဲ့နေမှာလား"

"ရသေ့ကြီးပဲ သုံးနှစ်ပြည့်ရင် လာတွေ့ဆို"

"ဟုတ်ပါတယ်။ မင်းက ငါ့ကို ဆရာလုပ်မှာလား။ တပည့်ခံမှာလား"

"တပည့်ခံမှာပါ ... ရသေ့ကြီးရ"

"ကောင်းပြီ ... ဟောဟိုက စည်ပိုင်းထဲကို ဟိုရှေ့က စမ်းချောင်းထဲကရေ ပြည့်အောင်ခပ်ထည့်စမ်းကွာ။ သွား ..."

ဒါနဲ့ ဆရာသမားခိုင်းတဲ့အတိုင်း လေးထောင့်သံပုံးနှစ်လုံးနဲ့ ရေထမ်းတင်ပြီး ဖြည့်လိုက်တာ စည်ပိုင်းက (၆) ထမ်းဝင်စည်ပိုင်းပါဗျာ။ (၁၀) ထမ်းလည်း မပြည့်ဘူး။ (၁၅)ထမ်းလည်း မပြည့်ဘူး။

ရေစည်လည်း မပေါက်ဘူး။ မပေါက်ဘဲနဲ့ ရေက ခပ်ထည့်တိုင်းကို မပြည့်ဘူးဖြစ်နေတယ်။

"ကုန်းဘောင် ... ပြည့်ပြီလားဟေ့"

"မ ... မ ... ပြည့်သေးဘူးဗျာ"

"ပြည့်အောင်ဖြည့် ... ငါ့လူရေ"

"ထူးဆန်းပါ့ဗျာ ... ဘယ်လိုဖြည့်ဖြည့် ရေက မပြည့်ဘူး။ ကျုပ်လည်း ခြေကုန်လက်ပန်းကျနေပြီ။ လျှာလည်း ထွက်နေပြီ။

"ကျုပ် ... ကျုပ် သေသွားရင်တောင် ... မ ... မပြည့်ဘူးဗျ"

"ဟား ... ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး ... မင်းကသာ မပြည့်ဘူးပြောတယ်။ ဟိုမှာ ရေကိုလျှံလို့"

"ဟင် ... ဟုတ်ရဲ့လားဗျ ... ရသေ့ကြီးရ"

"ဟုတ်လွန်းလို့ ... ဟုတ် ... ဟုတ် ... ဟုတ် ... မြည်လို့။ ဟား ... ဟား ... ဟား ... ဟား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

ရသေ့ကြီးထံမှာ သုံးနှစ်သုံးမိုး ကျူပ်တပည့်လုပ်ပြီး သူခိုင်းသမျှ ကို လုပ်ပေးခဲ့တယ်။ သူက ကျူပ်ကို အင်္ဂလိပ်ထိုးနည်း သင်မပေးဘူး။ ဗိုကြီး ပဲ ဆွဲခိုင်းတာ သုံးနှစ်။

ရေခပ်ခိုင်း၊ ထင်းခွဲခိုင်း၊ ဆေးမြစ်ရှာခိုင်းပြီး ...

ဒီဆေးမြစ်က ဘယ်လိုအသုံးဝင်တယ်၊ ဟိုဆေးမြစ်ကို ဘယ်လို သုံး ဒါပဲပြောတယ်။ မီးသွေးကုန်ရင် ဈေးရှိရာသွားခိုင်းပြီး မီးသွေးတစ်အိတ် ဝယ်ခိုင်းတယ်။ သူ့ကိုညကျရင် မအိပ်မချင်း နှိပ်ပေးရတယ်။ သူက အနင်း အနှိပ်ခံရင်း သူကြုံခဲ့ရတဲ့ အထူးအဆန်းဘဝတွေကို တစ်ညတစ်မျိုး ပြော ပြတာ။ စာရေးတတ်ရင် တစ်ထောင့်တစ်ညပုံပြင်အတိုင်း နေမှာပဲ။

တစ်နေ့လည်း ကျရော ...

"ကုန်းဘောင် ..."

"ဗျာ ... ရသေ့ကြီး"





"မီးသွေးတစ်အိတ် သွားဝယ်"

"ဟုတ် ..."

"မြန်မြန်လာ ... ဟိုဝင်ဒီဝင် မဝင်နဲ့။ ဒီနေ့ အရေးကြီးတယ်"

"ဟုတ် ..."

အဲဒါ ပိုက်ဆံကိုင်ပြီး တောင်အောက်ကိုဆင်း၊ ဈေးရှိရာကို သွားပြီး မီးသွေးအိတ်ကို ပခုံးပေါ်ထမ်းရင်း လမ်းကိုအကူး ...

"ဖောင်း ..."

"ကျွီ ... ကျွီ ..."

"အား ... အား ..."

"ဟဲ့ ... ဟဲ့ ... အထမ်းနဲ့ လူကို တိုက်မိသွားပဟဲ့"

ကျူပ် အဲဒါပဲ ကြားလိုက်ရတယ်။ ကျူပ်ကို ကားတစ်စီး ဝင်တိုက် သွားတယ်။ မီးသွေးအိတ်ရော၊ လူရော လွင့်စင်ပြီး သတိမေ့သွားတယ်။

ကျူပ်သတိရတော့ ဆေးရုံပေါ်ရောက်နေတယ်။

ဆရာဝန်နဲ့ ဆရာမများက ကျူပ်ပြန်သတိရလာလို့ ဝမ်းသာကြ တယ်။ ကျူပ် ဆေးရုံပေါ်မှာ သတိမေ့မြောနေတာ (၃)ရက်ရှိပြီတဲ့။ ရသေ့ အိုကြီးတစ်ပါး လာလာကြည့်သတဲ့။

အားလုံးက ကျူပ်အတွင်းဒဏ်ထိပြီး သေမှာပဲလို့ ကောက်ချက်ချ ကြသတဲ့။ နံဘေးခုတင်ကလူတွေက ကျူပ်ကို ရသေ့ကြီးတစ်ပါး လာကြည့် ပြီး ပါးစပ်ထဲကို ရေစက်တွေ ချပေးသတဲ့။

'မသေပါဘူးကွာ' ဆိုတာကို တစ်နေ့တစ်ကြိမ် ပြောပြီးနောက် သုံးရက်မြောက်နေ့မှာ အင်္ဂလိပ်လက်စွပ်တစ်ကွင်း ဝတ်ပေးသွားတယ်တဲ့။

ကျူပ် အခု သတိပြန်ရပြီ။ ဆရာဝန်က ဘယ်လိုနေသေးလဲလို့ မေးတယ်။

"ကောင်းပါတယ် ... ဆရာကြီး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ခေါင်းမူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"မမှူးပါဘူး"

"အန်ချင်သလား"

"မအန်ချင်ပါဘူး"

"ခေါင်းထဲက တစစ်စစ် ကိုက်သလား"

"မကိုက်ဘူး"

"အမြင်ဝါးဝါး ဖြစ်နေသလား"

"မဝါးပါဘူး။ အကုန်မြင်ရတယ်"

"ရှေ့ကြောင်းနောက်ကြောင်း မှတ်မိလား"

"မှတ်မိပါတယ်"

"အိုကေ . . . ရိုက်"

ဆရာဝန်ကြီး ဝမ်းသာသွားတယ်။ နောက်နေ့ ကျုပ် ဆေးရုံက ဆင်းခဲ့ရတယ်။ ဆေးရုံကဆင်းပြီး ကျုပ်ဆရာရသေ့ရှိရာကို သွားရော ရသေ့ကြီး မရှိတော့ဘူး။ သူ့ခေါင်းအနက်ကြီးလည်း မရှိတော့ဘူး။ ဖိုရုံနဲ့ ဖိုစွည်းပဲ ကျန်ရစ်ခဲ့တယ်။

ဟိုဟိုဒီဒီ လိုက်ကြည့်တော့ ဖိုရုံအမိုးမှာ စာတစ်စောင်ခေါက် ထိုးထားတာကို တွေ့လို့ ယူဖတ်လိုက်ရော . . .

*ကန်းဘောင်*

*ရှင်အင္ဂုလိမာလည်း ရွှေဖြစ်တဲ့ဓာတ်လုံးကိုရဖို့ သူ့မျက်လုံးနှစ်လုံးကို ရင်းခဲ့ရတာပဲ။ မင်းကိုလည်း ငါ မိုးကြိုးဓာတ်လုံး လက်စွပ်တစ်ကွင်းပေးခဲ့တယ်။ မင်း ကြီးပွားလာရင် ကိုးတောင်ပြည့်ဘုရား ကိုးဆူတည်ကွ။ ငွေကို အများကြီး လက်ထဲမှာမထားနဲ့။ ငွေရှိနေရင် အန္တရာယ်များတယ်။ ဘုရားကိုးဆူတည်ပြီးရင် နောက်ဆုံးစေတီမှာ မင်းရဲ့လက်စွပ်ကို ဌာပနာလိုက်တော့။*

*အဲဒီလက်စွပ်အကြောင်းကို ဘယ်လိုပဲ ထူးခြားထူးခြား လုံးဝမပြောရဘူး။ ဒါ မင်းနဲ့ထိုက်လို့ ငါပေးခဲ့တာ။ မင်းလည်း ဒါကိုရဖို့ ရင်းခဲ့ရ*





*တာ မနည်းပါဘူး။ ငါတပည့် နောက်ဆုံး စေတီတည်ချိန်ရောက်ရင်တော့ မင်းယုံကြည်စိတ်ချရသူကို ပြောချင်ပြောခဲ့ပေါ့။*

*အဲဒီလက်စွပ်ကို လုံးဝမရောင်းစားနဲ့။ ရောင်းစားတာနဲ့ အလိုလိုလောင်မီးကျသလိုဖြစ်ပြီး ဘဝကူးမကောင်းဖြစ်လိမ့်မယ်။*

*ဘယ်သူ့ကိုမှလည်း အမွေအဖြစ် မပေးခဲ့နဲ့။*

*မင်းကလွဲပြီး ဘယ်သူနဲ့မှ မထိုက်ဘူး။ သီလ၊ သမာဓိ၊ ပညာ မရှိဘဲ အဲဒါကိုသုံးရင် အမှားတွေ အများကြီး ကြုံရတတ်တယ်။*

*မင်းလည်း ကိုးတောင်ပြည့် ကိုးဆူတည်ပြီးရင် ဘဝကူးကောင်းအောင် လုပ်တော့။ ငါလည်း မရှာနဲ့၊ မမေးနဲ့။ ငါလည်း ဘဝကူးကောင်း အောင် လုပ်ဖို့ ဝိမုတ္တိလမ်းကို သွားပြီ။ မင်းလည်း အဲဒီလမ်းကို တွေ့အောင်ရှာပြီး မင်း အစီအစဉ်နဲ့ မင်းသွားတော့။*

*ရသေ့ကြီး ဦးဓာတ်လုံး*

ရသေ့ကြီးဟာ ကျုပ်ကို အဲဒီဓာတ်လုံးလက်စွပ်နဲ့ စာတစ်စောင် ပေးခဲ့ပြီး ပျောက်သွားတာ ယနေ့အထိ စုံစမ်းလို့မရဘူး။ သူ့အကြောင်း သိသလောက်က ရသေ့ကြီးဦးဓာတ်လုံးက မန္တလေးတောင် ရသေ့ကြီး ဦးခန္တီရဲ့တပည့်လို့လည်း ကြားရတယ်။ အဘအောင်မင်းခေါင်တို့ ရှာသားလို့လည်း ကြားရတယ်။

အဲဒီ မိုးကြိုးရွှေဓာတ်လုံးလက်စွပ်လေး ရပြီးနောက်ပိုင်း ကျုပ် ဘာလုပ်လုပ် ကြီးပွားလာတယ်။ ဒါပေမင့် မိန်းမ လုံးဝမရခဲ့ဘူး။

ငွေများများစုမိတိုင်း ကျုပ်ဓာတ်ကျရာအရပ်မှာ ကိုးတောင်ပြည့် စေတီ တည်ခဲ့တာ ရှစ်ဆူရှိသွားပြီ။

သက်န်းဝတ်ခဲ့တာလည်း ရှစ်ကြိမ်ရှိပြီ။ အခု ကိုးဆူမြောက်ကို ကျုပ် မိဘများခေါင်းချခဲ့တဲ့ ရွှေဘိုမှာ တည်မယ်။ ရသေ့ကြီးရဲ့ အလိုဆန္ဒအတိုင်း ဌာပနာတည်၊ ဒီလက်စွပ်ဟာ ဓနသိဒ္ဓိပြီးမြောက်တဲ့ ဓာတ်လုံးလက်စွပ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

❑

"ဒိုင်း ..."

"သောက်ပလုတ်တုတ်တုတ်"

ဝီဘလီခြောက်လုံးပြူးမှ ထွက်သွားသော သေနတ်သံတစ်ချက် ကြားလိုက်ရသည်။

အကူစာရေးရဲတပ်သား စိန်သောင်းလန့်၍ ထခုန်၏။

"ဟေ့ ကင်းလူကြီး သေနတ်လွတ်ကျပြီလားကွ"

အကူစာရေးစိန်သောင်းက ကင်းသမားများထံ လှမ်းအော်သည်။

"ခြောက်လုံးပူးသေနတ်သံလား။ ရိုင်ဖယ်သေနတ်သံလားတောင် မသိတဲ့ကောင်က ရဲလုပ်နေတယ်။ ကင်းသမားက သေနတ်လွတ်ကျမလား ကွ"

ကင်းလူကြီးက အကူစာရေးကို ပြန်အော်။

ကင်းလူကြီးမှာ နှစ်ရစ်ဖြစ်ပြီး အကူစာရေးမှာ တစ်ရစ်မှမရှိ။ သို့သော် ရဲစခန်းတစ်ခုတွင် ထိုအကူစာရေးသည် လုပ်ပိုင်ခွင့်များစွာရှိ၏။ တစ်ရစ် နှစ်ရစ်လောက်တော့ အော်နိုင်ငေါက်နိုင်၏။

အရစ်သမားများက သူ့ကို လွန်ဆန်လို့မရ။ အလုပ်တာဝန်ချသည်က ဤအကူစာရေး၏သဘော ဖြစ်နေသောကြောင့်ဖြစ်၏။





ရဲတပ်သားများကိုင်သော သေနတ်က လူဆိုးများနှင့်တွေ့၍ ပစ်လျှင် ထွက်ချင်မှထွက်သည်။ လွတ်ကျလျှင်တော့ ကျည်ဆန်အလိုလို ထွက်တတ်၏။ ထို့ကြောင့် အကူစာရေးစိန်သောင်းက မေးလိုက်ခြင်းဖြစ်၏။

"ရာဇဝတ်အုပ် ဦးစံမောင်အိမ်က ကြားရတဲ့သေနတ်သံပဲ"

ကင်းတာဝန်ကျ ရဲသားတစ်ဦးက ပြောသည်။

"ဟေ့ .... ရာဇဝတ်အုပ် ဦးစံမောင်အိမ်က ဟုတ်လား"

ဟု မေးလျက် ဌာနအုပ်ဦးမောင်ကြီးသည် ရာဇဝတ်အုပ် ဦးစံမောင် အိမ်သို့ ပြေးထွက်ခဲ့လေ၏။ အိမ်သို့ရောက်သော် ရာဇဝတ်အုပ်ကတော် ဒေါ်ထွေး၏ ဝမ်းနည်းပက်လက် ပြောငို ငိုနေသောအသံကို ကြားရလေ၏။

"အောင်မယ်လေး ... ကိုစံမောင်ရယ်၊ ဘဝဟောင်းက မိန်းမ အတွက်နဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေရသတဲ့တော် ရက်စက်လိုက်တာ ကျွန်မကို ရှင် ဒီလောက်တောင်မုန်းရင်လည်း ကွာရှင်းလိုက်ရင် ရတဲ့ဟာကို၊ ဒီလိုသတ်ပြီး သေစရာတဲ့လား"

ဟု လူးလိမ့်၍ ပြောဆိုပြီး ငိုနေလေ၏။

မပဏ္ဍာမြေလူးသည်ကို မမြင်ဖူးပါသော်လည်း ယခု ထဘီမနိုင် ပဝါမနိုင်၊ ဆံပင်များ ဖွာလန်ကြဲအောင် ငိုနေသော ဒေါ်ထွေးကိုမြင်ရသည် မှာ အသုဘရှုလာသူများပင် မျက်ရည်မဆည်နိုင်အောင် ဖြစ်နေ၏။

"ဗိုလ်ကတော်ကြီး ဖြစ်ကြောင်းကုန်စင်ပြောပြစမ်းပါဦး"

ဟု ဦးမောင်ကြီးက မေး၏။

"ကျွန်မယောက်ျားက အကျင့်စာရိတ္တဖောက်ပြန်တယ်။ ဟိုပြိတ္တာမ နဲ့ ကြိုက်ပြီးကတည်းက ကျွန်မလေလယ်တာတောင် အပြစ်လို့မြင်ပြီး ထုချင် ရိုက်ချင်တယ်"

"ဒါတော့ ဗိုလ်ကတော်ကြီးရယ် လေပုပ်ထုတ်တာတော့ ဘယ်သူ က ကြိုက်မလဲဗျ"

"အဲသလိုမပြောနဲ့ ဌာနအုပ်ကြီးရဲ့။ ကျွန်မတို့ ရည်းစားဘဝတုန်း က ကျွန်မခဏခဏ လေလယ်တယ်။ တည်းသီစားရင် ဘယ်လောက်မွှေးမလဲ စဉ်းစားကြည့်။ အဲဒါတောင်မှ မွှေးလွန်းလို့တဲ့။ အခုတော့ ခြေလှမ်းကို လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတဲ့အတိုင်း လှမ်းတာတောင်မှ ဘယ်တစ်လှမ်း၊ ညာတစ်လှမ်း လှမ်းရ မလားဆိုပြီး အပြစ်ပြောနေတယ်လေ''

''ကျွန်မလည်း တော်တော်သည်းခံခဲ့တာပါ။ အမျိုးမျိုး အပြစ်ပြောနေတော့ ကျွန်မမှာ နေစရာတောင်မရှိအောင် ဖြစ်ရပါတယ်''

ဟု ငိုလျက် ပြော၏။

ဌာနအုပ်မောင်ကြီးသည် အိပ်ရာပေါ်တွင် ဘယ်ဘက်သို့ ခေါင်းလှည့်လျက် သေနေသော ရဲအုပ်ဦးစံမောင်ကို သေချာကြည့်သည်။

ကျည်ဆန်သည် ဘယ်ဘက်နားထင်မှ ဝင်သွားခြင်းဖြစ်၏။

ညာဘက်လက်ထဲတွင် သေနတ်ကိုင်ထားပြီး ထိုလက်သည် ခုတင်ပေါ်မှ ဘယ်ဘက်သို့ တွဲလောင်းကျနေ၏။

ဦးစံမောင်၏ သေနတ်ကိုင်ထားသော လက်ကိုကြည့်လိုက်သော အခါ သေနတ်ကို ဆုပ်ကိုင်ထားတာ တွေ့ရ၏။

ဓာတ်ပုံဆရာ ဦးဘထီးရောက်လာရာ သေဆုံးနေသော ဦးစံမောင် အား လေးဘက်လေးနံမှ သေသေချာချာ ဓာတ်ပုံရိုက်ယူ၏။

အထူးသဖြင့် သေနတ်ဒဏ်ရာနှင့် သေနတ်ကိုင်ထားသော လက် ကို သေသေချာချာ ရိုက်စေ၏။

ခြောက်လုံးပူးထဲမှ ကျည်ဆန်များကို စစ်ကြည့်တော့လည်း ကျည် ဆန်ငါးတောင့်သာ ကျန်၏။ သေနတ်ကို ကိုင်ရာတွင်လည်း လက်ကိုင်ပဝါ ဖြင့် သေချာပတ်ပြီးမှ ကိုင်ခြင်းဖြစ်၏။

ရာဖွေပုံစံဖြင့် သေနတ်ကို သိမ်းလိုက်၏။ ထို့နောက် ဌာနအုပ်မောင် ကြီးသည် သေသူ၏ သေနတ်ဒဏ်ရာအနီးသို့ ကပ်၍ နမ်းကြည့်၏။

ထိုသို့ နမ်းကြည့်ပြီးနောက် ရဲအုပ်ကတော် ဒေါ်ထွေးကို သေသေ ချာချာ ကြည့်လိုက်သည်။

ဒေါ်ထွေးသည် ဌာနအုပ်မောင်ကြီးနှင့် မျက်နှာချင်းမဆိုင်ဘဲ ခေါင်း ငုံ့လိုက်၏။

''ကိုင်း . . . ကိုင်း . . . အလောင်းကို ဆေးရုံပို့ဖို့ လုပ်ကြ''

''စိန်သောင်း''





''ခင်ဗျာ''

''ဆေးစာ အမြန်သွားရေး၊ ဆေးရုံကို မင်းကိုယ်တိုင် လိုက်သွား၊ ခေါင်းထဲက ကျည်ဆန်ထိပ်ဖူးကို သေသေချာချာ ထုတ်ပြီးယူခဲ့''

''ဟုတ်ကဲ့ . . . ဗိုလ်ကြီး''

''ကိုင်း . . . မဆိုင်တဲ့လူတွေ ထွက်ပေးကြပါ။ ကျွန်တော်နဲ့ ဗိုလ် ကတော်နဲ့ အမှုကိစ္စ နည်းနည်းဆွေးနွေးချင်လို့''

ဟု ဌာနအုပ်မောင်ကြီးကပြော၍ လူနာမေးလာကြသူများ၊ ဗိုလ် ကတော် ဒေါ်ထွေးကို အားပေးနေသူများ ပြန်သွားကြလေ၏။

''ဒေါ်ထွေး ကိုယ့်ယောက်ျားကို ဘာကြောင့်သေနတ်နဲ့ပစ်ပြီး သတ် လိုက်တာလဲ''

ဟု ဒေါ်ထွေးကိုကြည့်၍ တည့်တည့်ကြီးမေးလိုက်၏။

''အိုး ဌာနအုပ်ကြီး ဘယ်နှယ်ကျွန်မကို စွပ်စွပ်စွဲစွဲ ပြောရတာ တုန်း။ အိုးစွပ်မစား ခွက်စွပ်မစား။ ကျွန်မအားကိုးရတဲ့ ကျွန်မချစ်ရတဲ့ လင်ကို ကျွန်မသတ်ရအောင် ကျွန်မက ဘယ်ယောက်ျားနဲ့မှလည်း ဖောက် ပြန်နေတာ မဟုတ်ဘူး။ စွပ်စွပ်စွဲစွဲ မပြောပါနဲ့။ ကျွန်မသတ်မတဲ့လား''

''ကျွန်တော်မေးတာပဲ ဖြေပါ။ အပိုတွေမပြောပါနဲ့။ ဘာကြောင့် သတ်လိုက်တာတုံး''

''ကျွန်မ မသတ်ပါဘူးလို့ ဆိုနေ။ ရှင်က ဘာအထောက်အထား တွေ တွေ့လို့ ကျွန်မသတ်တယ်လို့ တတ်တတ်တူတူ စွပ်စွဲတာလဲ''

ဒေါ်ထွေးက ခေသူမဟုတ်။ ရာဇဝတ်အုပ်ကတော် လုပ်လာသည် မှာ (၆) နှစ်ကျော်ခဲ့ပြီ။ ဥပဒေအကြောင်း၊ ကောင်းကောင်းသိသဖြင့် ငြင်းဆို နေခြင်းဖြစ်၏။

''ဘူးတစ်လုံးဆောင် အိုးတောင်မဆင်းရဲဘူး'' ဟု ဆိုရိုးစကား ရှိခဲ့ သည် မဟုတ်လား။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ငြင်းနေခြင်း ဖြစ်သကဲ့သို့ မျက်မြင် သက်သေလည်းမရှိ။ ထင်ကြေးဖြင့် ဖမ်းမှာဖြစ်သည်။

(သံသယ) ၏ အကျိုးကို တရားခံကသာ ခံယူခွင့်ရှိသည်မဟုတ်ပါ လား။ ထို့ကြောင့် ပိုင်ပိုင်ကြီး ငြင်းဆိုနေခြင်းဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... နောက်ဆုံးကျွန်တော် မေးမယ်။ ဘာကြောင့် ခင်များ ဦးစံမောင်ကို သတ်လိုက်တာတုံး"

"နောက်ဆုံးပဲ မေးမေး၊ အရင်ဆုံးပဲ မေးမေး၊ ကျွန်မအဖြေက တော့ တစ်ခုတည်းပဲ။ ကျွန်မသတ်ဘူး"

"ကျွန်မ မသတ်ဘူး"

"ကျွန်မ မသတ်ဘူး"

နားနစ်ဖက်ကိုပိတ်ပြီး ဒေါ်ထွေး အော်ဟစ်လေ၏။

"အခုနေ ခင်များသတ်တာကို အမှန်အတိုင်း ဖွင့်ပြောမယ်ဆိုရင် ခင်များ လွတ်ရာလွတ်ကြောင်း ကျွန်တော် ဆောင်ရွက်ပေးမယ်။ နောင် တစ်ချိန်မှ တရားနည်းလမ်းအတိုင်း ဆောင်ရွက်လို့ အမှုပေါ်လာရင်တော့ ကျွန်တော် မတတ်နိုင်ဘူး"

"ဟင်း ဟင်း ဟင်း ... ရယ်ဖို့တော့ ကောင်းတယ်။ ရှင်အခုပြော နေတဲ့ စကားတွေက တစ်ချိန်က ကျွန်မယောကျ်ားတရားခံကို လှည့်စားပြီး အမှုမှန်ပေါ်အောင် လိမ်တဲ့နည်းတွေပဲ။ အမှုမှန်လည်းပေါ်ရော ထောင်ချ ပြီး နာမည်ကောင်းယူခဲ့တဲ့ ကျွန်မယောကျ်ားနည်းတွေပါ။ ရှိုးနေပါပြီ ... ဌာနအုပ်ကြီး"

ဟု ဒေါ်ထွေးက တရားရုံးရောက်သည်အထိ (ဘူး) တစ်လုံးကိုင် ထားဖို့ အစီအစဉ်ရှိနေ၏။

"ကျွန်တော့်ကို ခင်များယောကျ်ားနဲ့ မနှိုင်းနဲ့ ဒေါ်ထွေး။ ကျွန်တော် က တစ်ဆယ့်ရှစ်နှစ်သားကတည်းက ဝင်ခဲ့တာ။ ရိုးရိုးတပ်သားဘဝကနေ လုပ်သက်အရ အခု ကျွန်တော်ဌာနအုပ် ဖြစ်ခဲ့တာပဲ"

"ဥပဒေနဲ့ ပတ်သက်လို့လည်း လာပြီးမစမ်းနဲ့"

"လူရိပ်လူကဲ ခတ်တဲ့နေရာမှာလည်း မစမ်းနဲ့။ ခင်များထက် နာမည်ကြီးတဲ့ ခိုးဆိုးတိုက်ခိုက် လုယက်နေတဲ့ လူတွေတောင် ထောင်ထဲ ပို့ခဲ့တာ ခင်များကိုတော့ ကျွန်တော် အရည်ကျိုသောက်လို့ရတယ်"

"ဒါဖြင့်လည်း လုပ်ကြည့်ပေါ့။ တရားရုံးကို သွားမယ်ဆိုရင် ကျွန်မ ကတော့ နောက်ကလိုက်ဖို့ အဆင်သင့်ပဲ"





"ဒီမယ် ... ဒေါ်ထွေး ခင်များယောကျ်ားက ဘယ်သန်၊ ထမင်း စားလည်း ဘယ်လက်နဲ့။ ဖင်ချေးကုန်းလည်း ဘယ်လက်၊ နောက်ဆုံး ပြော လိုက်မယ် ကျွန်တော်တို့ဆိုရင် တခြားဘေးတစ်စိမ်းလူပါရင် ထမင်းစားတော့ ကိုယ်သန်တဲ့ညာလက်နဲ့ စားပြီး ဟင်းရည်သောက်တဲ့ ဇွန်းကိုင်တဲ့အခါ ထမင်း စုတွေကပ်ကျန်မှာ ကြောက်လို့ ဘယ်လက်နဲ့ကိုင်ပြီး ဟင်းရည်သောက် တာ"

"ခင်များယောကျ်ားကတော့ ခဏကလေးကိုင်ရတဲ့ ဟင်းရည် သောက်ဇွန်းကိုတောင်မှ ခေတ္တခဏ ညာလက်နဲ့ မကိုင်ဘူး။ ဇွန်းမှာ ဘာတွေ ပေပေ၊ ဘယ်လက်နဲ့ပဲ ကိုင်တယ်။ အဲဒီလောက် ဘယ်လက်သုံးတာ"

"ဘယ်လက်နဲ့သာ သေနတ်ကိုကိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ပစ်သတ် ရင် ဘယ်လက်နထင်မှာပဲ သေနတ်ဒဏ်ရာ ရှိရမှာပေါ့။ အခုတော့ ခင်များ ယောကျ်ားရဲ့ သေနတ်ဒဏ်ရာက ညာမှာဖြစ်နေတယ်"

ဟု ရှင်းပြ၏။

"အော် ... ဦးကြီး၊ ဦးကြီး တကယ်တော့ ရှင်က လေ့နံ့ခါးထစ် ပဲ။ လူတစ်ယောက်မှာ စိတ်ဂရောက်ဂယက်ဖြစ်နေတဲ့အချိန်မှာ ယောင် ယောင်မှားမှားဆိုတာ လုပ်တတ်တယ်ရှင့်"

"သူရဲ့ ဟိုသူယောင်မယ်ဆိုတဲ့ ပြဿနာမဆီကို ဘဝကူးပြီး သွား ကျ လွန်းနေတော့ ဘယ်တွေညာတွေ ဘယ်မှာ စဉ်းစားနေတော့မလဲရှင့်။ ရေကြီးတာက မတည်ငြိမ်တဲ့စိတ်ပဲရှင့်၊ ဒေါသစိတ်၊ စိုးရိမ်တဲ့စိတ်"

ဟု ဒေါ်ထွေးက ပိုင်ပိုင်နိုင်နိုင် ချေပသည်။

"မှန်လိုက်လေ ... ဒေါ်ထွေးရယ်"

"ဟဲ ဟဲ ဟဲ ... ရှင် လက်ခံပြီမဟုတ်လား ... ဦးကြီး"

"ကျွန်တော် လက်ခံတာက ခင်များပြောတဲ့ မတည်ငြိမ်တဲ့စိတ်၊ ဒေါသစိတ်ဆိုတာကိုပါ"

"ဘာကြောင့် ..."

"ဘာကြောင့်ဆိုတော့ ဒေါ်ထွေးက ဦးစံမောင် ဘယ်ဘက်စောင်းပြီး အိပ်နေချိန်မှာ အခွင့်ကောင်းပဲဆိုပြီး နှစ်ပေအကွာလောက်ကနေ ဦးစံမောင် ညာနားထင်ကို ခြောက်လုံးပြူးနဲ့ ပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . . ဟင်း . . . ဟင်း လူဆိုးထိန်းမောင်ကြီးဆိုတဲ့ နာမည်နဲ့ ကျော်စောခဲ့ဖူးတော့ ကိုယ်ဖြစ်ချင်တာတွေ ရှင်တွေးပြီး ပြောနေတာပဲ။ ဘာများ သက်သေအထောက်အထား ပြနိုင်လို့လဲ။ ကျွန်မ နှစ်ပေအကွာက ပစ်တယ်လို့ ဘာသက်သေရှိလို့လဲ"

"သက်သေက ယမ်းငွေ့ပဲ . . . ဒေါ်ထွေး"

"ရှင် . . . ယမ်းငွေ့ . . . ဟုတ်လား၊ ယမ်းငွေ့ဆိုတာ ဘာလဲ ရှင်းပြပါဦး"

"တကယ်လို့သာ ဦးစံမောင်က သူ့ဘာသာသူ သတ်သေတာဆိုရင် နားထင်ကို သေနတ်ပြောင်းဝ ထိကပ်ထားမှာပဲ"

"သေနတ်ဆိုတာက ခလုတ်ကို ဆွဲနှိပ်လိုက်တဲ့အခါမှာ (ဒိုင်း)ဆိုတဲ့ အသံက အရင်ထွက်လာတာ မဟုတ်ဘူး။ သူ့ရှေ့မှာ (ဖွတ်) ကနဲ မြည်ပြီး မီးခိုးတန်းက စထွက်တာ။ အဲဒီမီးခိုထွက်ပြီးမှ (ဒိုင်း)ဆိုတဲ့အသံနဲ့ ကျည်ဆံ ထိပ်ဖူးက ထွက်လာရတာ"

"ဒီလိုအသားကို ကပ်ပစ်တယ်ဆိုရင် ကျည်ဆန်ဝင်တဲ့အပေါက် ဘေးမှာ မီးလောင်ထားတဲ့ အရာအဝိုင်းလေး ရှိနေရမယ်။ အမှန်တော့ အဲဒီမီးခိုးငွေ့။ တစ်မျိုးပြောရရင် ယမ်းငွေ့မှာ လူတွေမမြင်တဲ့ မီးတောက်မွှားမွှား ကလေးပါတယ် . . . ဒေါ်ထွေး"

"နောက်ပြီး သေပြီး ငါးမိနစ်အတွင်းမှာ နမ်းကြည့်ရင် ယမ်းငွေ့ရနံ့တယ်"

"အခု ကျွန်တော်တို့က သေနတ်သံကြားကြားခြင်း ရောက်လာပြီး နမ်းကြည့်တော့ ယမ်းငွေ့နံ့ မရှိတော့ဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် သေနတ်နဲ့ ကပ်ပစ်တာမဟုတ်ဘဲ နှစ်ပေအကွာက ပစ်လို့ယမ်းငွေ့နံ့က လူကိုမကပ်ဘဲ ပျောက်သွားတာပေါ့"

"ဒါတွေကို တရားသူကြီးက လက်ခံပါ့မလား။ မီးခိုး အရင်ထွက်တယ်ဆိုတာကော ပြောရင် ယုံပါ့မလား"

ဟု ဒေါ်ထွေးက ပြော၏။

"အေး . . . မီးခိုးက အသံထက် အရင်ထွက်တယ်ဆိုတာ လက်တွေ့ပဲ သိချင်ရင် ပြေးခုန်ပစ်ပြိုင်ပွဲတွေ သွားကြည့်။ မီတာတစ်ရာ၊ မီတာနှစ်





သမားတွေကို တာလွှတ်တယ်ဆိုရင် သေနတ်ဖောက်ပြီး အချက်ပေးရတယ်"

"ပါးတဲ့ အပြေးသမားတွေက တာလွှတ်ခါနီးမှာ ရှေ့ကိုမကြည့်ဘူး။ တာလွှတ်တဲ့သူရဲ့ သေနတ်ကို ကြည့်နေတာ"

"နေရာယူ"

"အဲသင့်"

"ပြေး"

"ဆိုပြီး သေနတ်မောင်းဆွဲလိုက်ရင် မီးခိုးငွေ့ကလေးက (ရှူး) ဆို ထွက်လာပြီးမှ နောက်က (ဒိုင်း) ဆို မြည်တာ။ အငွေ့ထွက်လာတာနဲ့ ပြေးတဲ့လူက နှာတစ်ဖျားဦးပြီး တာဝင်တာပဲ"

"သေနတ်ဆိုတာ အဲဒီသဘော ရှိတယ်။ သူ့ကိုသူ သတ်သေရင် ယမ်းငွေ့က အသားမှာ ကပ်နေရမယ်။ အခုဘာယမ်းငွေ့မှ မရှိဘူး ဒေါ်ထွေး။ ခင်ဗျား ဘာငြင်းချင်သေးသလဲ"

ဟု ဌာနအုပ်ဦးကြီးက ပိုင်ပိုင်နိုင်နိုင် ရှင်းပြ၏။

"ဖျောင်း . . . ဖျောင်း . . . ဖျောင်း"

ဒေါ်ထွေးက လက်ခုတ်တီးပြီး ဦးကြီးအား ကောင်းချီးပေးလိုက်၏။

"ကိုယ့်လေ့ကိုယ်ထိုး ပဲခူးရောက်ရောက်ပဲ အမှန်တော့ ဦးကြီးက ဇာတ်ဟောဆရာ၊ ကွက်စိပ်ဆရာ၊ စုံထောက်စာရေးဆရာ လုပ်ရမှာ။ အကွက်ဆင်ပြီး ပြောသွားလိုက်တာ သိပ်ကောင်းတာပဲ"

"ရှင်းရှင်းပဲ ပြောမယ်။ ကျွန်မ မသတ်ဘူး"

ဟု လျှောင်ပြောင်ပြောကာ ငြင်းလိုက်၏။

"ဒေါ်ထွေးနောက်တစ်ခုက ခင်ဗျားစိတ်သိပ်စောသွားတာ တစ်ခုရှိတယ်"

"ဟုတ်ကဲ့ရှင် . . . ပြောပါ။ ပုံပြင်တွေက နားထောင်လို့ကောင်းတော့ ငြီးငွေ့ရဘူး။ ဘာများ လုပ်ဇာတ်ခင်းဦးမလို့လဲ။ ပြောပါ။ ကျွန်မစိတ်ရှည်လက်ရှည် နားထောင်ပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ဟာ သေနတ်ပစ်မယ်ဆိုရင် ဘယ်လက်နဲ့ပဲဖြစ်ဖြစ် ညာဘက်နဲ့ပဲဖြစ်ဖြစ် ဘယ်ဘက်နဲ့ပဲ ပစ်ပစ်၊ မောင်းခလုတ်ကို လက်ညှိုးနဲ့ ချိတ်ပြီး ဆွဲပစ်ရတာ"

"အခုတော့ ဒေါ်ထွေးကပစ်ပြီး သေနတ်ကို ဦးစံမောင်ရဲ့ ညာလက်နဲ့ ဆုပ်ခိုင်းထားတာကိုးဗျ"

"ရှင်"

"မရှင်နဲ့ ... ဒေါ်ထွေး၊ ကျွန်တော် ဓာတ်ပုံသေသေချာချာ ရိုက်ထားတယ်။ သေသူက ဘယ်သန်၊ သေနတ်ကိုင်တော့ ညာဘက်"

"နောက်ပြီး သေနတ်မောင်းခလုတ် မဆွဲဘဲနဲ့ သေနတ်ဒင်ကို လက်နဲ့ ဆုပ်ကိုင်ထားတယ်။ အသက်ထွက်ခါနီးမှာ ခင်ဗျားက သေနတ်ကို သူ့လက်ထဲ ဖွတ်ထိုးထည့်လိုက်တော့ သေခါနီးလူက ဆုပ်မိဆုပ်ရာ ဆုပ်ကိုင်ထားလိုက် တာပေါ့"

"နောက်ပြီး သေနတ်ဦးစံမောင်လက်ထဲ ထည့်စဉ်က ဒေါ်ထွေးက ဘယ်လက်နဲ့ သေနတ်ပြောင်းကို ကိုင်တယ်။ ညာလက်နဲ့ သေနတ်ဒင်ကို ကိုင်တယ်။ အဲဒီလက်ဗွေရာတွေကို အင်းစိန်စီအိုင်ဒီရုံးက ဖော်ထုတ်ပေးပါလိမ့်မယ်"

ဟု ပြောလိုက်ရာ ဒေါ်ထွေးက မငြင်းနိုင်တော့။ ရပ်နေရာမှ အရုပ်ကြိုးပြတ် လဲကျသွားလေတော့၏။

"သူ ... သူက အသတ်ခိုင်းလို့ ကျွန်မသတ်ရတာပါ"

"ဗျာ ... သူက သတ်ခိုင်းတယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... သူသေချင်တယ်တဲ့။ သေမှ ဟိုပြိတ္တာမနဲ့ အတူနေရမှာတဲ့။ ကိုယ့်ဘာသာကိုယ် သတ်ဖို့ကျတော့လည်း အဖန်ငါးရာ ငါးကမ္ဘာ၊ နောင် ဘဝတိုင်းမှာလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေရမှာ ကြောက်လို့ပါတဲ့"

"ကျွန်မ မှားလို့ ဒီလိုဖြစ်ရတာပါ"

"ဘာများ မှားသွားပါသလဲ"

"ကျွန်မက ဗေဒင်ဆရာတစ်ယောက်ကို သွားမေးတော့ ဒီကောင်မနဲ့ ပြတ်စေချင်ရင် အိမ်မှာ အမှိုက်လှည်းတဲ့ မြက်တံပျက်စီးကို ပြောင်းပြန်





ထားပြီး ရေလောင်း။ အဲဒီတံမြက်စည်းရေကို တိုက်ပေးရင် အဲဒီပြိတ္တာမ (မယားငယ်) နဲ့ ပြတ်လိမ့်မယ်ဆိုလို့ ကျွန်မ အမှိုက်လှည်းတဲ့ တံမြက်စည်း ရေတိုက်ခဲ့ပါတယ်"

"စံမောင်ဆိုတော့ အဂ်ါသား။ ဆီး (ဇီး) ညွန့်ကို လှေခါးရင်းမှာ ချ။ အိမ်ကအထွက်ကို ဖနောင့်နဲ့ သုံးချက်ပေါက်ပြီး ဒီပြိတ္တာမနဲ့ပြတ်။ ဒီမယားငယ်နဲ့ ပြတ်ဆိုပြီး နင်းထွက်လို့ပြောလို့ ကျွန်မလုပ်တယ်"

"ယောကျ်ားတစ်ယောက်ရဲ့ ဘုန်းကံတွေ နိမ့်သွားအောင်ပေါ့"

"အဲဒါ ကျွန်မယောကျ်ား စံမောင်က သိသိကြီးနဲ့ သောက်တယ်။ သူ ဘုန်းကံနိမ့်လေ ပြိတ္တာမနဲ့ နီးနီးကပ်ကပ် နေရလေဆိုပဲ"

"သူ့ဘုန်းကံမြင့်နေရင် ပြိတ္တာမက မကပ်နိုင်ဘူးတဲ့။ ကျွန်မလုပ်နေတာတွေက ဟိုပြိတ္တာမအတွက်ချည်း ဖြစ်နေတယ်ရှင်"

ဟု ရှိုက်ကြီးတငင် ငိုကာ ပြောလေ၏။

"ဦးကြီးတို့က အလောင်းသာယူသွားတာ သူ့ခေါင်းအုံးအောက်က ဖိုလ်ကြီးအတွက် သူစာရေးခဲ့တယ်။ သေတမ်းစာ သဘောမျိုးပေါ့"

ဟု ပြောကာ ဦးစံမောင် အိပ်သောခေါင်းအုံးအောက်မှ စာတစ်စောင်ကို ယူ၍ ပေးလေ၏။

*သို့*

*အစ်ကိုကြီး ဦးမောင်ကြီး ခင်ဗျား။*

*ယခုသေမှုသေခင်းမှာ ကျွန်တော့်ဇနီး မထွေးအပြစ် မဟုတ်ပါ။ ကျွန်တော်က အကူအညီတောင်းလို့ လုပ်ပေးရတာပါ။ သူလုပ်မပေးရင် ကိုယ့်ဘာသာ ပစ်သတ်ဖို့ပါ။ ဒါပေမဲ့ ဗုဒ္ဓဘာသာလူမျိုးရဲ့ အစွဲအလမ်းက အဖန်ငါးရာ ငါးကမ္ဘာခံရမယ်ဆိုလို့ မထွေးကို အကူအညီတောင်းရတာပါ။*

*ဒီအမှုမှာ ကျွန်တော့်ဇနီးကို လွတ်အောင် လုပ်ပေးပါခင်ဗျား။*

*"ကျွန်တော်နှင့် ပတ်သက်သည့် အသက်ပေါင်ငွေများနှင့် ဌာနမှ ရရှိမည့်ငွေများ ကျွန်တော့်ဇနီးကို စုံစုံစေ့စေ့ရအောင် ကူညီဆောင်ရွက်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com



'တမလွန်ဘဝမှ ချစ်သူ' ကို စွဲလမ်းပါသဖြင့် ကျွန်တော့်ကို ခွေး ငမိုက်ဟု သတ်မှတ်လိုပါက သတ်မှတ်ပါခင်ဗျား။

*ps*

ဗိုလ်ကြီးခင်ဗျား ဒီစာကို ဖျောက်ဖျက်ပေးပါ။ ဒီစာ တွေ့သွားရင် ကျွန်တော့်ဇနီး လူသတ်မှုနဲ့ အဖမ်းခံရပါလိမ့်မယ်။ ။

ချစ်ခင်လေးစားလျက်

စံမောင်

ရဲအုပ်

မကွေး (၁) စခန်း

ဌာနအုပ်ဦးကြီးသည် စာကိုသေချာဖတ်ပြီးနောက် ဗိုလ်ကတော် ဒေါ်ထွေးကို ကြည့်လိုက်၏။

ဒေါ်ထွေးသည် မျက်ရည်များ ပြည့်လျှံနေသော မျက်လုံးများဖြင့် ဌာနအုပ်ဦးကြီးကို ကြည့်နေ၏။

"ဘယ်လို ဆုံးဖြတ်မလဲ"


ဟု မေးသောမျက်လုံးများဖြင့် ဖြစ်လေ၏။

ဌာနအုပ်ဦးကြီးသည် အိတ်ထဲမှ မီးခြစ်ကိုထုတ်လိုက်ပြီး မီးတောက် အောင်ခြစ်လိုက်ပြီး လက်ထဲမှစာကို (ပြာ) ကျသွားအောင် မီးရှို့လိုက်၏။ ထို နောက် ပြာများကို ဒေါ်ထွေး၏ဦးခေါင်းပေါ်သို့ ကြဲချလိုက်ပြီး နောက်စခန်း သို့ ပြန်ခဲ့လေတော့သတည်း။

ဒေါ်ထွေးသည် ရင်ထုမနာဖြစ်ခါ ဌာနအုပ်ဦးကြီးအား ကျေးဇူး အနန္တပါဟု စိတ်ထဲမှရေရွတ်နေဆဲ၊ သတိမေ့၍ သွားလေတော့သတည်း။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါ

**မကြေးညိုစိန့်**




www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော်ကွန်ခြာ ပုတီးစိပ်တန်းလန်းကြီးမို့ အိမ်ကမိန်းမက ငေ့ြခံထားသည်။ အသံကြားသည်နှင့် ပုဏ္ဏားတင်ဦးဖြစ်ကြောင်း သိသည်။ ပရိက်ပြုထားသော ပုတီး(၉)ပတ်မပြည့်မချင်း စိပ်နေရသည်။ ပြီး၍ သတ္တဝါအပေါင်းအား မေတ္တာပို့ အမျှဝေပြီးမှ တရားအလုပ်က ဖြုတ်ရတော့သည်။

"ဆရာ . . . နေကောင်းရဲ့လား"

"အေး . . . ကောင်းတယ်။ ဟိုကောင်နှစ်ကောင်ရော"

"ဆရာ . . . မသိဘူးလား။ မြင့်သိန်းနဲ့ ကျော်ကြီးလေ . . . ဖောက်ထွင်းမှုနဲ့ အချုပ်ခံနေရတယ်။ ဒါပေမဲ့ ဒီညနေလွတ်မှာပါ"

"ဟေ . . . ငါမသိပါလား။ ငါ့လည်း အကြောင်းမကြားကြဘူး။ ဘယ်လိုဖြစ်တာလဲ"

"သယ်နီးကျွန်းက မင်းသမီးရွှေဆိုင် အဖောက်ခံရတာ ဆရာ။ မြင့်သိန်းနေတဲ့ ဘုရားလမ်းနဲ့နီးတော့ မြင့်သိန်းကိုဆွဲရာက အသင့်ရောက်နေတဲ့ ကျော်ကြီးပါ အဆစ်ပါသွားတာပေါ့။ အမှန်က သူတို့မဟုတ်ဘူး ဆရာ၊ အချောင်နာမည်ကြီးလို့ ခံရတာ။ ဒါကြောင့် အခု အာမခံရတာ"

"ဟေ . . . အဲ့ဒါဆို ဘယ်သူ့လက်ချက်လဲ။ မြွေပွေး ပိုးထိခံရတာပေါ့နော်"

"ဟုတ်တယ် . . . ဆရာ။ အမှန်က ကျွန်တော့်လက်ချက်။ သူတို့အိမ်ကအပြန် အသုံးစရိတ်ပြတ်သွားတာနဲ့ ကြုံတုန်း သမလာခဲ့တာ"

"တန်ဖိုး အတော်များသလား"

"သိန်းရာဂဏန်းလောက်ပါ . . . ဆရာရယ်။ ခရီးသွားဟန်လွှဲအပျင်းပြေ လွယ်လွယ်ရတာနဲ့ တစ်ဦးတည်း ဖောက်ခဲ့တာ"

"ဟကောင်ရ . . . ဟိုကောင်တွေ မသိဘူးလား"

"မသိဘူး . . . ဆရာ၊ အချောင်ခံရတာ။ ကျွန်တော်ကလည်း မရည်ရွယ်ပါဘူး။ အဲဒီညက ကျွန်တော် ပုသိမ်မြို့ကအပြန် ည (၉)နာရီလောက်ပေါ့၊ သူခိုးမြင့်သိန်းအိမ် အသွား။ မင်းသမီးရွှေဆိုင် သိမ်းနေတာနဲ့ ကြုံတယ်။ အာမခံသော့ကြီး (၃)လုံးတံခါးမှာ ခတ်နေတာကြုံတော့ လက်ကယားလာတယ်။ မြင့်သိန်းတို့နဲ့ တိုင်ပင်ပြီး လုပ်ဖို့ပဲ။





ဘုရားလမ်း မြင့်သိန်းအိမ်သွားတော့ ခြေရင်းအိမ်က အသုဘဖြစ်နေတယ်။ အသုဘရှိတော့ ဖဲဝိုင်းရှိတာပေါ့ ဆရာရယ်။ ကနားဖျင်းထဲမှာ မြင့်သိန်းနဲ့ ကျော်ကြီးကို ဖဲရိုက်နေတာ တွေ့ရတယ်။ ကျွန်တော်တစ်ခုစဉ်းစားမိတယ်။ ဒီကောင်တွေက ဖဲရိုက်ရင် မိုးအလင်းရိုက်တတ်တာ။ မနှောင့်ယှက်ချင်တာရယ်၊ သူတို့ကို စချင် နောက်ချင်တာရယ်။ သူတို့အတွက် အလီဘိုင်ပြနိုင်အောင် မျက်မြင်သက်သေတွေပါ ရှိတာမို့ ကျွန်တော်တစ်ဦးတည်း လုပ်ခဲ့တာပါ"

"အင်း . . . အဲဒီ (၂) ကောင်က ရဲမှတ်တမ်းဝင် နာမည်ကျော်ဖောက်ထွင်းသမားတွေကိုး။ သူတို့အချုပ်ခံရတော့ မင်းကို သူတို့က ဆက်သွယ်တာလား"

"ဒါကတော့ ထုံးစံအတိုင်းပေါ့ . . . ဆရာရယ်။ ဒီညီအစ်ကိုတွေပဲရှိကြတာ။ ကျွန်တော်သိရတော့ ရန်ကုန်က ကိုယ်စားလှယ်နဲ့ ရွေ့နေငှားပေးတယ်။ သူတို့ထောင်ဝင်စာကိစ္စ လိုအပ်တာတွေ၊ ဝယ်ဖို့ခြမ်းဖို့ ကျွန်တော်ကပဲ နောက်ကွယ်က ပံ့ပိုးကြိုးကိုင်နေရတာပေါ့"

"ရဲက မင်းမှန်း မရိပ်မိဘူးလား"

"မရိပ်မိနိုင်ဘူး . . . ဆရာ။ ကျွန်တော်က မြင့်သိန်းတို့ အိမ်မဝင်ဘူးလေ။ လူရိပ်၊ လူယောင်တောင် မပြခဲ့ဘူး။ အဝေးက လှမ်းအကဲခတ်ပြီး ညတွင်းချင်း မန္တလေးရထားနဲ့ ပြန်ခဲ့တာ။ ကျွန်တော်တို့ သဘာရင့် သူခိုးကြီးတွေ လက်ရာမှန်းမသိအောင် ရွှေဆိုင်ထဲမှာလည်း မွှေနှောက်ပစ်ခဲ့တယ်။ မြင့်သိန်းနဲ့ကျော်ကြီးက အသုဘအိမ် ဖဲဝိုင်းကယ်လို့ သက်သေ အလီဘိုင်ပြနိုင်တာနဲ့ ဒီနေ့ အာမခံရကြမှာ ဆရာ"

"မင်းလက်ချက်မှန်းသိရင်တော့ မင်းကို ကောင်းကောင်းဆဲကြလိမ့်မယ်"

"မဆဲပါဘူး . . . ဆရာရယ်၊ ကျွန်တော်ကလည်း သူတို့ဖောက်ထွင်းမှုမှာ မပါပေမဲ့ ရှယ်ယာခွဲပေးမှာပါ။ ဒါနဲ့ဆရာ ဆရာ ထောင်ထဲလိုက်ဦးမှာလား"

"မလိုက်တော့ဘူး။ မင်းကိုယ်တိုင်လည်း ထောင်ဝင်းထဲ မဝင်နဲ့။ အပြင်ဆိုင်တစ်ခုခုက စောင့်နေ။ ကလေးတစ်ယောက်ယောက်ကို မှာလိုက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေါ်ခိုင်း။ ရဲက ဒီကောင်တွေကို စောင့်ကြည့်နေမှာ အသေအချာပဲ။ ပြီးရင် ငါ့အိမ်ခေါ်လာခဲ့။ ငါမန္တလေးဘက်ခရီးထွက်ဖို့ မင်းတို့ကို မျှော်နေတာနဲ့ အတော်ပဲ။ အခုအချိန်မှာ မင်းလည်း ရန်ကုန်မှာ မနေတာ အကောင်းဆုံးပဲ"

"ဆရာ ... ခရီးက ဘယ်တော့ထွက်ကြမှာလဲ"

"မင်းတို့ ငါ့အိမ်ရောက်တာနဲ့ ချက်ချင်းထွက်မယ်။ ငါ့ကား အဆင်သင့်ပြင်ထားမယ်"

"ဟိုကောင်တွေ အစားအသောက်နဲ့ အဝတ်အထည်ကိစ္စရော ဆရာ"

"လမ်းကျ ကြုံရာမြို့မှာ စီစဉ်ပေးမယ်။ မင်းလည်း သူတို့ကို ကြုံရင် ကားအဆင်သင့်ငှားထား။ ထောင်အနီးမှာ စားသောက်မနေကြနဲ့။ ချက်ချင်း ပြန်လာခဲ့ကြ။ ရဲက နောက်ယောင်ခံလိုက်နေမှာစိုးလို့"

"တပည့်ပိုင်ပါတယ် ... ဆရာရယ်၊ ကွက်တိဖြစ်နေစေရမယ်။ စိတ်ချပါ ဆရာ"

ပုဏ္ဏားတင်ဦး ထွက်သွားသည်နှင့် ကျွန်တော်ကားကို ဆီ၊ ရေ၊ ဝိုင် စစ်ဆေးပြီး စက်နှိုးကြည့်သည်။ ညဉ့်ကောင်းသော ကားကလေးမှာ သခင်အလိုကျ အဆင်သင့်။ ဓာတ်ဆီ (၁၀)ဂါလန် (၂)ပုံးနှင့် အသုံးအဆောင်များ တင်သည်။ ကားဆီတိုင်ကီအတွင်း၌လည်း ဓာတ်ဆီက အပြည့်။ အင်ဂျင်ဝိုင် တစ်ပုံးနှင့် Tool Box၊ သောက်ရေသန့်ဘူးကြီးတစ်လုံးနှင့် စပယ်ယာတာယာကို စစ်ဆေးပြီးတော့ ကျွန်တော့်အလုပ် ပြီးပြီ။

ယာဉ်မောင်းကတော့ ကျွန်တော်နှင့် သူခိုးမြင့်သိန်း၊ ကျော်ကြီးတို့က ကျွမ်းသည်။ ပုဏ္ဏားတင်ဦးကတော့ ယာဉ်မောင်းဖို့မပြောနှင့် စက်ဘီးတောင် မစီးတတ်။ ကျွန်တော် မနက်စာစားပြီး ရေချိုးအဝတ်လဲပြီးသည်နှင့် ပုဏ္ဏားတင်ဦးခေါင်းဆောင်၍ တပည့်များ လမ်းလျှောက်ဝင်လာကြသည်။ ကားကို လမ်းမကြီးပေါ်တွင် ရပ်ခိုင်းပြီး ခြေရာဖျောက်၍ ဝင်လာကြခြင်းဖြစ်သည်။ ဖောက်ထွင်းဝိဇ္ဇာ နာမည်ကြီးသူခိုးများ ဖြစ်ကြသဖြင့် အရိပ်အကဲက ပါးနပ်လေသည်။

✿ ✿ ✿

[၂]

❑

"ကဲ ... ပုဏ္ဏားက မန္တလေးကဆိုတော့ လူစိမ်း။ ကားရှေ့ခန်းက တက်။ ဟိုကောင်နှစ်ကောင် ... နောက်ခန်းကလိုက်ခဲ့။ ခေါင်းခန်းကို တိုးပြီးစီး၊ ထောက်ကြံ့ကျော်မှ လွတ်လွတ်လပ်လပ်စီး။ အဲဒီကျမှ အစာကျွေးမယ်၊ အဝတ်ဆင်မယ်"

"ဟုတ် ... ဆရာ"

ကျွန်တော့်အထာကိုသိသော တပည့်များက ဘယ်သွားမည် ဘယ်လာမည်၊ ပြန်လှန်မမေး။ လူလွတ်များဖြစ်ကြ၍လည်း နောက်ဆံတင်းစရာမလို။ ကျွန်တော် ကားကို ကိုယ်တိုင်မောင်း၍ ရပ်ကွက်တစ်ဖက်ထိပ်မှ လှည့်ပြီး ထွက်ခဲ့သည်။ ထင်သည့်အတိုင်းပင် ပုဏ္ဏားတို့ ကားရပ်ခဲ့သောနေရာတွင် ရဲကားရောက်နေပြီ။ အနီးရှိ ဈေးဆိုင်များအား စုံစမ်းမေးမြန်းနေသည်။

"တွေ့လား ... ဟော့ကောင်တွေ၊ မင်းအဘတွေ နောက်ယောင်ခံပြီး လိုက်လာကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဲ့ ... ဆရာရယ်၊ သိသိကလေးပဲနော်။ ဒါနဲ့များတောင် ကျော်ကြီးတို့ကို ဘာကြောင့် လွှတ်ပေးတာလဲ"

"သူတို့မဟုတ်တာ သိပေမဲ့ ကွင်းဆက် နောက်လိုက်တာပေါ့ ကွာ"

ကျွန်တော်ကားကို အင်းစိန်လမ်းမှ ပါရမီလမ်းသို့ ချိုးဝင်ပြီး ပြည်လမ်းပေါ် တက်လိုက်သည်။ ထိုမှ ထောက်ကြံ့ဘက်သို့ အေးဆေးစွာ မောင်းခဲ့တော့သည်။ ထောက်ကြံ့လမ်းဆုံက စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်၍ ကျွေးမွေးပြီး အနီးရှိ ဆံပင်ညှပ်ဆိုင်တွင် ဆံပင်တိုတို ညှပ်စေသည်။

ထိုအချိန်တွင် ပုဏ္ဏားတင်ဦးက သူခိုးမြင့်သိန်းနှင့် ကျော်ကြီးတို့အတွက် အဝတ်အစား၊ အသုံးအဆောင်များ သွားရောက်ဝယ်ယူနေပြီဖြစ်သည်။ တစ်နာရီခန့်ကြာတော့ အဝတ်အစားပုံစံများ ပြောင်း၍ ကျွန်တော်တို့ ခရီးဆက်ထွက်ခဲ့ကြပါသည်။

ညောင်လေးပင်ရောက်မှ နေ့လယ်စာ စားကြသည်။ အချိန်က မွန်းလွဲ (၁)နာရီ ကျော်ချေပြီ။

"ကဲဟေ့ ... လွတ်ကင်းနယ်မြေ ရောက်ပြီ။ စားချင်ရာစား၊ သောက်ချင်ရာ သောက်တော့။ မင်းတို့ကို လွတ်လပ်ခွင့်ပေးတယ်"

သူခိုးမြင့်သိန်းက ...

"၆ လလောက် ထောင်ထဲနေခဲ့ရတော့ အရက်တောင် ပြတ်သွားပါပြီ ... ဆရာရယ်"

"ဒါဆို မသောက်တော့ဘူးပေါ့။ လိမ္မာလိုက်တာကွာ"

"မဟုတ်ဘူး ဆရာ။ အခုမှ အတိုးချသောက်မှာ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ငါ့ အဟုတ်မှတ်လို့ ... မြင့်သိန်းရယ်၊ ကျော်ကြီးကရောကွာ"

"ကျွန်တော်တို့ကိုချောက်ချတဲ့ ပုဏ္ဏားကို မကျေနပ်ဘူးဆရာ။ သူ့ကို ညှင်းတဲ့အနေနဲ့ ကိုမြင့်သိန်းပြောသလို အတိုးချပြီး သောက်မယ်"

ထိုစဉ် ပုဏ္ဏားက သောက်ကြပါ၊ စိတ်ကြိုက်သောက်ကြပါ။ ငါ့မှာ မင်းတို့ကိုပြုစုဖို့ သိန်း(၅၀)လောက် ယူလာခဲ့တယ်။ ကုန်အောင်သုံးကြ





စမ်းပါ။ ကုန်သွားရင်လည်း မန္တလေးရောက်မှ မင်းတို့ကို ဝေစုပေးတော့မယ်"

"အေး ... အဲဒါမှ တို့ပုဏ္ဏားကွ၊ ဘော်ဒါစိတ် ရှိတယ်။ ဒါနဲ့ တို့ကို မန္တလေးရောက်ရင် ဘယ်လောက်စီ ခွဲပေးမှာလဲ"

"သိန်း (၅၀)စီ ခွဲပေးမယ်"

"မနည်းဘူးလား"

"ငါတစ်ယောက်တည်း လုပ်ရတာကွာ။ မင်းတို့ထောင်ထဲမှာ (၆)လ လောက်နေတာ ထောင်ဝင်စာ တစ်ပတ်တစ်ကြိမ် နှစ်ယောက်စာ မှန်မှန်ပို့တယ်၊ မင်းတို့နိုင်းသမျှ ဟိုလူ့ပေး၊ ဒီလူ့ပေးကလည်း ရှိသေးတယ်။ နောက် ရှေ့နေငှားတာနဲ့ ငါ့မှာ သိန်း(၁၀၀)လောက် ကုန်သွားတယ်"

"ဘယ်လောက်ရသလဲ ပုဏ္ဏား"

ကျွန်တော်က ဝင်မေးရာ ...

"သိန်း (၅၀၀)လောက်ပါ ... ဆရာရယ်"

မြင့်သိန်းက ...

"ကျေးဇူးပဲ ... ပုဏ္ဏားရေ၊ ငါတို့ကတော့ ပုဏ္ဏားကျေးဇူးကြီးတယ်ဆိုပြီး ထောင်ကထွက်တာနဲ့ နှစ်ယောက်ပေါင်းရှာပြီး ပြန်ဆပ်ဖို့ လုပ်နေတာ"

ထိုစဉ် ကျော်ကြီးက ...

"ကျေးဇူးပဲ ... ပုဏ္ဏား။ ဘုမသိ ဘမသိ အဖမ်းခံရပြီး ထောင်ထဲရောက်တော့ ထောင်က အရင်လိုမဟုတ်တော့ဘူးဗျို့။ သောက်ရေသန့်တွေ၊ ရေလောင်းအိမ်သာတွေ၊ တီဗီတွေနဲ့ သန့်သန့်ရှင်းရှင်း အဆင့်မြင့်နေတယ်။ အချုပ်ဆိုတော့ သန့်ရှင်းရေးကလွဲပြီး အလုပ်ကလည်း မလုပ်ရတော့ စားလိုက်အိပ်လိုက် ဖိမ်ဘဲဗျို့။ ကျွန်တော်တို့ကို ကြည့်ပါလား။ (၆)လလောက် နားလိုက်တာ ဝပြီး အသားအရေတောင် စိုပြည်လာတယ်"

"အေးပါ ... အပြန်ကျတော့ ထောင်ထဲပြန်နားပေါ့။ အခု ထောင်ပိုင်ကြီးက ငါတို့ အပတ်စဉ်(၆)က၊ အင်းစိန်ရဲစခန်းမှူးကလည်း ငါ့ ဘော်ဒါ။ ပြောပြီး အပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ...အဲ ...မလုပ်ပါနဲ့ ဆရာရယ်။ ထောင်ထဲမှာ ဘယ်လောက်ပဲ အနေအထားကောင်းကောင်း မလွတ်လပ်ဘူးဆရာ။ အချိန်နဲ့ထ အချိန်နဲ့အိပ်၊ အချိန်နဲ့စားရတာ။ အပြင်မှာလို ဖဲဝိုင်းလည်းမရှိ၊ အရက်ဆိုင်လည်းမရှိနဲ့၊ နောက်ပြီး ဆိုးတာက ဆေးလိပ်ကင်းစင်နယ်မြေဖြစ်သွားတော့ ကျွန်တော်ရောက်စက အတော်ဒုက္ခရောက်တယ် .. ဆရာရယ်"

သူခိုးမြင့်သိန်းက အရက်သောက်နေရင်း ငါးသုံးလုံး စီးကရက်တဖွာဖွာနှင့် ဝင်၍ ကန့်ကွက်သည်။ ကျွန်တော့်တပည့်များအား ကျွန်တော်သဘောကျစွာကြည့်လိုက်တော့ လည်ခေါင်းတုံးရှပ်အင်္ကျီ လက်တိုကိုယ်စီ၊ ဦးဘဂျမ်းပုဆိုးနှင့် အတော် သပ်ရပ်သားနားနေကြသည်။

"ပုဏ္ဏားရေ ...မင်းကောင်တွေကို ဆင်ဖို့ တစ်ခုလိုသေးသကွ။ နာရီမရှိဘူး။ မန္တလေးရောက်ရင် ကိုယ်စီဝယ်ပေးလိုက်ဦး"

ထိုစဉ် သူခိုးမြင့်သိန်းက ...

"ဆရာပြောမှပဲ သတိရတော့တယ်။ နာရီဝယ်ဖို့ မလိုပါဘူးဆရာ။ ကျွန်တော်တို့မှာ ကိုယ်စီပါပါတယ်။ ရေချိုးပြီးမှ ဝတ်မယ်ဆိုပြီး ထောင်က ထွက်လာတော့ အပ်နှံပစ္စည်းပြန်ထုတ်ပြီး လွယ်အိတ်ထဲ ထည့်လာခဲ့တာ .. ဟော့ဒီမှာ ဆရာ"

သူခိုးမြင့်သိန်းက သူပတ်နေကျ ဆွစ်မိတ် RADO နာရီနှင့် MIDO နာရီနှစ်လုံးကို ထုတ်ပြသည်။ RADO နာရီက မြင့်သိန်းပတ်နေကျ နာရီ၊ MIDO နာရီက ကျော်ကြီးဟာဖြစ်သည်။ မြင့်သိန်းနှင့် ကျော်ကြီးမှာ ဖောက်ထွင်းဝိဇ္ဇာ သူခိုးများဖြစ်ကြသော်လည်း အနေသန့်သည်။ သူခိုးမြင့်သိန်းက ကျော်ကြီးထက် အသက် (၅)နှစ်ခန့်ပိုကြီးသော်လည်း ပို၍ သန့်ပြန့်စွာ နေတတ်သည်။

အလုပ်လုပ်သောနေ့ (ဖောက်ထွင်းသောနေ့)များတွင် ထိုခေတ်က ခေတ်စားသော ရှပ်အင်္ကျီဖြူလည်ခေါင်းတုံးကို ရွှေကြယ်သီးတပ်၍ အယ်လ်ပတ်ကားတိုက်ပုံအနက် အိပ်ထောင်တွင် Parker ဖောင်တိန်ချိတ်၊ လက်တွင် ဆွစ်ဇာလန်နိုင်ငံလုပ်အကောင်းစား နာရီပတ်ထားပြီး ငါးသုံးလုံး





စီးကရက်ဘူးက လက်ကမချ။ အလွန်အင်မတန် သားသားနားနား နေတတ်သော သူခိုးဖြစ်သည်။

လျှပ်စစ်ဘက်၌လည်း လွန်စွာကျွမ်းကျင်သဖြင့် နိုင်ငံတော်က ချီးမြှင့်သောဘွဲ့ မရရှိခဲ့သော်လည်း သူ့ဘာသာ ပေးထားသောဘွဲ့က လျှပ်စစ်အင်ဂျင်နီယာတဲ့။ စာသိလောက်သာ ဘွဲ့ရသော ပုဂ္ဂိုလ်များထက် သူက လက်တွေ့ဘဝသမားဖြစ်သဖြင့် ပိုတော်ပေသည်။

အိမ်တွင် Wiring ရိုက်မလား။ တီဗီ၊ ကတ်ဆက် ပြင်မလား။ ခေတ်မီစက်ပစ္စည်းများ မလိုပါ။ လျှပ်စစ်ဂေါက်တစ်ချောင်း၊ ဝက်အူလှည့်နှင့် တူတစ်လက်ရှိရုံဖြင့် အဆင်ပြေစွာ လုပ်နိုင်ပါသည်။ သူကတော့ မွေးရာပါပညာဟုဆိုသည်။ တကယ်တော့ သူ့ဖခင်မှာ မြစ်ဝကျွန်းပေါ် မြို့တစ်မြို့တွင် ဗိုက်သမားဖြစ်ပြီး မိခင်က ငါးအဝယ်ဒိုင်ရှင်သမီး။ စက်ပစ္စည်း လျှပ်စစ်ဖြင့် ဘယ်လိုမှ မပတ်သက်ပါ။ အတန်းပညာက တော့ (၁၀)တန်းအောင်သည်။ ဘက္ကသိုလ်ကိုတော့ အကြောင်းကြောင်းကြောင့် မတက်ဖြစ်ဟုသိရသည်။

တစ်မိပေါက်တစ်ယောက်ထွန်း လက်တွေ့ပညာနှင့် အပြောအဆိုက အလွန်တော်သည်။ တစ်ဖက်သားကျသွားအောင် ညက်ညက်ကလေး ပြောတတ်သည်။ သူ့ဥပမိရုပ်က အသားညိုသော်လည်း ခန့်ညားသည်။ တစ်ခုကောင်းသည်ကတော့ မိန်းမ မရှုပ်။ အရက်နှင့် လောင်းကစားတော့ ဝါသနာပါသည်။ အပေါင်းအသင်းကို မင်တတ်သည်။ အသက်(၃၀)ကျော်သော်လည်း အိမ်ထောင်မရှိ၊ လူပျိုကြီး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃]

❑

ကျော်ကြီးကတော့ တစ်မျိုး။ ဘွဲ့ရခေတ်ပညာတတ်ဖြစ်သည်။ အသက်က (၂၅) နှစ်ခန့်။ အရပ်က ထောင်ထောင်မောင်းမောင်း ယောကျာ်း ပီသသည်။ မိဘများက ကုန်သည်မျိုးရိုး၊ ချမ်းသာသည်။ သို့သော် ကျော်ကြီး က အိမ်အလုပ်ကို ဝါသနာမပါ။ ငယ်စဉ်ကတည်းက ထိုးပြင်သည်။ သော့ပြင် သည်။ အပ်ချုပ်စက်ပြင်သည်။ မော်တော်ကားနှင့် စက်ဘီး၊ ဆိုင်ကယ်ပြင် သည်ကို အလွန်ဝါသနာပါသည်။

ထို့ကြောင့် မိဘများက (၁၀) တန်းအောင်သည်နှင့် အမှတ်လည်း ကောင်းသဖြင့် စက်မှုတက္ကသိုလ်သို့ တက်ခွင့်ရသည်။ ဘွဲ့ရတော့ အစိုးရ အလုပ် မလုပ်။ အရက်ဖြူ(BE)သောက်ပြီး လေလွင့်၍ နေတော့သည်။ မိန်းမကိစ္စလည်း စိတ်မဝင်စား။ အိမ်က မိန်းမပေးစားတော့ ထွက်ပြေးပြီး မသူတော်တွေနှင့်ပေါင်းမိ၍ မွေးရာပါဇာတာအတိုင်း ဖောက်ထွင်းဝိဇ္ဇာတစ်ဦး ဖြစ်လာခြင်းပင်။





ထောင်ထဲရောက်တော့ သဘာရင့်သည့် သူခိုးမြင့်သိန်းနှင့် ပုဏ္ဏား တင်ဦးတို့နှင့် တွေ့ဆုံပြီး ဆရာတင်ကာ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြခြင်းဖြစ်သည်။ သူတို့ (၃) ဦး၏ တူညီချက်ကတော့ ဆင်းရဲ သားနှင့် မြန်မာတိုင်းရင်းသားအိမ်များတွင် မခိုး။ အမြတ်ကြီးစား တရုတ်၊ ကုလားအိမ်များကိုသာ အကွက်ချ၍ ဖောက်ထွင်းတတ်သည်။

ဖောက်ထွင်းရာ၌လည်း သူတို့ပူဇော်ပသတတ်သော အင်းဝခေတ် က သူခိုးကြီးငတက်ပြား ထုံးစံအတိုင်း အဖိုးတန်ပစ္စည်းဥစ္စာ တစ်ဝက်ကို သာ ယူသည်။ အကုန်မယူ။ ဥစ္စာရှင် စီးပွားပျက်အောင်မလုပ်။ တစ်ဝက် ချန်ထားတတ်သေးသည်။ ပုဏ္ဏားတင်ဦးက အစီအရင်အဆောင်များ ပေး ထားသဖြင့် အစွမ်းလည်း ထက်ပါပေသည်။ သူတို့လုပ်ငန်းက သစ္စာအဓိက ဖြစ်ပေသည်။ ယခင်အခါများက သစ္စာဖောက်မိ၍ ထောင်နန်းစံရသည်ဟု ပြောလေ့ရှိပါသည်။

ပုဏ္ဏားတင်ဦးကတော့ နန်းတွင်း ကျေးပုဏ္ဏားမျိုးရိုး၊ မန္တလေး ပုဏ္ဏားစုရပ်ကွက်တွင် မွေးဖွားသည်။ အဘိုးတို့က နန်းတွင်းဗေဒင် ဟူးရား မျိုးနွယ်ဝင် ဆရာကြီးများဖြစ်ကြသည်။ ထို့ကြောင့် ပုဏ္ဏားတင်ဦးမှာ ဗေဒင် လက္ခဏာနှင့် အင်္ဂဝိဇ္ဇာပညာ၊ အဆောင်၊ လက်ဖွဲ့နှင့် ဗိန္ဓောဆေးကုရာတွင် အလွန်ကျွမ်းသည်။

သို့သော် မွေးဖွားစဉ်ကပင် မျက်နှာဖုံးစွပ်နှင့်ဖြစ်ပြီး အချင်းစလွယ် သိုင်းကာ မွေးဖွားလာပြီး ဆေးပညာကျွမ်းသော်လည်း သူခိုးနက္ခတ်ပါသဖြင့် အဓိပတိ သူခိုးဝိဇ္ဇာကြီးဖြစ်လာခြင်းပင်။ သူက သူခိုးမြင့်သိန်းနှင့် အသက် က မတိမ်းမယိမ်း။ အရက်သေစာမသောက်၊ သက်သတ်လွတ်သာစားသော အဓိပတိသူခိုး ဆရာကြီး။

ညောင်လေးပင်မြို့က ကားပြန်ထွက်တော့ ကျွန်တော်နှင့် ပုဏ္ဏား က နောက်ခန်းပြောင်း၍ လွတ်လပ်စွာ စီးကြသည်။ နောက်ခန်းတွင် နှစ် ယောက်တည်းမို့ ခြေထောက်တင်စီး၍လည်း ရသည်။

ကားမောင်းသမားဆိုသည်မှာ မျက်စိမအား။ လက်နှင့် ခြေထောက် လည်းမအား။ နားကလည်း စွင့်ရသေးသည်။ ပထမဆုံး ကျော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသည်။ သူခိုးမြင့်သိန်းက ဘေးထိုင်ခုံက။ လေးဖက်လေးတန် ကျဉ်းကျပ်သော ထောင်ထဲ၌ နေခဲ့ရသဖြင့် ခရီးထွက်ရသည်ကို သူတို့ ပျော် နေကြရှာသည်။ လေကောင်းလေသန့်ရပြီး ပတ်ဝန်းကျင်မြင်ကွင်းကလည်း မျက်စိအေးစေသည်။

Pick up ကား၏ အားနည်းချက်က ရှေ့ခန်းနှင့်နောက်ခန်း စကား ပြော၍မရခြင်းပင်။ သို့သော် လမ်းမှာ နားရန်မှလွဲ၍ အလုပ်မရှိသဖြင့် ကျွန် တော် ကျော်ကြီးတို့အား လွှတ်ပေးထားလိုက်သည်။ ပိန်းဇလုပ်၊ ညောင် လေးပင်၊ ကျောက်တံခါး၊ ဖြူ။ ဖေယျာဝတီအထိလမ်းဘေး၌ ကောက်စိုက် သမများ၊ လှည်းမောင်းသူများ၊ ဈေးဆိုင်ကလေးများ၌ ကုလားလူမျိုးများကို သာ အများစုတွေ့ရသဖြင့် ကျွန်တော်က …

"ပုဏ္ဏား … ဒီလူတွေက မင်းတို့အမျိုးတွေလား"

"မဟုတ်ဘူး … ဆရာ။ ကျွန်တော်တို့က ကုန်းဘောင်ခေတ် ကတည်းက မြန်မာပြည်ကိုရောက်နေကြတဲ့ ကျေးပုဏ္ဏားမျိုး။ အခု မြင် တွေ့ရတဲ့သူတွေက ၁၉၀၀ ခုနှစ်ကျော်လောက်ကမှ အင်္ဂလိပ်အစိုးရက အိန္ဒိယနွယ်ဘွား မဟာရာဂျာ ဘီဟာပြည်နယ်စား ဒူမရောင်မင်းသားကြီး ကို အင်္ဂလိပ်လက်အောက်မှာ အမှုထမ်းတာ သစ္စာရှိတယ်ဆိုပြီး နှစ်(၉၀) ဂရန်နဲ့ ဖေယျာဝတီနယ်တစ်ကြောကို အငှားချထားခဲ့တာ။ ဖေယျာဝတီဂရန် လို့ ခေါ်တယ်။ လယ်လုပ်သူတွေဆိုတော့ လူမျိုးစုံ၊ ဘာသာစုံပဲ။

အဲဒီအချိန်က အိန္ဒိယပြည်ကြီးနဲ့ မြန်မာပြည်ကို အင်္ဂလိပ်က သိမ်း ပိုက်အုပ်စိုးထားတာလေ။ မြန်မာပြည်က လူဦးရေနည်းပြီး လယ်အလုပ် သမားက ရှားတော့ မြေဆီ၊ မြေသြဇာကောင်းတဲ့ ဖေယျာဝတီတစ်ပိုက်မှာ မြေလွတ်တွေက ပေါတယ်လေ။

အဲဒါကြောင့် အိန္ဒိယက လယ်သမား ဆင်းရဲနွမ်းပါးသူတွေကို လယ်ယာပေးမယ်၊ အိမ်ဆောက်ပေးမယ်၊ ကျွဲ၊ နွားနဲ့ လယ်ယာအသုံး အဆောင်တွေ ထောက်ပံ့ပေးမယ်၊ စားနပ်ရိက္ခာပေးမယ်နဲ့ စည်းရုံးသိမ်းသွင်း ပြီး မြန်မာပြည်ထဲကို သင်္ဘောကြီးတွေနဲ့ သွင်းလာခဲ့တာ။ ဟော … အခုတော့





နှစ် (၁၀၀)ကျော်ကြာတော့ သူတို့မြေ၊ သူတို့ ဒေသဖြစ်သွားတာပေါ့။ ဒါပေမဲ့ လယ်သမားကုလားတွေက ဆင်းရဲကြပါတယ်။ ပညာလည်းနည်းကြတော့ အရင်ကတည်းက အခုအချိန်အထိ လက်လုပ်လက်စားပဲ များပါတယ်"

"အေးကွာ … လူသားအချင်းချင်းဖြစ်လို့ စာနာမိပါတယ်။ ဒါ ပေမဲ့ကွာ မြန်မာပြည်မြေပေါ်မှာ နိုင်ငံခြားသားကုလားတွေ၊ တရုတ်တွေ၊ ဝင်နေရာယူကြပြီး ဆွေစဉ်မျိုးဆက် အုပ်စိုးချယ်လှယ် နေကြတာကိုတော့ ဘဝင်မကျမိဘူး။ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးတွေကို ကြည့်ပါလား။ စားသောက် ဆိုင်တွေ၊ ဟိုတယ်တွေ၊ စီးပွားရေးလုပ်ငန်းကြီးတွေကို တရုတ်လူမျိုးတွေ က လက်ဝါးကြီး အုပ်ထားတယ်။

အိမ်ဆောက်ပစ္စည်း ကုန်မာဆိုင်တွေ၊ အထွေထွေရောင်းဝယ်ရေး လုပ်ငန်းတွေကိုတော့ ကုလားက အုပ်စီးထားတယ်။ မြန်မာပြည်မှာနေ၊ မြန်မာ့ရေမြေမှာမွေးပြီး မြန်မာနိုင်ငံသားစစ်စစ် တိုင်းရင်းသားတွေကတော့ မြို့ကြီးတွေပေါ်က၊ တရုတ်သူဌေး၊ ကုလားသူဌေးတွေရဲ့ လခစား အလုပ် သမားတွေလေ။ ဘယ်လောက် ရင်နာစရာကောင်းသလဲ"

"ဟုတ်ပါတယ် ဆရာ။ ဒါကြောင့်လည်း ကျွန်တော်တို့အုပ်စုက ပုဂ္ဂလိဓနဉ္စာနာချပြီး အမြတ်ကြီးစား မတရား အညွန့်ခူးစားတဲ့ တရုတ်သူဌေး၊ ကုလားသူဌေးတွေအိမ်ကိုသာ ရွေးပြီး ဖောက်တာပါ။ ဒါနဲ့ဆရာ တရုတ်လူမျိုး တွေက ဘယ်လို မြန်မာပြည် ရောက်လာကြတာလဲ။ ဆရာသိရင် ရှင်းပြ ပါဦး"

"အေး … နည်းနည်းရှည်တော့ တိုရှင်းလိုရှင်းပဲ ပြောပြမယ်၊ ဗိုက်မနေတော့ဘူး။ အထက်ကောင်းတုံ၊ အောက်ရန်ကုန် စုန်ဆန်ထက် အောက်ဆင်းဆိုတဲ့ ကဗိလက်ၤာ သတ်ပုံကျမ်းပါ သံပေါက်ကလေး ရှိ တယ်ကွ။ ကောင်းတုံဆိုတာ ဗန်းမော်မြို့နယ်ထဲက ရှေးဟောင်းမြို့ တစ်မြို့ ပဲ။

လွန်ခဲ့တဲ့ ပုဂံခေတ် အနော်ရထာမင်းစောတည်ခဲ့တဲ့ ကင်းမြို့ကြီး တစ်ခုဖြစ်ပြီး 'ကောင်းတုံခံတပ်'ဟာ အလွန်နာမည်ကြီးတယ်။ ခရစ်နှစ် (၁၇၆၅)



www.burmeseclassic.com

www.burmeseclassic.com



မှာ တရုတ်ဘုရင် ဥတည်ဘွားနဲ့ မန်ချူးကေရာဇ် ချင်းလုံတို့က မြန်မာနယ်စပ်မြို့ ကျိုင်းတုံကို ခြေလျင်စစ်သည် (၅၀၀၀၀) မြင်းသည်(၁၀၀၀၀)နဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။

အဲဒီစစ်တပ်ကြီးကို မြန်မာဘုရင် အင်းဝဆင်ဖြူရှင်က လက်ဝဲဝင်းမှူးနေမျိုးစည်သူကို တပ်ချုပ်ခန့်ပြီး ပြန်လှန်တွန်းလှန်စေခဲ့တယ်။ တိုက်ပွဲမှာ တရုတ်စစ်မှူးချုပ် ရည်တာလောရဲ့နဲ့ စစ်သည် (၁၀၀၀၀) ကျဆုံးခဲ့လို့ တရုတ်တပ်ကြီး ပထမအကြိမ် စစ်ရှုံးပြီး ဆုတ်ခွာပြေးခဲ့တယ်။ ဆုတ်ခွာပြေးရာမှာလည်း တရုတ်စစ်သားတွေဟာ လူဦးရေများပြီး ငတ်မွတ်ခေါင်းပါးလှတဲ့ တရုတ်ပြည်ထဲကို ပြန်မလိုက်တော့ဘဲ မြန်မာပြည်တောတောင်တွေအထဲမှာ ပုန်းခိုနေထိုင်ခဲ့ကြရာက တိုင်းရင်းသူတွေနဲ့ရပြီး မြန်မာပြည်ထဲမှာပဲ အခြေစိုက် နေထိုင်ခဲ့ကြတယ်လို့ အဆိုရှိတယ်''

ခရစ်နှစ် (၁၇၆၆)ခုနှစ်မှာ တရုတ်တွေဟာ ဒုတိယအကြိမ် အင်အားအလုံးအရင်းနဲ့ ဝင်လာကြပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ ခြေလျင်စစ်သည် ၂၅၀၀၀၀ နဲ့၊ မြင်းသည် (၂၅၀၀၀၀) နဲ့ ဟိန်းဟိန်းညံ့အောင် ဗန်းမော်စစ်ကြောင်း ချီလာခဲ့တယ်။ ခေါင်းဆောင်တွေက ရင်စုတာရည်နဲ့ ဆင်တာလောရဲတို့က တပ်မှူးတွေအဖြစ် အုပ်ချုပ်ကွပ်ကဲ လာခဲ့ကြတာ။ ဗန်းမော်မြို့နဲ့ ကောင်းတုံမြို့တွေကို အပြင်းအထန် လုပ်ကြံကြတာ။

မြန်မာဘက်က အင်းဝက စစ်ကူနဲ့ ဗိုလ်မှူးမဟာစည်သူက ရောဝတီမြစ်အနောက်ဘက်ကမ်းက မိုးကောင်း၊ မိုးညှင်း ကြည်းကြောင်း ချီလာပြီး ဗိုလ်မှူးနေမျိုးစည်သူက ရောဝတီမြစ်ကြောင်းနဲ့ ဗန်းမော်ကို အမြန်ချီလာခဲ့တယ်။ ကောင်းတုံမြို့ဝန်လို့လည်း နာမည်ကြီးတယ်။ တပ် (၃)တပ်ပေါင်းပြီးတိုက်ကြတော့ ဒုတိယအကြိမ် မန်းချူးစစ်တပ်ကြီးပျက်ပြီး ဆုတ်ခွာပြေးကြပြန်တယ်။ တရုတ်စစ်သားတွေအချို့ဟာ မြန်မာတောတောင်တွေကို မှီခိုပြီး ကျန်ခဲ့ပြန်တာပေါ့''

နောက်တစ်နှစ် (၁၇၆၇) ခုနှစ်မှာ တရုတ်စစ်သူကြီးမြင်းခုံရဲ့ ညီတာစုရဲတို့ကို ခေါင်းဆောင်စေပြီး ပထမနဲ့ ဒုတိယအကြိမ်ထက် စစ်သည် အင်အားတိုးပြီး တိုက်ခိုက်စေပြန်တယ်။





အင်းဝဘုရင်ဆင်ဖြူရှင်နှင့် မြန်မာတပ်မှူးကြီးများ အကွပ်အကဲကောင်းသောကြောင့် တရုတ်တပ်မကြီး ရှေ့မတက်နိုင်။ တန့်နေတယ်။ ယခုတတိယစစ်ပွဲတွင် တရုတ်ဘက်က ခြေလျင်စစ်သည် သုံးသိန်း၊ မြင်းသည် သုံးသောင်း ပါဝင်လာတယ်။ မြန်မာတို့အား အပြီးသတ် ချေမှုန်းရန်ဖြစ်တယ်။ သိန္နီကိုသိမ်းပိုက်ပြီး သီပေါမြို့ကို ထိုးစစ်တပ်ဦးတပ်များက မန္တလေးအရှေ့မြောက်ယွန်းယွန်း (၁၀)မိုင်ခန့်သာဝေးတဲ့ ဘုတ်ရွာနဲ့ သက်ကယ်ငင်ရွာအထိ ပေါက်ရောက်လာခဲ့ကြတယ်။ အင်းဝနေပြည်တော်နဲ့(၂၄)မိုင်လောက်ပဲ ဝေးတော့တယ်။ ဗန်းမော်မြို့ကိုလည်း ဆက်ပြီး ချီတက်နေကြတယ်။

သီပေါစစ်ကြောင်းကို မြန်မာစစ်သူကြီး မဟာစည်သူခေါင်းဆောင်တဲ့ စစ်တပ်က ဆီးကြိုပြီး တိုက်ခဲ့တယ်။ ဗန်းမော်စစ်ကြောင်းကိုတော့ လက်ဝဲဝန်းမှူး နေမျိုးစည်သူက အပြင်းအထန် ခုခံချေမှုန်းခဲ့ကြတယ်။ မြန်မာစစ်သူကြီး မဟာသီဟသူရက ကြားဖြတ်ပြီး မန်းချူးတရုတ် ရိက္ခာထောက်တပ်ကို ဖြတ်တောက်တိုက်ခိုက်ရန် ဘော်ကြိုကနေ အပြင်းချီတက်လာတယ်။ ဖြတ်တောက်နိုင်လို့ တရုတ်တွေ ရိက္ခာပြတ်ကုန်တယ်''

''အဲဒီနောက်မှာ စစ်သူကြီးမဟာသီဟသူရဟာ ဗန်းမော်စစ်ကြောင်းက လက်ဝဲဝန်းမှူး နေမျိုးစည်သူနဲ့ပေါင်းမိပြီး သိန္နီကို ပြန်သိမ်းပိုက်နိုင်တယ်။ ဒုဋ္ဌဝတီမြစ်ငယ်ရေကြောင်းချီနေတဲ့ ဆင်ခေါင်းက တရုတ်တပ်ကြီးဟာ ရိက္ခာပြတ်ပြီး မြန်မာစစ်သည်တော်တွေရဲ့ ချေမှုန်းခြင်းကို ခံရတယ်။ တရုတ်တို့စစ်ရှုံးတော့ ခေါင်းဆောင်တွေဖြစ်ကြတဲ့ စစ်သူကြီးမြင်းခုံရဲ့နဲ့ စုတာလောရဲတို့ဟာ မိမိကိုယ်မိမိ အဆုံးစီရင်သွားကြသတဲ့။ တရုတ်တပ်ကြီးလည်း ပျက်ပြီး ဆုတ်ခွာထွက်ပြေးကြတာပေါ့။

''အဲ . . . နောက်တစ်ကြိမ် ခရစ်နှစ် (၁၇၆၉) မှာ စတုတ္ထအကြိမ် တရုတ်တပ်ကြီး ဝင်လာပြန်သေးတယ်။ မန်ချူးစစ်တပ်ကြီးကို ခေါင်းဆောင်လာတာက တရုတ်စစ်သူကြီးကုန်ရဲ၊ အာကုန်ရဲနဲ့ ယွန်းကုန်ရဲတို့ ဖြစ်ကြတယ်။ တရုတ်စစ်သည် ငါးသိန်းငါးသောင်းပါလာပြီး ဗန်းမော်မြို့ကို ချီတက်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်လိုက်ကြတယ်။ အဲဒီနောက်မှာ ဗန်းမော်ကနေ (၁၂) မိုင်ဝေးတဲ့ ရွှေညောင်ပင်ခံတပ်ကြီးကို အခိုင်အမာတည်နေတယ်။

ဧရာဝတီမြစ်ကြီးအတွင်းမှာ တရုတ်ရေတပ်နဲ့ မြန်မာရေတပ် အပြင်းအထန် တိုက်ခိုက်ကြတယ်။ မန်ချူးတို့က မြန်မာခံတပ်ကောင်းတုံကို သိမ်းပိုက်ဖို့ အပြင်းအထန်ကြိုးစားတယ်။ မြန်မာတပ်မှူးကြီး ဗလမင်းထင်နဲ့ မြန်မာတပ်သားတွေရဲ့ ရှုပ်ရှုပ်ချုံချုံ ပြန်လည်တွန်းလှန်လို့ ကောင်းတုံခံတပ်မကျ။ ထို့အပြင် မြေပြန့်လွင်ပြင်မှာ စစ်မဆင်ဘဲ တောတွင်းကနေ ပြောက်ကျားစစ်ဆင်တယ်။ မန်ချူးစစ်တပ်ကြီး အထိနာပြီး စစ်ပန်းတယ်။ အင်းဝကလည်း စစ်သည်အင်အား အဆက်မပြတ် ဖြည့်ပေးတယ်။

ဒါကြောင့် ကောင်းတုံခံတပ်ကို ရေကြောင်း၊ ကြည်းကြောင်းနဲ့ လုပ်ကြံနေတဲ့ တရုတ်စစ်တပ်ကြီးပျက်ပြီး တရုတ်တို့ အခိုင်အမာတည်ဆောက်ထားတဲ့ ရွှေညောင်ပင်ခံတပ်ကြီးလည်း မြန်မာလက်တွင်းကျတော့ တရုတ်စစ်သူကြီး ဖူဟိန်က၊ စစ်ပြေငြိမ်းစကား ကမ်းလှမ်းလာလို့ စတုတ္ထအကြိမ်စစ်ပွဲကြီးက အပြီးသတ်ပြီး မြန်မာစစ်သူကြီး မဟာသီဟသူရက နောင်ရေး အရှည်မျှော်တွေးပြီး ကောင်းတုံမှာ စာချုပ် ချုပ်ဆိုခဲ့တယ်။ ကောင်းတုံခံတပ်ကြီးအနီးမှာ နောက်ဆုံးစစ်ပွဲနိုင်လို့ စာချုပ် ချုပ်ဆိုခဲ့တဲ့နေရာကို အောင်မြေလို့ခေါ်တယ်။

"အထိမ်းအမှတ် ဆုတောင်းပြည့်စေတီတစ်ဆူနဲ့ သရက်ပင်ကြီးတစ်ပင်ကိုလည်း စိုက်ခဲ့တယ်လို့ အဆိုရှိတယ်။ ငါ ဗန်းမော်ထောင်ရောက်လို့ သွားကြည့်ဖူးတယ်။ အောင်မြေစေတီကတော့ ပြိုပျက်သွားပြီး အုတ်ပုံပဲ ကျန်ခဲ့တယ်။ အထိမ်းအမှတ် သရက်ပင်ကြီးက ရှိတုန်းပဲ။ အောက်ခြေပင်စည်က လူကြီး(၄)ဖက်စာရှိပြီး အမြင့်က ပေ (၂၂၀) ရှိတယ်"

"ဆရာပြောတာ အကြမ်းဖျင်းဆိုပေမဲ့ အတော်ပြည့်စုံတာပါပဲ"

"အဟဲ ... ငါက သမိုင်းအဓိကနဲ့ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရထားတာကွ။ ဇာတိစိတ်ဓာတ်ရှင်သန်အောင် မင်းကိုပြောပြရတာ။ မင်း အဲဒီအချိန်က မြန်မာတပ်သားတွေနေရာမှာ ရှိနေရင် ဘာလုပ်မလဲ"





"ဟဲ ... ဟဲ ... ဆရာရယ်၊ ကျွန်တော်တို့စိတ်ဓာတ်က ဘာဝပြောင်းတောင် ပြောင်းလဲသွားမယ် မထင်ပါဘူး။ အဲဒီအချိန်မှာသာ မြန်မာစစ်သားဖြစ်ခဲ့ရင် ပျောက်ကျားစနစ်နဲ့ တရုတ်တပ်ထဲက လက်နက်ခဲယမ်းမီးကျောက်နဲ့ ရိက္ခာတွေကို ဝင်ခိုးမှာပေါ့ ... ဆရာရယ်။ ဟဲ ... ဟဲ ... ဟဲ ..."

"ကောင်းကွာ ... အာဂသတ္တိခဲ၊ ပြောက်ကျားတပ်သားပဲ။ အေးကွ အဲဒီအချိန်မှာ မြန်မာဘက်က အင်အားနည်းတော့ မင်းတို့လို သူခိုးသူရဲကောင်းတွေလည်း လိုအပ်မှာ အမှန်ပါ"

ကျွန်တော်တို့ တောင်ငူမြို့ကိုရောက်တော့ မွန်းလွဲ (၂) နာရီခန့်၊ ထီးနိုကန်ရပ်ကွက်၊ ဘောလုံးကွင်းအနီး၊ မြန်မာဘီယာဆိုင်တွင် ခေတ္တရပ်နားရင်း အပန်းဖြေသောက်ကြသည်။

"ဆရာ ... ဒီည ဘယ်မှာအိပ်မှာလဲ"

သူခိုးမြင့်သိန်းက မေးလာသည်။ ကျွန်တော်ကလည်း သွားမည့်နေရာအတိအကျကို ပြောမထား။ မန္တလေးဘက်ဟုဘဲ အကြမ်းဖျင်း ပြောထားသည်။

"လောလောဆယ် ကျောက်ဆည်ကို သွားမယ်။ အဲဒီက ရွာတစ်ရွာမှာ နှစ်ရက်သုံးရက် နားပြီးအိပ်မယ်။ အခုသွားတဲ့ကိစ္စက မင်းတို့သူခိုးတွေအတွက် သိဒ္ဓိတင်ပေးဖို့လည်းပါတယ်။ ပုဏ္ဏား ... ဒီနေ့ ဘာနေ့လဲ"

"သောကြာနေ့ဆရာ"

"အဲဒါပြောတာ မဟုတ်ဘူး။ မြန်မာလို ဘယ်နှရက်နေ့လဲလို့ မေးတာ"

"ဟုတ်ပါ့ ... ဆရာရယ်၊ ကျွန်တော် မေ့တော့မလို့။ တန်ဆောင်မုန်းလပြည့်နေ့။ မနက်ဖြန်ညက ကျွန်တော်တို့သူခိုးတွေ အင်းဝကသူခိုးကြီးငတက်ပြားရဲ့ 'မရှိခဏ' ဘုရားမှာ သိဒ္ဓိတင်ဆုတောင်းပွဲ ညဥ့်လုပ်မှာ။ တော်ပါသေးရဲ့ ... ဆရာရယ်၊ ကျွန်တော် မေ့တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါကြောင့် ငါက တံတားဦး အင်းဝနဲ့နီးတဲ့ ရွာလေးတစ်ရွာမှာ စတည်းချပြီး မင်းတို့ကို ပါရမီဖြည့်ပေးမလို့ပါ"

"ဘယ်ရွာလဲ ဆရာ"

"မင်းတို့နဲ့ငါ ငမောက်မိဖုရား ပတ္တမြားကြီးကိစ္စတုန်းက ခေတ္တပုန်းခိုခဲ့တဲ့ ရွာကလေးကွာ။ မိုးတင်တို့ရွာ နန္ဒီရွာလေကွာ"

"အင်း ... ဟုတ်ပါ့ ဆရာရယ်။ တံတားဦးသွားတဲ့လမ်း ကြောင်ပန်းကုံးရွာကလေးမှာ ဆင်းပြီး အတွင်းကို လှည်းနဲ့သွားရတာနော်။ နေစမ်းပါဦး ... ဆရာ၊ ပန်းလောင်မြစ်ကမ်းဘေး လမ်းခုလတ်ကရွာက ဘာရွာပါလိမ့်။ သူ့ရွာနာမည်က ခပ်ဆန်းဆန်းပါ"

"အုန်းလက်ကောက်လေကွာ။ ဘုရားနီကြီးနဲ့ ပုဂံခေတ်က ရှေးဟောင်းဘုရားတွေ တန်းစီပြီး ရှိတဲ့ရွာတွေ"

"ဟုတ်ပါ့ ... ဆရာရယ်။ ဒါနဲ့ ကျွန်တော်တို့ သွားပုန်းတုန်းက မိုးတွင်းဆိုတော့ ပန်းလောင်မြစ်ရေကြီးနေလို့ စဉ့်ကိုင်ဘက်က သွားရတာနော်။ အခုကော ဆရာ"

"စဉ့်ကိုင်ဘက်ကလမ်းက ဝေးတယ်ကွ။ အတွင်းဝင်ပြီး လှည်းလမ်းအတိုင်း နေပူရွာ၊ ကုန်းသာရွာတွေက တစ်ဆင့်ပတ်သွားရတော့ ခရီးလှမ်းတယ်။ အောင်ပန်းကုန်းက တံတားဦးလမ်းဘေးဆိုတော့ အဆင်ပြေတယ်။ ငါ့မွေးစားအဖေ ဦးဓာတ်မှီရဲ့သား မိုးအောင်လည်း ရှိနေတယ်။ ကားကို သူ့အိမ်မှာထားပြီး ရွာဝင်လမ်းကြမ်းမှာ လှည်းနဲ့ သွားကြတာပေါ့"

ထိုစဉ် ကျော်ကြီးက ...

"ဆရာ ... ဒီအချိန် ထန်းရည်ရလောက်ပြီလား"

"အေး ... သီတင်းကျွတ်ပြီးပြီဆိုတော့ ရလောက်ပါပြီ။ အကြီးကောင် မိုးတင် စီစဉ်ပေးလိမ့်မယ်။ ငါသူတို့အတွက်လည်း လက်ဆောင်တွေ ဝယ်လာပါတယ်။ မင်းတို့ကလည်း မုန့်ဖိုးပေးလိုက်ကြပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ။ သူတို့ညီအစ်ကိုတွေက ခင်ဖို့ အလွန်ကောင်းပါတယ်။ ရွာကြက်နဲ့ ခွေးတောက်ရွက်ဟင်းချို အညာစာတွေတော့ တစ်ဝကြီးစားရဦးမှာနော် ဆရာ"





"စေတနာနဲ့ကျွေးကြတော့ ဘာကျွေးကျွေး အကောင်းဆုံး လုပ်ကျွေးကြတာကွ။ အလွန်လည်း စေတနာကောင်းကြတယ်။ သူတို့ဆီမှာက မရှိရှိတာနဲ့ ဟင်းဖြစ်အောင် လုပ်တတ်ကြတယ်။ ခြစ်ညည်းရိုးဟင်းချို ရွက်ဆိုတဲ့ အလေ့ကျရာသီစာ၊ အသီးအရွက် အလွန်ပေါတာ။

ဒီရာသီဆိုရင် မိုးအကုန်၊ ဆောင်းအကူး တမာရွက်၊ ဆူးပုပ်ရွက်၊ ခွေးတောက်၊ ကင်းပုံရွက်၊ သနပ်ရွက်တွေ အလွန်ပေါပြီပေါ့။ ကိုင်းသီးနဲ့ကလည်း ပေါပြီဆိုတော့ ပဲအမျိုးမျိုးလည်း ထွက်ပြီပေါ့ကွာ။ အခု သူတို့ဆီမှာ အရင်ကလို မြေပဲ၊ နှမ်း၊ ငရုတ်၊ ပဲအမျိုးမျိုးသာမက ငှက်ပျောမျိုးကောင်းတွေပါ ပန်းလောင်မြစ်ကမ်းနဖူးမှာ ရေစုပ်စက်နဲ့ ရေတင်ပြီးစိုက်တာ အလွန်အောင်မြင်ဆိုပဲ"

ပုဏ္ဏားက ...

"အတော်ပဲပေါ့ ... ဆရာရယ်။ ကျွန်တော်က တန်တော့ပွဲ (၅) ပွဲလောက် ဆက်ရမှာ။ ငှက်ပျော်သီးပေါတော့ အဆင်ပြေတာပေါ့။ ဒါနဲ့ အုန်းသီးရော ဆရာ"

"အုန်းသီးက အညာရွာတွေမှာ မရှိဘူးကွ။ ကျောက်ဆည်မြို့ပေါ်မှာတော့ ရှိတယ်။ ကျောက်ဆည်ရောက်ရင် သတိပေး။ ဈေးကြီးနားမှာ ကားရပ်ပေးမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်တို့ကား လယ်ဝေးဝင်ခါနီးတော့ အရှေ့တွင်ခရီးသည်တင်အဝေးပြေးကားကြီးတစ်စီး ပျက်နေဟန်ဖြင့် လမ်းဘေး၌ ရပ်ထားသည်။ ခရီးသည်များလည်း အောက်ဆင်းထိုင်နေကြသည်။ ထိုစဉ် ကားစပါယ်ယာဖြစ်ဟန်တူသူက ကားကို လှမ်းတားသည်။ ကျော်ကြီးက ကားရပ်ပေးတော့ ...

"ကားဆရာ ... တစ်ဆိတ်လောက် ကူညီပါ။ ကျွန်တော်တို့ကားပေါ်မှာ မွေးမည့်လူနာ ပါလာပါတယ်။ အဲဒါ ဗိုက်နာနေလို့ အချိန်မီ ရနပြည်တော်ဆေးရုံကြီးကို ပို့ချင်ပါတယ်"

"သူ့မှာ အဖော်ရော ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ပါပါတယ်။ သူညီမ ပါပါတယ်"

"အေး ... အဲဒါဆိုရင်လည်း တင်ဗျာ။ ကျွန်တော်တို့ ဆေးရုံကြီးအထိ အသေအချာ လိုက်ပို့လိုက်ပါ့မယ်။ စိတ်ချပါ"

"ဟုတ်ကဲ့ ... ကျေးဇူး အထူးတင်ပါတယ်ခင်ဗျား"

"ဒါနဲ့ ခင်ဗျားတို့ကားကြီးက ဘာဖြစ်တာလဲ။ ကြာမှာလား"

"ကြာမှာ ခင်ဗျ။ ရေလယ်အုံ ဘောကြွေသွားတာ။ အပိုမရှိလို့ ပျဉ်းမနားကို ကားကြုံနဲ့ သွားဝယ်နေတယ်"

ထိုစဉ် ကိုယ်ဝန်သည် အမျိုးသမီးအား မိန်းမဖော်နှစ်ယောက်က တွဲပြီး ညီမဖြစ်ဟန်တူသူတစ်ယောက်က ခရီးဆောင်လက်ဆွဲအိတ်နှင့် အသုံးအဆောင်ပစ္စည်းများအား မနိုင်မနင်းဆွဲလာသဖြင့် မြင့်သိန်းနှင့် ကျော်ကြီးက ဝိုင်းကူကြရသည်။ ကားကြမ်းခင်းပေါ်၌ ဖျာနှင့် စောင်ခင်းပြီး ကိုယ်ဝန်သည်အား နေရာချထားပေးရာ အဖော်အမျိုးသမီးကလည်း အောက်တွင် ထိုင်သဖြင့် မြင့်သိန်းနှင့်ကျော်ကြီးကလည်း ထိုင်ခုံများအား ခေါက်သိမ်းပြီး အောက်၌ထိုင်ကြသည်။

"ကဲဟော့ ... မြင့်သိန်းနဲ့ကျော်ကြီး၊ ကိုယ့်ညီမတွေလို သဘောထား။ ငါနဲ့ပုဏ္ဏားက ရှေ့ခန်းကထိုင်မယ်။ အရေးပေါ်လို့ ကားရပ်ချင်ရင် မှန်ကို ခေါက်လိုက်။ မွေးလူနာပါတော့ ငါ ဖြည်းဖြည်းပဲ မောင်းမယ်"

"ဟုတ် ... ဆရာ"

ကျွန်တော် ကားကို ဖြည်းဖြည်းမှန်မှန် မောင်းခဲ့ပါသည်။ လယ်ဝေးနှင့် ပျဉ်းမနားနေပြည်တော်မှာ မဝေးလှ။ (၈)မိုင်ခန့်သာရှိသဖြင့် နာရီဝက်ပင် မကြာလိုက်။ နေပြည်တော်ဆေးရုံကြီးရှေ့သို့ ရောက်သည်။ အမျိုးသမီးအဖော်အား မွေးလူနာကိုသာ တွဲခိုင်းပြီး မြင့်သိန်းနှင့် ကျော်ကြီးက အထုပ်အပိုးများအား ဝိုင်းဆွဲပေးသည်။

ပုဏ္ဏားတင်ဦးကတော့ သူ့အဆောင်အယောင်များနှင့် မွေးလူနာမှာ မအပ်စပ်သဖြင့် ဝေးဝေးက ခွာလိုက်သည်။ ပိုက်ဆံအိတ်ကြီးကိုတော့ လွယ်ထားသည်။ ဆရာမများက ဆီးကြိုပြီး မွေးလူနာအား စာရင်းသွင်း၍





မွေးခန်းထဲပို့သည်။ အဖော်ညီမဖြစ်သူက စိတ်ချရမှ ဧည့်ခန်းတွင် စောင့်နေကြသော ကျွန်တော်တို့နှင့် လာစကားပြောသည်။

"အစ်ကိုတို့ကို ကျေးဇူး အလွန်တင်ပါတယ်ရှင်။ နာရီဝက်အတွင်း မွေးမှာတဲ့။ လမ်းပေါ်မှာဆိုရင် မတွေးဝံ့စရာဘဲ။ မမက နှလုံးရောဂါ အခံရှိတယ်။ ဆေးရုံကြီးမှာဆိုတော့ စိတ်အေးသွားရပါပြီ"

"ဒါနဲ့ ညီမတို့က ဘယ်မြို့ကလဲ"

"ကျောက်ဆည်ဆူးကုန်းရပ်၊ မြောက်ပိုင်းကပါရှင်။ ကျွန်မက အလယ်တန်းပြဆရာမပါ။ မော်မော်လို့ ခေါ်ပါတယ်။ ကျွန်မ မမနာမည်က သော်သော်ပါ။ သူ့ယောကျ်ားက မလေးရှားမှာ အလုပ်သွားလုပ်နေတော့ မွေးဖွားခါနီး မိဘအိမ်ကို ပြန်ခေါ်လာတာပါရှင်။

"ကျွန်တော်တို့လည်း ကျောက်ဆည်သွားကြမှာပါ။ မိဘတွေလိပ်စာ ပြောလိုက်ပါ။ ဝင်ပြီး အကြောင်းကြားပါမယ်"

ကျေးဇူးပါ ... အစ်ကို။ ဦးဘစိန်နဲ့ ဒေါ်သောင်းလို့ ခေါ်ပါတယ်။ ဆူးကုန်းရပ်မြောက်ပိုင်းမှာ ဘယ်သူ့မေးမေး ရပါတယ်။ ဒါပေမဲ့ အဖေ အမေတွေက အသက်ကြီးကြပြီဆိုတော့ လိုက်မလာကြဖို့ ပြောပေးပါနော် ... အစ်ကို"

"အေး ... အေး ..."

ထိုစဉ် ပုဏ္ဏားတင်ဦးက သူ့လွယ်အိတ်ကြီးကို ဖစ်ဖွင့်၍ တစ်ထောင်တန်ငွေစက္ကူများ ထုတ်ပြီး ...

"ညီမမှာ ငွေအင်အား နည်းလိမ့်မယ်ထင်တယ်။ ရော့ ... ဟောသည်မှာ ငွေသုံးသိန်း။ အစ်ကိုတို့အဖွဲ့က ကူညီတာပါ။

"ဟာ .. မလုပ်ပါနဲ့ အစ်ကို၊ ကျွန်မမှာလည်း လေးငါးသောင်းပါပါတယ်။ မမမှာလည်း ပါလာမှာပါ။ အခုလိုကူညီတာပဲ ကျေးဇူးတင်လှပါပြီရှင်"

"ယူသာထားပါ ... ညီမရယ်။ အစ်ကိုတို့က လှူဒါန်းတာပါ။ ဒီငွေလောက်က အစ်ကိုတို့အတွက် မပြောပလောက်ပါဘူး။ ဒုက္ခရောက်နေသူတွေကို ကယ်တင်တာဟာ အစ်ကိုတို့ အလုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး ... အစ်ကိုတို့ရာ"

"ဟုတ်ပါတယ် ... ညီမ ... အစ်ကို့နာမည်က စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်း။ ဒါက ကိုယ့်တပည့်တွေ။ ဟောဒီမှာ လိပ်စာကတ်နဲ့ ဖုန်းနံပါတ်၊ အရေးပေါ်ရင် ဖုန်းသာဆက်လိုက်။ အပြေးလာခဲ့မယ် အခုလည်း မပြန်သေးပါဘူး။ ညီမအစ်မ မွေးဖွားပြီးမှ အစ်ကိုတို့ ခရီးဆက်ထွက်မှာပါ"

ဆရာမလေးမှာ ကျွန်တော်၏ လိပ်စာကတ်ပြားကလေးအား စေ့စေ့ကြည့်၍ အလွန်အံ့သြဝမ်းမြောက်သော အမူအရာဖြင့် ...

"ဝမ်းသာလိုက်တာ ... ဆရာရယ်၊ ဆရာက စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းဆိုတော့ ဆရာ့တပည့်တွေက ပုဏ္ဏားတင်ဦး သူခိုးမြင့်သိန်းနဲ့ ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးတို့ပေါ့နော်။ ကျွန်မက ဆရာ့စာဖတ်ပရိတ်သတ်ပါ။ ဆရာ့စာတွေ အားလုံးဖတ်တယ်။ ကျွန်မတို့ ကျောက်ဆည်ဘက်မှာလာရေးသွားတဲ့ "ငမောက်မိဖုရားပတ္တမြားကြီးက တကယ့်အဖြစ်အပျက်လား ဆရာ။ စိတ်ဝင်စားဖို့ အလွန်ကောင်းတယ်။ မမကြီးကရော၊ တကယ်ရှိသလားဟင် ဆရာ"

"အင်း ... ဆရာ့ဇာတ်လိုက်တွေက သက်ရှိထင်ရှား တကယ်ရှိတဲ့သူတွေပါ။ ဇာတ်လမ်းတွေကလည်း တကယ့်ဖြစ်စဉ်တွေကို အခြေခံပြီးရေးထားတာပါ။ မမကြီးလည်း တကယ်ရှိပါတယ်။ မန္တလေးဈေးချိုထဲမှာ 'ယွန်းပွင့်စံ' ရွှေဆိုင်ဆိုတာ အဓိကရရှိပါတယ်"

"ဝမ်းသာလိုက်တာ ... ဆရာရယ်၊ ဆရာတို့ အခုညကျောက်ဆည်မှာ တည်းမယ်ဆိုရင် ကျွန်မ စာရေးပေးလိုက်ပါမယ်။ ကျွန်မတို့အိမ်မှာတည်းပါ။ အိမ်မှာ မိဘတွေအပြင် ညီမငယ်နဲ့ မောင်တစ်ယောက် ရှိပါသေးတယ်။ အားနာစရာမရှိပါဘူး။ အိမ်ကြီးက (၂)ထပ်အိမ်ကြီးပါ။ ခြံနဲ့ဝင်းနဲ့ အလွန်ကျယ်ဝန်းပါတယ်"

"အေးကွယ် ... ဆရာတို့လည်း ဖြတ်လမ်းကသွားရင်တောင် မိုးချုပ်မှ ကျောက်ဆည်ရောက်မယ်။ ဆရာတို့တည်းမယ့် တံတားဦးကားလမ်းကြောင်ပန်းကုံးရွာက လှမ်းတယ်လေ"





"မနက်မှသွားပါ ဆရာ။ ဒီည ကျွန်မတို့အိမ်မှာပဲ တည်းပါ။ ကျွန်မကလည်း ပြန်ကူညီတာပါ"

ကျွန်တော်တို့စကားပြောရင်း စောင့်နေကြစဉ် ဆရာမတစ်ဦးကလာအကြောင်းကြားသည်။

"ယောက်ျားကလေး မွေးပါတယ်ရှင်။ ကလေးက ထွားပါတယ်။ (၆)ပေါင်တောင်ရှိတယ်။ လမ်းခရီးမှာဆိုရင်တော့ မလွယ်ဘူးပေါ့။ ဆေးရုံမှာဆိုတော့ ပစ္စည်းကိရိယာစုံလို့ ချောချောမောမောပါပဲ။ ဆရာမ ဒေါ်မော်မော်တော့ ကြည့်လို့ရပါပြီရှင့်။ အမျိုးသားတွေကတော့ ကြည့်လို့မရသေးပါဘူး။ သန့်ရှင်းရေး လုပ်နေလို့ပါ"

ဆရာမ မော်မော်ထသွားတော့ ကျွန်တော်က ...

"ဟုတ်ကဲ့ပါ ... ဆရာမ၊ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဒီဆေးရုံကဖုန်းနံပါတ်ကလေး တစ်ဆိတ် ကျေးဇူးပြုပါ။ ဒါက ကျွန်တော့်လိပ်စာကတ်ပါ"

"ဩော် ... ဆရာက စာရေးဆရာ ထောင်မှူးကြီးကိုး။ တွေ့ရတာ ဝမ်းသာပါတယ်ရှင့်။ ဒါနဲ့ မွေးလူနာက ဆရာ့အမျိုးသမီးလား"

"အာ ... မဟုတ်ဘူး။ ကျွန်တော်တို့က လမ်းမှာကားပျက်ပြီး ဒုက္ခရောက်နေလို့ ဝင်ကူညီတာ။ ကျွန်တော်တို့ချင်း အခုမှ သိကြတာပါ"

"သာဓုပါရှင် ... သာဓုပါ။ ယောက်ျားဖောင်စီး မိန်းမမီးနေဆိုသလို အမျိုးသမီးတွေ မီးဖွားရာမှာ ကျွမ်းကျင်တဲ့ဆရာ ဆရာမနဲ့ ဆေးဝါးမပြည့်စုံရင် အသက်အန္တရာယ် ရှိတတ်ပါတယ်"

ထိုစဉ် မော်မော်နှင့် ဆရာမကလေးတစ်ဦး မွေးကင်းစကလေးကိုအနီးဖြင့် ထုပ်လာပြီး ကျွန်တော်တို့အား ပြသည်။ ကလေးမှာ နီတာရဲကလေးဖြစ်သော်လည်း မဟာနဖူးဖြင့် ဆံပင်ကကောင်းသည်။ ဥပမိရုပ်ကောင်းပြီး ခြေတံလက်တံ ရှည်သည်။

"မော်မော် ... ညည်းအစ်မကော နေကောင်းရဲ့လား"

"ကောင်းတယ် ဆရာ၊ ကျေးဇူးအထူးတင်ပါတယ်။ ဒီမှာ ကျွန်မစာရေးပေးလိုက်တယ်။ အမေတို့၊ အမေတို့ကို ပေးပေးပါ။ ဒီည ကျွန်မတို့အိမ်မှာပဲ တည်းပါဆရာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ … အားလုံးစိတ်ချရရင် ဆရာတို့သွားမယ်။ အရေးကြီးရင် ဖုန်းသာဆက်လိုက်။ ဆရာ့မှာ ဖုန်းပါလာတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

မော်မော်က ကျွန်တော်တို့အား ကားရပ်နားရာဆီအထိ လိုက်ပို့ပါသည်။ ကျွန်တော်တို့ ဖြတ်လမ်းက လာခဲ့သော်လည်း ကျောက်ဆည်သို့ ည(၇)နာရီကျော်ခန့်မှ ရောက်သည်။ ယခင် တက္ကသိုလ်ကျောင်းသား ဘဝကတည်းက ကျောက်ဆည်တွင် (အ)သုံးလုံး လုပ်အားပေးဖူးသဖြင့် ဆူးကုန်းရပ်ကို ကျွန်တော်သိနေသဖြင့် အဆင်ပြေသည်။ မော်မော်တို့ အိမ်ရှေ့ကို ကားရပ်တော့ ယောကျ်ားကလေးတစ်ဦး အိမ်ရှေ့ထွက်၍ ကြိုဆိုသည်။

"ဆရာထောင်မှူးကြီးတို့ … အိမ်ပေါ် ကြွပါခင်ဗျာ။ အဆင်သင့်ပြင်ဆင်ထားပါတယ်။ မမမော်က ဖုန်းဆက်ပြီး အကြောင်းကြားထားလို့ ကျွန်တော် တို့ စောင့်နေကြတာပါ။ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား"

မွန်ရည်သောကလေး၏ ဦးဆောင်ရာနောက်သို့ ကျွန်တော်တို့ လိုက်ရင်း အိမ်ပေါ်ထပ်သို့ တက်ခဲ့ကြပါသည်။ အိမ်ကြီးမှာ ရှေးဟောင်းအိမ်ကြီး။ အောက်ကတိုက်ခံ။ အပေါ်တွင် သစ်ကောင်းဝါးကောင်းများဖြင့် ကျယ်ဝန်းစွာ ဆောက်လုပ်ထားသည်။

အသက်(၆၀)ခန့် လူကြီးတစ်ဦးနှင့် မတိမ်းမယိမ်းအရွယ် အဒေါ်တစ်ဦးအပြင် အပျိုပေါက်မကလေးတစ်ဦးက အသင့်ဆီးကြိုကြရင်း …

"မောင်ရင်တို့ကို ကျေးဇူးတင်လိုက်တာကွယ်။ စာရေးဆရာဆို ဦးတို့အိမ်မှာ ပျော်သလောက်နေစမ်းပါ။ အားနာစရာ မရှိဘူး"

"ဟုတ်ပါတယ်ကွယ် … သမီးဖုန်းဆက်လို့ အားလုံး သိပြီးပါပြီ။ သူတော်ကောင်းတွေနဲ့တွေ့ရတာ အလွန်ဝမ်းသာပါတယ်။ ညစာလည်း အသင့် စီစဉ်ထားပါတယ်။ ခရီးပန်းလာတော့ ရေချိုးကြပါဦး"

"ဟုတ်ကဲ့ပါ … ဦးလေးနဲ့အဒေါ်။ ကျွန်တော်တို့လည်း ကြုံလို့ ကူညီခွင့်ရခဲ့တာ ဝမ်းသာလှပါတယ်"

ကျွန်တော်တို့ ရေမိုးချိုး အဝတ်အစားလဲပြီး ညစာစားကြသည်။ ခရီးပန်းလာ၍ အတော်မြိန်ကြသည်။ စားသောက်ပြီးတော့ လက်ဖက်ရည်နှင့် ရေနွေးကြမ်းဝိုင်းထိုင်ကြရင်း အိမ်ရှင်ဦးလေးက စကားစတော့သည်။





"ဦးက အရင်က တောခေါင်းကြီးပါ။ ပျဉ်းမနားကလေးကျေး တောင်ညိုဘက်မှာ တာဝန်ကျရင်း ပင်စင်ယူခါနီးလထဲမှာ သစ်တော စစ်ရင်းတော ထဲမှာ ကျားကိုက်လုဆဲဆဲ ရသေ့ကြီးတစ်ဦးကို အသက်ကယ်လိုက်ဖူးတယ်။ ကျားကလည်း မာန်ဘယ်လောက်ကြီးသလဲဆိုတော့ သေနတ်နဲ့ပစ်လို့ သေခါနီးတာတောင် ရသေ့ကြီးကို လက်နဲ့ပုတ်သွားသေးတယ်။ အဲဒါကြောင့် ဦးတို့က ရသေ့ကြီးကို စောင်ပုခက်နဲ့ထမ်း။ သစ်တောရုံးရောက်တော့ အသင့်ရှိနေတဲ့ သစ်တိုက်ကားနဲ့ မြို့ဆေးရုံ ပို့ရတာပေါ့။

ရသေ့ကြီး ကျောကဒဏ်ရာက အတော်ပြင်းတာ။ အချိန်မီ ဆေးရုံရောက်လို့ သွေးထွက်လွန်ပြီး မသေတာ။ တစ်လလောက်ကြာကြာ ဆေးရုံမှာ ဆေးဝါးကုသမှုခံရတယ်။ အဲဒါ ဆေးရုံကဆင်းတော့ ဦးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောဒီကြေးနီ မြေပုံလိပ်ကလေးကို ပေးတယ်။ ပျဉ်းမနားနယ်ထဲက ရတနာသိုက်မြေပုံတစ်ခုပဲ။ ဦးလည်း အသက်ကြီးပြီဆိုတော့ မရှာနိုင်တော့ပါဘူး။ အခုမှ တိုက်ဆိုင်ပြီး ထိုက်တန်လို့ ငါ့တူတို့ကို ကျေးဇူးဆပ်တာပါ။ ပင်စင်စားဆိုတော့လည်း တခြားကျေးဇူးဆပ်စရာ ငွေကြေးမရှိဘူးလေ။ ရော့ … ယူပါဆရာ။ စေတနာ သဒ္ဒါစိတ်နဲ့ စွန့်ကြတာပါ။

ကျွန်တော် မင်တက်နေမိသည်။ တပည့်များကလည်း အံ့သြနေကြသည်။ ရတနာမှုဆိုး ကျွန်တော်တို့အဖွဲ့နှင့်မှ တိုက်တိုက်ဆိုင်ဆိုင်၊ နယူတန်၏ နိယာမအတိုင်း သက်ရောက်မှုတိုင်း တန်ပြန်သက်ရောက်မှုလော၊ 'သဒိသံ ပါကံ ဖနေတိ'ဟူသော တန်ပြန်အကျိုးပေးကြောင့်လား။ ခရီးသွားရင်း 'ဆွမ်းခံရင်းငှက်သင့်' ဆိုသော မကောင်းဘက်ကအမြင် စကားပုံမှာ ယခုတော့ ကျွန်တော်တို့အတွက် စေတနာရောင်ပြန်ဟပ်ပြီး အကောင်းဘက်က အကျိုးပေးဖြစ်နေပါတော့သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အဆစ်အမြစ်ကြီးကြီး၊ ရိုးကြီး ဂေါင်ဂင်။ လမ်းသွားလျှင် ဆတ်တောက်ဆတ်တောက်နှင့်။ ခေါင့်သန်းဆွဲနေသည့် နွားအိုကြီးလို သွားတတ်သည်။ မျက်နှာတွင် ပါးရိုးကြီးများ ငေါထွက်နေ၏။

သူ့ဆံပင်သည် နီကြန့်ကြန့် ကြမ်းရှရှ အတင်းရောအဓမ္မ ဆွဲလွဲ၍မှ မညှပ်နိုင်းခဲ့လျှင် အမြဲတစေ ဆံပင်ကဘုတ်သိုက်။ မျက်လုံးအိမ်ကလည်း သူများထက် ပိုကြီးသည်။ သူ့သူငယ်အိမ်က သိသိသာသာ နက်မှောင်တောက်လက်နေတတ်လျက် မျက်လုံးတွင် တစ်ခုခုကို အောင့်အည်းမျိုသိပ်သိုဝှက်ထားရသည့်ဟန် ပေါ်နေစမြဲ။ အသားအရေက နေလောင်ထားသည့် ကြေးညိုရောင်။

သူ့နာမည်ရင်းက ညိုစိမ့်။ အသက် (၄၀)ကျော်၊ (၅၀)နီးပါး ဖြစ်၍ ကိုညိုစိမ့်ဟု ခေါ်မည်ဆို ခေါ်၍ရသည်။ သို့တိုင် ထောင်ထဲမှာ သူ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ရင်းကို တခုတ်တရ သိသိမှတ်မှတ် ခေါ်မည့်သူမရှိ။ 'ရှပ်လက္ခဲ' ဟုပဲ နှုတ်ကျိုးနေကြ၏။ သူကလည်း သိသည်။ သည်တစ်ထောင်လုံး 'ရှပ်လက္ခဲ' ဆိုလျှင် သူတစ်ယောက်တည်း။ သူ့အဖေ၊ အမေပေးထားသည့် ညိုစိမ့်ကို ပင်လျှင် သူဘာသာသူ မေ့ချင်ချင်။

ရှပ်လက္ခဲက ထောင်ကျဆောင် (၂)ဆိုဒ်မှာ ဌာနလက်ကိုင်မရှိ၊ ဝန်ကြီး ဟုဆိုရမည့် တန်းစီးလည်းမဟုတ်၊ ဗာရာလည်းမမည်၊ စည်းကမ်းထိန်းဟု လည်း မဆိုသာသော ထောင်မှူး၏ လက်ကသုံးတောင်ဝှေး၊ ထောက်လှမ်း ရေး ငတိတစ်ဦးဖြစ်သည်။

သူနေသည်ကသာ ထောင်ကျထောင်(၆)ခန်း အပိုင်ဖြစ်သော်ငြား ထောင်ကျ၊ အချုပ်၊ ဆေးရုံ၊ အလုပ်ကြီးဘက်နှင့် စားဖိုကြီး၊ မိန်းဂျေး(လ်)၊ ထောင်ကျရုံ။ အချုပ်ရုံးအနံ့ ဖြတ်သန်းခွင့် လက်မှတ်မလို၊ ချိ(န်) ဘုတ် မကိုင်ရဘဲ ဥဒဟို တရစပ် သွားချင်သလိုသွား၊ လာချင်သလိုလာ သဘောရှိ ကရောဟိ အခွင့်ရနေသူဖြစ်သည်။

တံငါဝိုရသည့် ငါးမြွေထိုးတစ်ကောင်နှယ် ထောင်တစ်ထောင်လုံး ကို ဟိုဝင်သည်ထွက် လျှောခနဲ လျှောခနဲ ကူးကလန်ခတ် ခြေဖွေပေါက်နေ သူလည်းဖြစ်၏။ အခုပဲ မိန်းဂျေး(လ်)မှာ သူ့ကို တွေ့လိုက်သေးသည်။ တော် နေကြာ ဆေးရုံဆောင်၊ ထမင်းဖိုထဲ ရောက်နေပြီ။ ခဏနေ အလုပ်ကြီးဘက် မှာ ဖတ်သီဖတ်သီ ကော့လန်ကော့လန်နှင့် တွေ့ရပြန်သေး။ ဟော ... မကြာခင် မွတ်ဆလင်ဖို၊ ဗိုခေါင်းချက်စု ပဲကုလားဟင်းချက်ရာမှာ ပါတော်မူ နေပြန်ချေပြီ။

ထောင်ဆိုသည်က အလွန်ခက်၏။

လူနှင့်လူချင်း၊ လူကိုလူချင်း၊ လူကလူချင်း အုပ်ချုပ်စီမံရသည့် အလုပ်ပေမို့ ရှပ်လက္ခဲတို့လို ပါလေရာ ငါးပိချက်များကိုလည်း ကိုယ့်လက်ရင်း နေ တပည့်လုပ်ထားပြီး သူ့ကိုလည်း ထိန်းပြီးဖြစ်စေ၊ အခြားသူများကိုလည်း သူ့မျက်စိ သူ့နား အငှားသုံးလျက် ထောက်ထားပြီးဖြစ်စေ၊ 'ယာလည်း ညက် ကြက်လည်းမော' လုပ်ရတတ်သည်မျိုးရှိ၏။ ပြင်ပမြင်လွှင် အရပ် ထဲမှာ ဆေးဖော်ကြောဖက်လုပ်မည့်သူ မရှိတတ်လေသည့် ဘိန်းစားမျိုးက





သော်မှ ထောင်ထဲ၌ ထောင်ပိုင်ကြီး၊ ထောင်ပိုင်ကလေးတို့၏ လက်ရုံးထောင် တွင် ရှားလော့ဟုမ်း ဖြစ်ကောင်းဖြစ်တတ်သေးသည်ကော။

သင်းတို့ကပေမင့်လည်း ထောင်ကြီးစံဖြစ်၍သာ ဖြစ်ခဲ့ရော့။ သူတို့ ဆိုင်ရာပိုင်ရာ အလုပ်များ၌ဖြင့် တစ်ပိုင်စားသဖွယ် ကျွမ်းမှကျွမ်း။ တစ်ခါ တစ်ရံ သင်းတို့ကျွမ်းကျင်ရာ လိမ္မာအလုပ်ကလေးများကို သင့်သလို အသုံးချ ရတတ်သေး၏။

ဥပမာအားဖြင့် တုန်ချိ (ခ) သာခွေယိုင်ဟူသည့် ကျွန်တော့်တပည့် ကျော် ဖောက်ထွင်းဝိဇ္ဇာငနဲဆိုလျှင် အရာရှိ၊ ဝန်ထမ်း ရှိရှိသမျှ အပေါင်း တို့၏ သူတို့အိမ်က သော့ပျက်များကို ပြင်လိုက်ဆင်လိုက်ရသည်များ အားရ နားရ သည်မရှိ။ မြွေပွေးသိန်းမောင်တို့၊ ဖော်ဝိတ်တို့၊ ကြောင်တစ်ရာ ဗိုလ်တို့ လို လက်ဝှေ့သမား၊ ကိုယ်လုံပညာသည်များ ခမျာမှာလည်း ဝန်ထမ်းငယ် များအား အခမဲ့ သင်ဟဲ့ကြားဟဲ့ဖြင့် ဖတ်သီကိုကျပါရော့။ သို့ဖြင့် ...

"ဟေ့ ... ရှပ်လက္ခဲ"

"ခင်ဗျာ ... ဆရာထောင်မှူး"

"ခင်ဗျာ နောက်ထား၊ လူ အရင်လာဦး"

"ဟုတ်ကဲ့ ... တပည့်ကြီးဘာများလုပ်ပေးရမလဲ ... ဆရာ"

"အကြောင်းထူး မရှိပါဘူး ... လူရာ။ ဟိုဟိုဒီဒီ နည်းနည်းပါးပါး စမ်းမြန်းကြည့်ချင်တာကလေး ရှိလို့ပါ။ အားရဲ့မဟုတ်လား"

"အာ ... ဆရာထောင်မှူးကလည်း ကျုပ်မှာ ထွေထွေရာရာ ကြိုးချည်ထားတဲ့အလုပ်မှ မရှိတာဘဲ။ ဒီလိုပဲ လတ်လျားလတ်လျား ဟိုလျှောက်ဒီလျှောက်၊ နားနဲ့နှာခေါင်း၊ မျက်စိတွေဖြင့်ပြီး သွားလာနေရတာ မျိုးပဲဟာ။ ကျုပ်ဆရာ အဓောင်ထောင်မှူးကို သက်ာယနမကောင်းစရာ သတင်း ပလင်းလေးများ ထူးခဲ့ရင် ပြောဖို့။ ဒါပဲ"

"ဒီနေ့အဖို့ရော ပို့လောက်စရာသတင်းများ ရှိရော့သလား"

"ထောင်ပါဆိုမှပဲ ... ဆရာထောင်မှူးရယ်၊ ရေမျောကမ်းတင် အမှိုက်ပုံ ဒိုက်ပုံကြီးတွေချည်း စုနေတဲ့နေရာမှုတ်လား။ ဆင့်အငှာကိုသဲ အနှာလုပ်ပြီး ပြောကြစတမ်းဆိုရင်တော့လည်း သတင်းတွေချည်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျုပ်တို့က နဂိုကတည်းက မျက်စိလျှင်၊ နားပါးတဲ့ ဗီဇက ကျင့်သား ရထားခဲ့ပြီးသား။ ချက်ဆိုတာနဲ့ ဖိုက်တက်ကပ်နေရော။ ဟဲ ... ဟဲ ... ဟဲ ..."

"အဲဒီတော့ ..."

"ကျုပ်ကတော့ ထောင်လုံခြုံရေးကို ထိခိုက်မယ့် သတင်းမျိုး အိမ်ထောင်သားတွေအဖို့ အလကား ပဲတင်းနေရင်းထိုင်ရင်း ကြပ်ကြပ်တည်း တည်း ဖြစ်သွားစေမည့် ဗရုတ်သုတ်ခကိစ္စမျိုးတွေကလွဲရင် အဆောင်မှူးကို ပြောမနေတော့ပါဘူး။

ဆိုပါစို့ ... ဆရာထောင်မှူးရယ်၊ ထောင်ဖောက် ထွက်ပြေးမယ့် သတင်း၊ ဘိန်းဖြူ ဘိန်းမည်း သွင်းတဲ့သတင်း၊ အရက်တို့ အန္တရာယ်ရှိတဲ့ တုတ်၊ ဓား၊ လက်နက်တို့ သွင်းတဲ့စုတဲ့ သတင်းမျိုး။ အဲဒါမျိုးတွေကိုပဲ တိတိ ပပ ကောက်သင်းကောက်ပြီး သတင်းပို့တယ်။ ကျန်တာတွေက အေးရာ အေးကြောင်းပဲ"

ဟုတ်တော့လည်း ဟုတ်သား။

ဆန်စဉ်ရာသာ ကျည်ပွေ့လိုက်သလို ထောင်ကြီးပျော် လူလွန်မသား တစ်တွေ ဉာဏ်ကစားရာတိုင်းကိုသာ လိုက်၍ ပိတ်ဆို့နေရမည်ဆိုလျှင် ထောင်ကျသားတစ်ယောက်၊ ထောင်ကြပ်တစ်ယောက်နှုန်း ခန့်ထားပေးသော် မှ ရနိုင်ဖွယ်မမြင်။ ပြီးလျှင် ကြွက်ပြေးစရာလမ်းကလေး ပေးမထားခဲ့လျှင် လည်း ဆန်အိတ်တစ်ပုံကြီး ကြွက်ဖောက်ခံရခြိမ့်မည် မဟုတ်လား။ ရှပ်လဝ္ဂ တွေးလုံးကလေးက သင်းလွန်းလှပေ၏။

"နေပါဦး ... ကိုယ့်လူရဲ့၊ ကိုရင်က ဘာလူမျိုးတုံး"

"မြန်မာပါ ဆရာ။ ဘာဖြစ်လို့ ..."

"ဪ ... နာမည်က 'ရှပ်လဝ္ဂ' ဆိုတော့ ထူးနေလို့"

"အာ ... ဒါလား။ အဲဒါက ကျုပ်ရဲ့ အလုပ်နဲ့ ပတ်သက်နေတဲ့ အမည်ပါ ... ဆရာထောင်မှူးရဲ့"

"သြ ... ဒီလိုလား"

"ဟုတ်ကဲ့"





"နို့ ... ခင်ဗျားက အရပ်ထဲမှာ ဘာတွေများ လုပ်စားခဲ့တဲ့ လူမို့ တုန်း။ ကျုပ်တော့ ဒီ 'ရှပ်လဝ္ဂ' ဆိုတာကြီးမျိုး မကြားခဲ့ဖူးပေါင်"

"ဆရာထောင်မှူးတို့ ကျွန်တော်တို့နဲ့က နေကြတဲ့နယ်ချင်းမှ မတူ ဘဲဟာကိုး။ ဘယ်ကြားဖူးပမလဲ"

"ဪ ... အင်း ... အင်း ..."

"ဒါနဲ့ စကားမစပ် အလုပ်နဲ့ပတ်သက်တဲ့ ဆရာထောင်မှူးရဲ့ သဘော ထားက ဘယ်လိုရှိမယ်မှန်း ကျုပ်မသိပေတဲ့၊ ကျုပ်သဘောကတော့ဖြင့် ဘာ ကျွမ်းကျင်မှု၊ ဘာအစွမ်းအစမှမပါဘဲ ပိန်းကျလွန်းတဲ့ ခေါက်ရိုးကျိုး အလုပ် များဆိုရင် လွှတ်မုန်းပဲ။ အရာကို မသွင်းချင်ဘူး။ အဲဒါမျိုးတွေက လက်စွမ်း လက်စရှိတဲ့ အလုပ်မျိုးတွေမှ မဟုတ်တာဘဲ။ မှတ်ဘူးလား"

"အင်း ... အင်း ..."

"ဒီလိုရှိတယ် ... ဆရာထောင်မှူးရဲ့၊ ကျုပ်အမြင် ပြောတာနော်။ ဘဝအတွက် အဓိပ္ပာယ် နက်နက်နဲနဲရှိတဲ့ အလုပ်မျိုးဆိုတာဟာ လုပ်တဲ့ ကိုင်တဲ့နေရာမှာ အင်မတီအင်မတန် ခက်ခဲနက်နဲပေ့ဆိုတဲ့ အလုပ်တစ်ခုကို ကောင်းကောင်းကျွမ်းပြီး လုပ်တတ်ကိုင်တတ်ရတာမျိုးခင်ဗျ။ အဲဒါမျိုးမှ အရသာရှိတဲ့ အလုပ်ရယ်"

"အင်း ..."

"ဆရာ ... သဘောတူရဲ့မို့လား"

"တူပါသဗျာ ... ဟုတ်လည်း ဟုတ်တန်သလောက်ဖြင့် ဟုတ်ပါ ရဲ့"

လျှင်မြန်ဖျတ်လတ်သည့် သူ့မျက်လုံးများ၊ နားရွက်အဖျား ခပ် ချွန်ချွန်များနှင့်။ သူ့စကား၊ သူ့ပြောဟန် လေသံတွေက ရှပ်လဝ္ဂကို ပေါ့ပေါ့ လျှော့တွက်၍ဖြင့် မရကြောင်း ပြနေ၏။

"ကဲ ... ကလိုပုံဖြင့် ကျုပ်ဟာ ဘာလုပ်စားတဲ့လူမျိုးလဲဆိုတာကို ဆရာထောင်မှူး ခန့်မှန်းကြည့်စမ်းပါဦး ... တဆိတ်"

"ဗျို ..."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါ ... ဆရာရဲ့၊ ပြောကြည့်စမ်းပါ။ လွဲကာမှ လွဲရောပေါ့။ ဒါလည်း တစ်မျိုးတော့ စိတ်ကစားရတဲ့ ပဟေဠိကလေးတစ်ခုပဲ ... မှတ်လား"

ရုပ်လဝ့်က ရှုံ့အိတ်ကလေးဖြင့် ထည့်ထားသည့် သူ့ဆေးမှုန့်အိတ်ကလေးကို ခါးကြားမှ ထုတ်လိုက်၏။ သုံးလက်မပတ်လည်ခန့် ညီညီညာညာလှီးဖြတ်ထားသည့် သတင်းစာစက္ကူပိုင်းကလေး တစ်ထပ်ကိုလည်း သူ့ပုံစံအင်္ကျီအိတ်ကပ်ထဲက နှိုက်ယူလိုက်သည်။ ပွတ်ချွန်းတစ်လိပ်လိပ်ဖို့ သူ ဟန်ခင်းနေခြင်း။

သူလုပ်နေပုံကို အသာကလေး ငြိမ်ကြည့်နေမိ၏။

သတင်းစာ စက္ကူဖြတ်စကလေး တစ်ပိုင်း၊ ဆေးမှုန့်အနည်းငယ်မျှနှင့် ပွတ်ချွန်းတစ်လိပ်ဖြစ်အောင် လိပ်ရသည်မှာ အတော်လက်ဝင်သည်။ လွယ်လွန်းလှသည်မဟုတ်။ သို့တိုင် ဖျိုးဖျိုးဖျတ်ဖျတ် သူလုပ်နေသည်မှာ လက်ဖျားခါလောက်အောင် မြန်သည်။ ပြီး ... ကျွမ်းလည်း ကျွမ်းလှ၏။ စက္ကန့်အနည်းငယ်အတွင်း ပွတ်ချွန်းတစ်လိပ် လိပ်ပြီးသွားပြီ။ သေသေသပ်သပ် လှလှပပကလေး ပြီးသွားခြင်းဖြစ်၏။

ပွတ်ချွန်းကို ဆတ်ခနဲ နှုတ်ခမ်း၌ တပ်လိုက်လျက် သူ့ပုံစံအင်္ကျီအနားစကို လက်ဖြင့်သပ်ချသည်။ ဘယ်က ဘယ်လိုပေါ်လာသည်မသိ၊ နတ်သမီးတံဆိပ် မီးခြစ်ဖာကလေးတစ်လုံး သူ့လက်ထဲရောက်လာသည်။ မီးခြစ်ဆံ သုံးလေးချောင်းပဲပါ၏။ 'ရှဲ'ခနဲ မီးခြစ်က မီးထတောက်၊ သူ့ပွတ်ချွန်းကိုညှိ၊ ဖျတ်ခနဲ မီးခြစ်ဖာကလေး ပြန်ပျောက်သွား။ အစမှအဆုံး ပိရိသေသပ်မြန်ဆန်လှသည့် ပြကွက်တစ်ခု။

သည်အတောအတွင်း သတိမထားဘဲ မနေနိုင်လောက်အောင် ဖမ်းစားထားသည်များကား သူ့လက်ချောင်းကလေးများဖြစ်၏။ ပုံပန်းကအတော်လှသည်။ ဗီဘီသေးသေးသွယ်သွယ် ရှည်ရှည်ကလေးတွေ။ ခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၊ နာရီပြင်ဆရာများ၊ ဆံပင်မိတ်ကပ် အလှပြင်သူများ၌သာ တွေ့ရတတ်သည့် လက်ချောင်းမျိုးများ၊ သည်လက်ချောင်း





ကလေးတွေသည်သာ သူ့အလုပ်အတွက် အဓိက အခရာသော့ချက် ဖြစ်နေတတ်သည့် အရာမျိုးကလေးတွေဖြစ်သည်။ အင်း ... ကြေနတော့ ...

"ဆရာ့မျက်နှာကိုကြည့်ရတာ ကျုပ်အလုပ်က ဘာအလုပ်မျိုးလဲဆိုတာ သိချင်တဲ့စိတ်တွေ ကလိကလိနဲ့ ရွစိရွစိဖြစ်နေတဲ့ပုံပဲ"

"ဟဲ ... ဟဲ ... ဆိုပါတော့"

"အဲ ... ပြီးတော့ ဆရာ့စိတ်ထဲမှာ ကျုပ်ဟာ အင်မတန် တသီးတသန့်ဆန်တဲ့ ခက်ခက်ခဲခဲလုပ်ငန်းတစ်ခုကို လုပ်နေတဲ့ လူဖြစ်မှာပဲလို့လည်း တွေးနေတယ်။ ဟုတ်တယ်နော်"

"အဲဗျို့ ... အဲဒါလည်း ဟုတ်တယ်"

"ကဲ ... အဲဒါဆို ဘာအလုပ်မျိုး ဖြစ်နိုင်မလဲ"

ရုပ်လဝ့်က ဓားထိုးမှုဖြင့် ထောင်သုံးနှစ်ကျနေသူ။ ထောင်နေသားနှစ်နှစ်နီးပါးရှိနေပြီ။ နောက်ခြောက်လအတွင်း လွတ်တော့မည်၊ သူ့ပြစ်မှုကိုချင့်၍ သူ့အလုပ်ကိုမှန်းကြည့်ဖို့ သိပ်မလွယ်။ ဓားထိုးမှုဟူသည် စိတ်ကြီးစိတ်မြန်သူ စိတ်ခပ်ထက်ထက် လူတိုင်းဖြစ်တတ်ကြသည်မျိုး။

"မျက်လှည့်ဆရာဗျာ ... မျက်လှည့်လက်လှည့် ပြစားတဲ့ အလုပ်မျိုး"

ရမ်းကြိတ်ကြည့်လိုက်သည်။ ရုပ်လဝ့်က ပြုံးပြုံးကြီးလုပ်၍ ..

"မဟုတ်ရပါဘူး ... ကိုယ့်ဆရာရယ်။ မျက်လှည့်ဆရာရယ်လို့ပဲ။ လွဲမှ လွဲတတ်ပလေ"

ချက်ချင်း ခွန်းတုံ့ပြန်လာ၏။

"ပန်းတိမ်ဆရာ ... ဗျာ"

"မဟုတ်သေးဘူး"

"ပန်းပုဆရာ"

"နီး ... နီး ... ဆရာထောင်မှူးက ကျုပ်ကိုအားနာပြီး ချော်ချော်တွေးနေတာကိုးဗျ။ ခုန ပြောခဲ့ပကော။ ဆရာနဲ့ ကျုပ်နဲ့က နေကြတဲ့ လောကချင်း နယ်ချင်း မတူကြပါဘူး ... လို့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ လက်ခနဲ ဖြစ်သွားသည်။ 'ဟုတ်ပြီ ... သေချာပြီ' ကိုယ့်ဘာသာ သေချာချင်သလိုကြီး။

"ကဲ ... ငါ့လူရေ၊ မဟုတ်ကာမှ လွဲချင်လွဲရော့၊ ကိုယ့်လူက ဖဲသမားပဲ။ ဖဲသမားတောင်မှ ဖဲရိုးရိုး။ အပယ်ဂိုက ပါချည်ပါရဲ့ဖဲသမားမျိုး မဟုတ်လောက်ဘူး။ ဖဲဝိဇ္ဇာပဲဖြစ်ရမယ်။ ဟုတ်စ"

"ဟား .... ဟား ... ဟား ... ဖဲလိမ်ရိုက်စားတဲ့လူလို့ တဲ့တိုးပဲ ပြောချလိုက်စမ်းပါ ... ဆရာထောင်မှူးရယ်။ တကတည်း ... ဝေ့နေလိုက်တာ။ အင်း ... နီးစပ်သလိုလိုတော့ ရှိချင်ပါရဲ့။ ဟုတ်တော့ မဟုတ်သေးဘူး"

"ကဲ ... ပန်းပေးပြီဗျာ၊ ပြောတော့။ အာရုံစားတယ်"

"ဒီလို ... ဆရာရဲ့။ ကျုပ်လုပ်သလိုမျိုး လုပ်တတ်အောင်ဟာ လူတိုင်းကို သင်ပေးလို့ရတတ်တာမျိုး မဟုတ်ဘူးရယ်။ တစ်ထောင် တစ်ယောက် တစ်သောင်းတစ်ယောက် ခပ်ခက်ခက်ပါ။ ဘယ်လိုပြောမလဲ၊ 'ပါရမီ' ပြောမလား။ 'ဇ'လို့ပဲ ပြောရမလား။ အဲ ... အဲသလိုမျိုး 'အခံ' ကလေး ရှိထားမှ ဖြစ်တဲ့အလုပ်မျိုး"

"အကျိုးနည်းလူရယ် ညွှန်းလုချည်ကလား။ ကဲ ... ကဲ ... ပြောတော်မူပါတော့"

"ဟဲ ... ဟဲ ... ဟဲ ... ဂျင်သမားပါ ဆရာရယ်။ ဂျင်သမားပါတဲ့"

"ဘယ်လို ..."

"ဟုတ်တယ်လေ ... ဆရာရဲ့။ ဂျင်သမားလောကမှာ ဂျင်ဒိုင်ရယ်၊ ဂျင်ကိုင်ရယ်၊ အလံရှူးရယ်၊ ရှပ်လဂွဲရယ် ဆိုပြီး လေးပွင့်တစ်ခိုင် ရှိရတတ်တဲ့အထဲက အဓိက 'ကီးပလေယာ' ဖြစ်တဲ့ 'ရှပ်လဂွဲသမား' လေ ... ဆရာရဲ့"

✿ ✿ ✿

[ ၂ ]

❑

ဒီလောက လူ့ရွာမယ် လောဘနဲ့မှုားခေါ်ရင် လူတိုင်း လွယ်လွယ်နဲ့ ပါလာတတ်ကြစမြဲကိုး ... ဆရာရဲ့။ အံမယ် ... အပြောမကြီးလိုက်နဲ့ ကိုယ့်ဆရာ။ ဘုရား၊ ရဟန္တာသော်မှ မဟုတ်ခဲ့ရင် ကျုပ်တို့ ပုထုဇနော်များသည်းခြေကြိုက်က တဏှာဟာကို၊ လောဘဟာကို၊ နော ... မှတ်ဖူးလား။

အဲ ... အဲသည်လို တဏှာသမား၊ လောဘအိုးများ မက်လောက်ချင့်စရာ လောင်းကစားနည်းတွေ အများကြီးရှိတဲ့ အထဲကမှ 'ဂျင်' ဆိုတဲ့အမျိုးဟာ ကစားမိခဲ့ပြီဆိုရင် သိပ်စွဲတဲ့ အလောင်းအစားတစ်မျိုးပ။ ထိုးသားလည်း စွဲ၊ ဒိုင်လည်းစွဲ၊ နေ့နေ့ညည ခေါင်းထဲမှာ ဒါတွေပဲထည့်ထားပြီး 'စွဲမှီ ဝပ်မှ မောင်ရယ်' ဖြစ်နေတတ်တဲ့ဟာမျိုး။

ဘာကြောင့်လဲတဲ့။ ကဲ ... ပြော။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကစားလုပ်တဲ့ နည်းမှန်သမျှမှာ ဒိုင်လုပ်သူက ထိုးသားထိုးလေသမျှ ပြန်လျော်တဲ့ထုံးစံ ရှိသလား။ ဝေးစွ ခြောက်ပါ။ ဒိုင်အတွက် စားကွက်စားလက်ချန်ပြီး နုတ်ပြီးမှ ကျန်ငွေကိုသာ အလျော်အစားလုပ်တာ မဟုတ်လား။ 'ကံသက်သက်ပါကွာ' လို့ ပြောတတ်ကြတဲ့ အစိုးရထီကြီးမှာတောင် ရာနှုန်း (၄၀) ကို အခွန်အခဖြတ်ပြီးမှ ကျန်တဲ့ ရာနှုန်း (၆၀) ကို ဆုငွေအဖြစ် ခွဲပေးတာလေ။ မှတ်ဖူးလား။

အဲ ...ဒါပေသိ၊ ကျုပ်တို့ 'ဂျင်' လောင်းကစားကျသည့်လို မဟုတ်ဘူးရယ်။ ၄ ကောင်ဂျင်မှာ ထိုးစရာကြိုက်ကောင် ၄ ကောင်ရှိတယ်။ ကိုယ့်ကြိုက်ကောင်ကို ၁ိ/ ကျပ်ဩထိုးရင် ၃ိ/ကျပ် ပြန်လျော်တာ။ သုံးဆ၊ သုံးဆ။ အင်း ...ဩထိုးတယ်ဆိုတာ ကိုယ့်အကြိုက် ကြိုက်ကောင် တစ်ကောင်တည်းကိုပဲ ပုံအောပြီး ထိုးတာမျိုးပါဆရာ။

အဲ ...ကြိုးတို့၊ လုပ်စီတို့၊ ရံထိုးဖို့၊ ရံဩထိုးတို့လို ဇယားမရှုပ်ဘူး။ ဇတာဘယာ မများဘူး။ တစ်ကောင်တည်းကိုပဲ စုံရေမက်က ပစ်စလက်ခတ် ထိုးချလိုက်တာ။ ကဲ ...ကြက်၊ ဝက်၊ ဖား၊ လျှော (ငါးရှဉ့်) အရုပ်ကလေးရုပ်၊ ဇယားလေးဇယားရှိတဲ့အထဲက တစ်ဇယားကို ၁ိ/ ကျပ်စီပဲ ထိုးကြည့်။ ၃ိ/ ကျပ်ကုန်မယ်နော်။ ဟုတ်ကဲ့လား။

အဲ ...တစ်ကွက်တစ်ဇယားကတော့ဖြင့် ပေါက်ရမယ်လေ။ ဒါ ...ကျိန်းသေပဲ။ နော့ ပေါက်ပါပြီတဲ့၊ ၃ိ/ကျပ်ရမယ်။ ဩထိုးတာကိုး။ ကိုယ့်အရင်းနဲ့ ပြန်ပေါင်းရင် ၄ိ/ ကျပ်၊ ဇယဇယပဲ။ ကိုင်း ...ဘယ့်နှယ်တုံး။ ဒိုင်က ဘာကို သွားစားရမှာတဲ့တုံး။ ဟား ...ဟား ဟား ..အဲသလို အလျော်အစားကောင်းလွန်းလွန်းလို့ ကျုပ်တို့ လောဘသား ဂျင်သမားတွေ သိပ်စွဲကြတာပေါ့။

ဇယားမှာ ဒိုင်စားမရှိဘူး။ ဒါကြောင့် ကံသက်သက်အကစားလို့ ယုံကြသေးတယ်။ ဂျင်နဲ့ပဲ အကျိုးပေး၊ လူမွဲလူတောင်ပြောင်ပြီး ချမ်းသာသွားဖူးတဲ့ လူတွေကလည်း ရှိကြသကိုး ...နော့။

ပြောဦးမယ်။ လေးကောင်ဂျင်ကလေ ကိုယ့်စိတ်ကြိုက် ကစားနိုင်တယ်။ လက်ထဲ ပိုက်ဆံမကုန်အောင်လုပ်ပြီး တစ်နေကုန် ကစားမလား။





ကစားနိုင်ပါရဲ့။ နေ့တွက်စီတယ်ဆိုရုံကလေး ကစားဦးမလား။ ကစားလို့ရတယ်၊ ဒါကြောင့် ဂျင်ကိုစွဲကြတာလည်း တစ်ကြောင်းပါတယ်။

ဒီလိုလေ ...။ ဂျင်မှာက ထိုးသားအဖို့ရာ ထိုးနည်းအမျိုးမျိုးကို ဖွင့်ပေးထားတယ်။ ကိုယ်ရွေးထားတဲ့ ကြိုက်ကောင်နှစ်ကောင်ရဲ့ ကြိုးပေါ် လောင်းကြေးတင်ထိုးရင် အဲဒီနှစ်ကောင်က ဘယ်အကောင် ပေါက်ပေါက် ၁ိ/ ကျပ်ထိုးရင် ၁ိ/ ကျပ်အလျော်ရမယ်။ ဒိုင်က ဆတူလျော်ရတယ်လေ။ အဲဒါကို 'ကြိုး' လို့ခေါ်တာ။ ဒိုင်နဲ့ထိုးသားနဲ့ ကြိုက်ကောင် ၂ ကောင်စီ၊ အခွင့်အရေးက ၅၀၊ ၅၀စီ။ ကိုင်း ... မနိုပ်လား။

ပြီးတော့ ကိုယ့်စိတ်ကြိုက် အကောင် (၂)ကောင်ကိုရွေး၊ စိတ်တိုင်းကျတဲ့ အကောင်မှာပုံ၊ နောက်တစ်ကောင်ကို ရံထိုး။ ကိုယ့်ရဲ့ 'ဂယ်ပေါက်' အသက်ရှုပေါက်ပမာပလေ။ အဲဒါမျိုးကျ 'ရံထိုး'တဲ့။ 'ပြောင်ရံ' လို့လည်း ပြောတတ်ကြတယ်။ ဥပမာ ဝက်နဲ့ ငါးရှဉ့်ထိုးတယ် ဆိုပါစို့။ ငါးရှဉ့်က ရံကောင်။ ငါးရှဉ့်ပေါက်ရင် ပြန်တယ်၊ အလျော်မရဘူး။ ကိုယ့်အရင်းလည်း မစားမခံရဘူး။ ဝက်ပေါက်ရင်တော့ ထိုးကြေးရဲ့ နှစ်ဆလျော်တယ်။ ဟုတ်ပြီနော်။ အဲဒီတော့ ထိုးသားကပဲ အသာစီး ပိုရနေသလိုလိုကြီး စွဲပြီပေါ့။ မစွဲ ခံနိုင်ပါရိုးလား။

ပြီးတော့ ရှိသေး။ 'ရံဩ'တဲ့။ ဒီဝက်နဲ့ငါးရှဉ့်ကိုပဲ ရံဩထိုးလိုက်။ ၁၀ိ/ထိုးတယ်ထား။ ဝက်ပေါက်ခဲ့ရင် ၂၅ိ/ လျော်လိမ့်မယ်။ ငါးရှဉ့်ထွက်လို့ကတော့ ဒိုင်က ၅ိ/စားပြီး ကိုယ့်အရင်းထဲက ၅ိ/ပဲ ကိုယ်ပြန်ရမယ်။ ဒါလည်း တွက်ခြေကိုက်သေးတာပဲ နော့။

နောက် ထိုးနည်းတစ်မျိုးက 'လုပ်စီ' တဲ့။ ၆ ဆ ၄ ဆ ထိုးနည်းပလေ။ ရှင်းအောင်ပြောရရင် ပမာဆိုပါစို့ ...ဆရာတောင်မှူးရယ် ...ကြက်နဲ့ဖားကို ငွေ ၁၀၀ ဒေါင့်ချိုးထားပြီး လုပ်စီထိုးတယ်ဆို ကြပါစို့ရဲ့။ ကြိုးထိုးတာက ၄၀ိ/ ရံထိုးတာက ၆၀ိ/ သဘောပဲ။ သိပ်ပြီးလည်း မရှုံးနိုင်။ သိပ်ပြီးလည်း မနိုင်နိုင်ပေမဲ့ ကိုယ့်ဘက်က တွက်သားကိုက်၊ နည်းနည်း အနိုင် အစီးကလေးလည်းရတဲ့ ထိုးနည်းမျိုးလေ။



www.burmeseclassic.com

www.burmeseclassic.com



ရုံကောင်ပေါက်ရင် ၁၅၀ိ/၊ ကြိုးကောင်ပေါက်ရင် ၄၀ိ/ အလျော်အစားရမယ်။ ကိုယ့်အရင်းကို မထိဘဲ ရမှာနော်။ ဟန်မကျလား။ အဲဒါမျိုးတွေကြောင့် ဂျင်သမားက ဂျင်ကို သားမေ့ မယားမေ့၊ သားပစ် မယားပစ် စွဲကြမက်ကြတာလေ။ တချို့များ ဝိုင်းထဲ ထိုင်ပါပြီဆိုကတည်းက 'လုပ်စီ' ချည်း ခွထိုးပြီး ဝိုင်းသိမ်းတဲ့ ပွဲကျွတ်တဲ့အထိ ဖွဲခတ်သွားကြတဲ့ ငနဲတွေ အပုံကြီးဗျို့ ... ဆရာရေ့။ အဟတ် ... ဟတ် ... ဟတ် ...။

ဒါကြောင့် ပြောတာပေါ့။

'ငှက်များဟာ ပျံရင်းသေ' သတဲ့။ 'လူတွေကလည်း ကြဲရင်းသေ' သတဲ့။ ကျုပ်တို့ ဂျင်သမားများကျပြန်တော့ ဂျင်ဝိုင်းဘေးမှာထိုင်၊ ဂျင်ဖယားကို ကသိဏ်းရှု။ ဂျင်ဒိုင်၊ ဂျင်ကိုင်ရဲ့ မျက်နှာနဲ့ လက်ကစားကိုဖတ်၊ ကြွေပန်းကန်ပြားပေါ်မှာ လည်နေတဲ့ ဂျင်ကလေးရဲ့လည်သံ၊ 'ဂျောက် ... ဂျောက် ... ဂျောက်' ဆိုပြီး လဲကျသွားတဲ့ ဂျင်သံကို သညာကြီးကြီး ရှုးရှုး စိုက်စိုက် စိတ်မှတ်နဲ့အာရုံပြု၊ ပေါက်ကောင် ဘာကောင်ဖြစ်နိုင်မလဲလို့ အပြေးအလွှား ဉာဏ်ကစား၊ ဘယ်နည်းဘယ်ပုံ ထိုးရင်ဖြင့် ကိုယ်က အသာစီးရလေမလဲဟဲ့လို့ ဦးနှောက်အလုပ်ပေးရင်း အဲဒီအနားတင် တုံးခနဲ လဲကျသေသွားရင် သေပစီ။ ဖွဲကြီးကြီး အသည်းကြီးကြီးနဲ့ မက်မက်စက်စက် ဖြစ်နေတတ်ကြတာလေ။

ဟုတ်တယ် ... ဟုတ်တယ် ... ဆရာပြောသလိုပဲ။ မျှော်လင့်ချက်တွေနဲ့ပေါ့။ ဟုတ်လိမ့်နိုးနိုး၊ ဖြစ်လိမ့်နိုးနိုး တိတ်တခိုး ကြိတ်ပုန်းစွဲ မျှော်တလင့်လင့်တွေနဲ့ပေါ့။ ကိုယ့်မျက်စိရှေ့က တွေ့နေမြင်နေရတဲ့ ငွေစက္ကူအဖွေးသား တစ်ထပ်ကြီး တစ်ပုံကြီးတွေကိုပဲ ငါ့ဟာ၊ ငါ့ဥစ္စာ ဖြစ်ရှောဟဲ့လို့ တဏှာငမ်းဖမ်းရင်း လောဘနောက် ကောက်ကောက်ပါနေကြတော့တာ။ မျက်စိထဲ ဘာကိုမှ မမြင်တော့ဘူး။ အတွေးထဲမှာလည်း ဘယ်သူ့အတွက်မျှ ထည့်မစဉ်းစားချင်တော့ဘူး။ ငါ ... ငါ ... ငါ ငါတွေချည်းပဲ၊ ငါလုံးကြီးခိုက်နေတော့တာလေ။

အင်း ... ဆရာပြောသလိုပါပဲ။





ကိုယ်တွက်တဲ့ဖယားချည်း အမြဲမှန်နေလိမ့်မယ်။ ကိုယ်ထိုးတဲ့ ပေါက်ကောင်ချည်း ထွက်နေလိမ့်မယ်။ အချိတိုင်း ကိုယ်ပဲ နိုင်နေလိမ့်မယ် ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် သာသာထိုးထိုးကလေး မြှင့်တွေးရင်း၊ ကိုယ့်ဘဝ ကိုယ့်အချိန်တွေကို ပေယျာလကန်ဖွဲ့ခြွေပစ်ရင်း ကျေနပ်နေကြတော့တာဟာ ကို။

အဲဒါ ... ဂျင်လောကရဲ့ အထာပဲ။

ဂျင်သမားရဲ့ သဘာဝပဲ။

သူ့သဘောသူဆောင်ပြီး ဖြစ်ချင်ရာရာ ဖြစ်နေတတ်တဲ့ ဒီဘဝ ယာကြီးထဲမှာ ငါစိုးငါပိုင် အတွေးတွေနဲ့ အတ္တနယ်ချဲ့ရင်း ငါသံသရာ လည်နေကြတာကြီးနဲ့ ဘာထူးလို့တုန်း။ လောကရဲ့ ဂျင်ပွဲထဲမှာ ကိုယ့်ကြိုက် ကောင်ကိုယ်ပုံသြ၊ ကိုယ့်ဖယားကိုယ်ခင်းပြီး မျှော်လင့်ခိုးနဲ့ မြူးနေကြတာ ပါတကာ။

✿ ✿ ✿

## [၃]

❏

မထင်လိုက်နဲ့ ... ဆရာရေ့။ မထင်လိုက်နဲ့။

လောကကြီးဟာ အဲသလောက် မရိုးရှင်းဘူး။ အဲဒီလောက် ကြည့် မဖြောင့်တန်းဘူး။ ကျုပ်ဆရာ 'လက်ပွားအောင်သန်းကြီး' ပြောဖူး လို့ပြောရရင် လောင်းကစားနည်းမျှသမျှဟာ ကံနဲ့ကစားတာ မရှိဘူး။ ကိုယ့်နဲ့ ကစားကြတာချည်းပဲ။ ကံသမားက ပတ်စာခွာ ဖျာသိမ်းစာရင်းချုပ် ရှု။ ဉာဏ်သမားက ဝိုင်းကျွတ်တဲ့အခါ သနပ်ခါးလိမ်း၊ ပန်းပန်ပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



သာတတ်စမြဲပဲ။ အပျော်ကစားတာ၊ ကံနဲ့ လောင်းကြေးထပ်ကြည့်တာမျိုး မရှိပါဘူး။ သူသူငါငါ နိုင်ချင်လို့ ဝင်ပွဲကြမ်းကြတဲ့ လောဘအလုပ် သက်သက်ချည်းပါ။ ကံတိုက်မရှိ၊ ဉာဏ်တိုက်ချည်းပါပဲ။

ပြောမလေ၊ ပြောရမှာပေါ့။

ဇယားမှာ ဒိုင်စားမရှိဘူး။ မှန်ပ။ ကိုင်း ... နို့မို့ဖြင့်၊ နိုင်ချင်လို့မှ ငွေပင်ငွေရင်း အကြီးကြီးနဲ့ ဒိုင်ဝင်လုပ်တဲ့သူက ဘာကိုမက်ပြီး ဘယ်သင် ကို စားရမှာတဲ့တုံး။ မက်လောက်ချင့်စရာ စားကွက်တော့ဖြင့် ရှိရမှာပေါ့ မှတ်ဘူးလား။

ရှိပခင်ဗျာ ... အကောက်ကိုစားတာပေါ့။

ထိုးသားက ထိုးထားတဲ့ငွေ ၁/မှာ ၁ ပဲနှုန်း အကောက်စားတယ် လေ။ ဒါဟာ မန္တလေးနှုန်း။ မန္တလေးမှာ ၄ ကောင်ဂျင် အကောက်ကို ၁၀ လီမှ ၁ ကျပ်ပြား ၁၀၀ မသုံးသေးဘူး။ ရှေးထုံးအတိုင်း ရှစ် မူး၊ ၁ ကျပ်မှာ ၆၄ ပြားစနစ်ကိုပဲ သုံးနေတုန်းပဲ။ ငွေ ၁၀၀/ အတွက် အကောက် ၆°/ ၄ ပဲ အကောက်တင်။ အဲ ... ရန်ကုန်ဘက်ကျ ငွေ ၁၀၀/ မှာ ၁၅/ အကောက်စားတယ်။ ဒီအကောက်ကို ဂျင်ဒိုင်က သိမ်းတယ်။

ဂျင်ဝိုင်းလုပ်ဖို့ လက်သင့်ခံတဲ့ အိမ်ရှင်ကိုလည်း အကောက်ခွဲပေးရသေးတာမှန်ပေမဲ့ ဂျင်ဒိုင်ကပဲ ပိုပိုသာသာယူကြတာက များပါတယ်။ ထိုးသားက ဇယားကို စီးရသကောလို့ ယုံယုံရဲရဲနဲ့ သဲကြီးမဲကြီး ဖိထိုးလေလေ၊ ဇယားကို မစီးရပေတဲ့လို့ အကောက်ကိုစီးထားတဲ့ ဒိုင်သမားအဖို့က တော့ ဖိုးကျိုင်းတုတ်ပခင်ဗျာ။ သူ့အဖို့ အရှုံးမှ မရှိတာကိုး။ ဇယားပေါ်မှာ ငွေပုံကြီးဖွေးနေလေလေ ဂျင်ဒိုင်အဖို့ရာ အဲဒီငွေပုံကြီး ရဲ့ ၁၀ ဖို့ ၁ ဖို့၊ ၁၀ ပုံ ၁ ခိုင်ဟာ သပိတ်ဝင်အိတ်ဝင် ငွေပင်ပေါက်နေ လေလေပေါ့ ... သရေ ထောင်မှုူးရဲ့။

ပြီးတော့၊ ဂျင်ကစားတဲ့နည်းက သိပ်မြန်တာ။ ဂျင်ကို စလှည့်တာကနေ ငွေအလျော်အစား လုပ်ပြီးတဲ့အထိ မြန်ရင် ၂မိနစ်၊ ကြာကြာ ချည့် ၅ မိနစ်ပဲ။ အရှုံးအနိုင် ၁ ပွဲ ပြီးသွားရော။ ဂျင်တစ်ဝိုင်း တစ်ဆက်တည်း ကစားကြစို့ဟေ့ ဆိုခဲ့ရင် ၁ နာရီ ၂ နာရီ၊ ၃ နာရီ ဒီလိုကြာတတ်တာ





ဖိုက်ဆံပါလား။ ဘော်ဇာတွေ၊ ဘောစိတွေချည်းပါတဲ့ ဒိတ်ဒိတ်ကြဲချိန်း ဝိုင်းများဆိုလို့ကတော့ စိတ်တိုင်းကျသာ ဆော်ကြပေရော့။ ၃ နာရီ ဆက်ရှင် ချည်း ကစားလိုက်၊ နားလိုက်၊ စားလိုက်၊ ကစားလိုက်။ အိုး ဘာပြောကောင်း မတုံး။ ထောင်းထောင်းကို ထပါလေရော ...။

အဲသည်တော့ ... တွက်ကြည့်လေ ကျုပ်ဆရာ။

ဂျင်တစ်ပွဲပြီးဖို့ ၅ မိနစ်ကြာတယ်ထား။ ၁ နာရီဝိုင်းဆိုရင် ၁၂ ပွဲပြီး မယ်။ ၃ နာရီဆိုရင် ၃၆ ပွဲလှည့်ရမယ်။ တစ်ပွဲတစ်ပွဲ ဇယားပေါ် ဖွေးခနဲ ထွေးခနဲ ကျလာတဲ့ သိန်းကြီးဂဏန်းငွေနဲ့ ပွဲချိန်နဲ့မြှောက်။ အဲဒီရဲ့ ၁၀ ပုံ ၁ ပုံဟာ ဂျင်ဒိုင်ရဲ့အိတ်ထဲကို နွားသေကြိုးတုပ် လိုမ့်ဝင်ထားပြီးသားလေ။ နည်းရော့မလား။

ကြေးကလေး နှစ်ပဲခြောက်ပြားနဲ့ ဘိန်းစားတို့၊ အရက်သမား များတို့ ခေါ်ရာနောက်ကို အလုပ်ဖြစ်ပြီးရော မျက်စိမှိတ် လိုက်ခံကြရတဲ့ အပျော်မယ်များ ပျစ်ပျစ်ချွဲချွဲ ညည်းညူတတ်ကြသလို 'အချိန်လည်း ကြာသေး၊ လူလည်း နာသေး' ကိန်းကို ထိုးသားတွေခမျာ ဒုတ်ဒုတ်ထိ ထိုက်ကရော့ပဲ။ ကျုပ်တို့ မောင်မင်းကြီးသား ဂျင်ဒိုင်ကတော့ဖြင့် လျော်လိုက် စားလိုက်၊ စားလိုက်လျော်လိုက် ဝဲလည်ခတ်ရင်းကကို အကောက်အစား တွေနဲ့ တိန်တိန်မြည်နေတာပေါ့။

ဒါပဲလား ... ဟုတ်စ။

အဟုတ် ... ဟုတ် ... ဟုတ်။ ရိုးလိုက်ပ ... ကျုပ်ဆရာရယ်။ ဒီတွေးက တယ်စင်းကိုး။ ခုနက ကျုပ်ပြောခဲ့ပကော၊ လောင်းကစားအလုပ် မှာ ကံမရှိဘူး။ ဉာဏ်ချည်းပဲဆိုတာလေ။ အဲ ... အဲသလိုပေါ့။ နိုင်ချင်လို့မှ ဒိုင်ကိုင်တဲ့ဟာ။ ဒိုင်ရဲ့ကစားကွက်တွေ လုပ်ချက်တွေများမှများ။ တချို့ ဟာက ထင်သာမြင်သာ ပေါ်ပေါ်ထင်ထင် စည်းနဲ့ကမ်းနဲ့ ကလနားနဲ့ သတ် မှတ်မှတ်မှတ်။ တချို့ကျ ကွက်ပျောက်။ အင်း ... ဟုတ်တယ် ... ဟုတ် တယ်။ အကောက်စားတာက ထိုးသားနဲ့ဒိုင် နှစ်ဦးနှစ်ဝ-သဘောမျှထားကြ သား။



www.burmeseclassic.com

www.burmeseclassic.com



ထိုးသားအတွက် 'ဩ၊ ကြိုး၊ ရှဲဩ၊ လုပ်စီ' စသဖြင့် ကြိုက်သလ ဉာဏ်ကစားပြီး ဖယားချဖို့အတွက် လမ်းဖွင့်ပေးထားသလို သင်းတို့ ထိုးသာ တွေ ဘယ်လောက် ဉာဏ်လျင်ဉာဏ်ပါးပြီး သွက်ချာပါတောလည်းအော ဖယားခင်းခင်း၊ တာပေါ်ရေလှို့ မရလေအောင်ဟာ ဒိုင်က အကောက်စား ဖမ်းချုပ်ထားလိုက်တာလေ။ ကြိုက်ကောင် ၄ ကောင်ထဲက ဘယ်ကော ပျောက်လို့ ဘယ်ကောင်ပဲပေါ်ပေါ် အကောက်ပုံကို ဖင်ခုထိုင်ပြီး ထိုးသာ အချင်းချင်းပဲ ခေါင်းတည်ပေးထားလိုက်တော့တာ။ အချိန်တန်တော့ ရွှေ က ရွှေဘာပဲ။ ကျော်ဟိန်းက ကျော်ဟိန်းပဲ။ 'ပန်းပန်လျှက်ပါ' လုပ်နိုင်တ က ဂျင်ဒိုင်ပဲလေ။ ဟုတ်တယ်ဟုတ်။

နို့ပေတဲ့ ... လောဘသားက အဲဒီအကောက်ကလေးစား လောက်နဲ့ ရပ်တန်းက ရပ်မသွားဘူးခင်ဗျ။ ထိုးသားတွေရဲ့အပေါ် ခေါင်း ပေါ် ထိပ်ကွက်၊ နားရွက် တံတွေးဆွတ်နိုင်ဖို့ ဉာဏ်ကူဉာဏ်ကွန့်ပြီး ကွ ဆန်းတွေ ထွင်တတ်ရသေးတာ။

အဲ ... အဲဒီအခန်းကျတော့မှ ကျုပ်တို့ 'ဂျင်ကိုင်၊ ရုပ်လ အလံရှူး' ဆိုတဲ့ ပညာသည်တွေက မှင်နဲ့မောင်းနဲ့အပီ ကပြအသုံးတော ကြရတာလေ။ ကျုပ်တို့ ပညာသည်အုပ်က ကျွမ်းရင်ကျွမ်းသလော စွမ်းရင်စွမ်းသလောက် ဂျင်ဒိုင်အဖို့ ရွှေတောင်ကြီး ပေါက်တော့တာပဲ။ ဟဲ ... ဟဲ ...။

ပြောမလေ ... ဆရာရဲ့။ ဒီလို ... ဒီလို ...။

များသောအားဖြင့် ဂျင်ဒိုင်တွေက ကိုယ်တိုင်ပဲ ဂျင်ကိုကိုင်ပြီး လှ တတ်ကြတယ်။ ကိုယ့်လောက်နီးနီး နှစ်ကိုယ့်တစ်စိတ်မဟုတ်ဘဲ ကိုယ် ကိုယ်ဟာတောင်မှ လက်လွှဲပေးပြီး မခိုင်းတတ်ကြဘူး။ နော့ ... သ အခရာကိုး။ 'ကြွေတစ်လက်ကြက်တစ်ခုန်' ဆိုသလိုပဲ အရှုံးအနိုင်ကို အ အဖြေပေးမှာက ဂျင်ပေါ်မှာပေါ်နေတဲ့ ပေါက်ကောင်အရုပ်ကိုး။ ကိုယ်ပေါ် ချင်တဲ့အကောင်၊ ဖယားအရ ကိုယ့်ဖို့တွက်ကိန်းသာတဲ့အကောင်ကို အောင် လှည့်နိုင်ဖို့ လှည့်တတ်ဖို့က အဓိက အသက်ပေကိုး။

ပြောဦးမယ်။





ဂျင်ကို လှည့်တဲ့နည်းက သုံးနည်းရှိတယ်။ အပျော့လှည့်၊ အပြင်း လှည့်၊ ပုံမှန်လှည့်တဲ့။ ဖယားပေါ်မှာ ခင်းထားတဲ့ လောင်းကြေးပမာဏ၊ ထိုး ဖယား၊ အလျော်အစားလုပ်ရမဲ့ အခြေအနေတွေကို ဖျတ်ခနဲ စိတ်တွက်တွက် ပြီး ဘယ်အကောင်ပေါက်ရင် ကိုယ်တွက်ကျန်မလဲ ဒိုင်စားရမလဲ ဆုံးဖြတ်။ ကိုယ်ပေါ်စေချင်တဲ့ ပေါက်ကောင်ပေါ်အောင် ဘယ်လိုလှည့်ရမလဲစဉ်းစား။ ကိုယ့်ကျွမ်းကျင်မှုပညာနဲ့ သမ္မာကိုသုံးပြီး လှည့်ရတာမျိုး။

ဂျင်ကလေးကို ကြွေပန်းကန်ပေါ်မှာ အကြာကြီး လည်မနေစေဘဲ ခပ်မြန်မြန်လှည့်၊ ခပ်မြန်မြန်လဲသွားစေတဲ့ လှည့်နည်းကို အပျော့လှည့်တဲ့။ ကနဦးဝိုင်းကြီးစတည်ကြလို့ ဒိုင်နဲ့ထိုးသား ဉာဏ်ရည်ချင်း၊ သမ္မာချင်း၊ ထိုး လက်ချင်း၊ အထာချင်း၊ ဝလေ့ချင်း၊ အကြောင်းမသိကြသေးခင် တစ်ယောက် နဲ့တစ်ယောက် အကဲစမ်းနေတဲ့ အခါမျိုးနဲ့၊ ထိုသားတွေ အရှုံးကြီးရှုံးလို့ သဲကြီးမဲကြီး ဖွဲကြီးပြီး အမှန်အမှား မခွဲခြားနိုင်တော့ဘဲ ရှုံးမဲမဲလို့ ဖွတ် တင်းနေကြတဲ့အချိန်မျိုးမှာ ဒိုင်က အပျော့လှည့်နဲ့ ငွေချူယူရတာပဲ ... ဆရာရဲ့။

မနှေးလည်း မနှေး၊ မမြန်လည်း မမြန်၊ ၁ မိနစ်နီးပါး ကြာအောင် ဂျင်ကလေးကို လည်စေတဲ့နည်းက ပုံမှန်လှည့်။ အဲ ... ပုံမှန်လှည့် ဆိုတဲ့ အတိုင်း ထိုးသားမပြေးလေရအောင်၊ ထိုးသားပျော်အောင် ဝိုင်းကိုထိန်းရင်း အလျော်အစား ဖယားအရလည်း ဒိုင်မကွဲအောင်ဟာ ပညာသားပါပါ လှည့်ရ တဲ့နည်းပါ။ ပုံမှန်လှည့်နည်းကို သိပ်ကျွမ်း၊ သိပ်စွမ်းတဲ့ ဂျင်ဒိုင်၊ ဂျင်ကိုင်များ ဟာ ကိုယ့်ထိုးသားများက ရှုံးနေမှန်းသိသိကြီးနဲ့ကို တစ်လှည့်ဩကွက်မိနိုး နောက်တစ်လှည့်ပဲ ဩကွက်ပေါက်နိုးနဲ့မျှော်ပြီး စိန်ခေါ်သွားရင်း အမှည့်ခြွေ ခြွေနေလိုက်တာများ ဆက်ရှင်တစ်ချပြီးတစ်ခုသာ ပြောင်းရော့၊ ထိုးသား တရှန်းရှန်းနဲ့ လောဘလေး ကင်းပြရင်းနေနိုင်ကြသလေ။ အင်း ... စာရင်း ချုပ်လိုက်လို့ ဝိုင်းသိမ်းတဲ့အခါကျတော့လည်း ဒိုင်ပဲစားတာပါပဲ။

အဲ ... အပြင်းလှည့်ကျတော့ ဂျင်ကလေးက အကြာကြီး မှတ်နေ အောင် လည်နေရမယ်။ မလဲခင် ဝဲနေလိုက်တာမှ တမေ့တမော၊ အဲသလို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ရိသဲ့သဲ့ကလိနေရင်း ဝဲနေရင်းကမှ တစ်မိနစ်စွန်းစွန်း ကြာအောင် လည်စေတဲ့နည်း။

လက်ထဲက ငွေထုပ်ပါးသွားတဲ့၊ ပြန်စရိတ်လောက်ပဲ ကပ်သီးကပ်သပ်ကျန်တော့တဲ့ လက်သေးထိုးသားကလေးတွေ လက်လန်သွားကြပြီ၊ နောက်ဆုတ်သွားကြပြီ၊ သူများထိုးတဲ့နောက်မှာ ခပ်ယို့ယို့ကလေး ထိုင်ပြီး ဂျင်မီးလုံ့ရုံ၊ ဟိုပွတ်ဒီပွတ် ပွတ်ရုံလေးပဲ လုပ်နိုင်တော့တဲ့အချိန်၊ တကယ့် လူဇော်လူစွာ ကျားကြီးလက်ကြီးသမားတွေက ဒိုင်နဲ့သူတင်ကိုယ်တင် ဉာဏ်ချင်း၊ ပညာချင်း၊ သမ္မာချင်း။ ယှဉ်ကြတော့မယ့် အချိန်မျိုးမှာမှ ဂျင်ဒိုင်က ဒီလှည့်နည်းကို ထုတ်သုံးတော့တာ။

အဲ ... သူ့လက်ရင်းက ငွေပုံကြီးကိုလည်း ပီနံအိတ်တွေနဲ့ ထုပ်ထက်သိမ်းပြီး ကျောပူဝမ်းအေး အေးရာအေးကြောင်း ဖယားကျနေပြီဆိုမှလည်း ဂျင်ကိုင်ရဲ့ပညာခန်းကို အကုန်ပြစားတော့တာကိုး။ ဂျင်ဒိုင်ရော ထိုးသားရော ဂျင်သက်ကြေကြေသလောက်၊ ဂျင်အထာကျွမ်း ကျွမ်းသလောက် လက်ကုန်ထုတ်ပြီး ဉာဏ်ကစားကြပေရော့။ သာတဲ့လူ စားစတမ်းပဲ။

ဘယ် ... ဆရာကလည်း စကားအဖြစ်သာပြောရတာ။ ဂျင်ကိုလက်ထဲကိုင်ပြီး အပ်ကျမတ်ကျ လှည့်ခွင့်ရတဲ့ ဂျင်ဒိုင်ကပဲ သာတာပေါ့။ သူများ လှည့်ထားတဲ့ဂျင်ကို သူ့ရဲ့လည်နေတဲ့အသံ ဝဲနေတဲ့ပတ်ရေ၊ ကြေပန်းကန် မျက်နှာပြင်ပေါ်ကျပြီး ခါသွားတဲ့အနေအထား။ နောက်ဆုံး ပိတ်ပိတ်သား ကျသွားရပ်သွားတဲ့ အသံအနေအထား၊ အရင့်အရင် အလှည့်တွေတုန်းက အနီအနက်ပေါ်ခဲ့ဖူးတဲ့ ပင်ကျော်ပင်ကျ ဒါတွေကို ကိုယ့်စိတ်ထဲမှာ ပေသီးခေါက်ပြီးမှ စိတ်တွက်တွက်ယူရတဲ့ ထိုးသားက မှန်နိုင်ဖို့ဆိုတာဟာ ခဲယဉ်းသားပဲ၊ အကျဲသားပဲ။ သိပ်ထက်တဲ့ သိပ်လျင်တဲ့ လက်သမကျော် တစ်ချို့စားတွေလည်း ရှိကောင်းရှိတတ်ပါရဲ့။

ဒါပေတဲ့ သူ့ထက်ပါးတဲ့ ဂျင်ဒိုင်က ကျေနပ်လောက်အောင် ရှုံးလောက်အောင်ပေး။ ကျွေးပြီး ပိုင်းဝင်မခံဘဲ လက်ရှောင်ခိုင်းထားလိုက်တော့တာလေ။ အဲတော့ ... ပိုင်းထဲမှာက ဂျင်ဒိုင်၊ ဂျင်ကိုင်ကို မကျော်နိုင်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနဲ့ မနှုးမနပ် တုတ်ကောက်ကောက်တွေ





ရှိရစ်တော့တာ။ ငွေပေါရင် ဘာမဆိုဖြစ်သဟာလို့ စိတ်ကြီးဝင်နေတတ်တဲ့ ငွေဖြစ်လွယ်၊ ချောင်ချောင်ရ၊ များများဝင် ပိုက်ဆံဝါလား ငနဲကြီးတွေ၊ ဖားကြီးတွေပဲ ကျန်ရစ်တော့တာ၊ ရိုက်စားပေါ့။ ကျုပ်တို့လောကမှာ ပြောလေ့ရှိသလို 'ရိုက်စားကောက် ထည့်တွေချည်းပေါ့'။

အောင်မယ် ... အောင်မယ် အဲသလောက် လွယ်သလားတဲ့။ ဟုတ်စ ... ကျုပ်ဆရာ။ ကျုပ် ပြောခဲ့ပြီးပကော။ ကျုပ်တို့ ဂျင်ဝိုင်းတွေမှာ မင်းသားကြီးနေရာက က,နေကြတဲ့ ဂျင်ကိုင်တို့၊ ရှုပ်လဂွဲတို့ဆိုတာမျိုးဟာ တော်ရုံပါရမီနဲ့ ဖြစ်တာမျိုးမဟုတ်ဘူး။ တစ်ထောင်တစ်ယောက် တစ်သောင်းတစ်ယောက် ထွက်ခဲသား။

ကျုပ်ကို ဂျင်ပညာ ကန့်ကူလက်လှည့် သင်ပေးခဲ့တဲ့ လက်ပွားအောင်သန်းကြီးဆိုရင် ကျုပ်တို့လောကမှာ 'ရွှေ' တစ်လုံးတပ်ပြီး 'ရွှေအောင်သန်း' လို့ကို ဘွဲ့ချည်ဂုဏ်တင်ထားကြရတာရယ်နော့။ ကိုယ့်လူက ငွေအရင်းမစိုက်၊ လက်ကလေးပဲစိုက်ပြီး တစ်ဆက်ရှင်လှည့်ကြေး ဘယ်လောက်ဆိုပြီး ပိုးခနဲပက်ခနဲ စွတ်စက်တောင်းတတ်တာတောင် သူတောင်းတဲ့အတိုင်း သဒ္ဒါကြေး ပေးကြရပြီး လက်မလည်အောင် ချိန်းရက်ပြည့်နေတတ်တဲ့ လူမျိုးကလား။

သူကလည်း သူမို့ သူ့ရဲ့ ရှုပ်လဂွဲနဲ့ သူ အတွဲညီမိပြီဆိုလို့ကတော့ ဝက်ဆိုဝက်၊ ကြက်ဆိုကြက်၊ အနီဆိုအနီ၊ အနက်ဆိုအနက် တစ်ချက်မလွဲထွက်အောင် ပစ်နိုင် လှည့်နိုင်တဲ့လူခင်ဗျ။ အာဂမောင်ရယ်။ သူ့အမေမွေးကတည်းက ဂျင်ကလေးတွေ ဆုပ်ပြီးများ မွေးလာလေသလား အောက်မေ့ရပါရဲ့။ တကယ် ... တကယ် ...။

ဩော် ... ၄ ကောင်ဂျင်ဆိုတာ ဆင်စွယ်လေးထောင့် စတုရန်းတုံးကလေးကို ထိပ်နှစ်ဖက်ကဖောက်ပြီး၊ သစ်သားရိုး အညှာလေးတပ်ထားတဲ့ မျှည်းကလေးပါ ... ဆရာရယ်။ လေးဖက်မျက်နှာမှာ ဝက် (အနက်)၊ ကြက် (အနီ)၊ ဖား(အနက်)၊ ငါးရှဉ့် (အနီ)ရယ်လို့ အရုပ်ကလေးတွေကို ပက်သဲဖောင်းကလေးနဲ့ရေး၊ ဆေးအနီ၊ အနက်ခြယ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်တစ်မျက်နှာရဲ့အကျယ်က အထက်အောက် ၁ လက်မရဲ့ ၃ မတ်ရှိရင် ဟိုဖက်ဒီဖက် မျက်နှာဖွင့်က ၁ လက်မရဲ့ ၅ မူးရှိတယ်။ ဒီဂျင်ကို တယ်သားအနှစ် အညှာတပ်ထားတယ်။ လက်ကိုင်လှည့်မယ့် အပေါ်ဖက်က ၁ လက်မရဲ့ ၃ မတ်ရှည်မယ်ဆိုရင် ဂျင်ရဲ့အောက်ဖက်က အဲဒီ ၃ မတ်ရဲ့ တစ်ဝက်တိတိပဲ ရှိတယ်။ ကိုင်း . . . အဲဒါဟာ မနုဿလူသားတွေ တစ်လှေကြီးကို လောဘမီးလောင်တိုက်သွင်းနေတဲ့ ဂျင်ဆိုတာကလေးပါပဲခင်ဗျား။

ဂျင်ပုံသဏ္ဌာန်ကတော့ အကြိုက်မတူကြဘူး။ လေးဘက်စရွေးကိုက်ညီတဲ့ဂျင်၊ အထက်နဲ့အောက်အညီ လေးထောင့်စက်စက် ပုံတောင်ဂျင်၊ အထက်နည်းနည်းကား၊ အောက်နည်းနည်းရှူးတဲ့ ဖယားယောင်ဂျင် . . . အို တစ်နယ်တစ်မျိုး သူ့အရပ်နဲ့ သူ့ဇာတ်အမျိုးမျိုးပဲ။ ဂျင်ဒိုင်နဲ့ ထိုးသားနှစ်ဖက်နှစ်ဝ သဘောတူကြရင် ဘယ်ဂျင်နဲ့ကစားကစား ဝိုင်းဖြစ်ကရော့ပဲ။ ကျုပ်ဆရာ ရွှေအောင်သန်းကတော့ ဘယ်လိုဂျင်မျိုးနဲ့ပဲ လှည့်ရလှည့်ရ ကြိုက်ကောင်ထွက်အောင်လည်း လှည့်နိုင်တယ်။ အသံမဖောက်ဘဲ နားကြားသီအောင်လည်း လှည့်တတ်သလေ။

ဂျင်များဟာ ဘယ်လောက်လေးဖက်ညီ ကျင်တွယ်ကိုက်လုပ်ထားထား၊ အကြောင်းအမျိုးမျိုးနဲ့ ကြက်နဲ့ငါးရှဉ့် အထွက်များတတ်တဲ့ အနီနွယ်တဲ့ ဂျင်၊ ဝက်နဲ့ဖားပဲ မှန်မှန်ပေါ်နေတဲ့ အနက်နွယ်ဂျင်ဆိုတာမျိုးက ရှိတတ်သေးတယ်။ ဝက်တစ်လှည့်၊ ကြက်တစ်လှည့်၊ ဖားတစ်လှည့်၊ ငါးရှဉ့်တစ်လှည့် တစ်ကောင်စီ လှည့်ပတ်ကျနေတတ်တဲ့ ဂျင်မျိုးကျ 'ပတ်ကြွေ' တဲ့။

အဲ . . . တစ်ကောင်ဆိုမှ တစ်ကောင်တည်း ထပ်ချည်းတလဲလဲ ထပ်ထပ်ကျနေတဲ့ ဂျင်ကျ 'ထပ်ကြွေ' တဲ့။ အနီ၊ အနက်၊ ကပ်ကပ်ပြီး ကြက်ပြီးဝက်၊ ဖားပြီးငါးရှဉ့် အဲသလို ပေါ်တတ်တဲ့ဂျင်ကျ 'ကပ်ကြွေ' တဲ့။ ဂျင်ဒိုင်၊ ဂျင်ကိုင်ဟာ ကိုယ့်လက်ထဲရောက်လာတဲ့ ကိုယ်လှည့်ရတဲ့ ဂျင်ရဲ့ 'ဇ' ကို 'အထာ' ကို အကင်းပါးပါးနဲ့ ထပ်ခနဲ သိတတ်ရတယ်။ မြင်းစီးတဲ့ ဂျော်ကီများဟာ ကိုယ်စီးတဲ့မြင်းကို ကောင်းကောင်းကြီး ဇက်ခွံ့ကြိုးကိုင်ပြီး ပန်းတိုင်ရောက်အောင် စီးတတ်ရသလို ဂျင်တစ်လုံးရဲ့ အထာနဲ့အညှာကို





အကင်းပါးပါးနဲ့ ကိုယ့်ကြိုက်ကောင်၊ ကိုယ့်ဖယားကြေတဲ့အထိ လှည့်တတ်ရတယ်။

ဂျင်တစ်လုံးဟာ ဒိုင်အကြိုက်လည်ပေးပြီး ထိုးသားအတွက် ဖယားမကျစေခဲ့ရင် အဲဒီဂျင်ဟာ 'သလာကောင်း' သတဲ့။ ဂျင်ဒိုင်က အလွန်မြတ်နိုးတယ်။ ကန်တော့ပွဲနဲ့ မီးထွန်းပြီးကို ထားတော့တာ။ တချို့က ငွေဖလားထဲရေထည့်၊ ဂျင်ကို ရေထဲစိမ်ပြီး ပ,သပါတယ်။ သူတို့အိတ်ထဲက မချတော့ဘူး။ ဘယ်လိုလူကိုမှ ပေးမကိုင်တော့ဘူး။ အေး . . . ထိုးသားအကြိုက်လည်ပေးနေရင်တော့ ဒီဂျင်သလာမကောင်းဘူးဆိုပြီး မလှည့်တော့ဘူး။ မသုံးတော့ဘူး။

ဂျင်သမားဟာ ဂျင်ဝိုင်းထဲ မဝင်ခင်ကတည်းက ကိုယ်လှည့်မည့်ဂျင်ကို စေလိုရာစေလို့ရအောင် ဖန်တီးခဲ့ပြီးသား။ ကံကိုပုံပြီးယုံမည့် မောင်မင်းကြီးသားများကို အယုံသွင်းတဲ့သဘော။ ထိုးသားစိတ်ကြိုက် တစ်လှည့်နှစ်လှည့် ကစားပြလိုက်ပေတဲ့၊ ဂျင်ဒိုင်က ပေါက်ကောင်ကို သူ့စိတ်ကြိုက်လှည့်ယူလို့ရအောင် စီစဉ်ထားပြီးသား။

ဂျင်လှည့်တဲ့အခါ အောက်ခံပန်းကန်ပြား ပက်ပက်ကလေးကို ဒီအတိုင်း စားပွဲပေါ်ချထားတတ်တာမဟုတ်ဘူး ဆရာရဲ့။ ပိုကြီးတဲ့ ပန်းကန်ပြားတစ်ချပ်ကိုချ၊ အဲဒီပန်းကန်ပြားပေါ်မှာ ဆန်ကိုခင်း၊ ဆန်ပေါ်မှာမှ ဂျင်လှည့်မည့်ပန်းကန်ပြားကို တင်ပြီးလှည့်တာပါ။ ဒါကြောင့် ဂျင်လုပ်ဖို့ အစကတည်းက ဂျင်ထဲမှာ သံလိုက်ထည့်ပြီး အလုပ်ခိုင်းထားတတ်တယ်။

ဂျင်လှည့်တဲ့ အခံပန်းကန်ပြားအောက်မှာလည်း သံထည်တစ်ခုခုထည့်ထားတယ်။ ဒီတော့ ဂျင်က သံလိုက်ဓာတ်ပါတဲ့ဘက် တစ်ဖက်ထဲကျနေရော။ အဲသလို ထိုးယူတာမျိုး။ အကောင်ပြောင်းသွားအောင် ဒီဂျင်ထဲက သံလိုက်ကို အညှာကကိုင်ပြီး ရွှေ့လို့ရအောင်လည်း လုပ်ထားသေးတော့ ဒီပွဲမှာ ဂျင်ဒိုင်မှမနိုင်ရင် ဘယ်သူနိုင်တော့မတုံး။

ထိုးသားများဆိုတာ ဂျင်ဒိုင်က 'ကျားသနားမှ နွားချမ်းသာရ' ဆိုသလို ဖြစ်မနေပေဘူးလား။ အဲဒါကို မသိဘဲ 'ကံတိုက်ကွ'လို့ သံကုန်အော်ရင်း မွဲပြာကျသွားခဲ့တဲ့လူတွေ ဘယ်နည်းမတုံး . . . ဆရာရဲ့။ ကိုယ်တွေ့ . . . ကိုယ်တွေ့။



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်။ တချို့များကျတော့ ဂျင်သီးကို အပ်ကတည်းက ဆင်စွယ်အသားကို ကန့်လန့်လုပ်ပေးပါလို့ အပ်တတ်သေးတယ်။ တကယ် သမားရိုးကျ ဂျင်တစ်လုံးကို နားမကြားအောင် ကျင်တွယ်ညီအောင် သရေ ကျအောင် လုပ်ဖို့ဆိုတာက ဆင်အစွယ်ရဲ့အလယ်ဗဟို အနှစ်သားကို သူ့ ဆင်စွယ်အဆင်းအတိုင်း အရင်းက အထက်၊ အဖျားက အောက်ထားပြီး လုပ်ကြရတာလေ။ ဆင်စွယ်သားကို ကန့်လန့်လုပ်ရိုး ထုံးစံမရှိဘူး။

ဟော ...ဉာဏ်သမားက ကန့်လန့်လုပ်လိုက်တော့ ထိပ်သား က နှစ်ဖက်၊ ဘားသား (ဘေးသား)က နှစ်ဖက်ဖြစ်နေမယ်။ ဆင်စွယ်မှာ ထိပ်သားက အမာ၊ ဘေးသားက အပျော့မဟုတ်လား။ အဲဒီတော့ ဂျင်ကို လှည့်လိုက်ရင် အသံက နှစ်မျိုးထွက်နေတယ်လေ။ အဲဒါကို သညာထားပြီး ကြိုက်သလို လှည့်စားနေကြတော့တာပေါ့။

အင်း ...ဒါတွေက အကင်းရှိပါသေးတယ် ...ကျုပ်ဆရာရယ်၊ ဂျင်ပညာရဲ့ 'ကကြီးရေက' တွေပဲ ရှိပါသေးတယ်။ ကျုပ်တို့ကိုယ့်ထဲ ကိုယ့် ဟာချင်း၊ ကိုယ့်အတွင်းလူချင်းသာသိကြတဲ့ တကယ့်ပညာခန်းတွေမှ တူးယူ ဖော်ယူလို့ မကုန်မခန်းနိုင်အောင် ရှိတတ်ပါသေးတယ်။ ပြောမဆုံးပေါင် တော သုံးထောင် ဆိုသလိုပ။

အင်း ...အင်း ...ဟုတ်တယ်။

ဂျင်ဆိုတဲ့မျိုးက တစ်ဦးကောင်းတစ်ယောက်ကောင်း ချွန်ပြီး လုပ် စားလို့ရတာမျိုး မဟုတ်ဘူးရယ်။ အုံနဲ့ကျင်းနဲ့ အုပ်တောင့်မှ၊ ထိုးလက်ထိုး သားတွေကို ဂျင်ဒိုင်ရှေ့က ဖယားပေါ်မှာ ချည်ပြီးတုပ်ပြီး မြိန်မြိန်ကြ ပွဲတော်တည်နိုင်ဖို့ အသိုင်းနဲ့အဝိုင်းနဲ့ လုန့်ချီပေးကြရတာ။ ကျုံးသွင်းကြ တာ။ လွယ်တယ်များ မထင်နဲ့။

ပြောမယ် ....ပြောမယ်။

ပြောမှလည်း ကျုပ်တို့လို 'ရှပ်လဂွဲ'များရဲ့ဇာစ်မြစ်က ထင်ပေါ် ပေါ်ရတော့မှာကိုး။ အဟတ် ...ဟတ် ...ဟတ်"

✿ ✿ ✿

[၄]

❑

ပြောခဲ့ပကော။

ဂျင်ဆိုတဲ့အမျိုးဟာ လောဘကို ဆွယ်ယောင်ပြပြီး ဉာဏ်ကို စနစ် တကျလှွာသုံး။ ပါးပါးနပ်နပ်နဲ့ နပ်ချရတတ်တဲ့ ဉာဏ်သက်သက် အားကစား မျိုးပါဆို။

အဲတော့ ...လိမ်ရ၊ ညာရ ပတ်တီးရိုက်ရ ကျောရရုံ ကြံကြရတဲ့ စရိုက်အလုပ်မျိုးတွေရဲ့ ထုံးစံအတိုင်း အအုံနဲ့အကျင်းနဲ့ အသင်းနဲ့ အဖွဲ့ နဲ့ လှုပ်ရှားကြရပြီပေါ့။

ဂျင်ဒိုင်တစ်ယောက်ဟာ ဂျင်တစ်ဝိုင်းကို စီးနိုင်ဖို့ ဂျင်ကိုင်ရယ်၊ အလံရှူးရယ်၊ ရှပ်လဂွဲရယ်၊ ဝေလေလေ အာဝါးသမားတွေရယ်ကို တောင့် တောင့်တင်းတင်း သိုသိုသိပ်သိပ် စုထား၊ လက်သပ်မွေးထားရတာ။ အနိုင် ကို အချိုးကျ ခွဲဝေယူကြစားကြရတာ။ ရှယ်ယာပါတနာတွေပဲ ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . အဲဒီအထဲမှာ ဂျင်ပိုင်းတစ်ပိုင်း စည်ပင်အောင် မနူးမနပ် မလည်မဝယ် 'ဖား'တွေ ပိုင်းထဲဝင်လာအောင် တစ်ခါတရံ အရိုးရင့်ပြီး တောပြောင်းကစားနေတတ်တဲ့ 'ကျား'ကြီးတွေကိုသော်မှ မျက်စိလည် တော မှောက်ပြီး ချောက်ကျအောင် 'ဖန်' ပေးကြရတဲ့ အလံရှူးသမား။ ကိုယ့်လူ သူ့ဘက်သားတွေက သိပ်အခရာကျတာကလား ဆရာရဲ့။

ဂျင်ပိုင်းတစ်ပိုင်းမှာ ပွဲစည်ရင် စည်သလောက်၊ ပွဲကြမ်းရင် ကြမ်း သလောက် ဂျင်ဒိုင်ရဲ့အလံရှူးတွေက များတတ်တာမျိုးရယ်။ အဲ . . . တစ်ခါတစ်ခါ ဆယ့်နှစ်ကြိုးကဝေ ကိုးတောင်ကျားကြီးများနဲ့ ထိပ်တိုက် တွေ့ ရတတ်တဲ့ အခါမျိုးမှာလည်း အဲဒီကျားကြီးမျိုးကို အမဲဖမ်းပြီး တောကစား ကြဖို့ အလံရှူးတွေ တစ်အုပ်တစ်မကြီးနဲ့ ပိုင်းဖြိုကြရတာ။

ဟုတ်တယ်။ အလံရှူးပေတဲ့လို့ အခေါ်အဝေါ်ကသာ သေးသေး နုပ်နုပ်ရယ်။ လွယ်တယ်များ မထင်နဲ့။ လူကဲခတ်တဲ့ပညာမှာ ပထမတန်း ထဲက နံပါတ်ဝမ်းတစ် ဂဏန်းတစ်ဖြစ်ရမဲ့အပြင် အပြောအဆိုကလည်း ပွဲစားရှူးအောင် ရွှန်းရွှန်းဝေနေရတတ်တယ်။ ရုပ်ရှင်မင်းသား ရှုံးလောက် အောင် ပီပြင်ရတယ်။ နှုတ်စလျှာစ ရဲရဲတင်းတင်း အဟန့်ကောင်းကောင်း အခြောက်ကလေး အလုန့်ကလေးနဲ့လည်း ဖိန့်တတ်ကြရသေးတယ်။

အဲ . . . အရေးဟဲ့အကြောင်းဟဲ့ တကယ် ကြုံကြရပြီဆိုခဲ့ပြန်ရင် လည်း 'လက်သီးဆုပ်မလား။ လက်ဝါးဖြန့်မလား။ မင်းလည်း ယောကျ်ား ငါလည်း ယောကျ်ား' ဘီလူးဆိုင်းတီးပြီး ပုဏ္ဏကတိုက်တတ်လား တိုက် တတ်ရရဲ့။ စွယ်စုံပဲ . . . စွယ်စုံပဲ။

ကိုယ့်ဂျင်ပိုင်းထဲကို ပိုင်းဝင်လာတဲ့ ဂျင်သမား၊ အကစားသမား တွေထဲမှာ ငွေမှ လောက်လောက်လားလား ပါခဲ့ရဲ့လား။ အကယ်၍ ... ကုန်ခဲ့ရင် ငွေဖြစ်လွယ်မဲ့ ဆွဲကြိုး၊ လက်စွပ်၊ အဖိုးတန်နာရီ စသည်... ပါသလား။ ပါရင် ဘယ်လောက်ပါသလဲဆိုတာ မျက်ဝန်းတစ်ချက် လျှပ်... ဝေ့ကြည့်လိုက်တာနဲ့တင် သိတတ်ရတယ်။ အဲ . . . သိပါပြီတဲ့။ ဒီလူ... မနူးမနပ် မလည်မဝယ်က 'လူလည်' ပုံဖမ်းထားတဲ့ ပိုက်ဆံဝါလား 'မ...





လား၊ ပါးရည်နပ်ရည်ရှိပြီး နယ်တကာ့နယ်ပွဲတကာပွဲ စုံတကာစေ့အောင် လှည့်ပြီး ဂျင်ကျွန်ခံနေတတ်တဲ့ လူမျိုးလား။

ဟုတ်တယ် . . . ရှိတတ်သေးတယ်။ အဲဒီလိုလူမျိုးက စီးပွားဖြစ် လည်းမဟုတ်၊ ကြီးပွားရာကြီးပွားကြောင်းလည်း မဟုတ်ဘဲ ဂျင်သံကလေး ကြားနေရပြီး ပေါက်ကောင် 'ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲ'ဉာဏ်ကစား နေရရုံနဲ့တင် ဘဝမေ့နေတတ်တဲ့ လူမျိုးတွေ။ အဲ . . . အဲဒီလိုလူမျိုး များများ ပါလို့ကတော့ 'ချေးလိုးလို့ သွေးမထွက်'၊ ပိုင်းပျက်ကရော့။

အဲဒီလို ဖွဲ၊ ဆန်ကွဲတွေကိုလည်း ရွေးသိတတ်ရသေးတယ်။ ပြီး ရင် လူလည်လူပါး ပညာသည်လား၊ မျှားခေါ်ရင် လွယ်လွယ်နဲ့ရနိုင်မဲ့ လူစား မျိုးလား။ ခေါင်းမာသလား။ လောဘကြီးတဲ့သူလား၊ ဒေါသကြီးမဲ့သူလား။ သူ့အိတ်ထဲ ပါလာတဲ့ငွေကို လက်ကုန်နှိုက်ယူနိုင်မဲ့ အပေါက်အလမ်းကို ချက်ခနဲ သိတတ်ရတယ်။ ဒါ ပညာပဲ။ ဒီပညာနဲ့ပဲ ကျုပ်တို့ လုပ်စားနေကြ ရတာ။

အလံရှူးတွေက 'ဖား' ရှာ၊ 'အမဲ' ရှာရတယ်။ ကိုယ့်ပိုင်းထဲ ဝင်လာတဲ့အထိ ထိုးသားတွေကို ဆွယ်လာရတယ်။ ပိုင်းတည်စမှာ ကိုယ့် အလံရှူးတွေနဲ့ပဲ လူစိမ်းဖြစ်တဲ့ 'ဖား'က ဝင်မထိုင်မချင်း မြူယောင်ပြက စားနေကြရတာ။ ရှုံးတစ်ချီ၊ နိုင်တစ်လှည့်၊ စားလိုက်လျော်လိုက်။ ကိုယ့်ထဲ ကိုယ့်ဟာချင်း ကစားနေကြရတာပဲ။ အဲ . . . ဒါပေသိ၊ အလံရှူးထိုးသား တွေက နိုင်နေအောင်၊ နိုင်တဲ့အလှည့်များနေအောင် 'အမဲ' ကို မျက်လှည့် ပြနေကြရတာပ။

'အဆင်ပြေရင် ကံစမ်းကြည့်ဦးမလေ' ဆိုတဲ့ လူများလည်း စိတ် မရဲတရဲ လက်ယားလာပြီး ဝင်လောင်းပါလေရောလား။ အဲဒီမှာ လမိုင်းဝင် အောင်၊ ပိုပြီးလောဘက အားကောင်းလာအောင် ဂျင်ကိုင်က ထိုးသားဘက် ကို နည်းနည်းကလေးညှာပြီး လှည့်လှည့်ပေး၊ ဖွင့်ဖွင့်ပေးနေရတာ။

လောဘမီးကြီးတွေတောက်၊ သဲကြီးမဲကြီးနဲ့ မျက်စိထဲ 'ပိုင်းထဲ က ရှိသမျှငွေ ငါ့ငွေဖြစ်ကရော့ဟဲ့' လို့ တဏှာငမ်း ဖမ်းလာပြီဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဆော်ပြီ။ နှိပ်ပြီ။ အားရပါးရ ရိတ်ပြီ။ ထိုးသားက မခံချင်စိတ်နဲ့ ထပ်လောင်း။ ဒါကိုရိပ်မိတဲ့ဒိုင်က ထိုးကြေးနည်းရင် သူ့ကို အနိုင်ပေး၊ များများ ဩတဲ့ဖယားကို ဗိစား။

အဲ ... အဲသလို 'ဖား'တွေ၊ 'အမဲ' တွေကို အချဉ်ဖောက်ဖို့ရာ အလံရှူးသမားတွေက ဝိုင်းပြီး ဆွယ်ပေး၊ မြှူပေး၊ ကျုံးသွင်းပေးနေကြရတာပဲ။ အလံရှူးကောင်းရင် ကောင်းသလောက် ဝိုင်းကြီးလည်းစည်၊ ထိုးသားတွေကလည်း သူတို့ရှုံးနေတာတောင်၊ ရှုံးမှန်းသိသိကြီးနဲ့ အပြုံးမပျက် အရယ်မပျက် ပျော်နေကြတာပဲ။ အဲဒါ ... အလံရှူးကောင်းလို့။

ကိုင်း ... ဟုတ်ပါပြီ။

ဆရာထောင်မှူး သိချင်နေတဲ့ ကျုပ်တို့ 'ရှပ်လဝ်ွ' ဆိုတာများက ဘာတုန်း။ ဟုတ်လား။

'ရှပ်လဝ်ွ'ဆိုတာ ဒိုင်က ပေါက်ကောင်ကို ဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် ဝိုင်းထဲမှာ ထိုးထားတဲ့ဖယားအတိုင်း ဒိုင်စားရမယ့်ဟာစား၊ လျော်ရမယ့်ဟာလျော်၊ အကောက်ကိုလည်း ချက်ကနဲချက်နဲတွက် ပြီး ယူထားလိုက်တတ်ရတဲ့ ငွေကိုင်ဆရာပါဗျာ။ ဖယားနဲ့ပေါက်ကောင်အတိုင်း အလျော်အစား လုပ်ပေးရတဲ့ ရှယ်ယာမင်းကြီးပ ... ကျုပ်ဆရာရယ်။ ဟဲ ... ဟဲ ... ဟဲ။

ဒီမယ် ... ကျုပ်ဆရာရဲ့။

'ရှပ်လဝ်ွ' ကျွမ်းပြီ၊ အကွက်စေ့ပြီဆိုရင် အကွက်ဖယားထဲက ထိုးကြေးအလိုက် တိတိကျကျ မှန်မှန်ကန်ကန် အမြန်ဆုံး လျော်နိုင် စားနိုင်တယ်။ ဒိုင်အတွက်ဖြစ်တဲ့ အကောက်အစားကိုလည်း ကွက်တိ ဖြတ်ယူနိုင်တယ်။ ဒါမျိုးအလေ့အကျင့်က ကျုပ်တို့မှာ အလွန်ကြီးပြီးသား၊ မွေးရာပါ ပါရမီလို ဖြစ်နေတာကိုး။

ဖယားပေါ်က ငွေပုံကြီးကို ရေတာတွက်တာများဟာ ဘဏ်တွေက ငွေကိုင်စာရေးတွေ ဘယ်ကလောက် ကျင်လည်တယ်ပြောပြော၊ ကျုပ်တို့ 'ရှပ်လဝ်ွ' တွေက ရီတာပေါ့။ ကျုပ်တို့နဲ့ယှဉ်ရင် သင်းတို့ ထိုင်ငိုသွားရစေ့မယ်။ ဘယ်သူများ အခစားအမှုထမ်း 'မင်းတိုင်းကြေသမား' တွေနဲ့ ကျုပ်





တို့လို ကိုယ်ရ ကိုယ်ယူ အတ္တဝါဒီသမားတွေက နှံ့သာဆီနဲ့ အီးလို ... ကွာပ ... ကွာပ။ အဟုတ်ပြောတာရယ်။

ဆိုတော့ ဆရာရယ် ... ယောင်လို့များ လောင်းကစားဆိုရင် ဘယ်လိုလောင်းကစားမျိုးကိုမှ ယောင်လို့မှားလို့များဖြင့် မပတ်သက်လိုက်မိစေနဲ့ သိလား ...။ နော့ ... မွဲပေါက်ချည်းပဲကိုး။

ဗျို့ ... ရှိတာပေါ့ ဆရာရယ်။ သိပ်ရှိသပ။

ဂျင်ဒိုင်က ဉာဏ်သမားမို့ ဉာဏ်အသိုင်းအဝိုင်းမို့ သူချည်းပဲ အမြဲနိုင်သလား ... ဟုတ်စ။ ဂျင်ဒိုင်ထက်ပိုပြီး စွာတဲ့၊ သာတဲ့၊ လက်စောင်းထက်တဲ့ လက်သမကျော် ထိုးသားအုပ်ကြီးတွေ ရှိနေတတ်ပါသေးရဲ့။ ကျုပ်တို့ မန္တလေးဘက်မှာ နယ်လှည့်ပြီး အလုပ်လုပ်ခဲ့တုန်းက ကျော်ဆည်၊ ဘဲလင်းက ကိုသန်းကြွယ်တို့ မုံရွာဒေါ်သန်းခင်တို့ဆိုတာ အုံနဲ့ကျင်းနဲ့ ဉာဏ်ဉာဏ်ချင်း စစ်ခင်းရဲကြတဲ့ ဂျင်ထိုးသား 'ကျား' ကြီးတွေပခင်ဗျာ။ သူလျင်သူစား၊ ကိုယ်လည် ကိုယ်နိုင်ပဲ။ ကိုယ်ကလည်း ဉာဏ်နဲ့ကစားတာ၊ သူကလည်း ဉာဏ်နဲ့ပဲ ကစားတာ ... ဟုတ်ဘူးလား။

အဲဗျို့ ... ဆရာရေ့။

အဲသလို ကိုးတောင်ကျား ထိုးသား 'ဂျင်တစ်ပွဲစား' တွေနဲ့ တိုးလို့ ပြန်စရိတ်တောင် မကျန်အောင် ခွက်ခွက်လန် ရှုံးပါရောတဲ့။ ပြီးရောလား။ ပြီးသေးဘူး ... ဆရာရေ့။ ကျုပ်တို့ ဂျင်ဒိုင်ရဲ့ လက်သပ်မွေး အလံရှူးသမား ဝေလေလေတွေက မြုန်းစားဒိုင်းစားကြီးထပြီး ရန်ဖြစ်ကြတော့တာပဲ။ ဆွဲမနိုင်လွဲမနိုင် ရှန်းရင်းဆန်ခတ်ကြီးပေါ့။ ဟုတ်တယ် ... လုပ်ပွဲကြီး။ တမင်တကာ ခွင်ဆင်ထားတဲ့ လန်ဘားကျောက်တံတား ထွင်လုံးကြီး။ အဲဒီ ဝုန်းဒိုင်းကြနေတဲ့ ကြားထဲကနေ အနိုင်ရထားတဲ့ ထိုးသားရဲ့ ငွေပုံကြီးကို လုကြယက်ကြ၊ အနုကြမ်းစီးကြတော့တာ။

အဲ ... တစ်ခါတလေများ ကိုယ့်အလံရှူးထဲကပဲ ရဲအတုလုပ်ပြီး ဝင်ဖမ်းချင် ဖမ်းပစ်လိုက်တတ်သေးတာ။ အခြေအနေမပေးလို့ ဒိုင်ခံတဲ့ ဂျင်အိမ်မှာ ခြေခင်းလက်ခင်းမသာခဲ့ရင် လမ်းတစ်နေရာရာကနေ စောင့်ချောင်းပြီး လမ်းခားပြလိုလို၊ ပြန်ပေးသမားလိုလိုနဲ့ ပုံမှားရိုက်ပြီး ဗိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖိုက်ကြရတာမျိုး။ အဲတော့ ဂျင်ဒိုင်၊ ဂျင်လောကဆိုတာ အလီမှာ ဖက်တဲ့ ဉာဏ်သက်သက် ဒုစရိုက်ဂိုဏ်းကြီးပါကော ဆရာရဲ့။

ဂျင်ဒိုင်က ဂိုဏ်းချုပ်ကြီးဆိုခဲ့ရင် ဂျင်ကိုင်နဲ့ ရှပ်လဂွဲက လက်ထောက်၊ အလံရှူးတို့ ဝေလေလေလတို့က အဖွဲ့သား လက်မရှိတွေလေ။ တနိုရဲ့ သတ္တိ၊ တော်ရဲ့ 'ဇ' နဲ့ ဘယ်ဂျင်လောကထဲ တွင်ကျယ်ရဲလိမ့်မတုံး။

✿ ✿ ✿

[၅]

❑

ဂျင်လောကမှာ အသားထဲက လောက်ထွက်မှပဲ ကီစ္စပြတ်တော့တာ။

အထူးသဖြင့် ဂျင်ဒိုင်ဟာ သူ့လက်ထောက် အတွင်းလူယုံဖြစ်တဲ့ 'ရှပ်လဂွဲ'ကို သိပ်အရေးထားပြီး နှစ်ကိုယ့်တစ်စိတ် နေနေကြရတာ။ နောက်ဝိုင်းထဲမှာ ဂျင်ကိုင်ကလွဲရင် ဂျင်ကို ကိုင်ခွင့်ရတာဟာ သူပဲရှိတာကိုး။ ကိုင်မဲ့လက်မှာ ကြက်သွန်ဖြူအစေးဖြစ်ဖြစ်၊ ငရုံမီးဖြစ်ဖြစ် အသာတို့လာပြီး ဂျင်ရဲ့ တစ်မျက်နှာကို သုတ်လွှတ်လိုက်တယ်ဆိုရင်ပဲ ဂျင်က ချက်ချင်းကြီး အသံဖောက်လာတာမျိုး။ ကြက်သွန်စေး အတို့ခံလိုက်ရရင် ဂျင်သံက လေးသွားတော့တာ။

ဂျင်ဟာ လှည့်လိုက်ရင် ဘယ်ဘက်ပဲကျကျ လေးဘက်စလုံး တစ်သံတည်းထွက်မှ။ ဥပမာ ဆရာရယ်။ ဝက်ဘက်မျက်နှာက လုံးပြီး ခုံးနေတယ်





ဆိုပါတော့။ အဲဒီဝက်ဘက်က အောက်မှာကျရင် ကျသံက တုန်လာတတ်တယ်။ ဒါကို လက်ကြီးထိုးသား 'ကျား' တွေက ချက်ခနဲ သိသဗျ။ ဝက်ရဲ့ အထက်မျက်နှာက ဖားကို ပုံသြထိုးလိုက်ရင် ဒိုင်လျော်ပေတော့။ အဲဒီတုန်သံ မကြားရင် သေချာပြီ ကြက်နဲ့ငါးရှည်။ ကြိုးထိုးထိုး။ ရုံသြထိုးထိုး ကြိုက်သလိုသာ ထိုးယူပေတော့။ ဒိုင်ကတော့ သေပြီဆရာပဲ။

တစ်ခါတစ်ခါကျ လဲ့ဒိုင်က အပေါ့အပါးသွားဖို့ ခဏထွက်ကရော၊ သူ့လူယုံ ရှပ်လဂွဲကို ပုံပြီးထားပစ်ခဲ့တာ။ ရှပ်လဂွဲက ဂျင်ဖျားကလေးကို ကော်ပတ်နဲ့ ဖျပ်ခနဲ စားထားလိုက်တယ်။ လွှဲဒိုင်က သိမှမသိဘဲ ပြန်လာပြီး ဝင်ထိုင်တယ်။ ဆက်လှည့်တယ်။ ဂျင်ရဲ့အဖျားက တစ်ခြမ်းစားနေပြီမို့ နှစ်ကောင်တည်းပဲ ဆက်တိုက်ကြီး ကျနေတော့တယ်။ ထိုးသားလက်ကြီးကို သင်ဉာဏ်ပေးပြီး နှစ်ပေါက်တစ်ပေါက် ထိုးစားလိုက်ကြတော့ ဒိုင်ပြောင်ရော။

အဲ ... နောက်တစ်နည်းက ရှပ်လဂွဲနဲ့ ချိတ်ထားတဲ့ ထိုးသားရဲ့ ဖယားအလျော်အစားကို ထိုးကြေးထက် ပိုပိုလျော်လိုက်။ အပြင်မှာ ကျတော့မှ ဝေပုံကျခွဲယူ။ အဲသလိုမျိုးလည်း လုပ်တတ်ကြသေးရဲ့။

ကဲ ... ချုပ်လိုက်တော့ ဘာကောင်းတာများရှိတုံး။

တစ်ဦးနဲ့တစ်ဦး တစ်ယောက်ကတစ်ယောက်ကို မတော်လောဘတွေနဲ့ ရစ်ကြ၊ ပတ်ကြ၊ လိမ်ကြ၊ ကလိမ်ကျကြ။

အဲဒီအကျင့်တွေ၊ ဝသီတွေ၊ ဓလေ့တွေက ဂျင်ဝိုင်းထဲမှာ တင်ကျန်နေရစ်ခဲ့တာမဟုတ်ဘူး ... ဆရာရေ့။ ဂျင်သမားရဲ့ သွေးထဲသားထဲအထိ စိမ့်ဝင်နေပြီး စွဲနေရော။ ဂျင်သမားများ ဘာလုပ်လုပ်အတွက်နဲ့ ဖယားနဲ့ ပလီစိချောက်ချက်တွေနဲ့ချည်းပဲလေ။

အကျိုးပေးကျတော့ရော ... တဲ့။ အင်း ... ကောင်းပါဘူး။ မကောင်းကြရှာပါဘူး။ ဘယ်ကောင်းနိုင်ပါ့မတုံး ... အကြောင်းကြီးက အကောင်းမှ မဟုတ်တာကိုး ... နော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆]

❑

"ကဲ … ကဲ … ဟုတ်ပါပြီလေ။ ကိုင်း … ရေနွေးကြမ်းကလေး သောက်လိုက်စမ်းပါဦး။ စကားတွေပြောလိုက်ရတာ မောလှရောပေါ့"

"ကျေးဇူးပဲ ဆရာ"

ကမ်းပေးလိုက်သည့် ရေနွေးကြမ်းခွက်ကို ငွပ်ခနဲ၊ ငွပ်ခနဲ ကောက်မော့ချပစ်နေသည့် ရုပ်လဝ္ဂဲကိုကြည့်ရင်း အလိုလို မောလာမိရတော့၏။

"နို … နေပါဦး။ ဒီလောက်အထိ ဂျင်လောကထဲမှာ တစ်ပွဲစားနီးနီး ကျွမ်းတဲ့ကျုပ်လူက ဘယ့်နှယ်ကဘယ်လို ဓားထိုးမှုကြီး ဖြစ်ခဲ့ရသတုံး။ ကျုပ်သိရသလောက်တော့ဖြင့် ဂျင်သမားဆိုတာ အပျော့လိုင်းပဲဟာ"

"အင်း … ဇာတ်ကြောင်းက ရှည်တယ် … ဆရာရေ့။ ပြောရမှာကလည်း ခုပြောရင် ခုပဲ လူသတ်ချင်စိတ်တောင် ပေါက်ပေါက်လာတယ်"





ရုပ်လဝ္ဂဲ၏ လေသံပြောင်းသွား၏။

စာစာက သူ့ကျွမ်းကျင်ရာ လိမ်မာတွေကို မြိန်ရည်ရှက်ရေ ပြောနေစဉ်တုန်းက သူ့မျက်နှာဝင်းဝင်းကြီးသည် မှိုင်းညို့ချင်ချင်။ လေသံတစ်ပေါက် လျော့လာသည်။

"ဘယ်လောက်ပဲ အပြောကျယ်တဲ့ပင်လယ်၊ သမုဒ္ဒရာကြီးတွေပဲ ဖြစ်ဖြစ်၊ သူတို့ကို ထိန်းချုပ်ထားတဲ့ အနားသတ်ကမ်းစပ်ကတော့ဖြင့် ရှိတတ်သေးသတဲ့ ဆရာထောင်မှူးရဲ့"

"အင်း … အဲဒီတော့ …"

"ကျုပ်တို့ လောင်းကစားသမားများမှာလည်း လောဘသား အချင်းချင်းတွေကိုသာ လှည့်ပတ်ကောက်ကျစ်ပြီး ကျောက်ခဲရေညှစ် ညစ်ယူတတ်ကြတာ။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပြီး ဘဝကြမ္မာ အဆိုးအကောင်း၊ အလှည့်အပြောင်းတွေကိုကျတော့ ကိုယ်လိုသလို ဖယားချလို့ မရတော့ဘူး။ လှည့်ချင်သလို လှည့်လို့မရတော့ဘူး။ ကိုယ်ဖန်ချင်သလို ဖန်တီးလို့ မရတော့ဘူး …. ဆရာရေ့၊ ခံပေရော့ပဲ"

"အင်း …"

"ကျုပ်မှာ အသက် ၁၈၊ ၁၉ ပဲရှိသေးတဲ့ တစ်ဦးတည်းသော သမီးကလေးရှိတယ် ဆရာရဲ့။ ကျုပ်ကရော ကျုပ်မယား လှသွယ်ကရော ငုံထားမတတ် ချစ်ကြတာ၊ ပြောရရင် ပိုးမွေးသလို မွေးပြီး၊ ရွှေလိုဥထားတဲ့ ရတနာတုံး ရတနာခဲကလေးပဲ ဆိုကြပါစို့ရဲ့"

"အင်း … အင်း …"

"အဲဒီ ကျုပ်တို့ရဲ့ ရင်သွေးရင်နှစ် ရတနာကလေးကို ကျုပ်ရဲ့ ဂျင်ပညာအမွေခံတပည့်ရင်း အသက် (၃၀)ကျော် (၄၀)နီး မုဆိုးဖို တစ်ခုလပ်ပိုးဆယ်က ခိုးပြေးသတဲ့။ ရင်ကို ကျိုးကရော …"

"ဟောဗျာ …"

"အဲဒီကိစ္စကို အကြောင်းပြုပြီး ကျုပ်နဲ့ ကျုပ်မိန်းမ လှသွယ်နဲ့ အကြီးအကျယ် ပြဿနာတက်ကြတယ်။ ကွဲကြကွာကြတဲ့ အထိ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒုက္ခ"

"အခုတော့ ဂျင်သမားရဲ့ဒဏ်ကို တစ်ဘဝလုံးခံခဲ့ရရှာတဲ့ လှသွယ် လည်း ဘုန်းကြီးလူထွက်တစ်ယောက်နဲ့ နောက်အိမ်ထောင် ထူသွားလေ ရဲ့"

"ကဲဗျာ ..."

"ကျုပ်ကတော့ ..."

"တစ်ပင်လဲမှ တစ်ပင်ထူပဲလား"

"ဟီး ... ဟီး ... ကျုပ်ဆရာရင်း ရွှေအောင်သန်းကြီးရဲ့ တတိယ မယား နုနုထွတ်ထွတ်ကလေးနဲ့ 'အိုးချင်းထားအိုးချင်းထိ' ငြိကြပြီး သုတ်ချ လာခဲ့ရော။ ဂျင်ဝိုင်းမှာ ဂျင်ဒိုင်ကို အလဲထိုးတတ်တာဟာ ကျုပ်တို့ ရှုပ်လဘွဲ့ တွေပဲ မှတ်လား။ အခုလည်း ကျုပ်ဆရာ သည်းသည်းလှုပ်နေတဲ့ သူ့ဟာမ ကလေးကို ဖြတ်ခုတ်လာခဲ့တဲ့ ကျုပ်ကို ကျုပ်ဆရာက တွေ့ရာသချိုင်း ဓား မဆိုင်းပဲတဲ့။ အဲဒါနဲ့ပဲ ကျုပ်နဲ့ ကျုပ်နောက်မယား 'ငယ်ငယ်'တို့နှစ်ဦး သား ဟိုဟိုဒီဒီ လေလွင့်ရင်း ကြုံရာကျပန်း ဂျင်ဝိုင်းတကာ လှည့်နေခဲ့ကြရ တာလေ"

"ဖြစ်ရလေ ... ရှုပ်လဘွဲ့ရာ"

"အဲ ... အဲဒီမှာ ကြမ္မာဆိုးကြီးနဲ့ နပန်းလုံးရတော့တာပဲ"

"အင်း ... လုပ်ပါဦး"

"ငယ်ငယ်ကို ကျုပ်လက်ထဲကနေ ကျုပ်ရဲ့ပါတနာ အလံရှူး ကျင်မောင်က ဂျိုကျိုပတ်တလုပ်ပြီး ပင့်သွားပြန်ပါလေရော။ ကောင်မကလည်း ခြိုခနီဖူးတဲ့ နွားပဲလေ။ ကော့ကော့ကော့ကော့နဲ့ ပါသွားပြန်တော့တာပဲ"

"အဲဒီတော့ ..."

"အလိုလိုမှ ကိုယ့်ဘဝနဲ့ကိုယ့်အကြောင်း ညစ်နေတဲ့ကောင်ပဲ ... ဆရာရယ်"

ရှိသမျှ ဒေါသတွေ သင်းတို့နှစ်ယောက်အပေါ် ပုံကျတော့တာ ပေါ့။ ဓားတစ်ချောင်း ခါးကြားထိုးပြီး သင်းတို့နှစ်ယောက်ကို မြေလှန်ရှာ။





တွေ့လည်းတွေ့ရော မဲမဲမြင်ရာ ပတ်ယမ်းထိုးမိတော့တာပဲ။ အဲဒီမှာတင် ဂျင် လောကရဲ့ ဆရာကြီးတစ်ဆူဖြစ်တဲ့ 'ရှုပ်လဘွဲ့ ညိုစိမ့်' လည်း 'ဂိုးတူဂျေးလ်' ဖြစ်ကရော ..."

"ဟင် ... ခင်ဗျားဟာကလည်း ရှုပ်လဘွဲ့ရယ် ..."

'သရက်ပင်စိုက် မိလိုက်ဖပါ' တဲ့။ မကောင်းမှု၏ အကျိုးဆက်သည် မကောင်းသောကြမ္မာဆိုးကိုသာ မွေးဖွားစေပေလိမ့်မည်။ သံပရာသီးကဖြင့် သကြားလိုချိုဖို့ မရှိ။ ဩော် ... ရှုပ်လဘွဲ့ ... ရှုပ်လဘွဲ့။

"ကျုပ်တို့ ဂျင်သမားများ ပြောလေ့ရှိတယ် ဆရာရဲ့။ ပန်နီထဲက ရေဟာ ပန်နီထဲပဲ ပြန်သွားတာပဲ ... တဲ့။ ဂျင်ဒိုင်၊ ရှုပ်လဘွဲ့၊ အလံရှူး စတဲ့ တကယ့်အိတ်စပတ်ကြီး၊ စပယ်ရှယ်လစ်ကြီးတွေလည်း မဟုတ်မဟပ်နည်း တွေနဲ့ ဘယ်လိုပဲ ငွေရှာကျွမ်းကျွမ်း နောက်ဆုံးတော့ အကျိုးမရှိတဲ့ လမ်း တွေမှာပဲ ကုန်ကြ၊ ခမ်းကြရတာပါပဲ။ ဂိတ်ဆုံးတဲ့အခါ အချုပ်ထဲ ထောင်ထဲ မှာ ဒုတ်ဒုတ်ထိ သောင်တင်ကြရတာပါပဲ ... ဆရာရယ်"

ရှုပ်လဘွဲ့၏အသံထဲမှာ သံဝေဂသံ၊ နောင်တသံတွေ တစ်ထွေး တစ်လုံးကြီး ပါနေသည်။ သူ့ဘာသာ သိချင်မှသိမည်။ သူ ကျော်လွှား ဖြတ်သန်းလာခဲ့ရသည့် သူ့ဘဝတစ်သက်တာအပေါ် အကဲဖြတ်မှုတွေ ပါနေ သည်။ တန်ဖိုးသင့်ချက်တွေ ပါနေသည်။

"ရှုပ်လဘွဲ့ ... ရယ်"

ဟု ညည်းရှုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်။ လွန်ခဲ့ပြီ။ နှောင်းခဲ့ ပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

"အဲ ... အဲတာတွေ ထားပါဦး။ ကျုပ်ဆရာဟာ ကျုပ်နေတဲ့ အိမ်ထောင်အထိ ရောက်လာပြီး တမင်တကာ လာစောင့်နေရလောက် အောင် အားနေယားနေတဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ တစ်ခုခုတော့ ရှိရမှာပ။ ဟုတ်လား ... ကျုပ်ဆရာ"

"အင်း ... ဆိုပါတော့လေ"

"ကိုင်း ... ဘာကိစ္စ"

"ဘာကိစ္စရမလဲ။ အခု ကိုယ့်လူ ခါးပိုက်ထောင်ထဲ ထည့်ပြီး တစ် ထောင်လုံးကို လှည့်ဖြန့်ဖြူးနေတဲ့ အုန်းသီးစိပ်တွေ ကိစ္စပဲပေါ့"

"အယ် ... အုန်းသီးစိတ်က ဘာများဖြစ်လို့လဲ ဆရာတောင်မှ ရယ်။ ဒါ ကင်းကင်းလွတ်လွတ် အေးရာအေးကြောင်း ပစ္စည်းကလေးတွေပါ။ ထောင်ထဲမှာ ဝါးဖယားကလေးအဆင်ပြေဖို့ ကျုပ်ရဲ့ ထမင်းအိုးကလေးက ဒါပဲရှိတာပါ ... ဆရာရဲ့"





"ဒီပြင် အုန်းသီးစိတ်တွေကတော့ဖြင့် အရိုးခံကလေးတွေ ဟုတ် ကောင်း ဟုတ်မှာပေါ့ .. ကျုပ်လူရယ်။ ကျုပ်လူရဲ့ အုန်းသီးစိတ်တွေကတော့ တကယ့်ပြဿနာအိုးကြီးပဲလေ။ ဟုတ်စ ... ကျုပ်လူက ပိုပြီးသိနေမှာပါ"

"မဟုတ်ရပါလား ... ဆရာရယ် ... စွပ်စွပ်စွဲစွဲ"

"ကဲ ... ကဲ ... ခင်ဗျားရဲ့ အုန်းသီးစိတ်တွေကို ပြစမ်းပါဦး။ တဆိတ် ..."

"ဟို ... အဲ ... အဲ ... အဂ္ဂါလေ ... ဆရာ"

"ကိုင်းဟေ့ ... ကံလှနဲ့ အောင်ထီတို့၊ မြွေပွေးသိန်းမောင်တို့ရေ။ ရှပ်လဝ္ဂဲနဲ့ သူ့အုန်းသီးစိတ်တွေကို တစ်ပါတည်း လက်ရဖမ်းပြီး ငါ့ရုံးခန်းဆီ ကိုသာ ခေါ်ခဲ့ကြပေတော့။ ထောင်ထဲမှာ အရက်ပုန်းဖြန့်နေတဲ့ ပင်မရင်းမြစ် ကြီးဟာ 'ရှပ်လဝ္ဂဲ' ပါပဲလို့ သတင်းကြီးနေတာဖြင့် ကြာလှရှိပေါ့။ အခုမှပဲ လက်ပူးလက်ကြပ် မိရပေတော့တယ်"

"ဟုတ်ကဲ့ ... ဆရာ"

ကံလှတို့လူအုပ်၏ လက်အတွင်း၌ ယက်ကန်ယက်ကန် ပါလာလေ သည့် ရှပ်လဝ္ဂဲကိုမကြည့်ဘဲ တစိမ့်စိမ့်မြင်ယောင်လျက် ပြုံးမိရသေး။

ထောင်ထဲမှာ အုန်းသီးစိပ်ကလေးရောင်းတာများ အပြစ်ရှိရသလား ဟု အထင်တော် မလွဲလိုက်ပါနှင့်။ ရှပ်လဝ္ဂဲ၏အုန်းသီးက ပုံမှန်၊ ရိုးပုံ ရိုးလက် သဘာဝအတိုင်း သက်သက်မဟုတ်။ သူ့နည်းသူ့ဟန်ဖြင့် ဉာဏ်ကူ ဉာဏ်ကစားထားသည့် အရက်စိမ် အုန်းသီးဆံခြောက်တွေကိုးခင်ဗျ။

လုပ်ပုံက သည်နှယ်။ အုန်းသီးတစ်လုံးအား အခွံတွေကို သုတ်သင်၊ အုန်းသီးလုံး၏ထိပ်ဝက အညှောင့်ထွက်လာမည့် မျက်စိနေရာကို ကလော် ဖောက်၍ အုန်းရည်တွေကို သွန်ယူလိုက်ပါ။ အုန်းသီးလုံးအတွင်းသို့ ရမ်၊ ဝီစကီ၊ ဝိုင်ကြိုက်နှစ်သက်ရာ အရက်ကို အပြည့်ထည့်ပြီး မျက်စိကိုပြန် ပိတ်။ နေရောင်မှာ ခြောက်သွားသည်အထိလှန်း။ ခြောက်သွားသည့်အခါ အရက် ထပ်ထည့်။ အရက်ထည့်လိုက်၊ လှန်းလိုက် လေးငါးပြန်ရှိသည့်အခါ အရက် ရည်ဝနေသော အုန်းသီးဆံ၊ အုန်းသီးစိတ် ခြောက်တွေကို ရပါပြီခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သိမ်းရဆည်းရလည်းလွယ်၊ မည်သူကမျှလည်း သံသယမဝင်နိုင်၊ အရသာက လည်းကောင်းမှကောင်း။ ကိုင်း ...။

"ကဲ ... ရှပ်လတ္တဲ့ရေ၊ ထောင်မှူးကြီးရဲ့အမိန့်အရ ပြစ်ဒဏ်တိုက် ထဲမှာ ၁၄ ရက်တော့နေလိုက်ပေဦး ... ငါ့တပည့်။ မင်းကလည်း မင်းပဲ ဒီလောက် မင်းဆရာထောင်မှူးက အရေးပေးပါရက်ကနဲ့ အရက်ခိုးချောင် ပြီး စီးပွားရှာရသေးတယ်လို့။ ပြီးတော့ ထောင်က ဝန်ထမ်းတွေ၊ အရာရှိတွေ ရဲ့ မျက်ခုံးမွေးပေါ် စကြံလျှောက်ပြီး ကူလီကူမာ နားလှည့်ပါးလှည့်နည်း နဲ့မှ"

"ဟီး ... ဟီး ... အကျင့်ပါနေလို့ပါ ... ဆရာထောင်မှူးရယ်"

"အေး ... မင်းတို့ ဂျင်သမားများရဲ့ သောက်ကျင့်ကတော့ သေသည်အထိ ပြင်ရတော့မယ် မထင်ပေါင်ကွာ"

"ဟဲ ... ဟဲ ... ဟဲ ... ဩော် ... ဒါနဲ့ ဆရာထောင်မှူး"

"အေး ..."

"ကျုပ် အုန်းသီးစိတ်တွေဟာ အရက်စိမ် လုပ်ထားသတဲ့ဆိုတဲ့ လျှို့ဝှက်နည်းကို ဆရာ ဘယ်လိုလုပ်ပြီးသိ"

"ဒါလား"

"ဟုတ်ကဲ့ ... ဒီနည်းက ကျုပ်ဆရာ ရွှေအောင်သန်းကြီး ဂျပ် လှည့်ရင်း စည်းစိမ်ခံဖို့ တီထွင်ထားတဲ့ သူ့ရဲ့ ကိုယ်ပိုင်နည်း။ သူ့တပည့် ထဲကဆို ကျုပ်တစ်ယောက်တည်းပဲသိပြီး ကျုပ်ကပဲ ဒိုင်ခံလုပ် ပေးနေခဲ့ရ တာ။ တန်ရုံလူ ဘယ်သိလိမ့်မတုံး"

"အခု ကျုပ်သိခဲ့ပြီလေ ... ရှပ်လတ္တဲ့ရဲ့"

"အဲဒါကြောင့် ..."

"ခရေပန်းဆိုတာ ခရေပင်ကပဲ ကြွေရိုးထုံးစံပဲ ... ဟုတ်လား ကျုပ်လူရဲ့။ အဲဒီတော့ ကိုရင့်လျှို့ဝှက်ချက်ကို ကိုရင်မားနဲ့ ထိုးပစ်ခဲ့တဲ့ ကိုရင့်တပည့် ကျင်မောင်ကပဲ ဖုန်းဆက်ပြီး လှမ်းတိုင်လိုက်တာလေ။ အပြီ





က အဲဒီအုန်းသီးစိတ်တွေ ပို့ပို့ပေးနေတဲ့သူက ကိုရင့်တပည့် လက်ကောက် ခင်မောင်ဝမ်း ဖြစ်တဲ့အကြောင်းလည်း ပြောခဲ့သေးတယ်။

"သေဟဲ့ ... နန္ဒိယ"

'ဖြန်း'ခနဲ သူ့နဖူးသူ ပြန်ရိုက်လိုက်သည့်အသံကြီးက အကျယ် ကြီး။ အင်း ... ရှပ်လတ္တဲ့ ... ရှပ်လတ္တဲ့။ သူတို့ဂျင်လောက၏ အရိုးစွဲအကျင့်၊ 'စားပြီး စားခွက်လှန်' သည့် အကျင့်က သူ့ကို ပြန်၍ ဒုက္ခပေးခဲ့ပြီကော။

"ရှပ်လတ္တဲ့ရေ ... ဘယ့်နှယ်တုံး"


"တော်ပါတော့ ... ဆရာရယ်၊ စိတ်နာလွန်းလို့။ ဂျင်တို့၊ ကြွေ တို့နဲ့ ကင်းအောင်ဟာ ကြွေပန်းကန်နဲ့တောင် ထမင်းမစားချင်တော့ဘူး"

မေတ္တာဖြင့်

**ဧေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com




[ ၁ ]

❑

အချိန်က တပို့တွဲလကုန်၍ တပေါင်းလဆန်းအတွင်း လယ်ယာလုပ်ငန်းခွင် တစ်နှစ်တာပြီးစီး၍ လယ်သမားများနားရချိန် ...

လယ်သမားများလက်ထဲတွင် စပါးသိမ်းရောင်းချပြီးစီး၍ အလှူအတန်းနှင့် ဘုရားပွဲများကျင်းပချိန် ဟံသာဝတီအနောက်ခြမ်း တစ်ခုလုံးသည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်သော ဒေသဖြစ်သဖြင့် ယခုအချိန်သည် အလှူအတန်းနှင့် ဘုရားပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပနေချိန်ဖြစ်သည်။ ရွာတိုင်းလိုလိုပင် ဘုရားရှိသည်။ ဘုရားရှိလျှင် သတ်မှတ်ရက်၌ ဘုရားပွဲကို ကျင်းပကြသည်။

ဘုရားပွဲကို သူ့ရက်နှင့်သူ သတ်မှတ်ထားကြ၍ တစ်နွေလုံးလိုလို ကျင်းပလျက်ရှိကြသည်။ တောသူတောင်သား အများစုမှာသည်း တစ်နှစ်လုံး ပင်ပန်းခဲ့ရသမျှကို တောဘုရားပွဲများတွင်သာ ပျော်ရွှင်စွာ



www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေကြသည်။ စုဆောင်းထားသမျှကို သုံးကြဖြုန်းကြသည်။ ပျော်ကြရွှင်ကြသည်။ သူတို့တွင် ပျော်ရွှင်စရာဆိုသည်ကလည်း နည်းပါးလှသည်ကိုး။

ယနေ့ညတွင် ကျွန်တော်တို့ရွာ၏ အနောက်ဘက်တွင်ရှိသော ထန်းသုံးပင်ရွာတွင် ဘုရားပွဲရှိ၍ သွားကြည့်ရန် ပြင်ဆင်နေကြသည်။ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည့် အငြိမ့်ကလည်း ထိုအချိန်က နာမည်ကြီး လူရွှင်တော်ကလပ်ကြေးမုံ ပါဝင်သည့် အငြိမ့်ဖြစ်၍ လူတိုင်းက သဘောကျနေကြသည်။ ကလပ်ကြေးမုံဆိုသည့် လူရွှင်တော်မှာ သူတောင်းစားများအကြောင်း ကက်ဆက်တိတ်ခွေ (ပေါက်ဆီနှင့် ပေါင်မုန့်) သွင်းခဲ့သူနာမည်ကြီး လူရွှင်တော်ဖြစ်သည်။

ရွာရှိလူကုန်နီးပါးပင် ဘုရားပွဲကိုသွားရန် ပြင်ဆင်နေကြသည်။ ဘုရားပွဲသို့ ယူသွားရန် ထမင်းဟင်းများကို နံနက်ပိုင်းကတည်းက တစ်ရွာလုံး ချက်ပြုတ်နေကြသည်။ မိသားစုလိုက် သွားကြမည်ဖြစ်ပြီး ထမင်းဟင်း၊ လက်ဖက်၊ ထန်းလျက် စသည်တို့ကို ချိုင့်ကြီးချိုင့်ငယ်များဖြင့် ပြင်ဆင်နေကြသည်။ ဘုရားပွဲသို့ လာကြသော ပရိသတ်အလယ်တွင် စားသောက်ကြမည်ဖြစ်၍ ကောင်းပေ့ဆိုသော ဟင်းလျာများကို ချက်ပြုတ်ကြသည်။

မိမိအိမ်တွင် ဘာဟင်းနှင့်စားစား လူပုံအလယ်တွင်တော့ ကောင်းပေ့ဆိုသောဟင်းနှင့် စားပြကြမည်ဖြစ်သည်။ အနည်းဆုံး ကြက်သားဟင်းကိုတော့ လူတိုင်းပါအောင် ချက်လာကြသည်။ တစ်ရွာလုံး လှုပ်လှုပ်ရွရွနှင့် ပြင်ဆင်နေကြသည်။ ရွာမှ အမျိုးကောင်းသား၊ သမီးများ ဖြစ်ကြသော ကာလသမီးအပေါင်းကလည်း အစွဲထုတ်လိုက်ကြမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပြင်ဆင်နေကြတော့သည်။

ကာလသားခေါင်းမြဝင်းကြီး ဦးဆောင်သော ရွာမှ ကာလသားများသည်လည်းကောင်း၊ အပျိုခေါင်း မစိန်တုတ်ခေါင်းဆောင်သော အမျိုးသမီးများသည်လည်းကောင်း ဘုရားပွဲအတွက် မမောနိုင်မပန်းနိုင်အောင် ပြင်ဆင်နေကြတော့သည်။ ယခုလည်း မြဝင်းကြီးခေါင်းဆောင်၍ လူငယ် လေးငါးယောက်ခန့် ကျွန်တော့်ဆီ ရောက်ရှိလာကြသည်။





"ဟော့ ... ညီလေး ကိုရဲနိုင်"

"အစ်ကိုလေး ... အစ်ကိုလေး ..."

"ဟော့ ... ဘာလဲကွ ... ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့ပါ။ အစ်ကိုလေးဆီ အကူအညီတောင်းစရာရှိလို့"

ပြောပြောဆိုဆို မြဝင်းကြီးခေါင်းဆောင်သော လူငယ်တစ်သိုက် တဲပေါ်သို့ တက်လာကြသည်။ ကျွန်တော်က ရွာရှိ မိဘများအိမ်တွင် မနေဘဲ တပည့်ကျော်သံလုံးနှင့်အတူ ကျွဲနွားများနှင့် လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ရင်း တဲတွင်နေသည်။ တဲကလည်း ရွာအနောက်ထိပ်တွင်တည်ရှိပြီး ရွာနှင့် လယ်နှစ်ကွက်သာခြားသည်။

"ဒီလိုကွ ... ညီလေးရေ ဒီကောင်တွေ ဘုရားပွဲမှာ ရှိုးထုတ်ဖို့ အဝတ်အစားကောင်းကောင်း မရှိဘူး။ အဲဒါ မြို့မှာ မင်းကျောင်းတက်ရင်း ဝတ်ခဲ့တဲ့ အဝတ်အစားတွေ ဒီကောင်တွေဝတ်ရအောင် လာငှားတာ။"

"ဟုတ်တယ် ... အစ်ကိုလေးရေ၊ ကျွန်တော်တို့မှာ ဝတ်စရာကောင်းကောင်းမရှိဘူး။ အဲဒါ ကျွန်တော်တို့ ရှိုးထုတ်ဖို့ အစ်ကိုလေးဆီက လာငှားတာ"

"အစ်ကိုလေး ... မြို့မှာဝတ်ခဲ့တဲ့ ဘောင်းဘီတွေ၊ ဖိနပ်တွေက ကြိုက်တယ် ... အစ်ကိုလေးရ ... ရှယ်ပဲ"

"အေးပါဗျာ ... အေးပါ ... ငှားပါ့မယ်။ ပြီးရင်သာ လျှော်ဖွတ်ပြီး ပြန်ပေး"

"စိတ်ချပါ အစ်ကိုလေး"

ကျွန်တော်လည်း ရှိသမျှ အဝတ်အစားများကို ချပေးလိုက်သည်။ ဂျင်းဘောင်းဘီ၊ ဝေါ်ကင်းရှူး၊ စပို့ရှပ် စသည်တို့ကို ယူ၍ ဝတ်ကြည့်ကြပြီး သဘောအကျကြီး ကျနေကြသည်။

"ဟော့ကောင် ... သာဂွန်း၊ မင်းက ဘာလို့ ဒီဘောကန်ဖိနပ်ကို စီးရတာလဲ"

"အစ်ကိုလေးကလည်း သူတို့ကျတော့ ဘောင်းဘီတွေ၊ ဝေါ်ကင်းရှူးတွေ၊ ကျွန်တော့်မှာ စီးစရာမရှိလို့ ဘောကန်ဖိနပ်ကို စီးရတယ် ... အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကွာ ..."

လုပ်လိုက်ကြပေါ့ ...

ကျွန်တော် သူတို့အုပ်စုကိုကြည့်ပြီး ရယ်လည်း ရယ်ချင်နေသည်။ သနားလည်း သနားမိသည်။ တောနေဆင်းရဲသား လူတန်းစားများမှာ တစ်နှစ်ပတ်လုံး ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ကြရသော်လည်း ပျော်ပွဲရွှင်ပွဲတွင် ဝတ်ဆင်ရန် အဝတ်အစားပင် ကောင်းကောင်းမရှိသည့်အဖြစ်ပင်။ သူတို့လူစုကတော့ ဒါတွေကိုဂရုမစိုက်။ ကျွန်တော့်ထံမှ အဝတ်အစားများကို ယူဝတ်၍ ပျော်ရွှင်စွာပင် ပြန်သွားကြတော့သည်။ ကျွန်တော့်မှာသာ သူတို့ကိုကြည့်ပြီး စိတ်မကောင်းစွာ ကျန်ရစ်ခဲ့သည်။

နေ့လယ် (၁) နာရီခန့်မှစ၍ ဘုရားပွဲသွားသည့် လှည်းများ၊ ရွာမှ အလျှိုလျှိုထွက်ပြီး ထန်းသုံးပင်ရွာသို့ ရှေးရှုသွားစ ပြုကြပြီဖြစ်သည်။ လှည်းပေါ်တွင် ကောက်ရိုးကို လှည်းအိမ်အပြည့် ထူထူခင်းပြီး အပေါ်မှ သင်ဖြူးများအချောကို ခင်းကြသည်။ ထို့နောက် စောင်ထုပ်၊ အစားအသောက် ချိုင့်ကြီး ချိုင့်ငယ်တို့ကို တင်ပြီး ကောင်းမေ့ဆိုသော နွားနှစ်ကောင်ကိုတပ်ကာ လမ်းခရီးတွင် အပြိုင်အဆိုင်မောင်းကြသည်။

ပွဲခင်းရောက်လျှင် နေရာဦးကြရသည်။ လှည်းများက ဇာတ်စင်ကို ဖင်ထိုး၍ 'ပ' ပုံ အထပ်လိုက် နေရာယူကြရသည်။ တစ်ထပ်ပြီးတစ်ထပ် လှည်းများကို နေရာချထားရာ နောက်ကျလျှင် ဇာတ်စင်ပေါ်မှ ကပြသူကို ခပ်ဝါးဝါးသာ မြင်ရသည်။ အလယ်တွင် မြေပိုင်းဖြစ်သည်။ မြေပိုင်းတွင် ဇာတ်စင်တည့်တည့်၌ မင်းလမ်းကိုထား၍ နှစ်ဖက်နေရာယူ အခင်းခင်းပြီး ထိုင်ကြည့်ကြသည်။ ပွဲဈေးတန်းကိုတော့ ဇာတ်စင်နှင့်တည့်တည့် လှည်းဝိုင်းနှင့် လယ်တစ်ကွက်သာသာတွင် ထားသည်။

ပွဲဈေးခင်းတွင်လည်း အစားအသောက်ရောင်းသော ဆိုင်များ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ ဓာတ်ပုံရိုက်သောဆိုင်များ အမျိုးကို နေရာချထားပေးသည်။ လက်ဖက်ရည်အအေးမှစ၍ အစားအသောက်မျိုးစုံရသည်။ ခေါက်ဆွဲဆိုင်များနှင့် အချို့ထမင်းဆိုင်များတွင် အရက်ပု





ပါရသည်။ အရက်မရောင်းရဟု တားမြစ်ထားသော်လည်း လက်သိပ်ထိုးရောင်းချသည်သာဖြစ်သည်။ အချို့ဘုရားပွဲမျိုးဆိုလျှင် လောင်းကစားဝိုင်းများပင် ပါလိုက်သေးသည်။

ရွာနီးချုပ်စပ်မှ အပျိုလူပျိုများအဖို့ ဘုရားပွဲသည် ၎င်းတို့အတွက် အလွန်အရေးပါလှသည်။ တစ်နှစ်တာလုံး စောင့်ဆိုင်းနေခဲ့ရသည်။ မိမိတို့သဘောကျနှစ်သက်သော ဟိုရွာဒီရွာမှ အပျို၊ လူပျိုများနှင့် ဆုံတွေ့နိုင်၊ လူပျို အပျို လှည့်နိုင်သော အချိန်အခါပင်ဖြစ်သည်။ ကံကောင်းထောက်မလျှင် တစ်ချီတည်း အစွံထုတ်နိုင်သော အချိန်ကာလဖြစ်၍ အစွမ်းကုန်ပြင်ဆင်ပြီး အားထုတ်ကြိုးပမ်းရန် စောင့်ဆိုင်းနေသော အချိန်ဖြစ်သည်။

အချို့သော လူငယ်လူရွယ်နှင့် လူလတ်ပိုင်းများကလည်း တစ်ဦးနှင့်တစ်ဦး အထစ်အငေါ့ရှိခဲ့သော၊ မပြေလည်ခဲ့သော ရန်ကြွေးကို ဘုရားပွဲများတွင် ရှင်းလေ့ရှိကြသည်။ ကျန်သည့်အချိန်တွင် မရှင်းဘဲ ဘုရားပွဲများတွင်သာ ရှင်းကြသောကြောင့် လုံခြုံရေးကိုလည်း အထူးဂရုစိုက်ရသည်။ ကျွန်တော်တို့ ဟံသာဝတီ အနောက်ခြမ်းနယ်မြေသည် သောင်းကျန်းသူရောင်စုံနယ်မြေဖြစ်ခြင်းကြောင့် လူတိုင်း ဓားမြှောင်ကို ဆောင်ထားကြသည်။ ကြခတ်ကုန်းကျေးရွာမှ ထွက်သော ကြခတ်ကုန်းဓားသည် အလွန်နာမည်ကြီးသော ဓားဖြစ်သည်။

ကျွန်တော်သည် တပည့်ကျော်သံလုံးနှင့်အတူ ညနေ(၃)နာရီခန့်တွင် လှည်းပြင်၍ ထွက်လာခဲ့ကြသည်။ လမ်းခရီးတွင် ဘုရားပွဲသို့သွားသော လှည်းများကိုလည်းကောင်း၊ လှည်းမရှိသောသူများက အထုပ်အပိုးများကို သယ်ဆောင်၍ ခြေကျင်ခရီးဖြင့်လည်းကောင်း သွားသူများကို တွေ့ကြရသည်။ လှည်းတစ်စီးနှင့်တစ်စီး အော်ဟစ်နောက်ပြောင်ခြင်း၊ အပြိုင်အဆိုင်မောင်းနှင်ခြင်းဖြင့် ဘုရားပွဲကျင်းပရာ ထန်းသုံးပင်ရွာသို့ ရောက်ရှိလာခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

ကျွန်တော်တို့ ပွဲခင်းသို့ရောက်သောအချိန်တွင် အရပ်ရှစ်မျက်နှာမှ ဘုရားပွဲလာကြည့်သော လူများကို အမြောက်အမြား တွေ့လိုက်ရသည်။ လှည်းတပ်ပင်လျှင် ခုနစ်ထပ်ခန့် ရှိနေပြီဖြစ်သည်။ ကျွန်တော်တို့လည်း လှည်းကိုနေရာချ၍ နွားများကိုဖြုတ်ပြီး အနားပေးထားလိုက်သည်။

လှည်းများမှာ မိမိတို့ရွာမှ ထွက်လာစဉ်က အပူဒဏ်ခံအောင် အမိုးများ ပြုလုပ်လာသော်လည်း ပွဲခင်းထဲသို့ရောက်လျှင် အမိုးများကို ဖြုတ်၍ ထားကြသည်။ ပွဲကြည့်သည့်အခါ အနောက်ဘက်မှ လှည်းများ ကောင်းစွာကြည့်နိုင်ရန်ဖြစ်သည်။

ခေတ္တအနားယူပြီးနောက် ပွဲခင်းထဲသို့ ထွက်လာခဲ့သည်။ ညနေစောင်း နေကျသွားပြီဖြစ်သည်။ အပူဒဏ်ကလည်း လျော့နည်းသွားပြီဖြစ်၍ လူပျို၊ အပျို ရွာပေါင်းစုံမှ ပရိသတ်တို့ကလည်း မင်းလမ်းတစ်လျှောက်တွင်





လည်းကောင်း၊ ပွဲဈေးတစ်လျှောက်တွင်လည်းကောင်း၊ အခေါက်ခေါက် အခါခါလျှောက်၍ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင် လုပ်နေကြသည်။

ပွဲဈေးထဲသို့ ရောက်သောအခါ မြဝင်းကြီးခေါင်းဆောင်သောရွာမှ ကာလသားအချို့ကို တွေ့လိုက်ရသည်။ ဂျင်းဘောင်းဘီ၊ စပို့ရှပ်၊ ဝေါ့ကင်းရှူးတို့ဖြင့် အပြတ်သားနားနေကြသည်။ အချို့မှာ ညနေစောင်းဖြစ်သော်လည်း နေကာမျက်မှန်အမည်းကိုပင် တပ်ဆင်ထားလိုက်သေးသည်။ ထိုအထဲတွင် သာဂွန်းမှာ ခြေထောက် ထောက်ကြွထောက်ကြွဖြစ်နေသဖြင့် . . .

"ဟေ့ကောင် . . . သာဂွန်း၊ မင်းခြေထောက်က ထောက်ကြွထောက်ကြွနဲ့ ဘာဖြစ်နေတာလဲ"

"သူက သူများလို ဝေါ်ကင်းရှူးမဟုတ်ဘဲ အစ်ကိုလေး ဘောကန်ဖိနပ်ကိုစီးတော့ ဖိနပ်ပေါက်လို့ အဲဒီလိုဖြစ်နေတာ"

"ဖြစ်ရလေကွာ . . . မင်းကို ငါပြောသားပဲ၊ ဘောကန်ဖိနပ်က မလိုစီးလို့ မရပါဘူးလို့"

"ရပါတယ် . . . အစ်ကိုလေး၊ ကိစ္စမရှိပါဘူး"

ဘောကန်ဖိနပ်ကို လယ်ကွင်းထဲ ပက်ကြားအက်ကြားတွင် စီးတော့ ဖိနပ်ပေါက်ပြီပေါ့။ ဒီကြားထဲ သင်းက နေကာမျက်မှန်အမည်းကို တပ်ထားလိုက်သေးသည်။ လုပ်လိုက်ကွ . . .။

"မြဝင်းကြီး . . . မင်းကောင်တွေကို ကြည့်ထိန်းဦးနော်။ ရန်တွေဘာတွေ ဖြစ်နေဦးမယ်"

"ကိစ္စမရှိပါဘူးကွာ၊ ငါထိန်းနိုင်ပါတယ်။ ပြီးတော့ ဒီရွာက လူငယ်တွေကလည်း တို့ရွာနဲ့နှစ်ရွာ တစ်ရွာဖြစ်နေတာ၊ ရန်မဖြစ်ကြပါဘူး"

"အေးပါ . . . အေးပါ . . . ကဲ . . . ကဲ . . . မင်းတို့လျှောက်လိုက်ကြဦး"

မြဝင်းကြီးခေါင်းဆောင်သော လူငယ်အုပ်စု ထွက်သွားသောအခါ ကျွန်တော်နှင့် တပည့်ကျော်တို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လိုက်ကြသည်။ ဆိုင်အတွင်းရောက်သောအခါ လက်ဖက်ရည်နှင့် မုန့်များကို



www.burmeseclassic.com

www.burmeseclassic.com



မှာယူပြီး အေးဆေးစွာ ထိုင်လိုက်သည်။ ပွဲဈေးတန်းတစ်ခုလုံး တစ်ဆိုင်နှင့်တစ်ဆိုင် ကက်ဆက်ကို အပြိုင်အဆိုင် ဖွင့်နေကြသည်မှာ ဆူညံနေတော့သည်။

ပတ်ဝန်းကျင်ကို လိုက်လံကြည့်ရှုနေရာမှ ဆိုင်အတွင်းသို့ အာရုံပြန်ရောက်လာပြီး လက်ဖက်ရည်ခွက်ကို ယူ၍ သောက်လိုက်သည်။ တောတွင် ရောင်းသော်လည်း မြို့မှဆိုင်များကဲ့သို့ သောက်၍ အရသာရှိလှသည်။ ထို့ကြောင့်ထင်သည်၊ ဆိုင်ထဲတွင်လည်း လူက ပြည့်နေသည်။ ပတ်ဝန်းကျင်ကို မျက်စိကစားရင်း ကျွန်တော်တို့ ညာဘက်စားပွဲသို့ ရောက်သောအခါ ကျွန်တော့်အကြည့်က ရပ်တန့်သွားသည်။

စားပွဲဝိုင်းတွင် အမျိုးသမီး (၄) ယောက်ခန့် ထိုင်နေကြသည်။ ထိုအထဲတွင် အပြာနုရောင်ဝမ်းဆက်ဝတ်ထားသော အမျိုးသမီးတစ်ဦးက ကျွန်တော့်ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးက တောသူဆိုပေသည့် အသားဖြူဖြူနှင့် မိန်းမချောတစ်ယောက်ဖြစ်သည်။

သူ့ကိုတော့ ကျွန်တော်ကမသိ။ သူကတော့ ကျွန်တော့်ကို ခပ်ရဲရဲပင် စိုက်ကြည့်နေသည်။ ကျွန်တော်ကလည်း သူများရွာ ဖြစ်နေသည်ကတစ်ကြောင်း၊ အမျိုးသမီးများနှင့် မပတ်သက်လိုသည်ကတစ်ကြောင်းကြောင့် ငွေရှင်းပြီး ထရန်ပြင်လိုက်သည်။

''ဟေ့ကောင်ကြီး ... ကိုရဲနိုင်၊ ရှာလိုက်ရတာကွာ''

''မင်းရောက်နေတယ် ကြားလို့ လိုက်ရှာနေတာ''

နှုတ်ဆက်သံကြားရာသို့ ကြည့်လိုက်တော့ ထန်းသုံးပင်ရွာမှ ကျွန်တော်နှင့် ဘောလုံးကစားဖက်၊ သောက်ဖော်သောက်ဖက် ထွန်းဝင်းနှင့် သူငယ်ချင်းတစ်သိုက်အား တွေ့လိုက်ရသည်။

''ကဲ ... ငါမပြောဘူးလား။ ဒီကောင်ရဲနိုင်ကို လက်ဖက်ရည်ဆိုင်မှာ တွေ့ရင်တွေ့၊ မတွေ့ရင် အရက်ဆိုင်မှာ တွေ့မယ်လို့လေ''

''ဟေ့ကောင် ... မဟုတ်တာတွေ လျှောက်မပြောနဲ့။ ဒီကောင်က အရက်ကို နှစ်ခါပဲသောက်တာ''





''ဘယ်လိုနှစ်ခါလဲကွ''

''မနက်တစ်ခါ ညနေတစ်ခါလေ''

''ဟား ... ဟား ... ဟား ...''

''ဟီး ... ဟီး ...''

သူတို့အုပ်စုနှင့် တွေ့မှပင် လိုမ့်ပိန့်ခံနေရတော့သည်။

''ပြီးတော့လည်း တစ်ခါသောက်မှ လက်နှစ်လုံးပဲသောက်တာ''

''ဘယ်လို လက်နှစ်လုံးလဲကွ''

''ဟောဒီ လက်နှစ်လုံး၊ ထွန်းဝင်းက ပြောပြောဆိုဆို ညာဘက်လက်မနှင့် လက်သန်းကိုဖြန့်၍ လက်ညှိုး၊ လက်ခလယ်၊ လက်သန်းကြွယ်တို့ကို ကွေးပြီးပြလိုက်သည်။ ထိုအခါ လက်မနှင့်လက်သန်းသာ ကျန်နေပြီး အကျယ်မှာ (၈)လက်မခန့် ရှိနေသည်။

''ဟား ... ဟား ... ဟား ...''

''ဟီး ... ဟီး ... ဟီး ...''

''ခစ် ... ခစ် ... ခစ် ...''

မိန်းကလေးများ၏ ရယ်သံကို ကြားလိုက်ရ၍ ကြည့်လိုက်တော့ ခုနက ကျွန်တော့်ကို စူးစိုက်ကြည့်နေသော အမျိုးသမီးအုပ်စု ဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော်က ...

''ဟေ့ကောင်တွေ ... မဟုတ်တာတွေ လျှောက်မပြောနဲ့ကွာ။ ဟိုမှာ မိန်းကလေးတွေနဲ့ တော်ကြာ အဟုတ်ထင်သွားလို့''

''ဟုတ်တယ်ကွ ... တော်ကြာ ကိုရဲနိုင်ကို အရက်သမားလို့ ထင်သွားဦးမယ်''

''ဘာလဲ ... ဟိုဝိုင်းက မိန်းကလေးတွေလား''

ဟေ့ကောင် ... အဲဒါ ငါ့ညီမဝမ်းကွဲတွေ။ လာခဲ့ ... မင်းကို မိတ်ဆက်ပေးရဦးမယ်''

''နေပါစေ ... မောင်ရယ်၊ အေးအေးပဲ နေပါရစေ''

''မရဘူး မောင်။ အဲဒီဝိုင်းက ဟိုအပြာနုရောင်ဝမ်းဆက်နဲ့ မိန်းကလေးက ငါ့ညီမဝမ်းကွဲပဲ။ နာမည်က မတင်နွယ်ဦးတဲ့။ မှတ်ထား''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ညီမလေး။ မင်း ဒီကောင့်ကို သိတယ်မဟုတ်လား။ ဟိုတစ်ခါ ဘောလုံးလာကန်တဲ့ ရဲနိုင်လေ"

"ဟုတ်ကဲ့ ... အစ်ကို သိပါတယ်"

ကျွန်တော့်ကို စူးစိုက်ကြည့်နေသော အမျိုးသမီးက ပြုံး၍ခေါင်းညိတ်ပြသည်။ ကျွန်တော်ကလည်း ပြန်ပြုံးပြပြီး အသိအမှတ်ပြုလိုက်ရသည်။ ကျွန်တော်က ဆိုင်ထဲတွင် ကြာကြာမထိုင်လိုသောကြောင့် တစ်နေရာသို့သွားရန် ပြောပြီး ငွေရှင်းရန် စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။

"ဟော့ကောင်ကြီး ... လုပ်မနေနဲ့၊ ငါ့ညီမက ရှင်းပြီးသွားပြီ"

"ဟာ ... မဟုတ်တာ ဟော့ကောင်၊ တို့ဘာသာ ရှင်းပါရစေ"

"မင်းက ဧည့်သည်၊ ငါ့ညီမရဲ့စေတနာကို လက်ခံလိုက်ပါ"

ကျွန်တော်လည်း မည်သို့မျှ ငြင်းမရ၍ နေလိုက်ရသည်။ ထို့နောက် ထွန်းဝင်းက သူ့ညီမထံသွားပြီး တိုးတိုးတိုးတိုးနှင့် ပြောနေသည်။ ကျွန်တော်တို့သည် ဆိုင်အပြင်သို့ ထွက်လာခဲ့သည်။ ပြီးမှ ထွန်းဝင်းက ကျွန်တော်တို့နောက် လိုက်လာခဲ့သည်။ ဆိုင်အပြင်သို့ ရောက်ပြီးနောက် မတင်နွယ်မြိုင်တို့၏ဝိုင်းကို ပြန်ကြည့်လိုက်သောအခါ ကျွန်တော့်ကို စူးစိုက်ကြည့်နေပြီး သူ့သူငယ်ချင်းများက တခစ်ခစ်နှင့် ရယ်ရင်း သူ့ကို ဝိုင်းစနေကြသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်တို့လူစုသည် လက်ဖက်ရည်ဆိုင်မှထွက်၍ တရုတ်အစားအစာများရောင်းချသော ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ခဲ့ကြသည်။ ထိုဆိုင်တွင်လည်း လူများက ပြည့်နေသည်။ ကျွန်တော်တို့ကို သိနေသော ဆိုင်ရှင်က အတွင်းဘက်တွင် နေရာလုပ်ပေးသည်။ ရမ်တစ်လုံးနှင့် တရုတ်အစားအစာများကို မှာယူပြီး အေးဆေးစွာ သောက်နေကြသည်။ အနည်းငယ် ထွေထွေဖြစ်လာသောအခါ ထွန်းဝင်းက ...

"ဟော့ကောင် ... သူငယ်ချင်း ကိုရဲနိုင်"

"ဘာလဲကွ ... ထွန်းဝင်းရ၊ ပြောလေကွာ"

"ဒီလိုကွာ ... ငါ့နှမဝမ်းကွဲလေးက ရုပ်ကလည်း ချောပါတယ်"

"အေးလေ ... အဲဒါဘာဖြစ်လဲ"





"တစ်ဦးတည်းသော သမီးလေးကွာ"

"ဟုတ်ပါပြီ"

"သူ့မိဘတွေက လယ်ကေ(၇၀)လောက် လုပ်တယ်ကွ။ ချမ်းသာတယ်"

"အဲဒါ ဘာဖြစ်လဲ။ ငါက မင်းနှမကို ကိုက်စားရမှာလား"

"သက်စ်ရိုက် .. မှန်တယ်၊ ငါက မင်းကို ကိုက်စားစေချင်တာ"

"ဟေ ..."

"ဟုတ်တယ် ... သူငယ်ချင်းရ၊ ငါ့နှမလေးက မင်းကို စိတ်ဝင်စားနေတာ။ ဟိုတစ်ခါ မင်း ဘောလုံးလာကန်ကတည်းကကွ။ မင်းအကြောင်းဆို ပြောလိုက်ရတာ မမောနိုင် မပန်းနိုင်ကွာ"

"ဗုဒ္ဓေါ ... ဟော့ကောင် ... အစ်ကိုက နှမကို အောင်သွယ်နေတာလား"

"ထင်ချင်သလိုသာ ထင်ကွာ"

"မလုပ်ပါနဲ့ ... သူငယ်ချင်းရာ၊ ငါ့အကြောင်းကို မင်းတို့မသိပါဘူး။ ငါ့ရင်ထဲမှာ သူတို့အတွက် နေရာမရှိပါဘူး ... သူငယ်ချင်းရယ်"

"ငါလည်း မင်းအကြောင်းကို သိပါတယ်။ မင်းက နှလုံးသားရှိတဲ့ကောင်မှ မဟုတ်ဘဲ"

"မဟုတ်ပါဘူး ... သူငယ်ချင်းရယ်၊ ငါ့အကြောင်းနဲ့ ငါပါ"

"ဒီလောက်ချောတဲ့ ချမ်းသာတဲ့ ငါ့ညီမကို မကြိုက်ရအောင် မင်းက ယောကျ်ားမဟုတ်လို့လား။ ဒါမှမဟုတ် မင်းမှာတစ်ခုခု မပါလို့လား"

"ဟော့ကောင် ... မဟုတ်တာတွေ လျှောက်မပြောနဲ့"

"ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ..."

"အေးကွာ ... ပြောမှသာ ပြောရတာပါ။ မင်းက ဘယ်လိုလူဆိုတာ ငါသိပါတယ်။ ငါ့ညီမကိုလည်း ငါကပြောပါတယ်"

"ကဲကွာ ... ဒါတွေ ထားလိုက်ပါတော့။ တို့တစ်တွေ ပျော်ပျော်ပါးပါးသောက်ပြီး ပွဲခင်းထဲ သွားကြည့်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ချကွာ ... ချ"

ထို့နောက် ပျော်ပျော်ပါးပါး စားသောက်ကြပြီးနောက် ကျွန်တော်တို့ ပွဲခင်းထဲသို့ ခပ်ထွေထွေဖြင့် လျှောက်ကြည့်ကြသည်။ သူငယ်ချင်းများဖြင့် နောက်ပြောင်ကျီစယ်ရင်း တောအရပ်တောင်ဒေသ၏ ဘုရားပွဲအရသာကို ခံစားခဲ့ကြရသည်။

သူငယ်ချင်းများက လူငယ်ဘဝ မင်းသမီးများအား မိတ်ဆက်ခြင်း၊ ဇာတ်ခုံပေါ်တွင် အငြိမ့်ကသော မင်းသမီးများအား ဆုချခြင်း၊ ဇာတ်စင်ထောင့်မှ ဆူညံစွာ အော်ဟစ်အားပေးနေခြင်းတို့ကို လိုက်လံကြည့်ရှုပြီး ထိုနေ့ညကို လွန်စေခဲ့ပါသည်။ နောက်တစ်နေ့နံနက် အရုဏ်တက် ပွဲသိမ်းသည့်အချိန်တွင် ရွာသို့ ပြန်လာခဲ့ကြသည်။

ထိုနေ့ပွဲခင်း ညအရက်ဝိုင်းတွင် မတင်နွယ်ဦး၏ အစ်ကိုဝမ်းကွဲ ထွန်းဝင်းပြောသော စကားများကို အရက်ဝိုင်းတွင်ပြောသော နောက်ပြောင်သည့်စကားဟုသာ ထင်ခဲ့ပါသည်။ သို့သော် ထွန်းဝင်းပြောသော စကားများက အမှန်များသာဖြစ်ကြောင်း ထိုစဉ်က ကျွန်တော် သိခဲ့ရလျှင်၊ ထို့ပြင် ထိုနေ့ညက ကျွန်တော်တို့အား လိုသေသေးမရှိ ညှော်ခံရန် မတင်နွယ်ဦးမှ အစ်ကိုဖြစ်သူအား သူ၏ပိုက်ဆံအိတ်ပါပေး၍ ဆောင်ရွက်စေကြောင်းများကို ထပ်မံသိခဲ့ရမည်ဆိုပါလျှင် ...

❁ ❁ ❁

[၃]

❑

ထိုဘုရားပွဲပြီးသည့် နောက်ပိုင်းတွင် ကျွန်တော်လည်း တပည့်ကျော်သုံးလုံးတို့အဖွဲ့နှင့်အတူ လယ်ယာလုပ်ငန်းခွင်ကို ပျော်ပျော်ပါးပါး ဆောင်ရွက်ခဲ့ကြသည်။ သကြံန်ကာလတွင် အဘထိတ်တုံးရွှေ၊ ကိုလေးကျော်တို့နှင့် ပေါင်းပြီး အကျွေးအမွေးအစား အမျိုးကောင်းသားအပေါင်းကို အရက်တိုက်ခဲ့သဖြင့် ရွာကျောင်းမှ ဘဘုန်း၏ ကြိမ်လုံးဒဏ်ကိုလည်း အီစလံဝေအောင် ခံခဲ့ကြရသည်။

ကထိန်ညတွင် ရွာသူသာန်၌ ပေတဒါနပြုပွဲတွင် ဘဘုန်းမသိအောင် ပရလောကသားများအား အရက်တိုက်ခဲ့သဖြင့် ဘဘုန်း၏ အဆူအပူအကြိမ်းအမောင်းကိုလည်း ပျော်ရွှင်စွာ ခံစားခဲ့ကြရသည်။

ထို့ကြောင့် ထန်းသုံးပင်ရွာမှ မတင်နွယ်ဦးအား မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့ရသည်။ သူငယ်ချင်းဖြစ်သူ ထွန်းဝင်းကတော့ နှစ်လသာစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ခန့် ကျွန်တော့်ဆီကို ရောက်ရောက်လာသည်။ သူလာတိုင်း ကျွန်တော်က အရက်ဝိုင်းဖြင့် ဧည့်ခံရသည်။ အရက်ကလေး ထွေလာတိုင်း သူ့ညီမကို ကျွန်တော်ကြိုက်ရန်၊ ကျွန်တော့်ကိုယူရန် အမြဲပြောသည်။ ကျွန်တော်က လည်း အမြဲတမ်း ငြင်းခဲ့သည်။ လာတိုင်းပြောသည်။ ပြောတိုင်း ကျွန်တော် ငြင်းသည်။

ပြောမရသည့်အဆုံး ကျွန်တော့်ကို မပြောတော့။ တပည့်ကျော် သံလုံးနှင့်တော့ တိုးတိုးတိုးတိုး ပြောနေကြသည်။ ကျွန်တော်ကလည်း မစပ် စုလိုသဖြင့် လွှတ်ထားလိုက်သည်။ နောက်နှစ်နွေသို့ ရောက်ရှိလာခဲ့သည်။ ဒီတစ်ကြိမ် ဘုရားပွဲကိုတော့ ကျွန်တော် မသွားဖြစ်တော့ပါ။ သူငယ်ချင်း ထွန်းဝင်းဖြစ်သူက အတန်တန်ခေါ်သော်လည်း ကျွန်တော့် မသွားတော့ပါ။

နှမလေးလိုသာချစ်သော မတင်နွယ်ဦးအတွက် ဝေဒနာများ မတိုး ပွားစေလိုသောကြောင့်ဖြစ်ပါသည်။ သူငယ်ချင်းဖြစ်သူ ထွန်းဝင်းမှာတော့ စိတ်မကောင်း။ နောက်သိရသည်မှာ မတင်နွယ်ဦးတစ်ယောက် ကျွန်တော် ဘုရားပွဲသို့မလာ၍ သူလည်းမသွားမကြည့်ဘဲ အိမ်တွင် အိပ်နေသည်တဲ့။ ကျွန်တော်လည်း စိတ်မကောင်းရုံမှလွဲ၍ မည်သို့မျှ မတတ်နိုင်။

ပြဿနာက ဒီမျှနှင့် ပြီးမသွား။ ထွန်းဝင်းနှင့်တပည့်ကျော် သံလုံး တို့ စခဲ့သော ပြဿနာက ကျွန်တော့်ထံသို့ အတုံးလိုက် အတစ်လိုက် ဝင် လာတော့သည်။

ထိုနှစ်သကြန်ပြီး နှစ်ဆန်း(၃)ရက်နေ့တွင် ဖြစ်သည်။ ကျွန်တော် က တပည့်ကျော် သူရင်းငှားများနှင့်အတူ မိုးတွင်းလယ်ယာ လုပ်ငန်းခွင်ဝင် ရန် ပြင်ဆင်နေသည့်အချိန်ဖြစ်သည်။ ညနေ (၄) နာရီခန့်တွင် အဘထိတ်တုံး ရွှေ၏ သူရင်းငှားတစ်ယောက်က အဘခေါ်နိုင်းသည်ဆို၍ ကျွန်တော့်အဘ ၏အိမ်သို့ ထွက်လာခဲ့ကြသည်။ အဘထိတ်တုံးရွှေအိမ်သို့ ရောက်သောအခါ လူရည်သန့် ဧည့်သည်အမျိုးသမီးကြီးတစ်ယောက်ကို အဖော်အမျိုးသမီးတစ် ယောက်နှင့်အတူ တွေ့လိုက်ရသည်။ ကျွန်တော့်ကိုမြင်သော အဘက ..





"လာဟေ့ ... လူလေး ... ထိုင်ကွာ"

"ဘာကိစ္စရှိလို့လဲ အဘ"

"အေးပါကွာ ... ပြောတာပေါ့။ ကိစ္စက မင်းကိစ္စကွ"

"ဗျာ ... အဘ ... ကျွန်တော့်ကိစ္စ ... ဟုတ်လား"

"ဒီကဲ့နှမကြီးက ထန်းသုံးပင်ရွာက မတင်နွယ်ဦးရဲ့ အမေပဲကွ"

"ဗျာ ..."

"ဟုတ်ပါတယ် ... ငါ့တူ။ အဒေါ်က သမီးလေးမနွယ်ရဲ့ အမေပါ။ အခုလည်း သမီးလေးကိစ္စအတွက် လာတာပါ"

"မတင်နွယ်ဦးအတွက် ဟုတ်လား အဒေါ်"

"လောလောဆယ်တော့ မင်းသူငယ်ချင်း မောင်ထွန်းဝင်းရဲ့စာကို အရင်ဖတ်ကြည့်ပါဦးကွယ်"

မတင်နွယ်ဦး၏ မိခင်မှ စာတစ်စောင်ထုတ်ပေးသဖြင့် ကျွန်တော် ယူ၍ ဖတ်ကြည့်လိုက်သည်။

ရှို

*အဒေါ်နဲ့ညီမလေး*

*ကျွန်တော် စိတ်မကောင်းခြင်းများစွာနဲ့ ဒီစာကို ရေးခဲ့ပါတယ်။ ကျွန်တော်ဟာ ငယ်စဉ်ကတည်းက အဒေါ်တို့၊ ညီမလေးတို့နဲ့ အတူနေခဲ့လို့ အဒေါ်နဲ့ ညီမလေးကို မိခင်အရင်း၊ ညီမလေးအရင်းလို ချစ်ခဲ့ပါတယ်။ ရွာကို ကျွန်တော့်သူငယ်ချင်းရဲနိုင်တို့ ဘောလုံးလာကန်တော့ ညီမလေးက ရဲနိုင်ကိုတွေ့ပြီး စိတ်ဝင်စားခဲ့တယ်။ နောက်တော့ နှစ်သက် စွဲလမ်းခဲ့တယ်။ ကျွန်တော်ကလည်း ရဲနိုင်ရဲ့အကြောင်းကို သိလို့ ညီမလေးကို အတန်တန် တားခဲ့ပါတယ်။ ရဲနိုင်က သူ့မှာ ရည်ရွယ်တဲ့လူရှိလို့ ညီမလေးကို မကြိုက်ဘူး ဆိုတာ ကျွန်တော်သိလို့ တားခဲ့တာပါ။*

*ဒါပေမဲ့ ညီမလေးက လက်မခံလို့ သူစိတ်ချမ်းသာအောင် အကြောင်း ပြောနေခဲ့တာပါ။ အချိန်ကြာလာရင် မေ့ပျောက်သွားမယ်လို့ ထင်ခဲ့ပေ*

www.burmeseclassic.com

www.burmeseclassic.com



မဲ့ ညီမလေးရဲ့ခွဲလမ်းမှုက ပိုမိုကြီးမားလာခဲ့တယ်။ ပိုဆိုးတာက ဒီနေ့မှာ ညီမလေးက ရဲနိုင်ကိုချစ်တယ်၊ လက်ထပ်မယ်လို့ ပြောလာတယ်။ ဘယ်လိုမှ နှစ်သိမ့်လို့မရဘူး။

နောက်ဆုံး ရဲနိုင်ဆီကို လိုက်ပို့ပါလို့ ပြောလာတယ်။ တစ်ဖက်က လည်း အချစ်ဆုံးညီမလေး၊ တစ်ဖက်ကသူငယ်ချင်း၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စမျိုးကို ဆောင်ရွက်လို့မရပါဘူး။ ဒီတော့ စိတ်ဆင်းရဲနေတဲ့ ညီမလေး ကို မကြည့်ရက်လို့ ကျွန်တော် ရွာကထွက်သွားပါပြီ။ စစ်ထဲကို ဝင်မှာဖြစ် တဲ့အတွက် ကျွန်တော့်ကို စိတ်ချနေပါတော့လို့ ပြောခဲ့ပါတယ်။ အဒေါ်ရဲ့ ညီမလေးကို နှုတ်ဆက်ခဲ့ပါတယ်။

ထွန်းဝင်း

သူငယ်ချင်းဖြစ်သူ ထွန်းဝင်း၏ စာကိုဖတ်ပြီး ကျွန်တော်ငိုင်သွား သည်။ ပြဿနာက ဒီလောက်ကြီးမယ်မှန်း မသိခဲ့ပါ။ မတင်နွယ်ဦး၏ ခွဲလမ်း စိတ်ကိုလည်း ဒီလောက်ထိ ကြီးမားလိမ့်မယ်ဟု မထင်မိခဲ့ပါ။ သို့သော် ကျွန် တော့်ရင်ထဲက အစီအစဉ်ကို မဖျက်နိုင်သဖြင့် ပို၍ စိတ်မကောင်းဖြစ်ရတော့ သည်။

"အဒေါ်တစ်ခုလောက် မေးပါရစေ ... ငါ့တူရယ်"

"ဟုတ်ကဲ့ ... မေးပါ အဒေါ်"

"ငါ့တူတို့အကြောင်းကို အဒေါ်တို့က သိသင့်သလောက် သိပြီးပါ ပြီ။ သမီးလေးဆိုရင်လည်း အိပ်ရာထဲမှာ မျက်ရည်နဲ့မျက်ခွက်။

ငါ့တူမှာ အိမ်ထောင်ဖက်အဖြစ် ရည်ရွယ်ထားတာများ ရှိနေ လား။ တကယ်လို့မရှိဘူးဆိုရင် သမီးလေးကို အိမ်ထောင်ဖက်အဖြစ် လက် မတွဲနိုင်ဘူးလား"

"အဒေါ်တို့မှာလည်း ဒီသမီးလေးတစ်ယောက်ပဲ ရှိတာပါ"

ကျွန်တော် တော်တော်နှင့် ပြန်မဖြေနိုင်။





အတန်ကြာတော့ ကျွန်တော့်ကိုယ်စား အဘထိတ်တုံးရွှေက ဝင်ဖြေ သည်။

"ဟုတ်တယ် ... ဒီကောင့်မှာ ရည်ရွယ်ထားတာရှိတယ်။ ဆွေမျိုး နီးစပ်ထဲကပဲ။ တစ်ချိန်ကျရင် သူလက်ထပ်မှာ"

"အေးပေါ့လေ ... ဘာတတ်နိုင်မှာလဲ။ သမီးလေးရဲ့ ကုသိုလ်ကံပဲ ပေါ့။ မင်းသူငယ်ချင်း မောင်ထွန်းဝင်းကိုရော၊ ငါ့တူကိုရော အဒေါ် အပြစ် မတင်ချင်တော့ပါဘူး။ သမီးလေးရဲ့ ကုသိုလ်ကံက ဆိုးလို့ပဲလို့"

ပြောရင်း မျက်ရည်များ ကျလာသည်။ ကျွန်တော့်ရင်ထဲတွင်လည်း မကောင်းတော့ပါ။ ထို့နောက် မတင်နွယ်ဦး၏မိခင်နှင့် အဖော်တို့က ကျွန် တော်တို့ကို နှုတ်ဆက်၍ လှည်းဖြင့် ပြန်သွားခဲ့ကြတော့သည်။ မပြန်ခင် ကျွန်တော့်အား ဆုံးဖြတ်ချက်ကို ပြင်နိုင်ပါက အချိန်မရွေး လာလည်နိုင် ကြောင်း ပြောသွားသေးသည်။ ကျွန်တော်ကတော့ ဘာမှမပြောနိုင်တော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၄]

❑

ညှိသည်များ ပြန်သွားကြသောအခါ အဘထိတ်တုံးရွှေနှင့် ကျွန်တော်တို့ စိတ်ညစ်ညစ်ဖြင့် အရက်ဝိုင်းဆင်ကြတော့သည်။ ကျွန်တော်က စိတ်ညစ်၍ သောက်သည်။ အဘထိတ်တုံးရွှေက ကျွန်တော့်အတွက် ဝိုင်း၍ စိတ်ညစ်ပေးသည်ဟုဆိုကာ ဝိုင်း၍သောက်သည်။ ခါတိုင်းကဲ့သို့ပင် ဗရွတ်ရွတ်တ နောက်နောက်ပြောင်ပြောင်ပင် မပြောနိုင်တော့ဘဲ တူဝရီးနှစ်ယောက် အရက်ကိုသာ မူးအောင် သောက်နေကြတော့သည်။

ည (၉)နာရီခန့် အတော်မူးလာသောအခါ ကျွန်တော် ပြန်လာခဲ့သည်။ ရွာလမ်းအတိုင်း အနောက်ဘက်သို့ ရီဝေဝေ ယိုင်တီယိုင်တိုင် ခြေလှမ်းများဖြင့် လျှောက်လာခဲ့သည်။ အရက်သမား စည်းစိမ်ကိုခံစားရင်း လျှောက်လာခဲ့ရာ ရွာထိပ်သို့ ရောက်လာခဲ့သည်။ ဘဘုန်းကျောင်းနားသို့ ရောက်သောအခါ ကျောင်းဘက်သို့မဝင်ဘဲ တဲဘက်သို့ချိုးသော လမ်းအတိုင်းလာခဲ့ရာ ရွာထိပ် ညောင်ပင်နားအရောက်တွင် ...





"ဟီး ... ဟီး ... ဟီး ..."

လူတစ်ယောက်၏ငိုသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

"ဗုဒ္ဓေါ ..."

ငါ့ကို သရဲများ ခြောက်သလားမသိ၊ ခေါင်းနားပန်းများ ကြီးသွားခဲ့သည်။ သရဲဆိုတာလည်း မတွေ့ဖူး၊ အခြောက်မခံဖူးသေး၊ ဒီတော့ တွေ့ကြသေးတာပေါ့ကွ"

"ဟေ့ ... ဘယ်သူလဲကွ၊ ဒီနားမှာ လာငိုနေတာ၊ သရဲလား ... သရဲဆိုရင် မီးဖုတ်ပြီး အရက်နဲ့ မြည်းပစ်မယ်"

"ဟီး ... ဟီး ... ဟီး ..."

ငိုသံကိုပို၍ ကျယ်လောင်စွာ ထပ်ကြားလိုက်ရသည်။

"ဟေ့ ... မေးနေတာ မပြောဘူးလား"

ကျွန်တော် ထပ်အော်တော့မှ ...

"သူငယ်ချင်း ... ငါပါကွ"

"ဘယ်က ငါလဲ၊ နာမည်ပြော"

"ငါပါကွ ...။ စံပိန်လေကွာ ..."

"ဟ ... စံပိန်၊ မင်း ဒီမှာ ဘာဖြစ်လို့ လာငိုနေတာလဲ"

ထိုအခါကျမှပင် စံပိန်တစ်ယောက် ညောင်ပင်အောက် ထိုင်ငိုနေရာမှ ကျွန်တော့်ထံ ထလာခဲ့သည်။ လဆုပ် (၅)ရက်ခန့်ဖြစ်၍ လက မှုန်ရီမှုား ထွက်လာပြီဖြစ်သည်။

"ငါ့သားလေးဆုံးလို့ ငါဒီမှာ ဝမ်းနည်းပြီး လာငိုနေတာကွ"

"ဟေ့ ... ဘယ်ကောင်လဲ"

"အငယ်ဆုံး သားလေးကွာ။ (၆)လသားလေး။ ညနေကမှဆုံးလို့ သင်္ချိုင်းကုန်းမှာ မြှုပ်လိုက်ရတယ်။ အဲဒါ သတိရလို့ ငါငိုနေတာ၊ ဒီမှာ သူ့အဝတ်အစားလေးတွေတောင် ပါသေးတယ်။ ဟီး ... ဟီး ... လူလေးရဲ့ အသေစောလို့ နှမြောလှချည်ရဲ့"

"ဟီး ... ဟီး ... ဟီး ..."

"သူငယ်ချင်း ... ရဲနိုင်၊ ငါ့ကို မကူညီနိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဘာကို ကူညီရမှာလဲ"

ကျွန်တော်က နဂိုကတည်းက စိတ်မကောင်းဖြစ်ပြီး ပြန်လာသူ။ ယခု စံပိန်နှင့်တွေ့တော့မှ ပို၍ ရှုံးချင်လာတော့သည်။

"ငါ့သားလေးနဲ့ စကားပြောချင်တယ်၊ တွေ့ချင်တယ်ကွာ။ အဲဒါ လိုက်ပို့ပေးစမ်းပါ"

"မင်းသားက သင်္ချိုင်းကုန်းမှာ မြှုပ်ထားတာလေကွာ"

"အေး ... အဲဒီကို သွားစကားပြောချင်လို့ မင်းကို လိုက်ပို့ခိုင်းတာပေါ့။ လုပ်ပါကွာ ... သူငယ်ချင်းရာ၊ ငါတစ်ယောက်တည်း မသွားရဲလို့"

ကိုယ်တော်ချော စံပိန်နှင့်တွေ့တော့မှ သောက်ထားသည့်အရက်ပင် ဘယ်ရောက်သွားမှန်း မသိတော့။ ထို့ကြောင့် စံပိန်အား တဲသို့ ချော့ခေါ်လာပြီး အရက်တိုက်လိုက်သည်။ အရက်မူးလွန်သွားပါက သူ့သားလေးကို သတိမေ့သွားရန်ဖြစ်သည်။ သူနှင့်ကျွန်တော် တစ်နာရီခန့် အရက်ထိုင်သောက်နေကြပြီး မူးလာသောအခါမှ ကိုယ်တော်ချောစံပိန်က ပိုဆိုးလာတော့သည်။ သူ့သားလေးဆီသို့သာ လိုက်ပို့ရန် တကျည်ကျည် ပြောနေတော့သည်။

ကျွန်တော်တို့တဲနှင့် သင်္ချိုင်းကုန်းမှာ လယ်နှစ်ကွက်သာခြားသည်။ စံပိန်ကို ဘယ်လိုမှ ပြောမရသောအခါ ကျွန်တော်က စိတ်ပေါက်ပေါက်နှင့် အရက်ပုလင်းတစ်လုံးကို ကိုင်၍ သင်္ချိုင်းကုန်းသို့ လိုက်ပို့တော့သည်။ မထူးတော့၊ သူငယ်ချင်းဖြစ်သူကို ပြောမရသည့်အဆုံး ကျွန်တော်ကလည်း ခပ်ပေပေ ခပ်ရွှတ်ရွှတ်မို့ လာခဲ့ကြခြင်းဖြစ်သည်။

သင်္ချိုင်းကုန်းသို့ ရောက်သောအခါ စံပိန်က ညနေက မြှုပ်ထားခဲ့သည်ဆိုသော သူ့သားမြေပုံကို လိုက်ရှာကြသည်။ သင်္ချိုင်းကုန်းတွင် မြက်ပင်များက တစ်ပေခန့် ထူထပ်စွာ ပေါက်နေကြသည်။ ထိုမြက်ပင်များပေါ်တွင် မြှုပ်နှံထားသော မြေပုံများအကြားတွင် သူငယ်ချင်းနှစ်ယောက် ကလေးမြေပုံကို လိုက်ရှာကြသည်မှာ တော်တော်နှင့်မတွေ့။ နာရီဝက်ခန့် ရှာကြရသည်။





တွေ့မည့်တွေ့တော့လည်း ကျွန်တော်တို့ ပတ်ချာလည်ရှာနေသော နေရာအနီးတွင် တွေ့ခြင်းဖြစ်သည်။ နှစ်ယောက်သား အမူးလွန်နေ၍လည်းကောင်း၊ မျက်စိမှောက်နေ၍လည်းကောင်း ဖြစ်ဟန်တူသည်။ သူ့သားမြေပုံကို တွေ့သောအခါ စံပိန်က သူ့သားနှင့် စကားပြောမည်ဆိုပြီး မြေပုံကို ဖက်ကာ တတွတ်တွတ် ပြောနေတော့သည်။ ကျွန်တော်ကတော့ မလှမ်းမကမ်းရှိ မြေပုံတစ်ခုအနားတွင် ထိုင်ရင်း အရက်သောက်နေလိုက်သည်။

ထိုင်နေသည်မှာ ညောင်းလာသဖြင့် ထိုမြေပုံကို ခေါင်းအုံး၍ ကျောဆန့်လိုက်ရာ မေ့းခနဲ အိပ်ပျော်သွားတော့သည်။ ကျွန်တော် နိုးလာပြီး သတိရ၍ ထကြည့်လိုက်တော့ ....

"ဟိုက် ..."

သင်္ချိုင်းကုန်းရှိ မြေပုံတစ်ခုကို ခေါင်းအုံး၍ အိပ်ပျော်နေခြင်း ဖြစ်သည်။ မလှမ်းမကမ်းကို ကြည့်လိုက်တော့လည်း သူငယ်ချင်းစံပိန်က မြေပုံတစ်ခုကိုဖက်၍ မှောက်ခုံကြီး အိပ်ပျော်နေသည်။ လက်မှနာရီကို ကြည့်လိုက်တော့ နံနက်လေးနာရီခွဲ။

"ဟေ့ကောင် ... စံပိန်၊ ထ ... ထ ... ပြန်ကြရအောင်"

"ဟေ့ ... သူငယ်ချင်း။ ငါတို့ ဘယ်ကိုရောက်နေကြတာလဲ"

"သင်္ချိုင်းကုန်းမှာကွ"

"ဟာ ... ဘာ ... သင်သင်္ချိုင်းကုန်း ... ဟုတ်လား။ ဘာဖြစ်လို့ တို့က ဒီကိုရောက်နေတာလဲ"

"မင်းပဲ ညက မင်းရဲ့သားလေးနဲ့ စကားပြောချင်တယ်ဆိုလို့ ငါက လိုက်ပို့တာ။ ပြီးတော့ တို့နှစ်ယောက် ဒီမှာအိပ်ပျော်သွားတာ။ အခုရော မင်းရဲ့သားလေးနဲ့ စကားပြောချင်သေးလား"

"တော် ... တော်ပြီ ... သူ ... သူငယ်ချင်း ... ပြန် ... ပြန် ... ပြန်ကြရအောင်"

"နေပါဦးကွ ... မင်းကလည်း"

"လာ ... လာကွာ ... သ ... သ ... ငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို စံပိန်က ရှေ့မှ သုတ်သုတ်လျှောက်ပြီး ပြန်သွားသဖြင့် ကျွန်တော်က ရွာထိပ်အထိ လိုက်ပို့လိုက်သည်။ အရက်မူးနေသည့်အချိန်တွင် သတ္တိအရမ်းရှိပြီး အမူးပြေသည့်အချိန်တွင် သေသွားသည့်သားကိုပင် သတိမရနိုင်အောင် ကြောက်သွားသော စံပိန်အဖြစ်ကို ကျွန်တော်အတော်သဘောကျသွားခဲ့သည်။

တော်သေးသည်။ စိတ်ရှုပ်ရှုပ်၊ မူးမူးရူးရူးနှင့် ထင်ရာစွတ်လုပ်ခဲ့ကြပြီး ဘာမှမဖြစ်ခဲ့၍ သချိုင်းကုန်းမြေပုံမှာကြားတွင် တစ်ညတာ အိပ်စက်ခဲ့ကြရာ မည်သို့မျှ အန္တရာယ်နှင့် မကြုံခဲ့ရခြင်းသည် နှစ်စဉ် ကထိန်ပွဲကျင်းပတိုင်း ထိုနေရာ၌ ပေတာဒါနအဖြစ် ကျွေးမွေးခဲ့သော အကျိုးကြောင့် ပရလောကသားများက ပြန်၍ စောင့်ရှောက်ခဲ့ကြသည် ထင်သည်။

❁ ❁ ❁

[၅]

❑

အချိန်ကာလအားဖြင့် ဆယ်စုနှစ်တစ်စုခွဲခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကျွန်တော်၏သူငယ်ချင်း ထွန်းဝင်းတစ်ယောက် ၎င်း၏ စာထဲကအတိုင်း တပ်မတော်ထဲသို့ ဝင်ရောက်သွားခဲ့ရာ တပ်ကြပ်ကြီးအဆင့်သို့လည်းကောင်း၊ သူရသတ္တိအတွက် သူရဘွဲ့ကိုလည်းကောင်း ချီးမြှင့်ခြင်းခံရကြောင်း သတင်းများ ကြားသိခဲ့ရပါသည်။ တပ်ကြပ်ကြီးဘဝနှင့် အိမ်ထောင်ကျပြီး ကျွန်တော့်ထံသို့ တစ်ခေါက်လာလည်ခဲ့သည်။ သူငယ်ချင်းနှစ်ယောက် တစ်နေ့လုံး တစ်ညလုံး ဝမ်းသာအားရဖြင့် အရက်သောက်ရင်း စကားထိုင်ပြောခဲ့ကြသည်။





ပြောဆိုကြသော အကြောင်းများထဲတွင် နှစ်ဦးစလုံး စိတ်မကောင်းဖြစ်ကြရမည့်သူ တစ်ယောက်အကြောင်းကို စကားဝိုင်းတွင် မထည့်သွင်းခဲ့ပါ။ သူကလည်း အစမဖော်သလို ကျွန်တော်ကလည်း မပြောဖြစ်ခဲ့ပါ။ နှစ်ဦးစလုံး သိနေသည့်အကြောင်းကတော့ မတင်နွယ်ဦးတစ်ယောက် သီလရှင်အပြီးဝတ်သွားပြီး စစ်ကိုင်းချောင်တွင် တရားအားထုတ်နေသည့်အကြောင်းပင် ဖြစ်တော့သည်။

ကျွန်တော့်ရင်ထဲမှ ရည်ရွယ်ထားသူတစ်ယောက်ကလည်း မတင်နွယ်ဦးနှင့် အကြောင်းများကို သိသွားသဖြင့် စိတ်မကောင်းဖြစ်သွားခဲ့သည်။ မည်သို့ပင် ရှင်းပြသော်လည်း လက်မခံဘဲ နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်တော့သည်။

ထိုသို့ဖြစ်ခြင်းကြောင့် ကျွန်တော်လည်း ယခုအချိန်အထိ မည်သူနှင့်မျှ အိမ်ထောင်မပြုဖြစ်ဘဲ တစ်ဦးတည်းဖြစ်ကြောင်းကို သူငယ်ချင်း ထွန်းဝင်းရော၊ မတင်နွယ်ဦးရော အကြောင်းကြောင်းကြောင့် သိမသွားသလို ကျွန်တော်ကလည်း ဖုံးကွယ်ထားခဲ့သည်။ ဇာတ်လမ်းက ဒီမျှနှင့်ပင် ပြီးဆုံးသွားစေချင်သည်။ သို့သော် . . .

တစ်နေ့တွင် ရန်ကုန်တက္ကသိုလ်သို့ ဘွဲ့လွန်ကိစ္စတစ်ခု ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။ တက္ကသိုလ်ဝင်းအတွင်း ဆောင်ရွက်စရာကိစ္စရပ်များကို ဆောင်ရွက်ပြီးနောက် မရောက်တာကြာပြီဖြစ်သော ရွှေတိဂုံဘုရားကို ဖူးမြော်ရန် တက်ရောက်လာခဲ့သည်။ တည်းခိုသည့်အိမ်မှ ငါးနှစ်အရွယ်ခန့်ရှိ တူတော်မောင်ဖိုးချွန်ကလည်း လိုက်ချင်သည်ဟု ပူဆာ၍ ခေါ်လာခဲ့သည်။

တူတော်မောင် ဖိုးချွန်က ဖြူဖြူဝတုတ်တုတ်နှင့် ချစ်စရာကောင်းသလို အမေးအမြန်းလည်း ထူလှသည်။ တူဝရီးနှစ်ယောက် စကားတပြောပြောဖြင့် ဗဟန်းဘက်စောင်းတန်းမှ တက်လာခဲ့သည်။ ဘုရားဝတ်ပြုပြီးနောက် ဘုရားကို လက်ယာရစ်လှည့်၍ ပူဇော်ကြသည်။ အတူတူလျှောက်သွားစဉ် ဖိုးချွန်က ရှေ့မှပြေးသွားသည်။ ပြေးသွားရင် လူတစ်ဦးကိုတိုက်၍ ဖင်ထိုင်လဲကျသွားသည်။ ကျွန်တော်က ပြေးလိုက်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သားလေး ... ဘာဖြစ်သွားလဲ။ ဘယ်နား နာသွားလဲ"

"သား ဘာမှမဖြစ်ပါဘူး"

သားကို ပွေ့ချီထားသူကို ကြည့်လိုက်တော့ သက်လတ်ပိုင်းအရွယ် သီလရှင်ဆရာလေးတစ်ပါး။ ကျွန်တော်နှင့် သီလရှင်ဆရာလေးတို့ တစ်ဦး မျက်နှာကိုတစ်ဦးကြည့်ပြီး အံ့အားသင့်သွားခဲ့ကြသည်။ ဖိုးချွန်ကို ပွေ့ချီထားသော သီလရှင်ဆရာလေးမှာ ...

"ဆရာလေးက ... ဟို ... မတင်နွယ်ဦး ..."

"ဟုတ်ပါတယ် ... ဒကာကြီး။ အရင်တုန်းကတော့ မတင်နွယ်ဦးပါ။ အခုတော့ ဘုရားရှင်ရဲ့သမီးတော် မဓမ္မစာရီ ဖြစ်နေပါပြီ"

"အရင်တုန်းက .. လူ့ဘဝမှာ ရတာမလို လိုတာမရတော့ လောဘ၊ ဒေါသ၊ မောဟတွေ များခဲ့တယ်။ အခု ဘုရားရှင်ရဲ့သမီးအဖြစ် ခံယူပြီး တရားဓမ္မနဲ့ မွေ့လျော် ပျော်ပိုက်နေပါပြီ။ အဲဒီအတွက်လည်း ဒကာကြီးကို ကျေးဇူးတင်ပါတယ်"

ကျွန်တော် သီလရှင်ဆရာလေးကို ဘာမှမပြောနိုင်ဘဲ ကြည့်နေမိတော့သည်။

"ဒကာကြီးကလည်း အိမ်ထောင်ကျပြီး သားတွေ ဘာတွေရနေပြီပဲ။ ဝမ်းသာပါတယ်"

"ကဲ ... ကဲ ... ဆရာလေးကို ခွင့်ပြုပါဦး။ မနက်ဆို စစ်ကိုင်းကို ပြန်တော့မှာပါ"

ပြောပြောဆိုဆို သီလရှင်ဆရာလေး မဓမ္မစာရီက တဖြည်းဖြည်း လှည့်ထွက်သွားတော့သည်။ ကျွန်တော်ကလည်း ဘာမှမပြောတော့ဘဲ တူတော် မောင်ဖိုးချွန်အား လက်ဆွဲ၍ ဘုရားပေါ်မှဆင်းကာ တည်းခိုရာအိမ်သို့ ပြန်လာခဲ့တော့သည်။

အပြန်လမ်းခရီးတွင် ကျွန်တော်နှင့်ပတ်သက်ခဲ့ပြီး မှတ်မှတ်ရရ လွဲချော်ခဲ့ရသော အမျိုးသမီးလေးယောက်အကြောင်းကို စဉ်းစားလာခဲ့သည်။

ပထမဆုံးက ကျွန်တော်ကိုယ်တိုင်က သဘောကျ ရည်ရွယ်ခဲ့သည့် သူတစ်ဦး။ နိုင်ငံခြားသို့ အပြီးအပိုင် ထွက်သွားခဲ့သည်။





ဒုတိယတစ်ယောက် ကျန်းမာရေးဆရာမလေး နန်းရွှေစင်။ သူလည်း အပျိုကြီးဘဝဖြင့် မန္တလေးမှာ အခြေချနေသည်။

တတိယတစ်ယောက်ကတော့ ကျောင်းဆရာမလေး မခင်ယဉ်ကျေး။ သူလည်းပဲ အလယ်တန်းကျောင်းအုပ်ဆရာမ အပျိုကြီးဘဝဖြင့် ...


ယခု နောက်ဆုံးတစ်ယောက်တော့ မတင်နွယ်ဦး။ ယခုတော့ မဓမ္မစာရီ ...

ကျွန်တော် မောင်ရဲနိုင်မှာတော့ ယခုချိန်အထိ ...

ဝင်းနိုင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

"ဘဝဆိုတာ ဘာလဲ"

ကျွန်တော်က ကျွန်တော့်ရဲ့ အခန်းကျဉ်းလေးထဲမှာ ငြိမ်သက်စွာ လဲလျောင်းနေမိရင်းမှ တွေးတောစဉ်းစားနေမိသည်။

"ဘဝဆိုတာ ဘာလဲ"

မွေးသည်မှ သေသည်အထိ ကြားကာလဖြစ်စဉ်တစ်ခုဟာ ဘဝ တဲ့လား ...

ဟုတ်တယ် ...ဒါဟာ ဘဝပဲပေါ့ ...ဒါကလွဲလို့ ဘဝဆိုတာ ဘာများ ဖြစ်နိုင်မှာလဲ။ ဘာများဖြစ်နိုင်ဦးမှာလဲ ...

"ဒါဆိုရင် ကျွန်တော် ဘာလို့ အသက်ရှင်နေရသလဲ မွေးခြင်းနဲ့ သေခြင်းအကြား ကြားကာလဖြစ်စဉ်တစ်ခုအတွင်းမှာ ကျွန်တော် ဘာအဓိပ္ပာယ် နဲ့ အသက်ရှင်နေရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တစ်ယောက်တည်း တီးတိုးရေရွတ်နေမိသည်။

"အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်ကရော ဘာလဲ"

"အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်က ဘာလဲ"

ကျွန်တော်က ထပ်ခါထပ်ခါ ရေရွတ်နေမိပြန်သည်။

"ကျွန်တော် အသက်ရှင်နေချင်သေးတယ် ... ကိုကြီးရယ်။ ကျွန်တော့်သားကလေးက ငယ်ပါသေးတယ်။ သားကလေးကို ထားရစ်ခဲ့ပြီး ဒီလောကကြီးထဲက ကျွန်တော် ထွက်ခွာမသွားချင်သေးဘူး။ ပြီးတော့ ကျွန်တော့်ဇနီး ခင်ကျော့ရီလည်း ရှိသေးတယ်။ ကျွန်တော်သေသွားရင် သူတစ်ယောက်တည်း အားငယ်နေတော့မှာပဲ ... ကိုကြီးရယ်"

ကျွမ်းနေပြီဖြစ်သည့် ရောဂါကြောင့် သူ့ကိုယ်သူ သေတော့မည်မှန်း သိနေသော ညီငယ်ကိုမင်းဝေ၏ ကြေကွဲလွမ်းဆွတ်ဖွယ်ရာ စကားလုံးများကို ကျွန်တော် ကြားယောင်လာမိပြန်ပါသည်။

ညီငယ် ကိုမင်းဝေသည် သူ့သားကလေးအတွက် အသက်ရှင်နေချင်သေးသည်ဟု တဖွဖွပြောဆိုနေရင်းမှ ကျွန်တော့်လက်ပေါ်တွင် အသက်ထွက်သွားခဲ့သည်။

ကျွန်တော်က ကျွန်တော်၏ ညီငယ်ကိုမင်းဝေအတွက် မျက်တောင်များကို တဖျတ်ဖျတ်ခတ်လိုက်ရင်းမှ ကျလာတော့မည့် မျက်ရည်စများကို ထိန်းလိုက်မိသည်။

ဒါပေမဲ့ မျက်ရည်စများက ထိန်း၍မရတော့။ ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာကြသည်။

ကျွန်တော်က လူနာခုတင်ဘေးတွင် ထိုင်နေရင်းမှ တစ်ဖက်သို့ မျက်နှာလွှဲကာ မျက်ရည်စများကို သုတ်ပစ်လိုက်မိသည်။ အသက်ရှင်နေချင်သေးသော လူတစ်ယောက်ကို သေမင်းက ဘာကြောင့် စောစီးလျင်မြန်စွာ ခေါ်ဆောင်ဖို့ ကြံစည်ကြိုးစားလာရပါလိမ့်။

ကျွန်တော်က ညီငယ်ကိုမင်းဝေ၏ အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်ကို ရှာဖွေကြည့်နေမိသည်။ သူသည် သံယောဇဉ်တစ်စအတွက် ဘဝတွင် အသက်ရှင်နေချင်သေးသူဖြစ်သည်။





သူသည် သူ့သားကလေးနှင့် သူ့ဇနီး ခင်ကျော့ရီအတွက် အသက်ရှင်နေချင်သေးသည်။

"ဒါဆိုရင် ... အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်ဟာ သံယောဇဉ်တွေကြောင့်ပေါ့။ ဘုရားရေ ... ဟုတ်တယ် ... အဲဒီ သံယောဇဉ်တွေကြောင့်ပဲပေါ့"

ကျွန်တော်က ယခုမှ နိယာမအသစ်တစ်ခုကို ဒါမှမဟုတ် ဒဿနအသစ်တစ်ခုကို ဒါမှမဟုတ် ... နယ်မြေဒေသအသစ်တစ်ခုကို တွေ့ရှိလိုက်ရသူတစ်ယောက်လို လဲလျောင်းငြိမ်သက်နေရာမှ ရုတ်တရက် ထထိုင်လိုက်မိသည်။

"သံယောဇဉ်တွေနဲ့ ချည်နှောင်ထားခြင်းခံနေရတာ၊ သံယောဇဉ်အနှောင်အဖွဲ့တွေကြားထဲမှာ နေထိုင်ရှင်သန်နေရတာဟာ အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်လား။ ပြီးတော့ အဲဒီသံယောဇဉ်တွေအတွက် သွားလာလှုပ်ရှား လုပ်ကိုင်နေရတာတွေဟာ အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်တွေလား"

ကျွန်တော်က ထပ်ခါထပ်ခါ တစ်ယောက်တည်း ရေရွတ်နေမိသည်။

"တကယ်တော့ သံယောဇဉ်ဆိုတာ ချစ်ခင်စွဲလမ်း တွယ်တာနေမှုတွေပဲမဟုတ်လား။ ဒါဆိုရင် လူတွေဟာ ချစ်ခင်စွဲလမ်း တွယ်တာနေမှုတွေအတွက် အသက်ရှင်နေကြတာပဲ။ ဒါဆိုရင် အသက်ရှင်နေရခြင်းရဲ့ အဓိပ္ပာယ်ဟာ ချစ်ခင်စွဲလမ်း တွယ်တာနေမှုတွေပဲပေါ့"

ကျွန်တော်က တီးတိုးရေရွတ်လိုက်မိပြန်သည်။

"ချစ်ခင်စွဲလမ်း တွယ်တာနေမှုတွေအတွက် ကျွန်တော် အသက်ရှင်နေချင်သေးတယ် ... ကိုကြီးရယ်"

ကျွန်တော့်နားထဲမှာ ညီငယ်ကိုမင်းဝေ၏အသံကို ဖျတ်ခနဲ ကြားလိုက်ရသကဲ့သို့ ထင်လိုက်မိသည်။

"ဘုရားရေ ..."

www.burmeseclassic.com

www.burmeseclassic.com



သည်စကားသည် အံ့သြစရာ စကားတစ်ခွန်းမဟုတ်သော်လည်း ကျွန်တော်က အံ့သြစရာတစ်ခုလို ထင်နေမိသည်။

ထိုအခိုက် ...

အမှတ်မထင် ကျွန်တော့်မျက်လုံးတွေက ကျွန်တော့် အခန်းကလေး၏ နံရံထောင့် အပေါ်ဘက်ကို လှမ်းကြည့်လိုက်မိသည်။

နံရံထောင့်ကျဉ်းကလေးထဲမှာ ပင့်ကူအိမ်မျှင်တွေ။

သည်အိမ်မျှင်တွေထဲကို တိုးဝင်မိနေသော ပိုးကောင်ကလေး တစ်ကောင်။

ကျွန်တော် ကြည့်နေရင်းမှ ဒီပိုးကောင်ငယ်ကလေးက ကျွန်တော့် ညီငယ် ကိုမင်းဝေ ဖြစ်သွားသည်။ လက်တံရှည်ကြီးတွေနှင့် ပင့်ကူကြီးသည် သူ့အိမ်မျှင်တွေကြားထဲတွင် မိနေသော ပိုးကောင်ငယ်ကလေးကို ဖမ်းစားရန် ရှေ့သို့ တရွေ့ရွေ့ တိုးလာနေသည်။

မကြာခင်မှာပင် ပိုးကောင်ငယ်ကလေးသည် လူးရင်းလွန့်ရင်းဖြင့် ပင့်ကူကြီး၏ အာခံတွင်းထဲ ရောက်ရှိသွားသည်။

ကျွန်တော်က လဲလျောင်းနေရာမှ ဖျတ်ခနဲ ထရပ်လိုက်မိသည်။ ပြီးတော့ ပိတ်ထားသော ပြတင်းပေါက်ကလေးကို တွန်းဖွင့်လိုက်သည်။ အပြင်ဘက်မှ အလင်းရောင်က အခန်းကျဉ်းကလေးထဲသို့ တိုးဝင်လာသည်။

အလင်းရောင်နှင့်အတူ ကျွန်တော့်ရဲ့ အာရုံရိပ်ထဲမှာ ပုံရိပ်တချို့က တဖျတ်ဖျတ် လူးလွန့်ထင်ပေါ်လာကြသည်။

ညီငယ်ကိုမင်းဝေ၏ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ခန္ဓာကိုယ်ကို ထည့်သွင်းထားသည့် အခေါင်းအား မီးသင်္ဂြိုဟ်စက်ထဲသို့ ထိုးသွင်းလိုက်ကြတာကို ကျွန်တော်က ငေးစိုက်ကြည့်နေမိသည်။

ပြင်းပြသော လောင်မီးထဲတွင် ခန္ဓာကိုယ်ရော အခေါင်းပါ လျှင်မြန်စွာ လောင်ကျွမ်းသွားနေသည်။

အချိန်တန်တော့လည်း ချစ်ခင်စွဲလမ်းတွယ်တာမှုတွေကို ထားခဲ့ရတာပါပဲ။





"ဂျိမ်း ..."

ကျွန်တော်က လောင်ကျွမ်းနေမှုကို ငေးကြည့်နေစဉ် သင်္ဂြိုဟ်စက်တာဝန်ရှိသူတစ်ယောက်က သင်္ဂြိုဟ်စက် သံတံခါးကြီးကို ဆွဲပိတ်ပစ်လိုက်သည်။

ကျွန်တော်သည် မီးသင်္ဂြိုဟ်စက် အပြင်ဘက်တွင် ကျန်ရစ်ခဲ့သော ညီငယ်ကိုမင်းဝေရဲ့ သားကလေးနှင့် ဇနီးခင်ကျော့ရီကို မြင်ယောင်လာသည်။

"ဘုရားရေ ... ကျွန်တော့်ညီငယ် ကိုမင်းဝေဟာ ချစ်ခင်စွဲလမ်းတွယ်တာနေမှုတွေ တန်းလန်းကြီးနဲ့ မီးသင်္ဂြိုဟ်စက်ထဲကို ဝင်သွားတာပါလကလား"

ကျွန်တော်က အလန့်တကြား ညည်းတွားလိုက်မိသည်။

✿ ✿ ✿

[၂]

❑

ကျွန်တော်သည် လောင်ကျွမ်းနေသော ညီငယ်ကို ထားရစ်ခဲ့ကာ အပြင်ဘက်သို့ ထွက်လာခဲ့သည်။ ပြီးတော့ လူတွေနှင့်ဝေးရာ ခပ်လှမ်းလှမ်းတွင် သွားရောက်ရပ်ပြီး မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်ထိပ်ကို ငေးကြည့်နေမိသည်။

ခေါင်းတိုင်ထိပ်တွင် မီးခိုးငွေ့တွေတလူလူ လွင့်တက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမီးခိုးငွေ့တွေဟာ ညီငယ်ကိုမင်းဝေရဲ့ ရုပ်အလောင်းကို မီးသဂြိုဟ်ရာမှ ထွက်ပေါ်လာနေသော မီးခိုးငွေ့များဖြစ်သည်။ ကျွန်တော်က မီးခိုးငွေ့တွေကို ကြည့်ငေးရင်း ရင်ထဲတွင် တင်းကျပ်ဆို့နင့်လာသလို ခံစားနေရသည်။

"ရုပ်ခန္ဓာကိုယ်တစ်ခုဟာ အခုတော့လည်း အခိုးအငွေ့အဖြစ်ကို ပြောင်းလဲသွားပါပေါ့လား။ ဘယ်မှာလဲ . . . ကိုင်ပြစရာ ရုပ်ခန္ဓာကိုယ်ဆိုတာ ဘယ်မှာလဲ။ လက်ညှိုးထိုးပြစရာ ညီငယ်ကိုမင်းဝေဆိုတာ ဘယ်မှာလဲ သူ့ရဲ့ အသိစိတ်ဆိုတာ နောက်ဆုံးတော့ ဘဝတစ်ခုဟာ'ပြာ' ဖြစ်သွားတာပါပဲ"

"ဟုတ်တယ် . . . ပြာဖြစ်သွားတာပါပဲ။ ခင်ဗျားတို့၊ ကျွန်တော်တို့ဟာ ပြာမဖြစ်သေးတဲ့ ပြာတွေပေါ့ဗျာ။ နောက်ဆုံးတော့ ပြာဖြစ်သွားကြရမှာပါပဲ။ လူတွေအားလုံးဟာ ပြာမဖြစ်သေးကြတဲ့ ပြာတွေပါပဲ။ ခင်ဗျားတော့ ဘယ်လိုမြင်သလဲ မသိဘူး"

ကျွန်တော်က အသံထွက်ပေါ်လာရာ နောက်ဘက်ဆီသို့ လှည့်ကြည့်လိုက်မိသည်။

ပိန်ပိန်သွယ်သွယ်နှင့် မျက်မှန်ထူထူတစ်လက် တပ်ဆင်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ သူက ရီဝေသော မျက်လုံးအစုံဖြင့် ကျွန်တော့်ကိုကြည့်ပြီး ပြောနေခြင်းဖြစ်သည်။

"ပြာမဖြစ်သေးတဲ့ ပြာတွေ"

ကျွန်တော်က ရုတ်တရက် ရေရွတ်လိုက်မိသည်။

"ဟုတ်တယ်လေ . . . ပြာမဖြစ်သေးတဲ့ ပြာတွေလေ။ အဲဒီပြာတွေဟာ မိုးလင်းကနေ၊ မိုးချုပ် . . . လှုပ်ရှားနေကြတယ်။ ပြေးလွှားရုန်းကန်နေကြတယ်။ ပြာတွေ လွင့်နေကြတယ်ပေါ့ဗျာ။ ဒါပေမဲ့ အဲဒီပြာတွေဟာ ရိုးရိုးလွင့်နေကြတာမဟုတ်ဘူး။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနဲ့ လွင့်နေကြတာ။

ဒါပေမဲ့ အဲဒီလို လွင့်နေလို့ လွင့်နေမှန်း မသိကြဘူး။ လေနဲ့ လွင့်နေကြတာကို။ ကျွန်တော့်အမြင်တော့ဗျာ။ လူဆိုတာ မသေသေးတဲ့





ပြာနဲ့ သေပြီးတဲ့ပြာ။ ဒါပဲကွာတယ်လို့ ထင်တယ်။ ဒါပေမဲ့ ပြောရရင် ကျွန်တော်ကတော့ 'ပြာ' မဖြစ်ချင်ဘူးဗျာ"

ကျွန်တော်က ထိုသူကို အံ့ဩသလို ငေးစိုက်ကြည့်နေမိသည်။

"ခင်ဗျား စဉ်းစားကြည့်ဗျာ။ ဘယ်သူမှ မိမိကိုယ့်ကိုမိမိ ပြာဖြစ်ချင်ကြမှာမဟုတ်ဘူး။ ဒါပေမဲ့လည်း တစ်ချိန်ချိန်ကျရင် အားလုံးဟာ ပြာဖြစ်သွားကြရမှာပဲ မဟုတ်လား"

သူကပြောပြီး မီးသဂြိုဟ်စက်ခေါင်းတိုင်ထိပ်ဆီကို လှမ်းကြည့်နေသည်။ ပြီးမှ ကျွန်တော့်ကိုကြည့်ကာ . . .

"ဟော့ဟို ခေါင်းတိုင်ထိပ်က မီးခိုးငွေ့ဖြူဖြူတွေဟာ ပြာဖြစ်ခြင်းရဲ့ သင်္ကေတအမှတ်အသားတွေပဲ မဟုတ်လား။ ခန္ဓာကိုယ်တစ်ခုဟာ မီးလောင်းကျွမ်းပြီးတဲ့နောက် 'ပြာ' ဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။ ဒါပဲမဟုတ်လား၊ နောက်ဆုံးတော့ ဒါပဲမဟုတ်လား"

သူက စကားကိုရပ်ကာ ခေါင်းတိုင်ထိပ်ဆီကို လှမ်းကြည့်လိုက်ပြန်သည်။ ပြီးမှ . . .

"နောက်ဆုံးရလဒ်ဟာ ဒါမဟုတ်သေးဘူး။ နောက်ဆုံးရလဒ်က ပြာမဟုတ်သေးဘူး"

ဟု တတွတ်တွတ် ရွတ်နေသည်။ ကျွန်တော်က စိတ်မရှည်တော့သလို . . .

"ဒါမဟုတ်ရင် ဘာလဲ။ ပြာမဟုတ်ရင် ဘာလဲ"

ထိုအခါ သူက အံ့ဩသွားသလို လေသံဖြင့် . . .

"ခင်ဗျား . . . တကယ်မသိဘူးလား။ တကယ်မသိလို့ မေးတာလား။ 'ပြာ' ဟာ နောက်ဆုံးမဟုတ်ဘူး။ နောက်ဆုံးရလဒ်မဟုတ်ဘူး။ ရှေ့ကို ခရီးဆက်ဖို့အတွက် အချက်ပြလိုက်တဲ့ မီးစိမ်းကလေးတစ်ချက်ပဲဗျ။ မီးစိမ်းကလေးတစ်ချက်ပဲ"

"မီးစိမ်းကလေးတစ်ချက်"

"ဟုတ်တယ်လေ . . . မီးစိမ်းကလေး တစ်ချက်ပေါ့။ မီးပွိုင့်တစ်ခုမှာ မီးစိမ်း၊ မီးဝါ၊ မီးနီဆိုပြီး၊ မီးရောင် သုံးချက်ရှိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်လေ"

"ဘဝတစ်ခု ခန္ဓာတစ်ခုရနေခြင်းဟာ မီးပွိုင့်မှာ မီးနီမိနေတာနဲ့ တူတယ်ဗျ။ ခင်ဗျားတို့ ကျွန်တော်တို့ လူ့ဘဝရနေခြင်းဟာ သံသရာမီးပွိုင့်မှာ မီးနီမိနေတာပဲဗျ။ ဒါပေမဲ့ အဲဒီမီးနီဟာ အကြာကြီး မိမနေပါဘူး။ ခဏနေတော့ မီးစိမ်းကို ဖျတ်ခနဲ ပြောင်းသွားတာပဲမဟုတ်လား"

မီးစိမ်းကို ပြောင်းသွားပြီဆိုရင် မီးနီမှာ ရပ်နေလို့ မရတော့ဘူး။ ချက်ချင်း ထွက်ခွာပေးရတယ်။ ဟော့ဟို မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်က မီးခိုးငွေ့တွေဟာ မီးစိမ်းပြလို့ လူ့ဘဝထဲက ထွက်ခွာသွားရတဲ့ လူတစ်ယောက်ရဲ့ မီးခိုးငွေ့တွေပဲ မဟုတ်လား"

ထိုသူက ပြောပြီး မီးခိုးငွေ့တွေကို ငေးကြည့်နေပြန်သည်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး ပြောသည်။

"ခင်ဗျားတို့ ကျွန်တော်တို့ဟာ လူ့ဘဝမှာ မီးနီမိနေတာပဲဗျ။ ဒါပေမဲ့ မကြာခင်မှာ မီးစိမ်းပြခံရတော့မှာပါ။ မီးစိမ်း၊ ပြမခံရခင် တဒင် မီးနီမိနေတဲ့ အခိုက်ကလေးမှာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပြီးတော့ တွယ်တာကပ်ငြိခြင်းတွေနဲ့။ ပြီးတော့ ခံစားချက်ဝေဒနာတွေနဲ့၊ ကြည်နူးခြင်း။ ပျော်ရွှင်ခြင်း။ ဝမ်းသာခြင်း။ ဝမ်းနည်းခြင်းတွေနဲ့၊ ပြီးတော့ ..."

သူက စကားကို ရုတ်တရက် ရပ်လိုက်ပြီး မီးခိုးငွေ့တွေကို ငေးကြည့်နေပြန်သည်။ ပြီးမှ ...

"မီးစိမ်းပြပြီဆိုရင် ဟော့ဟိုမှာ ခင်ဗျားမြင်တဲ့အတိုင်း ပြာဖြစ်သွားတော့တာပဲဗျာ။ ဒါပေမဲ့ ကျွန်တော် ပြာမဖြစ်ချင်ဘူး။ ဟုတ်တယ် ကျွန်တော် ပြာမဖြစ်ဘူး။ မဖြစ်ချင်ပေမဲ့လည်း ဖြစ်ရဦးမှာပဲလေ"

ကျွန်တော်က ...

"ဟုတ်တယ်လေ ... လူဆိုတာ သေပြီးရင် ပြာဖြစ်သွားကြရတာချည်းပဲမဟုတ်လား။ ခင်ဗျားကျမှ ပြာမဖြစ်ချင်ဘူးဆိုတော့"

"ဟုတ်တယ် ... ကျွန်တော် ပြာမဖြစ်ချင်ဘူး။ ပြာမဖြစ်ချင်တဲ့သူဟာ ဝိပဿနာတရား အားထုတ်ထားရတယ်။ သံသရာမှာ သတ္တဝါတွေဟာ ဘဝ တစ်ခါတစ်ခါဖြစ်တိုင်း တစ်ခါတစ်ခါ သေကြရတယ်။ တစ်ခါတစ်ခါသေတိုင်း တစ်ခါတစ်ခါ ပြာဖြစ်ကြရတယ်။

အဲဒီတော့ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ဘဝသံသရာမှာ ဘယ်နှခါလောက် ဘဝတွေရရှိခဲ့ကြပြီး ဘယ်နှခါလောက် ပြာ့ဖြစ်ခဲ့ဖူးကြပြီလဲ မသိဘူး။ သေချာတာကတော့ အကြိမ်ပေါင်းမြောက်မြားစွာ ပြာဖြစ်ခဲ့ဖူးတာကတော့ ဘယ်လိုမှ မငြင်းနိုင်တဲ့ အချက်ပါပဲဗျာ"

သူ့စကားကြောင့် ကျွန်တော် သူ့ကိုပိုပြီး စိတ်ဝင်စားသွားမိသည်။ သူက ဆက်ပြောသည်။

"ဝိပဿနာတရားအားထုတ်လို့ ခင်ဗျားဟာ အနည်းဆုံး တစ်မင်တစ်ဖိုလ်ရသွားရင်၊ သောတာပန်လောက်ဖြစ်သွားခဲ့ရင် သံသရာမှာ ပြာဖြစ်ခွင့် အများဆုံး (၇)ကြိမ်လောက်ပဲ ရှိတော့တယ်။ အဲဒီလို ခုနစ်ဘဝမှာ ခုနစ်ကြိမ်လောက် ပြာဖြစ်ပြီးရင် နောက်ထပ် ခင်ဗျား ဘယ်တော့မှ ပြာမဖြစ်တော့ဘူး။ အခု ကျွန်တော်ပြာမဖြစ်ဖို့ ကြိုးစားနေတယ်။ ခင်ဗျားလည်း ကျွန်တော့်လို ပြာမဖြစ်ဖို့ ကြိုးစားစေချင်တယ်ဗျာ"

ပြောပြီး သူ့စကားသံက တိတ်သွားသည်။ သူနှင့် ကျွန်တော် ငြိမ်သက်စွာ ရပ်နေမိကြရင်းမှ မီးသင်္ဂြိုဟ်စက်ခေါင်းတိုင်ထိပ်ဆီသို့ ပြိုင်တူ လှမ်းကြည့်လိုက်မိကြသည်။

ခေါင်းတိုင်ထိပ်ဝဆီတွင် မီးခိုးငွေ့ဖြူဖြူများက တလူလူ လွင့်တက်နေဆဲ။

"ဒါပါပဲဗျာ ... ဒါပါပဲ။ ဟော့ဟိုက မီးခိုးငွေ့ ဖြူဖြူတွေဟာ ဘဝတစ်ခု ပြီးဆုံးသွားပြီဆိုတဲ့ သင်္ကေတတွေပါပဲ။ ပြီးသွားပြီ၊ ဆုံးသွားပြီ။ ဘာမှမဟုတ်ဘူး။ သူ့နောက်ကို ဘာမှပါမသွားဘူး။ သူပိုင်ဆိုင်ထားတာတွေ၊ ပစ္စည်းဥစ္စာတွေ၊ ဇနီး၊ သားသမီးတွေ ဘာတစ်ခုမှ ပါမသွားဘူး။ ဘာတစ်ခုမှ သူယူမသွားနိုင်ဘူး။ ခင်ဗျား ပြောစမ်းပါဦး။ သူ ဘာယူသွားနိုင်သေးသလဲ"

သူ့အသံတွေက အက်ကွဲရှတနေသလို ထင်ရသည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သူ ဘာတစ်ခုမှ ယူမသွားနိုင်ဘူး။ သူပိုင်ဆိုင်တဲ့ အရာတွေအားလုံး သူထားသွားခဲ့ရရှာတယ်"

ကျွန်တော့်အသံတွေက ကြေကွဲဆို့နင့်နေသည်။

"ဒါပေမဲ့ သူယူသွားနိုင်ခဲ့တာ တစ်ခုတော့ရှိတယ်"

"ခင်ဗျားပဲ သူဘာတစ်ခုမှ ယူမသွားနိုင်ခဲ့ဘူးဆို"

"ဟုတ်တယ်လေ . . . သူ ယူမသွားနိုင်ဘူး။ ဒါပေမဲ့ ယူသွားနိုင်တယ်"

"ခင်ဗျားဉစ္စာကလည်း ရှုပ်နေပြီ"

"မရှုပ်ပါဘူးဗျာ . . . ရှင်းရှင်းလေးပါ။ သူယူသွားနိုင်တာက သူ အသက်ရှင်စဉ် ကိုယ့်စိတ်နှလုံးသုံးပါးနဲ့ ဆောင်ရွက်ခဲ့တဲ့ ကာယကံ၊ ဝစီကံနဲ့ မနောကံတွေပါပဲ။ အဲဒီကံသုံးပါးနဲ့ ဆောင်ရွက်ခဲ့သမျှတွေဟာလည်း ကုသိုလ်ကံနဲ့ အကုသိုလ်ကံဆိုတဲ့ ကံနှစ်ကံပါပဲ"

အဲဒီကံနှစ်ကံပဲ သူနောက် ပါသွားနိုင်ပါလိမ့်မယ်။ သူယူသွားနိုင်ပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဘာကံကို ယူသွားမလဲ။ ကုသိုလ်ကံကို ယူသွားမလား။ အကုသိုလ်ကံကို ယူသွားမလား။ ကုသိုလ်ကံကို ယူသွားနိုင်ရင် ကောင်းတဲ့ဘုံဘဝကို ရောက်မယ်။

အကုသိုလ်ကံကို ယူသွားခဲ့မယ်ဆိုရင်တော့ မကောင်းတဲ့ ဘုံဘဝကို ရောက်သွားပါလိမ့်မယ်။

ကုသိုလ်ကံလို့ခေါ်တဲ့ ကောင်းတဲ့ကံ ကိုယ်ယူသွားနိုင်ဖို့ အသက်ရှင်စဉ်ကာလမှာ ကောင်းတဲ့ကံ များများလုပ်ဖို့ လိုပါတယ်။ ကောင်းတဲ့ကံဆိုတာကလည်း တစ်နည်းပြောရရင် ကောင်းတဲ့ကိုယ်စိတ်နှလုံး သုံးပါးပဲပေါ့။ ဒါကိုပဲ တစ်နည်းပြောရရင် ကောင်းတဲ့ကာယကံ၊ ကောင်းတဲ့ဝစီကံ၊ ကောင်းတဲ့ မနောကံတွေပဲပေါ့။

အဲဒီလို ကောင်းတဲ့ကံများများကို လုပ်ဆောင်ထားနိုင်ခဲ့ရင် ကောင်းတဲ့ကံကို ယူသွားနိုင်တာပေါ့။

မကောင်းတဲ့ကံတွေကို လုပ်ထားခဲ့ရင်တော့ အဲဒီမကောင်းတဲ့ ကံတွေကိုပဲ ယူသွားနိုင်ပါလိမ့်မယ်။





တကယ်တော့ ကိုယ့်ရှိတာကို ကိုယ်ယူသွားရတဲ့ သဘောပါပဲ။ ကိုယ်ပိုင်တာကို ကိုယ်ယူသွားရတဲ့ သဘောပါပဲ။

တကယ်တော့ ကိုယ်ပိုင်တာတွေဟာ ပစ္စည်းဉစ္စာ၊ ဇနီး၊ သားသမီး၊ ရာထူးဂုဏ်သိမ်တွေနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေမဟုတ်ပါဘူး။ မိမိ ဘဝတစ်သက်တာ ပြုလုပ်ခဲ့တဲ့ မိမိရဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေပါပဲ။ တစ်နည်းပြောရရင် မိမိရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေပါပဲ။ တစ်နည်းပြောရရင် မိမိရဲ့ ကောင်းတဲ့ကံနဲ့ မကောင်းတဲ့ကံတွေပါပဲ။

ဒါတွေကိုပဲ ယူသွားနိုင်တာပါ။ ကောင်းတဲ့ကံဖြစ်စေ၊ မကောင်းတဲ့ ကံဖြစ်စေ၊ ယူသွားလို့ရှိရင် နောက်ဘဝ၊ နောက်ခန္ဓာဆိုတာ ဖြစ်လာဦးမှာပဲ။ ရရှိလာဦးမှာပဲ၊ ကောင်းတဲ့ကံ ယူသွားနိုင်ရင်တော့ လူ့ဘဝ လူ့ခန္ဓာ၊ နတ်ဘဝ နတ်ခန္ဓာ ဖြစ်သွားနိုင်တာပေါ့ဗျာ။

အဲ . . . မကောင်းတဲ့ကံကိုသာ ယူသွားခဲ့ရင်တော့ တိရစ္ဆာန်ဘဝ၊ တိရစ္ဆာန်ခန္ဓာ၊ ငရဲဘဝ ငရဲခန္ဓာ၊ ပြိတ္တာဘဝ ပြိတ္တာခန္ဓာ တစ်ခုခု ဖြစ်သွားနိုင်တာပေါ့"

ပြောပြီးတော့ သူက ခေါင်းတိုင်ထိပ်ဆီသို့ ငေးကြည့်နေသည်။ ပြီးမှ . . .

"ဟော့ဟိုမှာ သင်္ဂြိုဟ်လို့ ပြာဖြစ်သွားတဲ့လူဟာ ဘယ်ဘဝ ဘယ်ခန္ဓာ ရောက်သွားတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူးမဟုတ်လား။ သူ့ရဲ့ကံကလည်း သူရောက်ရမည့်ဘဝ သူဖြစ်ရမယ့်ခန္ဓာကို အဆုံးအဖြတ်ပေးမှာပဲ မဟုတ်လား"

သူကပြောပြီး ကျွန်တော့်အနားမှ ထွက်ခွာသွားလေသည်။ သို့သော် ခြေလှမ်း လေးငါးလှမ်းကျော်ခန့်အရောက်တွင် ဖျတ်ခနဲ လှည့်ကြည့်ကာ . . .

"ကျွန်တော် ပြာမဖြစ်ချင်ဘူးဗျာ"

ဟု လှမ်းပြောလိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၇]

❑

"ညက တစ်ညလုံး အိပ်လို့မရဘူး ...အမေရယ်။ အိမ်ပေါ်မှာ လမ်းလျှောက်သံတွေ ကြားနေရတယ်။ အသံတွေက အိမ်ရှေ့ရောက်လာလိုက်၊ အိမ်နောက်ဖေးရောက်သွားလိုက် ဖြစ်နေတယ်။ ပြီးတော့ စားပွဲပေါ်က စာအုပ်တွေကိုလည်း တစ်စုံတစ်ယောက်က ကိုင်တွယ်လှန်လှောကြည့်ရှု နေသလိုမျိုး တဖျပ်ဖျပ်အသံတွေကို ကြားနေရတယ်"

ကျွန်တော်က ခယ်မဖြစ်သူ ခင်ကျော့ရီ၏ စကားသံတွေကို နားစွင့်နေမိသည်။

"ပြီးတော့ သမီးတို့ အိပ်နေတဲ့ ခြင်ထောင်ကို တစ်စုံတစ်ယောက်က ကိုယ်လုံးနဲ့ တိုက်တိုက်သွားသလိုမျိုး ခြင်ထောင်က လှုပ်လှုပ်သွားတယ်။

အဲဒီလိုဖြစ်ပြီး တစ်အောင့်ကြာတော့ စားပွဲပေါ်က စာအုပ်တချို့ အောက်ကို ပြုတ်ကျသွားတဲ့အသံတွေ ကြားရပြန်တယ်။ မကြောက်ဘူး ဆိုပေမယ့် သမီးရင်ထဲမှာတော့ တဒိတ်ဒိတ်ခုန်နေတယ်။



အဲဒီနောက် မကြာဘူး။ လမ်းလျှောက်နေတဲ့အသံတွေ ကြားရပြန်တယ်။ အဲဒီအသံတွေက (၁၀)မိနစ်လောက်ကြာတော့ ပျောက်သွားတယ်။ ပြီးတော့ သိပ်မကြာခင်မှာ နောက်ဖေးဘက်က တစ်စုံတစ်ခု ပြုတ်ကျသွားတဲ့အသံကို ကြားရတယ်။

သမီးရင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်ပြီး ခြေတွေလက်တွေ အေးစက်လာတယ် ... အမေရယ်။ စိတ်ထဲမှာလည်း မကောင်းဘူး။ ဆို့နင့်နေတယ်။ ဘယ်လိုခံစားရမှန်း မသိဘူး။ ခြင်ထောင်ထဲမှာ သမီးရယ်၊ သားကလေးရယ်။ သမီးဝမ်းကွဲအစ်မရယ်၊ သုံးယောက်ပဲရှိတယ်။ သမီးက ခြင်ထောင်အပြင်ဘက်ကို ထွက်ကြည့်ချင်တယ်။ ဒါပေမဲ့ ထွက်ကြည့်ဖို့ မရဲဘူး ... အမေ။

ဖိုက်ဝပ်မီးလုံးလေးရဲ့ အလင်းရောင်ကလည်း မှိန်ပျပျကလေးဆိုတော့ သမီးတို့သုံးယောက်စလုံး ခြင်ထောင်ထဲမှာ ငြိမ်ကုပ်နေရတယ်။ အိပ်လို့မရဘူး။

နောက်ဖေးဘက်က တစ်စုံတစ်ခု ပြုတ်ကျသွားတဲ့ ဝုန်းခနဲအသံကို ကြားရပြီးတဲ့နောက် နာရီဝက်နီးပါးလောက် တစ်အိမ်လုံး တိတ်ဆိတ်သွားတယ်။ သမီးရင်ထဲမှာ တဒိတ်ဒိတ်နဲ့ ခုန်နေတယ် ...အမေရယ်။

နောက်တော့ ချွတ်ချွတ်အသံတွေကို ကြားလာရတယ်။ အသံတွေက နောက်ဖေးဘက်ကလိုလို အိမ်ရှေ့ဘက်က လိုလိုပါပဲ ...အမေရယ်။

ပြီးတော့ လမ်းလျှောက်သံ တရှပ်ရှပ်ကိုလည်း ကြားနေရတယ်။ သမီးတို့ခြင်ထောင်ဟာ လေမတိုက်ဘဲနဲ့ လှုပ်ယမ်းနေတယ်။ ငါးမိနစ်လောက် လှုပ်ရမ်းနေပြီးတော့ ပြန်ငြိမ်သွားတယ်။ နာရီဝက်ကျော်ကျော်လောက် ရှိပြန်တော့ တစ်ခါ လှုပ်ယမ်းလာပြန်တယ်။

အဲဒီလိုနဲ့ တစ်ညလုံးပဲ ငြိမ်သွားလိုက်၊ လှုပ်ယမ်းလာလိုက်၊ ငြိမ်သွားလိုက်၊ လှုပ်ယမ်းလာလိုက်နဲ့ ဖြစ်နေတယ်။ သမီးဖြင့် အဲ့ဒီလိုမျိုး တစ်ခါမှ မကြုံဖူးပါဘူး အမေရယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းခါနီးကျတော့ အိမ်နောက်ဖေး အပြင်ဘက်ကနေပြီး အိမ်ခေါင်မိုးပေါ်ကို ခဲလုံးကြီးကြီးနဲ့ ပစ်ပေါက်လိုက်သလိုမျိုး ဒုန်းခနဲ အသံကြီးကို ကြားလိုက်ရတယ်။

ဒါပေမဲ့ ခေါင်မိုးပေါ်က ခဲလုံးပြန်ပြီး လိမ့်ကျသွားတဲ့ အသံကိုတော့ မကြားရဘူး။ တော်တော်တော့ ထူးဆန်းတယ် ... အမေရယ်။ အမေ့သား ကိုမင်းဝေသမီးတို့ကို လာပြီးနှုတ်ဆက်သွားတာလား မသိဘူး အမေရယ်"

ခင်ကျော့ရီက ပြောပြီးသည်နှင့် မျက်ရည်တွေ စီးကျလာသည်။ ခင်ကျော့ရီမှာ ကျွန်တော့်ညီငယ် ကိုမင်းဝေ၏ဇနီးဖြစ်သည်။

ကျွန်တော်တို့အားလုံးက ငြိမ်သက်တိတ်ဆိတ်စွာ ခင်ကျော့ရီ စကားကို နားထောင်နေမိကြသည်။ ကျွန်တော်တို့ဆိုသည်မှာ ကျွန်တော့် အဖေ၊ ကျွန်တော့်အမေ၊ ကျွန်တော့်အစ်မ၊ ကျွန်တော့်ညီနှစ်ယောက်နှင့် ကျွန်တော့်ညီမတို့ဖြစ်သည်။

ခင်ကျော့ရီ၏ စကားဆုံးတော့ ကျွန်တော့်တို့အားလုံးရဲ့ မျက်နှာတွေပေါ်မှာ မယုံကြည်နိုင်ဟန်၊ ဝမ်းနည်းကြေကွဲဟန်၊ ယူကျုံးမရ ဖြစ်နေဟန်တွေက တိမ်ညိုတိမ်မည်းရိပ်တွေလို ပိုပြီး ထူထပ်သိပ်သည်းလာလေသည်။

တကယ်တော့ ကျွန်တော်တို့ အားလုံး မျက်နှာမကောင်းကြ။

"အမေ ... ကိုလေး ဘာဖြစ်သွားတာလဲဟင်"

ကျွန်တော့်ညီမအငယ်ဆုံး သန္တာက အမေ့ကို ကောက်ကာငင်ကာ မေးလိုက်ခြင်းဖြစ်သည်။ ညီမငယ်သန္တာက ကျွန်တော့်ညီငယ် ကိုမင်းဝေကို 'ကိုလေး' ဟုခေါ်ပြီး ကျွန်တော့်ကိုတော့ အားလုံးကပင် 'ကိုကြီး' ဟု ခေါ်ကြသည်။

အမေသည် သူ့သမီးငယ်သန္တာ၏အမေးကို ဖြေရမှာ ဝန်လေးနေသလိုမျိုးဖြင့် ကျွန်တော်တို့ အားလုံး၏ရှေ့ရှိ စားပွဲပေါ်တွင် ထောင်ထားသော သူ့သား ကိုမင်းဝေ၏ဓာတ်ပုံကို ငေးကြည့်နေသည်။

အမေ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ဥတွေပြည့်နေတာကို ကျွန်တော် မြင်နေရသည်။





သားတစ်ယောက် ဆုံးရှုံးသွားသော မိခင်တစ်ယောက်၏ရင်ထဲတွင် ဘယ်လိုခံစားနေရမည်ကို မပြောဘဲနှင့် ကျွန်တော် သိနေမိသည်။ ပြီးတော့ ကျွန်တော်သိနေမိသည်က ခင်ကျော့ရီပြောနေသော စကားများ။

သည်စကားတွေက အမေ့ရင်ကို ပိုပြီး ထိခိုက်နာကျင်ခံစား ရစေလိမ့်မည်။

"အမေ ... ကိုလေး ... ဘယ်ဘဝရောက်သွားတာလဲဟင်"

ညီမငယ်သန္တာက မသိဆိုးရွားစွာ မေးနေပြန်လေသည်။

✿ ✿ ✿

[၄]

❑

"ကျွန်တော့်ရင်ထဲမှာ ကျပ်နေတယ်။ အရမ်းကြီးကို ကျပ်နေတယ်။ နေလို့မရတော့ဘူး။ ဒီဝေဒနာတွေကို ကျွန်တော် မခံစားနိုင်တော့ဘူး ... ကိုကြီးရယ်။ ကျွန်တော့်ကို တူတစ်ချောင်းလောက် ပေးစမ်းပါ။ ကျွန်တော့် ရင်ဘတ်ကို ကျွန်တော် အဲဒီတူနဲ့ထုပြီး သေချင်လို့ပါ ... ကိုကြီး။ ကျွန်တော့်ကို တူတစ်ချောင်းလောက် ယူပေးပါ။ ကျွန်တော် ဒီဝေဒနာတွေကို မခံစားနိုင်တော့ဘူး"

ညီလေး ကိုမင်းဝေရဲ့စကားက ကျွန်တော်တို့မိသားစုရဲ့ နှလုံးသားတွေကို ကွဲအက်စေနေလေပြီ။ ညီငယ်သည် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေပြီး ကျွန်တော်တို့မိသားစုတွေ အားလုံးက ကြမ်းပြင်ပေါ်တွင် ဝိုင်းသီးထိုင်နေကြကာ ညီငယ်ရဲ့ အခြေအနေကို စောင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ မျှော်လင့်ချက် မရှိတော့မှန်းကိုကား သိနေကြလေပြီ။

"ညီလေး ... ကိုကြီးတို့ တရားခွေ ဖွင့်ထားတယ်လေ။ တရားခွေက တရားသံတွေကို နာယူနှလုံးသွင်းနေပါလား ... ညီလေးရယ်။ ဝေဒနာထဲမှာ စိတ်ကိုနှစ်ပြီး မထားနဲ့။ ဝေဒနာထဲမှာ စိတ်ကိုနှစ်ပြီးထားရင် ဝေဒနာဟာ ပိုပြီး နာလာလိမ့်မယ်"

ကျွန်တော်က ကုလားထိုင်လက်ရန်းပေါ် တင်ထားသော သူ့လက်ကို ကိုင်ထားရင်း သူနားဝင်အောင် တဖြည်းဖြည်းချင်း ပြောနေမိသည်။

"ဟော့ဟိုဘုရားစင်မှာ ဘုရားရှင်ကို ပန်းတွေ ကပ်လှူထားတယ်။ ညီလေးကိုယ်စား ကိုကြီးတို့က ကပ်လှူပေးထားတယ်။ ညီလေး အဲဒါကိုပဲ အာရုံပြုနေပါ။ အမွှေးတိုင်၊ နံ့သာတိုင်တွေလည်း ထွန်းညှိပူဇော်ပေးထားတယ်။

ညီလေးစိတ်ထဲမှာ ဝေဒနာတွေကို တွေးမနေနဲ့။ ငါ့အနေနဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပန်းတွေ၊ ဆီမီးတွေ၊ နံ့သာတွေ၊ ရေချမ်းတွေနဲ့ ကပ်လှူပူဇော်နေရပါကလားလို့ စိတ်ထဲမှာ ရည်စူးပြီး ကြည်နူးနေပါလား ... ညီလေးရယ်"

ကျွန်တော့်စကားဆုံးတော့ ညီငယ်က ဘုရားစင်ဘက်သို့ တစ်ချက်ကြည့်ကာ လက်အုပ်ချီသည်။ မျက်လုံးကိုလည်း မှိတ်ထားသည်။ ဘုရားကို အာရုံပြုနေပုံရလေသည်။

ကျွန်တော်သည် ညီငယ်ကိုကြည့်ပြီး ဝမ်းသာသွားသည်။ သို့သော် ကျွန်တော့်ဝမ်းသာမှုတို့က သိပ်မကြာလိုက်။

ညီငယ်မျက်လုံးများက မှိတ်ထားရာမှ ရုတ်တရက်ပွင့်လာပြီး ကုလားထိုင်ပေါ်မှ ဝုန်းခနဲ ထရပ်လိုက်ရာ ကျွန်တော်ပင် အံ့ဩသွားမိသည်။

"ညီလေး ... ညီလေး ..."

ကျွန်တော်က ထိုင်နေရာမှ ရုတ်တရက်ထကာ ညီငယ်အား ဆွဲ၍ ဖေးမထားလိုက်မိသည်။





"ကျွန်တော့်ကို မဆွဲနဲ့ ... ကိုကြီး။ ကျွန်တော့်ရင်ထဲမှာ ကျပ်နေတယ်။ နေလို့မရတော့ဘူး။ ကိုကြီးတို့ ဖူ မပေးရင် ကျွန်တော့်ဘာသာ ဖူယူပြီး ကျွန်တော့်ရင်ဘတ်ကို ကျွန်တော်ထုပြီး သေမယ်"

ညီငယ် ထိုစကားများကို မောပန်းနွမ်းနယ်စွာဖြင့် အားယူပြောနေရခြင်းဖြစ်သည်။ ကျွန်တော်သည် ညီငယ်ကို ကြည့်ရှုပေးသည့် ဆရာဝန်၏စကားကို ကြားယောင်လာသည်။

"သူ့ရဲ့ နှလုံးနဲ့ အဆုတ်ရဲ့ ဘေးပတ်ပတ်လည်မှာ ရေတွေနဲ့ ပြည့်ကျပ်နေပြီ။ ဒီရေတွေက သူ့နှလုံးနဲ့ အဆုတ်ကို ဖိထားသလို ဖြစ်နေတော့ သူ့ရင်ထဲမှာ ကျပ်နေသလို ဖြစ်နေတော့တာပေါ့။ ရေတွေက တဖြည်းဖြည်း များနေပြီ။ သူ မနေရတော့ဘူးဗျာ"

ဆရာဝန်၏စကားက အဟုန်ပြင်းစွာ စီးဆင်းလာသော တောင်ကျချောင်းရေလို ကျွန်တော့်နှလုံးသား ကမ်းပါးကို တိုက်စားသယ်ဆောင်သွားလေသည်။

ကျွန်တော်သည် သေခြင်းတရားကို ဒေါသဖြင့် ရင်ဆိုင်နေရရှာသော ညီငယ်ကို ဖျောင်းဖျနှစ်သိမ့်စကားတွေ ပြောနေမိသည်။ သူ့ရဲ့ဝေဒနာကို မခံမရပ်နိုင်ဖြစ်နေရပုံကို ကျွန်တော် မကြည့်ရက်တော့ပေ။

ညီငယ်သည် စောစောက အားယူလှုပ်ရှားလိုက်ရသဖြင့် လွန်စွာမောပန်းနွမ်းနယ်သွားပုံ ရလေသည်။ သူသည် ပက်လက်ကုလားထိုင်ပေါ်တွင် အားကုန်သွားသူတစ်ယောက်လို ထိုင်ချလိုက်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်လေသည်။

ကျွန်တော် သူ့ကိုကြည့်လိုက်တော့ တာဝေး အပြေးသမားတစ်ယောက်လို ပန်းဝင်ခါနီးအချိန် အလွန်တရာ မောပန်းနွမ်းဟိုက်နေသလိုမျိုး ဖြစ်နေတာကို တွေ့ရသည်။

"ဟုတ်တယ် ... သူ ပန်းဝင်ခါနီးနေပြီ"

ကျွန်တော်က စိတ်ထဲမှ ရေရွတ်နေမိသည်။ ဟုတ်တယ် ... သေခြင်းတရားဟာ လူ့ဘဝရဲ့ ပန်းတိုင်ပဲ။ ဒီပန်းတိုင်ကို လျှောက်ချင်ချင်



www.burmeseclassic.com

www.burmeseclassic.com



မလျှောက်ချင်ချင် လျှောက်နေကြရပြီး နောက်ဆုံးတစ်နေ့ကျတော့ လူတိုင်းရောက်ကြရတဲ့ ပန်းတိုင်ပဲမဟုတ်လား။

ပြီးတော့ လူတိုင်းအတွက် မိမိအလိုဆန္ဒမပါဘဲ ထားရတဲ့ပန်းတိုင်ဟာ အဲဒီ သေခြင်းတရားပန်းတိုင်ပဲ မဟုတ်လား။

ပန်းတိုင်ကို စောစောရောက်တာနဲ့ နောက်ကျပြီးမှ ရောက်တာ ဒါပဲကွာတယ်မဟုတ်လား။ ဒါပေမဲ့ လူတိုင်းဟာ အဲဒီသေခြင်းတရားဆိုတဲ့ ပန်းတိုင်ကိုတော့ ဘယ်သူမှ စောစောမရောက်ချင်ကြပါဘူး။ အားလုံးဟာ နောက်ကျပြီးမှပဲ ရောက်ချင်ကြပါတယ်။ ပန်းတိုင်ကို ဝင်ဖို့အတွက် နောက်ကျသည်ထက် နောက်ကျအောင် ...

ကျွန်တော်က စိတ်ထဲက ရေရွတ်နေမိရင်းမှ ညီငယ်ကို ကြည့်လိုက်မိပြန်သည်။

''ဘုရားရေ ... သူ အသက်ထွက်ခါနီးနေပြီ''

ကျွန်တော့်ရင်ထဲမှာ တဒိတ်ဒိတ် အခုန်မြန်လာသည်။ ညီငယ်သည် ဝင်သက်ထွက်သက်လေကို ပင်ပန်းကြီးစွာဖြင့် ရှူရှိုက်နေရလေပြီ။ တစ်ချိန်က သက်သောင့်သက်သာ ရှူရှိုက်ခဲ့ရသော ဝင်သက်ထွက်သက်တို့သည် ယခုတော့ သူ့အတွက် ပင်ပန်းကြီးစွာ ခဲရာခဲဆစ် ရှူရှိုက်နေရလေပြီ။

တစ်ချိန်က ရှူလို့ရှူမှန်းပင် မသိခဲ့ရသော ဝင်သက်ထွက်သက်လေတို့သည် ယခုတော့ ...

မကြာမီ သူ့အတွက် နောက်ဆုံးဝင်သက်တစ်ချက်သည် ပင်ပန်းကြီးစွာ ဝင်ရောက်လာပြီး ထိုဝင်သက်သည်ပင် နောက်ဆုံးထွက်သက်အဖြစ် ပင်ပန်းကြီးစွာ ထွက်ခွာသွားရပေတော့မည်။

''သူ အသက်ထွက်ခါနီးနေပြီ''

ကျွန်တော်က ဆောက်တည်ရာမရသူတစ်ယောက်လို စိတ်ထဲမှ တီးတိုးရေရွတ်နေမိရင်း နှလုံးအစုံက တဒုန်းဒုန်းခုန်နေမိသည်။

သည်အချိန်သည် သူ့အတွက် အဆုံးအဖြတ်အချိန်၊ သူ့ဘဝ အကူး အပြောင်းအတွက် အလွန်တရာ အရေးကြီးလှသောအချိန်။





ဖွင့်ထားသော တရားခွေ၏အသံက တဖြည်းဖြည်း တိုးလာနေသည်။ မကြာခင်ပင် တရားခွေသံက ပြီးဆုံးသွားသည်။ ကျွန်တော်က သွေးရူး သွေးတမ်းဖြင့် နောက်ထပ်အခွေတစ်ခုကိုယူကာ ကတ်ဆက်ထဲ ထည့်လိုက်သည်။

ညီလေး နောက်ဆုံးအချိန်မှာ ...

တရားခွေနာရပြီး ဘဝကူး။

ကျွန်တော့်အဖြစ်က နောက်ဆုံး ကောက်ရိုးတစ်မျှင်ဖြင့် ရေနစ်နေသူကို ကယ်တင်ရန် ကြိုးစားနေသူတစ်ယောက်ပမာ ဖြစ်နေပါသည်။

ညီငယ်ကား ပက်လက်ကုလားထိုင်ပေါ်တွင် သေငယ်ဇောဖြင့် မြောနေလေပြီ။ အမေ့ငိုသံက ကျွန်တော့်နှလုံးသားကို ဆုတ်ချေညှစ်ပစ်လိုက်သကဲ့သို့ ခံစားလိုက်ရသည်။

ဝင်သက်ထွက်သက် ကင်းမဲ့သွားပြီဖြစ်သော ညီငယ်ကို ကျွန်တော်က ကျောက်ရုပ်ကြီးတစ်ရုပ်လို ငေးကြည့်နေမိလေသည်။

✿ ✿ ✿

[ ၅ ]

❑

''အမေ ... အမေ့သား ညက တစ်ညလုံး ကျွန်မတို့အိမ်ထဲမှာ ရှိတယ်။ သူ ဘယ်မှမသွားဘူး။ ကျွန်မတို့အိပ်တဲ့ ခုတင်က ခုတင်တိုင်ကို သူ ဝင်,ဝင်တိုက်သွားတာ၊ ခုတင်တစ်ခုလုံး သိမ့်ခနဲ သိမ့်ခနဲ ဖြစ်နေတာပဲ ... အမေရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ တစ်ညလုံး အိပ်လို့မရဘူး။ သူ့သားကို နှုတ်ဆက်တာလား၊ စွဲလမ်းနေတာလားမသိဘူး။ သားကလည်း မအိပ်ဘဲ ခြင်ထောင်ထဲမှာ ထိုင်နေတယ်။ ပြီးတော့ ခြင်ထောင်အပြင်ဘက်ကို စိုက်ကြည့်နေပြီး …

''မေမေ … ဖေကြီး … ဟိုမှာရပ်ပြီး သားတို့ကို ကြည့်နေတယ်''

လို့ပြောတော့ သမီးလည်း ကြက်သီးတွေ … တဖြန်းဖြန်း ထသွားတယ်။ သမီးကြည့်လိုက်တော့ ဘာမှမမြင်ရပါဘူး။ အမေ့သား ကိုမင်းဝေက သူ့သားကို အရမ်းချစ်တာ … အမေရဲ့။ ကလေးကတော့ သူ့အဖေကို မြင်နေမှာပေါ့ အမေရယ်''

ညီငယ် ကိုမင်းဝေရဲ့ဇနီး ခင်ကျော့ရီမှာ ပြောရင်းမှ ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

သူက ငိုနေရင်းမှ ကျွန်တော့်ဘက်လှည့်ကာ …

''ကိုကြီးရယ် … ကိုကြီးရဲ့ညီ၊ ဘာဖြစ်သွားတာလဲဟင်။ သူ မကျွတ်မလွတ်ဘူးလား … ကိုကြီးရယ်''

ဟု တတွတ်တွတ် မေးနေလေသည်။

ကျွန်တော်က စိတ်ထိခိုက်စွာဖြင့် အပြင်ဘက်သို့ ငေးကြည့်နေမိတော့သည်။

ဘဝတစ်ခုဆိုတာ လေပူဖောင်းကလေး တစ်လုံးလိုပါပဲလား။ အချိန်မရွေး ပေါက်ကွဲပျောက်ကွယ်သွားနိုင်တာပဲလေ။ မပေါက်ကွဲ မပျောက်ကွယ်ခင် အချိန်ကလေးအတွင်းမှာသာ …

ပြီးတော့ အခုဘဝနဲ့ နောက်ဘဝဆိုတာ ပိုက်ဆံတစ်ပြားရဲ့ ခေါင်းနဲ့ပန်းလို ကျောချင်းကပ်နေကြတဲ့ အဖြစ်မျိုးပါပဲ။ နောက်ဘဝလို့ ခေါ်တဲ့ တမလွန်ဘဝဆိုတာ လူတွေထင်နေကြသလို အဝေးကြီးမှာ မရှိပါဘူး။ ကိုယ့်ရဲ့ အနီးကလေးမှာပဲ ရှိနေတယ်။ သိပ်နီးလွန်းလို့ တမလွန်ဘဝကို မြင်တောင် မမြင်ရဘူး။

သိပ်နီးလွန်းဆို တမလွန်ဘဝ (နောက်ဘဝ) ဟာ ကိုယ့်ရဲ့ နောက်ကျောမှာ ကပ်နေတဲ့ အရာမဟုတ်လား။ အခုတော့ ကျွန်တော့်ညီငယ်





ကိုမင်းဝေဟာ တမလွန်ဘဝကို ရောက်သွားခဲ့ရပြီလေ။ တမလွန်ဘဝက နေပြီး သူချစ်တဲ့ခင်တဲ့ သူ့သံယောဇဉ်ကြီးမားစွာ တွယ်တာခဲ့ရတဲ့သူတွေကို ခြောက်လှန့်ပြနေခဲ့ပြီလေ''

အို … အမှန်တော့လည်း ဒါဟာ ခြောက်လှန့်မှုတစ်ခု မဟုတ်ပါဘူး။ သံယောဇဉ်မဖြတ်နိုင်လို့ စွဲလမ်းစိတ်နဲ့ သံယောဇဉ်အရိပ်အယောင်တွေကို တမလွန်ဘဝကနေပြီး သူပြနိုင်သလောက် ပြနေတာမျိုးပါ။

တကယ်တော့ ဘဝချင်းက ခြားသွားခဲ့ပြီ မဟုတ်လား။ ဘဝချင်း မတူတော့ဘူး။ ခန္ဓာချင်းမတူတော့ဘူး။ လောကချင်း မတူတော့ဘူး မဟုတ်လား။

ကျွန်တော်က တစ်ယောက်တည်း တီးတိုးရေရွတ်နေမိသည်။

''ကိုကြီးရယ် … သူ ဘယ်ဘဝ ရောက်သွားတာလဲဟင်''

ခင်ကျော့ရီ၏ ကျွန်တော့်ကိုမေးသံက ရှိုက်သံတွေနှင့်အတူ ထွက်ပေါ်လာပြန်သည်။

ကျွန်တော်ကတော့ အပြင်ဘက်ကိုသာ ငေးကြည့်နေမိလေသည်။

''ကိုကြီးရယ် … ပြောကြပါဦး။ ကိုကြီးညီ ဘယ်ဘဝရောက်သွားတာလဲဟင်။ ဟီး … ဟီး .. ဟီး …''

ခင်ကျော့ရီက အပြင်ဘက်ကို ငေးကြည့်နေရာမှ အိမ်ထဲရှိ စားပွဲပေါ်တွင် ထောင်ထားသော ညီငယ်ကိုမင်းဝေ၏ဓာတ်ပုံကို လှမ်းကြည့်လိုက်မိပြန်သည်။ ဓာတ်ပုံထဲမှ မျက်လုံးများက ကျွန်တော့်ကို စိုက်ကြည့်နေသယောင်ယောင် ထင်ရသည်။

ကျွန်တော်သည် ညီငယ်၏ ဓာတ်ပုံကိုကြည့်နေမိရင်းမှ 'ဂူ' တစ်ချောင်းကို မြင်ယောင်လာသည်။ ပြီးတော့ ဝေဒနာ သေခါနီးဆဲဆဲ ခံစားနေရသောဝေဒနာ …

ဒီဝေဒနာကို မခံစားနိုင်တော့၍ ညီငယ်သည် ဂူတစ်ချောင်းကို ကောင်းဆိုကာ …

''ရက်လည်ပြီးညကဆိုရင် ပိုပြီးဆိုးတယ် အမေ။ တစ်အိမ်လုံးကို ပြောင်းဆန်နေတာပဲ။ အိမ်နောက်ဖေးဘက်က ဝုန်းဝုန်းဒိုင်းဒိုင်း အသံ



www.burmeseclassic.com

www.burmeseclassic.com



တွေ ကြားရပြီး သိပ်မကြာဘူး။ သမီးတို့အခန်းထဲက မီးခလုတ်ကို တစ်စုံ တစ်ယောက်ယောက်က ပိတ်လိုက်သလိုမျိုး ချောက်ခနဲ အသံကြားလိုက်ရ ပြီး မီးလည်း မှိတ်သွားတော့တာပဲအမေ။

သမီးတို့သားအမိ မှောင်ကြီးထဲမှာ ငြိမ်နေမိကြတယ်။ ကလေးက လည်း ငြိမ်နေတယ်။ ဘာသံမှမထွက်ဘူး။ သမီးကတော့ ကြောက်လည်း ကြောက်တယ်။ ကြောက်လည်း မကြောက်ဘူး။ နောက် (၁၀)မိနစ် လောက် ကြာတော့ သမီးတို့အခန်းထဲက မီးခလုတ်ကို တစ်စုံတစ်ယောက်ယောက်က ပြန်ပြီး ဖွင့်လိုက်သလိုမျိုး ဖျောက်ခနဲ အသံကြားလိုက်ရပြီး မီးတွေ ပြန်လင်း လာတယ်အမေ။

သားလေးကတော့ ...'ဖေကြီး မီးခလုတ်ကို ဖွင့်လိုက်၊ ပိတ်လိုက် လုပ်နေတယ် ...မေမေ' လို့ပြောတယ်''

ခင်ကျော့ရီ အမေ့ကိုကြည့်ပြီး ပြောနေလေသည်။ အမေ့ကို ကျွန် တော်ကြည့်လိုက်တော့ အမေက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစား တွေးတောနေသလိုမျိုး ငိုင်တွေနေလေသည်။

ဘဝတစ်ခုဟာ ဒီဘက်မှာ ပြီးဆုံးသွားခဲ့ရပေမယ့် ဟိုဘက်မှာတော့ မပြီးဆုံးသေးပါကလား။ အခုမှ အသစ် ပြန်စနေရသလိုမျိုးပါလား။ ဒါပေမဲ့ ဘဝသစ်ကို သူရောက်သွားမှန်း သူမသိသေးလို့ ဘဝဟောင်းကို စွဲလမ်းနေ တဲ့ အမောတွေပါလား။ ခန္ဓာသစ်ကို သူရသွားပေမဲ့ ခန္ဓာဟောင်းနဲ့ နေခဲ့ ရတဲ့ အခြေအနေတွေကို စွဲလမ်းတပ်မက် မစွန့်ခွာနိုင်ရက် ဖြစ်နေသေးပါ ကလား။

သူ့ရဲ့ ခန္ဓာသစ်အနေအထားနဲ့ သူ့ရဲ့ ခန္ဓာဟောင်းနဲ့ နေခဲ့ရတဲ့ အခြေအနေထဲကို ပြန်ဝင်ဖို့ ကြိုးစားရှာနေတာပဲ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ လောကချင်း မတူတော့ဘူး။ ဘဝချင်း မတူတော့ဘူး ... ညီလေးရယ်။ မင်းက တမလွန်လောကထဲ ရောက်သွားပြီ။

ဟုတ်တယ် ...။ မင်းက တမလွန်လောကထဲ ရောက်သွားပြီ။ မင်းဇနီးနဲ့ မင်းသားကလေးကတော့ ဒီလောကထဲမှာပဲ ကျန်နေခဲ့တယ်။





လောကချင်းမတူတော့ ပေါင်းစပ်လို့လည်း မရတော့ဘူးပေါ့ ... ညီလေး ရယ်။

ဒါကို မင်းက ချစ်ခင်စွဲလမ်းစိတ်အဟုန်နဲ့ ပေါင်းစပ်ဖို့လာပြီး ကြိုး စားနေတာပဲ။ သနားစရာကောင်းလိုက်တဲ့ ... ညီလေးရယ်။

ကျွန်တော်က စိတ်ထိခိုက်နေသူတစ်ယောက်လို တတွတ်တွတ် ရွတ်နေမိလေသည်။

✿ ✿ ✿

[၆]

❑

ကျွန်တော်သည် အတွေးအာရုံရိပ်များကို ရပ်တန့်လိုက်ကာ ပြတင်း ပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ကြည့်လိုက်မိသည်။ မိုးကောင်းကင်တွင် တိမ်ဖြူဖြူများ လွင့်မျောနေကြသည်။

တိမ်ဖြူဖြူများကို ကြည့်နေမိရင်းမှ ထိုတိမ်ဖြူဖြူများမှာ သေသူ တွေ၏ ရျာပနမှ မီးခိုးငွေ့ဖြူဖြူတွေဟု စိတ်ကထင်နေမိပြန်သည်။

ဆိုလိမ့်မည်ာ စေ့စေ့နာလော့၊ ဂါဂီသဲမျှ ပွင့်ကုန်ကြသော၊ ဘုရား ယည်သာ၊ ခေတ်အခါဝယ်၊ လူ့ရွာနယ်၌ နင်ကြုံကြိုက်လည်း၊ အမိုက်မခြွ အလိုက်နေ၍၊ အခြေမကြီး အချည်းနှီးလျှင်၊ ယီးတီးယောင်တောင် ခုတိုင် ထောင်တည့်၊ သန်းခေါင်လကွယ် တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး အပြည့် ပုံသည်၊ မိုးလုံးတိမ်တိုက် လျှပ်မကြိုက်သား၊ အမိုက်အပြား အင်္ဂလေးပါး



www.burmeseclassic.com

www.burmeseclassic.com



ထက်၊ နင်ကားရာထောင်၊ မကမှောင်၏၊ လူ့ဘောင်လူ့ရွာ သာသနာ၌ ကြုံမှာတော်၍ ယခုတွေ့လည်း၊ အလေ့မလွဲ အများနဲ့ လျှင်၊ မိုက်မြဲနှင့်နှင် မိုက်စရှင်၏၊ မျက်မြင်လောက ဤဘဝကား၊ ဒုက္ခစင်းစင်း ချမ်းသာကင်း၏၊ သေမင်းအစာ နင့်ခန္ဓာကား၊ တဏှာဘီလူး အမှောင်လူး၍၊ အရူးပြင်ပြင် နင့်ကို ထင်၏။

နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်၌၊ နင်ဉာဏ် မစူး၊ အပေါ်ဖြူး၍၊ မှုးမှုးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ၊ အာရုံစက္ခု၊ မီးစာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ဓားပြသေမင်း၊ သူ့လက် တွင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ၊ ယီးတီး ယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ် စခန်း၊ သွားမြဲလမ်း၌ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲ အိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများသုံးတည့်၊ အနူန်းမပျက်၊ အောက်နရက်ဝယ်၊ တစ်သက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်အိုးအိုး ဥဒဟိုသည် နင်လိုလူမိုက် သွားလမ်းတည်း။ ။

ကျွန်တော်က လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမစာ ကဗျာ ကလေးကို ကြားယောင်နေမိသည်။ ဆရာတော်ဘုရားကြီးက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ကာ ဆုံးမနေသလို ကျွန်တော့်စိတ်မှာ ခံစားနေရ သည်။

ဂေါ်ဝါဠမကကုန်သော မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူခဲ့ကြလေ ပြီ။ ယခုအချိန်သည် ဘုရားရှင် သာသနာတော်ပွင့်လန်းရာ အချိန်အခါဖြစ် သည်။

ထိုဘုရားရှင်သာသနာနှင့် ကြုံကြိုက်နေရသော်လည်း ကျွန်တော် သည် ဘုရားရှင်သာသနာနှင့် ကြုံကြိုက်လို့ ကြုံကြိုက်နေမှန်းမသိ၊ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ ယီးတီးယောင်တောင်ဘဝဖြင့် ရှင်သန် နေထိုင်နေခဲ့လေသည်။ ထိုသို့ နေထိုင်ရှင်သန်နေမှုသည် အချည်းနှီးသော နေထိုင်ရှင်သန်မှုပေတကား။





ကျွန်တော်သည် ကံကောင်းထောက်မစွာ လူ့ဘဝကို ရလာခဲ့ပြီး ကံကောင်းထောက်မစွာ ဘုရားသာသနာတော်ကြီးနှင့် ကြုံတွေ့နေရသော် လည်း ကြုံတွေ့လို့ ကြုံတွေ့ရမှန်းမသိ၊ မိုက်မြဲနှင်နှင် မိုက်စရှင်နေမိသည် တကား . . .

ဆရာတော်ကြီး၏ဆုံးမစကားက ကျွန်တော့်နှလုံးသားကို ရိုက် ပုတ်လှုပ်နှိုးလိုက်သလို ခံစားနေရသည်။

"ဓားပြသေမင်း၊ သူ့လက်တွင်းက
မငြင်းဆန်သာ၊ နင့်ခန္ဓာသည်
ပြာပုံအပြီး၊ ဖြစ်လုနီးပြီ"

ဆရာတော်ဘုရားကြီးက ကျွန်တော့်ခန္ဓာသည် ပြာပုံဖြစ်လုနီးပြီ ဟု ဆုံးမခဲ့သည်။

ပြာမဖြစ်ခင် ကျွန်တော် ဘာလုပ်ရမလဲ။

ကျွန်တော့်ရှေ့မှာ လူပေါင်းများစွာတို့ ပြာဖြစ်သွားခဲ့ကြဖူးလေပြီ။ ထိုသူတို့၏ ပြာဖြစ်သွားပုံအလုံးစုံကို ကျွန်တော်သည် မျက်ဝါးထင်ထင် မြင် တွေ့ခဲ့ရဖူးလေပြီ။

ထိုသူတို့၏ ပြာဖြစ်စဉ်ရုပ်ပနများကို ကျွန်တော်ကိုယ်တိုင် လိုက် ပါပို့ဆောင်ခဲ့ဖူးပေါင်း များလှပေပြီ။

သို့သော် ကျွန်တော်ကိုယ်တိုင်ကတော့မူ ဘယ်သောအခါမှ ပြာ မဖြစ်တော့မည့် လူတစ်ယောက်နှယ်ပင် ကိုယ့်ကိုယ်ကိုယ် ထင်နေမိသည်။ ဒါကလည်း ကျွန်တော့်စိတ်ကို ကျွန်တော် လှည့်စားနေခြင်းမျှသာ . . .

"ကျွန်တော် ပြာမဖြစ်ချင်ဘူး"

ညီငယ်၏ရုပ်ပနမှာ တွေ့ခဲ့ရသော လူ၏စကားသံကို ကျွန်တော် ကြားယောင်လာမိသည်။

"ဝိပဿနာ တရားအားထုတ်ရင်ရော . . . ပြာမဖြစ်တော့ဘူးတဲ့ လား။ ဖြစ်တာပါပဲ။ ဝိပဿနာတရား အားထုတ်သည်ဖြစ်စေ၊ အားမထုတ် သည်ဖြစ်စေ၊ နောက်ဆုံးတော့ ဒီရုပ် ဒီနာမ် ခန္ဓာတွေဟာ ပြာဖြစ်သွားကြ တာချည်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဝိပဿနာတရား အားထုတ်ထားသူရဲ့ ပြာဖြစ်ခြင်းဟာ ဝိပဿနာတရား အားမထုတ်ထားသူရဲ့ ပြာဖြစ်ခြင်းထက် ပိုပြီး အဓိပ္ပာယ်ရှိတယ်။ ပိုပြီး လေးနက်တယ်။ ပိုပြီး တန်ဖိုးရှိတယ်။

ကျွန်တော်သည် ဝိပဿနာတရားအားထုတ်သဖြင့် အကျိုးကျေးဇူးခံစားရပုံ၊ လယ်တီဆရာတော်ဘုရားကြီး၏ ဟောကြားတော်မူချက်ကို ကြားယောင်လာမိပါသည်။

"ယောဂီပုဂ္ဂိုလ်တို့မှာ ဝိပဿနာတရားအလုပ်ကို အသက်ထက်ဆုံး ဆွေးနွေး/အားထုတ်ကြသည်ရှိသော် အတတ်ပညာအဆင့်ဆင့် ရင့်သန်၍ သွားကြသဖြင့် ယခုဘဝတွင်ပင် မသေမီကြား၌သော်လည်းကောင်း၊ သေခါနီးအခါ၌သော်လည်းကောင်း။ ပုထုဇ္ဇနဘူမိ၊ ပုထုဇ္ဇန နဂတိတို့ကို လွန်မြောက်၍ အရိယဘူမိ၊ အရိယဂတိသို့ ပေါက်ရောက်ကြကုန်လတ္တံ့။ ယခုဘဝ၌ပင် မပေါက်ရောက်ရှိကြသော်လည်း နောင်ဘဝ၌ နတ်ပြည်သို့ ရောက်ကြ၍ ပေါက်ရောက်ကြကုန်လတ္တံ့။

ဝိပဿနာတရားအားထုတ်ထားသော ပုဂ္ဂိုလ်များသည် လားရာဂတိကောင်းကြပြီး အားမထုတ်ထားကြသူများအနေဖြင့် လားရာဂတိ မကောင်းနိုင်ကြပေ"

ကျွန်တော်သည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည့် ပုထုဇ္ဇနဘူမိနှင့် အရိယဘူမိနှစ်ပါးအကြောင်းကို တွေးနေမိပြန်သည်။

"ဘူမိဆိုတာ သတ္တဝါတို့ရဲ့ တည်ရာမှီရာဖြစ်ပွားရာကို ဆိုလေတယ်။ ပုထုဇ္ဇနဘူမိဆိုတာ ပုထုဇ္ဇနဘာဝကို ဆိုတယ်။ ပုထုဇ္ဇနဘာဝဆိုတာ ဝိပလ္လာသတရား သုံးပါးရှိတဲ့အနက် ဒိဋ္ဌိဝိပလ္လာသတရားကို ဆိုတယ်။

ခပ်သိမ်းသော လောကီဘုံသားတို့ဟာ ငါ၏ ကိုယ်ခန္ဓာအတွင်း၌ နိစ္စမျိုးရှိ၏။ သုခမျိုးရှိ၏၊ အတ္တမျိုးရှိ၏လို့ အမြင်မှားခြင်း၊ အထင်မှားခြင်းမျိုး ရှိကြတယ်။ အဲဒါဟာ ဒိဋ္ဌိဝိပလ္လာသတရားပဲ အဲဒါကို တည်ရာမှီရာပြုပြီး ပုထုဇဉ်တွေ နေကြတယ်။

ဒါကြောင့် ဒိဋ္ဌိဝိပလ္လာသတရားဟာ ပုထုဇ္ဇန ဘူမိဖြစ်လေတယ်။ အရိယဘူမိဆိုတာကတော့ အရိယဘာဝကို ဆိုတယ်။ အရိယဘာဝဆိုတာ





အဲဒီ ဒိဋ္ဌိဝိပလ္လာသတရား အမြစ်အရင်းကပါ ...ကင်းပြတ်ပြီး ကိုယ်ခန္ဓာအတွင်းမှာ နိစ္စမျိုးမရှိ၊ သုခမျိုးမရှိ၊ အတ္တမျိုးမရှိလို့ အမြင်အယူ ဖြောင့်မှန်တဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို ဆိုတယ်။

အရိယာပုဂ္ဂိုလ်တို့ဟာ အဲဒီအမြင်၊ အဲဒီအယူကို တည်ရာမှီရာပြုပြီး နေကုန်ကြတယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိတရားသာ အရိယဘူမိမည်လေတယ်။

ဂတိဆိုတာကတော့ ဘဝရဲ့လားရာကို ဆိုပေတယ်။ တစ်ဘဝမှ တစ်ဘဝသို့ အဆက်ဆက် ပြောင်းလဲကျင်လည်နေရခြင်းဟာ ဂတိဖြစ်ပေတယ်။ ပုထုဇ္ဇနဂတိဆိုတာ ဝိနိပါတအလား ကျရောက်ခြင်းကို ဆိုတယ်။

ဝိနိပါတအလားဆိုတာ ပရမ်းပတာကျခြင်းကို ဆိုတယ်။ ပရမ်းပတာဘဝဆိုတာ ဒီဘဝက သေလွန်တဲ့အခါ အလိုရှိရာဘဝကို ရည်ရွယ်ပြီး ကျရောက်နိုင်ခြင်းမရှိဘဲ အမှတ်မရှိ တစ်ခုခုသောကံရဲ့ ပစ်ချခြင်းဖြင့် ရောက်တတ်ရာရာ ကျရောက်ခြင်းကို ဆိုတယ်။

သေသည်၏အခြားမဲ့မှာ ပေါက်လွှတ်ပဲစားကျခြင်းကို ဆိုတယ်။ ဒါကြောင့် လူ့ပြည်က သေလွန်ကြတဲ့ ပုထုဇဉ်သတ္တဝါတွေမှာ အောက်မဟာအဝီစိငရဲကြီးတိုင်အောင် အလုံးစုံသော အပါယ်လေးဘုံ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်) တို့ဟာ အတားအဆီးမရှိ ကောင်းကင်ကြီးအသွင် ဟာလာဟင်းလင်း ပွင့်လျက်ရှိပေတယ်။

ဒီဘဝမှာ လူ့ရဲ့အသက်ဝိညာဉ် ဆုံးသည်နှင့်တစ်ပြိုင်နက် ဘယ်ငရဲဘုံမဆို ကျရောက်နိုင်တယ်။

ဝေးသည် နီးသည်ဟူ၍ အထူးမရှိဘူး။ ဘယ်တိရစ္ဆာန်မျိုး၌မဆို၊ ဘယ်ပြိတ္တာမျိုး၌မဆို၊ ဘယ်အသုရကာယ်မျိုး၌မဆို၊ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်း ဖြစ်နိုင်တယ်၊ ကျရောက်သွားနိုင်တယ်။

ဒါဟာ ပုထုဇ္ဇန ဂတိပဲ။

အရိယဂတိဆိုတာကတော့ အဲဒီလို ပရမ်းပတာကျရောက်ခြင်း ဘေးက ကင်းလွတ်တာကို ဆိုတယ်။ သေသည်၏အခြားမဲ့၌ မိမိတို့ အလိုရှိရာ ကုံဘဝ သို့မဟုတ် ကောင်းမြတ်တဲ့ဘုံဘဝသို့သာ ရောက်နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘုံဘယ်ဘဝသို့ ရောက်ရှိလိုပါတယ်လို့ ရည်ရွယ်ခြင်းမရှိဘဲ အမှတ်တမဲ့ သေလွန်ခဲ့သော်လည်း ကောင်းမြတ်တဲ့ ဘုံဘဝသို့သာ ရောက်ကြကုန်တယ်။ အပါယ်လေးပါးသို့ ကျရောက်ခြင်းဘေးမှ အလျဉ်းကင်းလွတ်ကြတယ်။

လူ့ဘုံ လူ့ဘဝရောက်ရင် လူကောင်းလူမွန်၊ နတ်ဘုံ နတ်ဘဝရောက်ရင်လည်း နတ်ကောင်းနတ်မြတ်များ ဖြစ်ကြရတယ်။ အဲဒါဟာ အရိယဂတိပဲ။

ကျွန်တော် အရင်က နားမလည်ခဲ့ရသော ဂတိနှစ်မျိုးအကြောင်းကို ခွဲခွဲခြားခြား နားလည်လာရသည်။ ကျွန်တော်သည် ပုထုဇ္ဇနဆိုတာ ပုထုဇဉ်၊ ပုထုဇဉ်ဘဝနဲ့သေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် စတဲ့ ဘဝများသို့ ကျရောက်သွားနိုင်သည်။

လူ့ဘဝ၊ နတ်ဘဝ၊ ရောက်ဖို့ဆိုတာ မရေရာ မသေချာ။ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ။ ကျွန်တော်သည် ညီငယ်ကိုမင်းဝေ၏ ဖြစ်အင်ကို မြင်ယောင်လာသည်။ သူလည်း ပုထုဇ္ဇနဂတိသို့ ကူးသွားရပါကလား။

ဟုတ်တယ် … ပုထုဇဉ်ရဲ့ဘဝဟာ မရေမရာတဲ့ဘဝ မသေချာတဲ့ဘဝပါလား။ အရိယာဘဝရောက်မှ သေချာတဲ့ဘဝ ရေရာတဲ့ဘဝပါလား။

မည်သူမဆို ဝိပဿနာတရား အားမထုတ်ဘဲနဲ့ အရိယာဘဝကို မရောက်နိုင်ဘူးဆိုတာ ကျွန်တော် နားလည်လာခဲ့သည်။

ထို့ကြောင့် မိမိတည်ရာမှီရာဖြစ်သော ပုထုဇ္ဇနဘူမိကို အရိယဘူမိဖြစ်ရအောင် ပြုပြင်ပြောင်းလဲရပေမည်။ ဘူမိကောင်းမှ လားရာဂတိ ကောင်းမည်။ ဘူမိမကောင်းလျှင် လားရာဂတိလည်း ကောင်းလိမ့်မည်မဟုတ်ပေ။ ပုထုဇ္ဇနဘူမိမှ အရိယဘူမိဖြစ်လာအောင် ကျွန်တော်သည် ဝိပဿနာတရားကို များစွာ ကြိုးစားအားထုတ်ရပါဦးမည်။

ဝိပဿနာ အားထုတ်ခြင်းသည် မိမိ၏ဘူမိကို ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါသည်။ မိမိ၏ဘူမိကို ပြုပြင်ပြောင်းလဲခြင်းသည် မိမိ၏ ဂတိကို ပြုပြင်ပြောင်းလဲခြင်း မဟုတ်ပါလော။





သေလွန်ခဲ့ကြပြီးဖြစ်သော ကျွန်တော်၏ ဆွေမျိုးသားချင်းများ မိတ်ဆွေသင်္ဂဟများ၊ အိမ်နီးနားချင်းများ သူတို့အားလုံးသည် ဘယ်လိုဂတိမျိုးဖြင့် ဘယ်လိုဘဝမျိုးသို့ ကူးပြောင်းရောက်ရှိ သွားကြလေပြီနည်း။

သူတို့သည် မသေမီ သူတို့၏ ပုထုဇ္ဇနဘူမိကို အရိယဘူမိသို့ ပြောင်းလဲပစ်နိုင်ခဲ့ကြပါ၏လော။

သို့သော် သူတို့ အားလုံးလောက်နီးနီးမှာ ပြောင်းလဲပစ်နိုင်ကြခြင်း မရှိဘဲ ပုထုဇ္ဇနဘူမိပေါ်၌ နေထိုင်ရှင်သန်ခဲ့ကြပြီး ထိုဘူမိပေါ်၌ပင် သေကာ ပုထုဇ္ဇနဂတိအတိုင်း ဘဝပြောင်းသွားခဲ့ကြလေသည်။

ကျွန်တော်တို့သည် ပုထုဇ္ဇနဘူမိပေါ်၌ ရပ်တည်နေခဲ့ကြသည်။ ထိုဘူမိသည် နိုင်မြဲသော ဘူမိမဟုတ်ပေ။ အရိယဘူမိသည်သာ နိုင်မြဲသော ဘူမိဖြစ်ပေသည်။

"ဘူမိကောင်းရင် ဂတိကောင်းမယ်၊ ဘူမိမကောင်းရင် ဂတိမကောင်းဘူး၊ ဘူမိကောင်းပြီး ဂတိကောင်းချင်ရင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ဖို့တော့ လိုတယ်"

ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ဆုံးမစကား ဆိုနေမိသည်။ ကျွန်တော့်ပတ်ဝန်းကျင်တွင်လည်း နေ့စဉ်နှင့်အမျှ ဘူမိမကောင်းသောသူ၊ ဂတိမကောင်းသော သူများကိုသာ ထပ်တလဲလဲ တွေ့မြင်နေရလေသည်။

ကျွန်တော်သည် နခသိခသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသော တရားကို အမှတ်ရလာပြန်သည်။

တစ်ရံအခါ၌ မြတ်စွာဘုရားရှင်သည် လက်သည်းတော်ဖျား၌ မြေမှုန့်ငယ်တို့ကို တင်ထားပြီးလျှင် ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူလေသည်။

"ရဟန်းတို့ … ငါ၏ လက်သည်းတော်များတွင် တင်ထားသော မြေမှုန့်စုနှင့် မဟာပထဝီတစ်ပြင်လုံးတွင်ရှိနေသော မြေမှုန်တို့ကို အနည်းအများအားဖြင့် နှိုင်းယှဉ်သည်ရှိသော် အဘယ်မြေမှုန့်စုက နည်းပါး၍ အဘယ်မြေမှုန့်စုက များပြားမည်နည်း"

ဟု မေးတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရဟန်းတို့က …

"လက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်စုက အလွန်ပင် နည်းပါးပါကြောင်း။ ပထဝီမြေပြင်တစ်ပြင်လုံးမှာ ရှိနေသော မြေမှုန့်စုမှာ အလွန်ပင် များပြားပါကြောင်း။ ယင်းပထဝီမြေမှုန့်နှင့် အနည်းအများအားဖြင့် နှိုင်းယှဉ်သည်ရှိသော် ဘုရားလက်သည်းတော်ဖျား၌ တင်ထားသော မြေမှုန့်စုသည် ရှိသည်ဟူ၍ မပြောဆိုလောက်ပါကြောင်း"

ဖြေကြားကြလေသည်။ ထိုအခါ မြတ်စွာဘုရားရှင်က …

"ရဟန်းတို့ … ဤဥပမာနဲ့တူစွာ ဤလူ့ပြည်မှ သေလွန်ကြကုန်သော သူအပေါင်းတို့တွင် လူ့ပြည်နတ်ပြည်တို့မှာ ဖြစ်ရသောသူ၊ နတ်ပြည်တို့မှ သေလွန်ကြကုန်သောသူ အပေါင်းတို့တွင် နတ်ပြည်၊ လူ့ပြည်တို့မှာ ဖြစ်ကြရသောသူများသည် ငါ၏ လက်သည်းဖျားပေါ်၌ တင်ထားသော မြေမှုန့်ကဲ့သို့ အလွန်ပင် နည်းပါးလှလေ၏။

အပါယ်လေးပါးတို့၌ အဖန်တလဲလဲ ဖြစ်နေကြရကုန်သော သတ္တဝါတို့သည်သာလျှင် အလွန်များပြားလှပေကုန်သည်"

ကျွန်တော်သည် သေကုန်ပြီးသော လူတစ်ယောက်၏ ဘဝတစ်ဖန် ပြန်လည်ဖြစ်တည်မှု၌ လူဖြစ်ခွင့်၊ နတ်ဖြစ်ခွင့်တို့ အလွန်တရာမှ နည်းပါးလှကြောင်းကို စဉ်းစားမိရင်း ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာမိသည်။

ဝိပဿနာတရား အားမထုတ်ထားလို့ကတော့ သွားပြီလို့သာ မှတ်ပေတော့။ သူတကယ် ဘယ်ကိုသွားမှာလဲ၊ အပါယ်လေးဘုံကိုပေါ့။

ကျွန်တော်တို့ ပုထုဇဉ်များသည် ဝိပဿနာတရားကို အားထုတ်ထားခြင်းမရှိ၍ အရိယဘူမိကို မရရှိသေးသမျှ အရိယဂတိကို ရရှိနိုင်ခြင်း မရှိသေးပေ။

ကျွန်တော် တွေ့သိခဲ့ရသမျှသော လူအားလုံးလောက်နီးနီးတို့သည် ပုထုဇ္ဇနဘူမိမြေပေါ်၌ အခြေခိုက်ကာ ပုထုဇ္ဇနဂတိအတိုင်း ဘဝပြောင်းခဲ့ကြသူများဖြစ်ပေရာ …

သူတို့အကြောင်းကို တွေးမိတိုင်း ကျွန်တော့်နှလုံးအစုံမှာ တဆတ်ဆတ် တုန်ယင်လာမိသည်။





ကျွန်တော်ရော ဘာထူးသေးသနည်း။ သူတို့လိုပင် ဖြစ်နေပေသေးသည်။ ကျွန်တော်သည် ပုထုဇ္ဇနဘူမိဖြစ်ပေါ်မှာ နေထိုင်ရှင်သန် ရပ်တည်နေဆဲ။ ထို့ကြောင့် ဒီဘဝမှ သေလွန်သွားခဲ့လျှင် …

ကျွန်တော့်နဖူးမှာ ချွေးတွေစို့လာသည် …

✿ ✿ ✿

[၈]

❑

ကျွန်တော်က ပြတင်းပေါက်ကလေးမှနေကာ မိုးကောင်းကင်ကြီးကို ငေးကြည့်နေမိသည်။ နေ့လယ်ပိုင်းက ပြာလွင်နေသော ကောင်းကင်ကြီးမှာ ယခုတော့ နက်မှောင်၍ နေလေပြီ။

နက်မှောင်၍နေသော ကောင်းကင်ယံ၌ ကြယ်ပွင့်ကလေးများက တဖျတ်ဖျတ်လင်းလက်၍ နေကြပေပြီ။ အနန္တစကြဝဠာကြီးကား အတိုင်းအဆမရှိ ကျယ်ပြောလှပေသည်။

လူဆိုသည်မှာ အနန္တစကြဝဠာကြီးအတွင်း မြူစကလေးတစ်ခုဟု ပညာရှင်တချို့က ဆိုကြသည်။

ထိုမြူစကလေးသည်ပင် တစ်နေ့ သေရသောအခါ ပြာမှုန်ကလေးတစ်မှုန်အဖြစ်သို့ ရောက်ရှိသွားရလေသည်။ ကျွန်တော်သည် စကြဝဠာကြီးအတွင်းရှိ ကြယ်ပွင့်ကလေးများကိုကြည့်ရင်း အားရဝမ်းသာသလို ခံစားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မျိုးစကလေးတစ်စ။ ထိုမျိုးစကလေးသည် တစ်နေ့သောအခါ ပြာမှုန်ကလေးတစ်မှုန် ဖြစ်သွားရပေဦးမည်။

သို့သော် ထိုမျိုးစကလေးတစ်စသည် ပြာမှုန်ကလေးတစ်မှုန် ဖြစ်သွားရသော်လည်း ဖြစ်သွားရကျိုးနပ်ဖို့လိုသည်ဟု ကျွန်တော်က စွဲမြဲစွာ ယုံကြည်နေမိသည်။

ကျွန်တော် ဝိပဿနာတရားကို ကြိုးစားအားထုတ်ရပါဦးမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်က အဖိုးတန်ပြာမှုန်ကလေးတစ်မှုန် ...
(သို့မဟုတ်)

အရိယာဘူမိမြေပေါ်က ပြာမှုန်ကလေးတစ်မှုန် ဖြစ်ချင်နေသောကြောင့်ပင်တည်း ...

မြဘုန်းထက်



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

သစ်ပင်ကြီးငယ်များ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် ခြံကြီး။ သည်ခြံကြီးအလယ်တွင် ထီးထီးမားမားရှိနေသည့် ကုက္ကိုပင်ကြီး။ သည်ကုက္ကိုပင်ကြီးကိုကြည့်ပြီး စိတ်မချင့်မရဲဖြစ်နေသူက ကိုပေါက်။ ကြည့်လေ ...။ အဖြစ်အပျက်က မယုံနိုင်စရာ။ ကိုပေါက်သည် ခြံကြီးကို စဝယ်စဉ်က ခြံကြီးအလယ်ရှိ ကုက္ကိုပင်ကြီးက အတောင်သုံးဆယ်ခန့် ဖြောင့်ဖြောင့်ဖြူးဖြူးရှိပြီး ပင်စည်က လူ့နှစ်ဖက်သာသာ။

သည်တော့ ကုက္ကိုပင်ကြီးကိုခုတ်ပြီး သစ်ခွဲလျှင် အိမ်တစ်လုံးစာ ခန့်ခန့်ထည်ထည် ဆောက်နိုင်သည်။ ဒါကြောင့်လည်း ကုက္ကိုပင်ကြီးကို အဓိကထားပြီး ကိုပေါက် ဝယ်ခဲ့ခြင်းဖြစ်သည်။

ကိုပေါက် သည်ခြံကြီးကိုဝယ်ပြီး ကိုင်းအလုပ် မပြတ်သေး၍ လှည့်မကြည့်နိုင်ဘဲ ပစ်ထားခဲ့သည်က သုံးလေးလ။ ခုတော့ ခြံလယ်ရှိ ကုက္ကိုပင်





ကြီးပင်ခြေတွင် မယုံနိုင်စရာ ထူးထူးခြားခြား ခြတောင်ပို့ကြီး ဖြစ်နေခြင်းပင်။ ကိုပေါက် ကုက္ကိုပင်ကြီးပင်ခြေတွင် လတ်ဆတ်သည့် မြေသားများနှင့် တစ်နေ့တခြား တိုးတိုးလာနေသည့် ခြတောင်ပို့ကြီးကို ကြည့်ပြီး စိတ်ဘဝင်မကျ ဖြစ်သွားမိသည်။

သည်တော့ ကိုပေါက် မနေသာ။ အဘချိုဆီသို့ ခြေလှမ်းဦးတည်လိုက်သည်။ ကိုပေါက် ခြေလှမ်းဦးမတည်လို့ မဖြစ်။ အဘချိုက အသက်ရှစ်ဆယ်ကျော် ကိုးဆယ်တန်း။ ရွာတွင် အသက်အကြီးဆုံးဖြစ်သည်။ တစ်ရွာလုံးက ဘာလုပ်လုပ် အဘချိုကို တိုင်ပင်ပြီးမှ လုပ်ကြသည်။ ပြီး အဘချိုက ရှေ့မီနောက်မီ။

"အဘချို ..."

"ဟေ ... ငပေါက်ပါလား။ ဘာအကြောင်းထူး ရှိလဲကွ"

ကိုပေါက် အဘချိုဆီရောက်တော့ အဘချိုကို ကုလားထိုင်ပေါ်တွင် ထိုင်ပြီး ရေနွေးကြမ်းသောက်နေသည်ကို တွေ့လိုက်ရ၍ အသံပြုလိုက်စဉ် အဘချို၏ နောက်ဆက်တွဲစကားသံက အလိုလို ပေါ်လာသည်။

"ဟို ... ဟို ... အဘချိုကို မေးစရာရှိလို့ လာခဲ့တာ ... အဘချို"

"ဒါဆို မေးလေကွာ။ မင်းကိုကြည့်ရတာ တစ်မျိုးကြီးပဲ"

အဘချိုပြောလည်း ပြောစရာ။ ကိုပေါက်က အမြဲတမ်း မျက်နှာရွှင်ရွှင်ပျပျ နေတတ်ထိုင်တတ်သည်။ ခု ကိုပေါက်၏ အလိုမကျသည့်မျက်နှာကို တွေ့လိုက်ရ၍ အဘချိုက အကဲခတ်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"ကျုပ် ရွာစွန်ကခြံကြီးကို ဝယ်မိတာ မှားယွင်းနေပြီလား မသိပါဘူး ... အဘချိုရယ်"

"ဘယ်လို ... ငပေါက်၊ မင်းဝယ်ထားတဲ့ခြံကြီးက မှားနေပြီ ... ဟုတ်စ။ အဘကို ရှင်းရှင်းလင်းလင်း ပြောစမ်းပါဦးကွာ"

ကိုပေါက် အဘချိုကို မမေးလို့မဖြစ်။ ကိုပေါက်သည် ခြံကြီးကို ဝယ်စဉ်က အဘချိုကို တိုင်ပင်ခဲ့သည်။ ခု ကိုပေါက်စကားကို ကြားလိုက်ရ၍ အဘချိုပင် အံ့သြတကြီး ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီလိုပါ ... အဘချုပ်ရယ်။ ရှင်းရှင်းပြောရရင် ကျုပ်ဒီခြံကြီးကို ဝယ်ဖြစ်ခဲ့တာက ခြံကြီးအလယ်က ကုက္ကိုပင်ကြီးကြောင့်ဆိုရင် မမှားဘူး အဘချုပ်"

"ဟေ ..."

ကိုပေါက်စကားကို ကြားလိုက်ရ၍ အဘချုပ်ပင် အံ့အားသင့်သွားမိသည်။ အဘချုပ် အံ့အားသင့်မိရင်း ကိုပေါက်ခြံကြီးထဲက တစ်ပင်ထီးထီး ရှိနေသည့် ကုက္ကိုပင်ကြီးကို မြင်ယောင်သွားမိသည်။

"အဲဒါ ... ရေကုက္ကိုပင်ကြီးပင်ခြေမှာ ထူးထူးခြားခြား ... ခြ ... ခြတောင်ပို့ကြီး တစ်နေ့တခြား တက်နေတာတွေ့လို့ ... အဘချုပ်"

"ဟေ ... ခြတောင်ပို့ ... ဟုတ်လား"

ကိုပေါက်စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရ၍ အဘချုပ်ပင် မယုံနိုင်အောင် ဖြစ်သွားမိသည်။

"ကျုပ် ... အဲဒီကုက္ကိုပင်ကြီးကို သစ်ခွဲပြီး အိမ်ဆောက်ဖို့ စိတ်ကြံတုန်းရှိသေးတယ် ... အဘချုပ်ရယ်။ ခုလို ခြတောင်ပို့ကြီး ဖြစ်နေတာက မယုံနိုင်စရာပဲ။ အဲဒါ ကျုပ် ခြတောင်ပို့ဖယ်ပြီး ကုက္ကိုပင်ကြီးကို ခုတ်ပစ်ချင်ပါတယ်"

"နေ ... နေဦး ... ငပေါက်။ မင်း စဉ်းစဉ်းစားစားလုပ်ဦးနော်။ ခြတောင်ပို့စွဲတယ်ဆိုတာ မင်းအတွက်နဲ့ ပတ်သက်ကောင်း ပတ်သက်နိုင်မယ်လို့ အဘချုပ် ထင်မိတယ်"

"ဗျာ ... ကျုပ် ... ကျုပ်နဲ့ ခြတောင်ပို့က ပတ်သက်နိုင်တယ် .. ဟုတ်လား ... အဘချုပ်"

"ဟုတ်တယ်လေကွာ ... ခြတောင်ပို့ဆိုတာ နေရာတကာ စွဲခဲတယ်ကွ။ ခု ထူးထူးခြားခြား ခြတောင်ပို့စွဲတာက မင်းအတွက် စီးပွားရေး ထွန်းကားဖို့ နိမိတ်လို့ အဘချုပ်တော့ ထင်မိတယ်။ အဲဒီတော့ ကုက္ကိုပင်ကြီးကို မခုတ်နဲ့ဦး။ အခြေအနေ ကြည့်စမ်းပါဦးကွာ"

အဘချုပ်စကားကြောင့် ကိုပေါက် စိတ်ဒွိဟဖြစ်သွားမိသည်။ ကိုပေါက် စိတ်ဒွိဟ မဖြစ်လို့မရ။ ကိုပေါက်က ကုက္ကိုပင်ကြီးကို အမြန်ဆုံး သစ်ခွဲ





ပြီး အိမ်ဆောက်ချင်သည်။ ခု ခြတောင်ပို့ကြီး စွဲနေ၍ အခက်တွေ့နေမိခြင်း ဖြစ်သည်။

"အဲဒီတော့ မင်း ခြတောင်ပို့ကို သီးသန့်ကာရံထားပြီး အမွှေးနံ့သာထွန်းပြီး ဆုတောင်းမေတ္တာပို့လေကွာ။ မင်းအတွက် အကျိုးမယုတ်နိုင်ပါဘူး"

"ဟုတ် ... ဟုတ်ကဲ့ပါ ... အဘချုပ်"

ကိုပေါက် အဘချုပ်ကို နှုတ်ဆက်ပြီး မတတ်သာ၍ ပြန်လာခဲ့ရသော်လည်း စိတ်ထဲတွင် ဘဝင်မကျ ဖြစ်မိနေဆဲပင်။ ကိုပေါက် အိမ်ပြန်ရောက်ပြီး ဆေးလိပ်မွှာရှိုက်ရင်း ကုက္ကိုပင်ကြီးကို လှမ်းကြည့်လိုက်မိသည်။ လေအလာ ယိမ်းနွဲ့လှုပ်ရှားနေသည့် ကုက္ကိုပင်ကြီး။ ကိုပေါက် ကုက္ကိုပင်ကြီးကို ကြည့်ပြီး စိတ်ဆုံးဖြတ်လိုက်သည်။

❁ ❁ ❁

[၂]

❑

"မောင်ဒုံး ..."

"ဗျာ ... ကိုပေါက်"

"မင်း ... ငါ့ခြံကြီးထဲက ကုက္ကိုပင်ကြီးအကိုင်းတွေကို ခုတ်ပေးကွာ။ ငါ သစ်ခွဲပြီး အိမ်ဆောက်ချင်လို့ မင်း သစ်ခုတ်ခအတွက် ကျသလောက် ငါ ပိုက်ဆံပေးမယ်"

ကိုပေါက်စကားကို ကြားလိုက်ရ၍ မောင်ဒုံး သဘောခွေ့သွားမိသည်။ မောင်ဒုံး သဘောခွေ့လည်း ခွေ့စရာ။ ခုတစ်လော မောင်ဒုံး သစ်ခုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်နေခြင်းဖြစ်သည်။ တကယ်တော့ မောင်ဒုံးက ရွာစဉ်လှည့်ပြီး သစ်ခုတ်ရင်း အသက်မွေးဝမ်းကျောင်းနေသူ။ သစ်ပင် ဘယ်လောက်မြင့်မြင့် မောင်ဒုံး မမှု။ သစ်ခုတ် ကျွမ်းကျင်သည်။

"ကျုပ် သစ်ပင်ကြည့်ပြီးမှ ကြေးစကားပြောမယ် ‥ ကိုပေါက်"

"ကဲ ‥‥ ဒါဆို ခုချက်ချင်း သစ်ပင်ကြည့်ပြီး ခုတ်ကွာ။ ရော့ ‥‥ သစ်ခုတ်ခ စရံငွေ"

ကိုပေါက်က တုံ့မဆိုင်းနိုင်။ ကြည့်လေ ‥‥ ကုက္ကိုပင်ကြီး ပင်ခြေတွင် တစ်နေ့တခြား တိုးပွားလာသည့် ခြတောင်ပို့ကြီး။ သည်ခြတောင်ပို့ကြီးကို တွေ့တိုင်း ကိုပေါက်စိတ်ထဲတွင် ဘာဖြစ်မှန်းမသိ။ တစ်ခုခု ခံစားနေရသလိုမျိုး ဖြစ်နေမိသည်။ မကြာမီ မောင်ဒုံးကို သစ်ခုတ်ကိရိယာများဖြင့် ကုက္ကိုပင်ကြီးဆီသို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရသည်။ သည်တော့မှ ကိုပေါက်စိတ်ထဲတွင် ဘဝင်ကျသွားမိသည်။

"ဒုတ် ‥‥ ဒုတ် ‥‥"

"ဖြုန်း ‥‥ ဝေါ ‥‥"

မောင်ဒုံး၏ စည်းချက်မှန်မှန်ပေါ်လာသည့် သစ်ခုတ်သံနှင့်အတူ နောက်ဆက်တွဲ အသံများက မြည်ဟည်းပေါ်လာပြန်သည်။ ကိုပေါက် မောင်ဒုံး သစ်ခုတ်သံကို နားထောင်ရင်း ကုက္ကိုပင်ကြီးကို လွှဲခွဲပြီး အိမ်ဆောက်ရန် စိတ်ကူးဖြင့် ကုလားထိုင်ပေါ်တွင် ခေါင်းမှေးရင်း အိပ်ပျော်သွားမိသည်။

"ဗျို့ ‥‥ ကိုပေါက် ‥‥ ကိုပေါက် ‥‥ မြန်မြန်လာဗျို့။ မောင်ဒုံး သစ်ပင်ပေါ်က ပြုတ်ကျလို့"

"ဟေ ‥‥"

ခြံဝဆီမှ မောင်ဒုံးနှင့်သစ်ခုတ်ဖက် မောင်ထွန်း၏ စိုးရိမ်တကြီး အသံကို ကြားလိုက်ရ၍ ကိုပေါက် ရုတ်ခြည်းပင်ထပြီး ကုက္ကိုပင်ကြီးဆီသို့ ဒရောသောပါး ပြေးလာမိသည်။ ကိုပေါက် အမောပင် မဖြေနိုင်။ ကုက္ကိုပင်ကြီးဆီသို့ မော့ကြည့်လိုက်မိသည်။ ကိုပေါက် တွေ့မြင်လိုက်ရသည့်အဖြစ်က အသည်းတုန် အူတုန်စရာ။ ကြည့်လေ ‥‥ မောင်ဒုံး ခါးကြိုးဖြင့် ကုက္ကိုကိုင်းတွင် တွဲလောင်းကြီး ဖြစ်နေခြင်းပင်။





"မြန်မြန် ခါးကြိုးလျှော့ ‥‥ ခါးကြိုးလျှော့"

ကိုပေါက်က မောင်ထွန်းကို သတိပေးရင်း ကမန်းကတန်း မောင်ဒုံး ခါးတွင် ဆိုင်းထားသည့် သစ်ပင်ကကြိုးကို တဖြည်းဖြည်း လျှော့ချလိုက်သည်။ မောင်ဒုံး မြေပြင်သို့ရောက်ပြီး သတိမေ့လဲကျသွားသည်။ ကိုပေါက်နှင့် မောင်ထွန်း မောင်ဒုံးကိုထမ်းပြီး အိမ်ပေါ်သို့ တင်လိုက်သည်။ မောင်ဒုံးက သတိမရသေး။

"ကိုပေါက် ‥‥ မောင်ဒုံးတစ်ခုခုဖြစ်ရင် မလွယ်ဘူး။ တော်မို့ နိုင်းရက်တယ်။ ဒီအပင်ကြီးကို မခုတ်ပါနဲ့လို့ အတန်တန် ပြောထားရက်နဲ့တော်။ ခု ဘယ်လိုလုပ်ကြမလဲ။ မောင်ဒုံးသာ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူး"

ဇနီးသည် မသန်းညာဏ်က မောင်ဒုံးအဖြစ်ကို တွေ့ပြီး စိုးရိမ်တကြီးဖြင့် မျက်ရည်ဝဲရင်းပြောမှ ကိုပေါက် သတိမေ့နေဆဲဖြစ်သည့် မောင်ဒုံးကို ကြည့်မိရင်း ရင်ထဲတွင် တဒိန်းဒိန်း ခုန်သွားမိသည်။

"ကျုပ် ‥‥ ကျုပ် ‥‥ နောက် မခုတ်တော့ပါဘူး ‥‥ မခုတ်တော့ပါဘူး။ ကျုပ်ဆီ မလာနဲ့ ‥‥ မလာနဲ့ ‥‥ သွား ‥‥ သွား"

မောင်ဒုံး သတိမေ့နေရာမှ ရုတ်တရက် အလန့်တကြား စကားသံနှင့်အတူ လဲနေရာမှ လူးလဲထပြီး ပြေးဟန်ပြင်နေ၍ ကိုပေါက်နှင့် မောင်ထွန်း ဝိုင်းချုပ်ထားလိုက်မိသည်။

"မောင်ဒုံး ‥‥ မောင်ဒုံး ‥‥"

ကိုပေါက်က မောင်ဒုံးကို ချုပ်ကိုင်ရင်း ခေါ်လိုက်သည်။ မောင်ဒုံးက ကိုပေါက်မျက်နှာကို ပြူးကျယ်သည့် မျက်လုံးအစုံဖြင့် စူးစူးရဲရဲ ကြည့်နေသည်။ ကြက်သီးထစရာ ဖြစ်နေသည်။

"ကျုပ် ‥‥ သစ်မခုတ်ရဲတော့ဘူး ‥‥ ပြန်မယ်။ အား ‥‥ ယားတယ် ‥‥ ယားတယ် ‥‥"

မောင်ဒုံးက သတိရပြီး ကိုပေါက်ကိုပြောရင်း ခန္ဓာကိုယ်တစ်ခုလုံးကို ပွတ်သပ်နေ၍ ကိုပေါက် ကြည့်လိုက်မိသည်။ မောင်ဒုံး ခန္ဓာကိုယ်တစ်ခုလုံး အဖုအပိန့်ကြီးများ ထွက်ပြီး မနေနိုင်အောင် ယားယံနေသည့် အဖြစ်က မယုံနိုင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"တယ်လည်း ခက်ပါလား ... ငပေါက်ရယ်"

ရုတ်တရက် အိမ်ပေါ်သို့တက်လာပြီး မြည်တွန်လိုက်သည့် အဘချို စကားသံကို ကြားလိုက်ရ၍ ကိုပေါက် ရင်ထိတ်သွားသည်။ အဘချိုက မောင်ဒုံးအဖြစ်ကို ကြည့်ပြီး ...

"ဟဲ့ ... သန်းဉာဏ်၊ ကုက္ကိုပင်ကြီးအောက်က ခြတောင်ပို့ကို အမွှေးတိုင်သွားထွန်းပြီး တောင်းပန်လိုက်။ ဒါမှ မောင်ဒုံး ဝေဒနာသက်သာသွားမှာ"

အဘချိုစကားကြောင့် မသန်းဉာဏ် မနေသာ။ ကုက္ကိုပင်ကြီးအောက်ရှိ ခြတောင်ပို့ကြီးတွင် အမွှေးတိုင်ထွန်းရန် အပြေးအလွှား ထွက်သွားသည်။

"မင်းကွာ ... အခါခါပြောထားရက်နဲ့ မဆင်ခြင်ဘူး။ ခု မောင်ဒုံးသာ တစ်ခုခုဖြစ်သွားရင် မင်းတာဝန်ပဲ ... ငပေါက်"

ခုတော့ အဘချို အပြစ်တင်စကားပြောသမျှ ကိုပေါက် ခွန်းတုံ့မပြန်နိုင်တော့။ ကိုပေါက် ခေါင်းကြီးငုံ့ထားမိဆဲဖြစ်သည်။ မောင်ဒုံး အဖြစ်အပျက်က မယုံနိုင်စရာ။

"ကျုပ် ... ကုက္ကိုပင်ကြီးကို သစ်ခွဲချင်လို့ ... ကြံ ... ကြံမိတာပါ .... အဘချိုရယ်။ ခုလို ဖြစ်လိမ့်မယ်လို့ မထင်မိလို့ပါ"

"ဘယ်နေရာမဆို ကိုယ်မသိနိုင်တဲ့အရာတွေ လောကကြီးမှာ ရှိတယ် ... ငပေါက်။ အဲဒါကြောင့် စဉ်းစားပြီးလုပ်မှ ဖြစ်မယ်မဟုတ်လား။ ခု မောင်ဒုံးသာ ခါးကြိုးကို ကြိုတင်ချည်မထားရင် သေပြီ။ မောင်ဒုံး"

"ဗျာ ... အဘချို"

"မင်း ဘယ်လိုနေသေးလဲ"

အဘချိုက ကိုပေါက်ကိုပြောရင်း တစ်ဆက်တည်းပင် မောင်ဒုံးကို မေးလိုက်သည်။ သည်တော့မှ မောင်ဒုံးခန္ဓာကိုယ်ပေါ်တွင် အဖုအပိန့်များရှိသော်လည်း ယားယံမှုက ပြေသွားသည်။





"ကျုပ် ဘာမှမဖြစ်တော့ပါဘူး ... အဘချို။ ကျုပ် သစ်ပင်တွေ ခုတ်စားခဲ့တာ ကြာပါပြီ။ ဒီကုက္ကိုပင်ကြီးကျမှ ထူးထူးဆန်းဆန်း ကြုံတွေ့ခဲ့ရတယ် ... အဘချို"

"ဘာ ... မောင်ဒုံး၊ မင်း ဒီကုက္ကိုပင်ကြီးကျမှ ထူးထူးဆန်းဆန်းတွေတွေ့ခဲ့ရတယ် ... ဟုတ်လား"

မောင်ဒုံးစကားကို ကြားလိုက်ရ၍ ကိုပေါက် ရင်ထိတ်သွားမိရင်း ကမန်းကတန်း မေးလိုက်သည်။ ကိုပေါက် မမေးလို့မဖြစ်။ ကုက္ကိုပင်ကြီး ပိုင်ရှင်က ကိုပေါက်။

"ကျုပ် ကုက္ကိုပင်ကိုင်းကြီး ခုတ်ပြီး နောက်တစ်ကိုင်းကို ခုတ်နေတုန်း လေမတိုက်ဘဲ ကုက္ကိုပင်ကြီးတစ်ခုလုံး ယိမ်းထိုးလှုပ်ယမ်းနေတာ။ ပြီးတော့ ကျုပ်နားထဲမှာ ကြားနေရတာက မခုတ်နဲ့ဆိုတဲ့ စကားသံပဲ။ ကျုပ်လည်း နားကြားယွင်းတယ်မှတ်ပြီး နောက်သစ်ကိုင်းကို ခုတ်နေရင်း ခုလိုဖြစ်ခဲ့တာပဲ"

မောင်ဒုံးစကားသံကို နားထောင်ရင်း ကိုပေါက်စိတ်ထဲတွင် တစ်ခုခုကို စိုးရိမ်ထိတ်လန့်သွားသလို ခံစားနေမိသည်။

"ငပေါက် ..."

"ဗျာ ... အဘချို"

"လောကမှာ မြင်အပ်၊ မမြင်အပ်တဲ့ နာမ်ပိုင်းဆိုင်ရာတွေ ရှိတယ် ငပေါက်။ သူတို့လည်း သူတို့ဘဝနဲ့ သူတို့နေကြတာ။ တတ်နိုင်ရင် ကိုယ်က မေတ္တာပွားပြီး ကုသိုလ်ပြုပေးမှ သူတို့ ဘဝခံစားနိုင်မှာမဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ် ... အဘချို"

"ကဲ ... မောင်ဒုံး၊ အဘတို့ ပြန်ကြမယ်"

အဘချိုက မောင်ဒုံးကိုခေါ်ပြီး အိမ်ပေါ်ကဆင်းသွားမှ ကိုပေါက် စိတ်ဒုံးဒုံး ချနိုင်သည်။ သို့တိုင် မောင်ဒုံးအဖြစ်ကို ကိုပေါက်မယုံ။ မောင်ဒုံး အရက်မူးမူးနှင့် သစ်ခုတ်ရင်း မတော်တဆ ပြုတ်ကျခဲ့ခြင်းသာဖြစ်မည်။ ကိုပေါက် တွေးမိရင်း ခြတောင်ပို့ကြီးကို မြင်ယောင်သွားမိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၇]

❑

"မင်းကို ဘဝပဋ္ဌာန်းဆက်ရှိလို့ အကျိုးပြုဖို့လာတာ မင်း မိုက်လှ ချည်လား"

ရှတ်တရက် မျက်ထောက်နီကြီးဖြင့် စူးစူးစိုက်စိုက်ကြည့်ရင်း ပြော နေသည့် အဘိုးကြီးတစ်ဦး၏ စကားသံ။ ကိုပေါက် အံ့အားသင့်သွားမိသည်။ တကယ်တော့ သည်အဘိုးကြီးကို ကိုပေါက် မတွေ့ဖူး။ မမြင်ဖူးခဲ့။ ကိုပေါက် အဘိုးကြီးကို ကြည့်ပြီး ဒေါသဖြစ်သွားမိသည်။

"ကျုပ် ဘာမိုက်ခဲ့လို့လဲ ... အဘိုးကြီး"

"ဩော် ... မင်းက မင်းလုပ်ခဲ့တာကို မေ့နေပြီလား။ မင်း ကုက္ကို ပင်ကြီးအောက်က ..."

"ကျုပ် ... မသိဘူး။ မသိဘူး"

ကိုပေါက် အဘိုးကြီးကို ကြည့်ပြီး အခါခါ ငြင်းဆန်လိုက်သည်။ ထိုစဉ် ရှတ်တရက် မည်းမည်းအရာတစ်ခုက ကိုပေါက်ခန္ဓာကိုယ်ပေါ်သို့ ဖိကပ်လာသည်။ ကိုပေါက် ကြောက်လန့်တကြီး ရုန်းကန်လိုက်သည်။





ကိုပေါက်ရုန်းကန်၍ မရတော့။ တစ်ကိုယ်လုံး ချွေးသီးများရွှဲနစ်ပြီး အသက်ရှူ ကျပ်သလို ဖြစ်သွားမိသည်။ နောက်ဆုံး ကိုပေါက် အားကုန်အော်ဟစ်လိုက် သံက ဟိန်းသွားလေသည်။

"ငါ့ကို မဖိနဲ့ ... မဖိနဲ့ ... သွား ... သွား ..."

"ကိုပေါက် ... ကိုပေါက် ..."

ရှတ်တရက် အိပ်ပျော်နေရာမှ ကိုပေါက်၏ ကြောက်ရွံ့တကြီး အော်သံကို ကြားလိုက်ရ၍ မသန်းညွှာ ကမန်းကတန်းကြည့်လိုက်မိသည်။ ကိုပေါက်က အသက်ကို မနည်းရှူရင်း တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေ သည်ကို တွေ့လိုက်ရသည်။

"ငါ့ ... ငါ့ကို လူတစ်ယောက် ဖိထားသလိုပဲ"

"ဟင် ... ဟုတ်လား။ တော့်ကို ဘယ်သူက ဖိထားသလဲ ပြော စမ်းပါဦးတော်"

မသန်းညွှာက ကိုပေါက်အဖြစ်ကို ကြည့်ပြီး စိုးရိမ်တကြီး မေး လိုက်သည်။ မသန်းညွှာ မမေးလို့မဖြစ်။ ကိုပေါက် သည်လိုအဖြစ်မျိုးကို တစ်ခါမှ မတွေ့ဖူးခဲ့။

"ငါ ... ငါ ... ကုက္ကိုပင်ကြီး ... အောက် ... အောက်က"

"ဘာ ... ကိုပေါက် ... တော် ... ကုက္ကိုပင်ကြီးအောက်က ... ခြ ... ခြတောင်ပို့ကို ဖျက်လိုက်ပြီလား"

"ဟုတ် ... ဟုတ်တယ် ... သန်းညွှာ"

ကိုပေါက် စကားသံကို ကြားလိုက်ရ၍ မသန်းညွှာထဲ ရင်အလိုလို ထိတ်သွားမိရင်း စိုးရိမ်တကြီး ဖြစ်သွားမိသည်။

"ဒါဆို ... တော့်ကို ခြတောင်ပို့ကြီးကို ဖျက်ဆီးပစ်လို့ အိပ်မက် ပေးတာ ဖြစ်မယ်ထင်တယ်။ တော်မို့ လုပ်ရက်လိုက်တာတော်။ သူ့ ဘာသာ သူ ဖြစ်နေတာပဲ။ ဘာဖြစ်လို့ တော်က လုပ်ရတာလဲ။ မောင်ဒုံးတောင် အသက်မသေခဲ့တာ။ တော့်အမြင်ပဲမဟုတ်လား"

မသန်းညွှာစကားကြားမှ ကိုပေါက် ပြန်တွေးမိရင်း အလိုလို ရင်ခုန်သွားမိသည်။ ကြည့်လေ ... လသာသည့် ညတစ်ည။ ကိုပေါက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ကုက္ကိုပင်ကြီးအောက်က ခြတောင်ပို့ကြီးကို ဖျက်ဆီးခဲ့စဉ် ခြတောင်ပို့ကြီးအတွင်းဆီမှ ထူးထူးခြားခြား တွေ့ခဲ့ရသည့် ခြမကြီး။

ကိုပေါက် တွေးမိရင်း အိပ်မက်ထဲတွင် တွေ့ခဲ့ရသည့် အဘိုးကြီး။ သည်လိုအိပ်မက်မျိုးကို ကိုပေါက် မမက်ဖူးခဲ့။ မောင်ဒုံးအဖြစ်ကို တွေ့ပြီး ကိုပေါက် စိတ်စွဲလမ်းခဲ့၍ အိပ်မက် မက်ခဲ့ခြင်းလား။ ကိုပေါက်မိမိအဖြစ်ကို ပြန်တွေးမိရင်း ခြတောင်ပို့ကြီးကို ဖျက်ဆီးခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အဖြစ်များ။

ကိုပေါက် ကုက္ကိုပင်ကြီးအောက်မှ ခြတောင်ပို့ကြီးကို တူးဆွနေစဉ် လေမတိုက်ဘဲ ကုက္ကိုပင်ကြီးတစ်ပင်လုံး လှုပ်ရှားပြီး မြည်နေသည့် ကြောက်စရာအသံကြီး။ ပြီး ခြတောင်ပို့ကြီးအတွင်းမှ လရောင်ဖြင့် ရုတ်တရက် လက်ခနဲ တွေ့မြင်လိုက်ရသည့် အိုးလေးတစ်အိုး။ ကိုပေါက် အိုးလေးကိုယူပြီး ဖွင့်ကြည့်လိုက်သည်။ လရောင်ဝိုးတဝါးဖြင့် တုံ့ပြန်လင်းလက်နေသည့် အရာများ။

ကိုပေါက် မယုံနိုင်အောင်ဖြစ်ပြီး မင်သက်မိနေမိသည်။ ထိုစဉ် ရုတ်တရက် ကျောဘက်ဆီမှ အပြေးအလွှားနေသည့် ခြေသံများ။ ကိုပေါက် လှည့်ကြည့်လိုက်မိသည်။ လရောင်ဝိုးတဝါးကြားမှ မည်းမည်းသဏ္ဍာန် ကိုပေါက်လက်ထဲက အိုးကိုချပြီး ပေါက်တူးကို ကိုင်လိုက်မိသည်။ မည်းမည်းသဏ္ဍာန်က ပျောက်သွားသည်။ သည်တော့မှ ကိုပေါက် အိုးလေးကို သတိရပြီး ကြည့်လိုက်မိသည်။ အိုးလေးကို လုံးဝမတွေ့ရတော့။ ကိုပေါက် ခြတောင်ပို့အနှံ့ ခြေရာထပ်အောင် ရှာကြည့်သည်။ အိုးကလေးက ပျောက်ချင်းမလှ၊ ပျောက်ဆုံးသွားသည်။

''ငါ ခြတောင်ပို့ကိုဖျက်ရင်း အိုးလေးတစ်လုံးကို တွေ့တွေ့ခဲ့ရတယ် သန်းဉာဏ်။ အိုးထဲမှာ ရတနာတွေကို တွေ့ခဲ့တယ်''

''ရှင် ...ဒါ ...ဒါဆို တော်တွေ့ခဲ့တာ ရတနာအိုးပဲဖြစ်မယ်။ တော် ယူမလာခဲ့ဘူးလား''

''ငါ ယူဖို့လုပ်နေတုန်း ခြေသံတွေကြားလို့ လှည့်ကြည့်ပြီး အိုးလေးကို ပြန်ကြည့်တော့ လုံးဝမရှိတော့ဘူး''





''တော်ဖျက်ဆီးတဲ့ ခြတောင်ပို့က တော့်ကိုအကျိုးပေးဖို့ ကုက္ကိုပင်ကြီးမှာ စွဲနေတာပဲဖြစ်မယ်။ ဒီအဖြစ်ကို အဘချုံကို မေးကြည့်ပါဦးတော်''

မသန်းဉာဏ်စကားကြောင့် ကိုပေါက် အဘချုံမျက်နှာကို မြင်ယောင်သွားမိသည်။

''အဘချုံကို သွားမမေးရဲဘူး ...သန်းဉာဏ်။ နဂိုကတည်းက အဘချုံက ဒီခြတောင်ပို့နဲ့ပတ်သက်ပြီး ငါ့ကို အသိပေးထားတာရှိတယ်။ ငါ ခြတောင်ပို့ကို ဖျက်ပစ်တာသိရင် မလွယ်ဘူး''

ကိုပေါက်က မသန်းဉာဏ်ကိုပြောရင်း အဘချုံနှင့် တွေ့ဆုံရမည့် အရေးကို အလိုလို ဝန်လေးနေမိသည်။ ပြီး ခြတောင်ပို့ကြီးကို အဘချုံမသိအောင် ဖျက်ဆီးခဲ့၍ ရှေ့ဘာဆက်ဖြစ်မည်ကို တွေးမိရင်း အိပ်မက်ထဲတွင် ထူးထူးဆန်းဆန်းတွေ့ခဲ့ရသည့် အဘိုးကြီးမျက်နှာကို မြင်ယောင်သွားမိရင်း ရင်ခုန်သွားမိသည်။

✿ ✿ ✿

[၄]

❑

သည်နှစ် မြစ်ရေကျပြီး နုန်းတင်မြေနု ကောင်းခဲ့၍လား မသိ။ ကိုပေါက်တို့တစ်ရွာလုံး ဆောင်းသီးနှံများ အထွက်တိုးခဲ့သည်။ ထိုအထဲတွင် ကုသိုလ်ကံကောင်းခဲ့သည်က ကိုပေါက်ပင်ဖြစ်သည်။ ကြက်သွန်၊ ဈေးကောင်းမိ၍ ပို၍ အဆင်ပြေခဲ့သည်။ ဒါကြောင့်လည်း ကိုပေါက်က ခြံကြီးထဲတွင် ရေတွင်းတူးရန် စိတ်ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက် ရေတွင်းတူးရန် မဆုံးဖြတ်လို့မဖြစ်။ ကိုပေါက်တို့ရွာက မြစ်ကမ်းပါးဘေးရွာဖြစ်၍ မိုးကာလမြစ်ရေလျှံပြီး ရေသုံးစွဲရန် လွယ်ကူသော်လည်း နွေကာလဆို မလွယ်။ တွင်းရေများကိုသာ အားကိုးရခြင်းဖြစ်သည်။ ရွာတွင် ရေတွင်း သုံးလေးတွင်းသာရှိသည်။ ဒါကြောင့် ကိုပေါက် ရေတွင်းတူးသမားများနှင့် တိုင်ပင်ပြီးမှ အဘချိုကို အသိပေးလိုက်သည်။ အဘချိုက ခြံကြီးထဲသို့ လှည့်ပတ်ကြည့်ရင်း ကုက္ကိုပင်ကြီးဆီသို့ ကြည့်ရင်း ...

"ငပေါက် ... ခြံတောင်ပို့ကြီး မတွေ့တော့ပါလား။ ဘယ်ရောက်သွားပြီလဲ"

အဘချို၏ အမေးစကားကို ရုတ်တရက်ကြားလိုက်ရ၍ ကိုပေါက် ဘာစကား တုံ့ပြန်ရမှန်းမသိတော့။

"ကျုပ် ... ကျုပ် ... ခြံတောင်ပို့ကို ... တူး ... တူးပစ်လိုက်ပြီ ... အဘချို"

"မင်းကွာ ... အဘ အတန်တန် အသိပေးထားရက်နဲ့ လုပ်ရက်လိုက်တာ"

အဘချိုက မြည်တွန်ရင်း ကိုပေါက်မျက်နှာကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေဟန်တူသည်။ အတန်ကြာမှ ...

"အေးလေ ... ပြီးခဲ့တာတွေလည်း ပြီးပါစေတော့။ အဘ အသိပေးပြောချင်တာက ဒီခြံကြီးရဲ့ မူလပိုင်ရှင်က ဦးရွှေဒေါင်းဆိုတဲ့ အဘိုးကြီးကွ။ သူက မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝကြတာ"

အဘချိုစကားကြားမှ ကိုပေါက် ခြံတောင်ပို့ကြီးဖြိုစဉ်က အမှတ်မထင် တွေ့ခဲ့ရသည့် ရတနာအိုးလေးကို မျက်စိထဲတွင် ဖျတ်ခနဲ မြင်ယောင်မိသည်။

"ရှေးလူကြီးတွေက စည်းကမ်းသိပ်ရှိကြတာ။ ချမ်းသာကြပေမဲ့ ရိုးရိုးပဲ ဝတ်စားနေထိုင်ပြီး ရှိထားတဲ့ရတနာတွေကို လျှို့ဝှက်သိမ်းဆည်းထားတတ်ကြတယ်။ ဘာကြောင့် သိမ်းဆည်းသလဲဆိုရင် မသမာသူရဲ့ရန်





ကို ကြောက်လို့ပဲကွ။ ဦးရွှေဒေါင်းရဲ့ ကြွယ်ဝမှုကို သိနေတဲ့လူတွေက ဒီခြံကြီးထဲမှာ ရတနာတွေ မြှုပ်နှံထားမှန်းသိပြီး ရှာဖွေကြသေးတယ်။ ဒါပေမဲ့ ဘာကြောင့်မှန်း မသိဘူး၊ ရတနာတွေကို ဆက်မရှာဝံ့ကြဘဲ ရပ်သွားကြတယ်"

အဘချိုစကားကြားမှ ကိုပေါက် ခြံကြီးထဲသို့ အကြည့်ရောက်သွားမိသည်။ ခြံကြီးအတွင်း သစ်ပင်ကြီးငယ်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အတူ ကုက္ကိုပင်ကြီး။

"ကဲ ... မင်း ရေတွင်းတူးမဲ့နေရာကို ပြစမ်း"

အဘချို့အမေးကြောင့် ကိုပေါက် ရေတွင်းတူးသမားများနှင့် တိုင်ပင်ထားသည့်နေရာကို ပြလိုက်သည်။

"မင်း ရေတွင်းပြီးရင် တစ်ရွာလုံးက သုံးစွဲမှာဆိုတော့ မင်းကုသိုလ်ရမှာပါ။ ကဲ ... လုပ်ငန်းစဖို့ ရက်ချိတ်ပြီးပြီလား"

"ဒီနေ့ပဲ စကြမှာ ... အဘချို။ ပစ္စည်းအားလုံးလည်း ပြည့်စုံနေလို့ ရက်မဆိုင်းချင်ဘူး"

"အေး ... ဒါဆိုလည်း သတိဝီရိယထားပြီး လုပ်ငန်းစပေါ့"

အဘချို ပြန်သွားပြီး အနောက်ဘက်ကမ်းသား ရေတွင်းတူးသူများရောက်လာပြီး ရေတွင်းတူးလုပ်ငန်းများ စကြသည်။ ရက်အတော်ကြာတွင် ရေတွင်းအုတ်စီကာ ရေကြောပေါက်ရန်သာ လိုတော့သည်။ ကိုပေါက် ရေတွင်းပြီးစီးတော့မည်ဖြစ်၍ တစ်ရွာလုံးက ဝမ်းသာနေကြသည်။ ကိုပေါက်က အုတ်စီ၍ ပြီးစီးနေသည့် ရေတွင်းသစ်ကို ကြည့်ရင်း သဘောကျနေသည်။ ရေတွင်းတူးသမား အလုပ်နားနေ၍ ကိုပေါက် ရေတွင်းထဲသို့ ဆင်းသည်။ စက်သီးကြိုးကို ကိုင်ပြီး ...

"ညွန့်စ ... အစ်ကို ရေတွင်းထဲက ကျည်းခွေကို စိတ်မချလို့ သွားကြည့်ဦးမယ်"

"ဖြစ်ပါ့မလား ... အစ်ကိုရာ။ ညက ကျွန်တော် လာကြည့်တော့ ရေတွင်းထဲက မီးခိုးတွေလို အခိုးတွေထွက်နေတာ တွေ့ရတယ်"

"ဟေ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ညီဖြစ်သူ ညွန့်စ၏ အထူးအဆန်းစကားကြောင့် ကိုပေါက် မယုံနိုင်အောင် ဖြစ်သွားမိရင်း ရေတွင်းထဲသို့ ငုံ့ကြည့်လိုက်မိသည်။ ဘာအခိုးအငွေ့မှ မတွေ့ရ။

''ဒါဆို ရေတွင်းတူးသမားတွေကို စိတ်မချရဘူး ... ညွန့်စ။ ရေကြောသေချာအောင် သွားကြည့်မှဖြစ်မယ်''

ကိုပေါက်က ပြောပြောဆိုဆို ဂေါ်ပြားကိုယူပြီး စက်သီးကြိုးဖြင့် ရေတွင်းထဲသို့ ဆင်းသွားသည်။ ကိုပေါက်ကိုကြည့်ပြီး ညွန့်စ ... စိတ်မချ။ ရွာသားသုံးလေးယောက်ကို လှမ်းခေါ်လိုက်စဉ် အဘချိုရောက်လာ၍ ရေတွင်းထဲသို့ အသံပြုလိုက်သည်။

''အစ်ကိုရေ ... အစ်ကိုရေ ...''

''ဟေး ... ငါရှိတယ်''

ရေတွင်းထဲမှ ပဲ့တင်ထွက်ပေါ်လာသည့် ကိုပေါက်အသံလှိုင်းနှင့်အတူ မယုံနိုင်ဖွယ် ရေတွင်းထဲမှ မီးခိုးလိုလို အခိုးအငွေ့များ ထွက်လာသည်ကို အဘချိုတွေ့လိုက်ရ၍ ကိုပေါက်အတွက် အလိုလို စိုးရိမ်သွားမိသည်။

''ဒုက္ခပဲ ... ညွန့်စ၊ ငပေါက်ကို မြန်မြန်တက်ဖို့ ခေါ်စမ်း''

အဘချိုက ရေတွင်းထဲမှ တငွေ့ငွေ့တက်လာသည့် အခိုးအငွေ့ကို တွေ့လိုက်ရ၍ လက်ဖြင့် တားကြည့်လိုက်မိသည်။ အခိုးအငွေ့များက ပူနေဆဲဖြစ်သည်။ ညွန့်စက အဘချိုစကားကြောင့် ရေတွင်းထဲရှိ ကိုပေါက်ကို အားကုန်ခေါ်လိုက်မိသည်။ ကိုပေါက်ရဲ့ တုံ့ပြန်သံကို လုံးဝမကြားရတော့။

''အဘချို ... အစ်ကို တစ်ခုခု ဖြစ်နေပြီနဲ့တူတယ်။ ကျွန်တော် ဆင်းကြည့်မယ်''

''မင်းမဆင်းနဲ့ ... ညွန့်စ၊ မဆင်းနဲ့''

အဘချို ဟန့်တားနေသည့် စကားပင်မဆုံး။ ညွန့်စက စက်သီးကြိုးဖြင့် ရေတွင်းထဲသို့ ဆင်းလိုက်သည်။ ညွန့်စရေတွင်းထဲသို့ ရောက်လေလေ၊ အပူငွေ့က ပိုပြင်းလာသလို အသက်ရှူရ ကျပ်လာသည်။ ညွန့်စ စိုးရိမ်စိတ်ဖြင့် အခိုးအငွေ့များကြားမှ ကြည့်လိုက်မိသည်။





ခွေခွေလဲနေသည့် ကိုပေါက်။ ညွန့်စ အပိုယူလာသည့်ကြိုးဖြင့် ကိုပေါက် ချိုင်းကြားနှစ်ဖက်ထဲသို့ ကမန်းကတန်း ချည်လိုက်သည်။ အခိုးအငွေ့များက တဖြည်းဖြည်း ပိုပူလာသလို ညွန့်စတစ်ကိုယ်လုံး မီးဟပ်သလို ပူနေသည်။

''အဘရေ ... ဆွဲတင် ... ဆွဲတင် ...''

အဘချိုက ရေတွင်းထဲမှ သဲ့သဲ့ပေါ်လာသည့် ညွန့်စအသံကို ကြားလိုက်ရ၍ ရွာသားများက စက်သီးကြိုးကို ဆွဲတင်လိုက်သည်။ ရေတွင်းပေါ်ရောက်တော့ ကိုပေါက်နှင့်ညွန့်စ ညီအစ်ကိုနှစ်ယောက်စလုံး သတိမရဘဲ ခန္ဓာကိုယ်တစ်ခုလုံး ပြာနှမ်းနေသည့် မြင်ကွင်း။ ရွာသားများက ကိုပေါက်နှင့်ညွန့်စကို အတတ်နိုင်ဆုံး ပြုစုပေးနေကြသည်။

အဘချိုက ကိုပေါက်နှင့် ညွန့်စကိုကြည့်ပြီး သတိရလာကာ အပူငွေ့များထွက်နေသည့် ရေတွင်းထဲသို့ ကြက်တစ်ကောင်ဖမ်းပြီး ပစ်ချလိုက်သည်။ ကြက်အော်သံနှင့်အတူ ရေတွင်းပေါ်သို့ ထိုးတက်လာသည့် မီးနီးများ။ အဘချိုကြည့်ရင်း ပါးစပ်ဖျားမှ 'ဘုရား ... ဘုရား' ဟု ထွက်သွားမိလေတော့သည်။

✿ ✿ ✿

[၅]

❑

''အဘချို ... အစ်ကို ... သေပြီဗျ ... သေပြီ ... အစ်ကို့ကို ရေတွင်းထဲကိုမဆင်းဖို့ ကျွန်တော် တားပါတယ် ... အဘချိုရယ်။ အစ်ကို ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရမယ်လို့ ကျွန်တော် လုံးဝ မထင်ခဲ့ဘူးဗျာ။ ဟီး ... ဟီး ...''



www.burmeseclassic.com

www.burmeseclassic.com



''ညွန့်စက ကိုပေါက်အဖြစ်ကို ပြန်တွေးပြီး ငိုရှိုက်ရင်း ပြောနေသည့်စကားသံက ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းသွားလေသည်။ အဘချုံနှင့် ရွာသားများက ကိုညွန့်စကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေကြသည်။

''ကဲ ... သေတဲ့လူအတွက် အားလုံး စိတ်မကောင်း ဖြစ်မိကြတာ အမှန်ပါပဲ။ တကယ်တော့ ငပေါက် ခုလိုဖြစ်ခဲ့ရတာ နဂါးခံတွင်းထဲကို ရောက်ခဲ့လို့ကွ''

''ဗျာ ... အဘချုံ နဲ ... နဂါးခံတွင်း ... ဟုတ်လား''

အဘချုံထံမှ အထူးအဆန်းစကားကို ကြားလိုက်ရ၍ ရွာသားအားလုံး နားမလည်နိုင်အောင် ဖြစ်သွားကြသည်။ အဘချုံက အံ့ဩတကြီးဖြစ်နေကြသည်။ ရွာသားများမျက်နှာကိုကြည့်ပြီး ချောင်းဟပ်ရင်း လည်ချောင်းရှင်းကာ ...

''ဒီလိုကွ ... ခု ငပေါက် ရေတွင်းတူးခဲ့တဲ့နေရာကို အဘ သေသေချာချာ ကြည့်မိတော့ ဟိုတုန်းက ရေတွင်းဟောင်းကြီးရဲ့ နေရာဘေးမှာကွ။ ရေတွင်းဟောင်းကြီးကိုကြည့်တော့ ထူးထူးခြားခြား မြေပြန်ဖို့ထားတာ။ အဲဒါ အဘ မသင်္ကာခဲ့တာ ခုမှပဲ သဘောပေါက်မိတယ်။

ဟိုတုန်းက ဒီနေရာမှာ ရေတွင်းတူးပြီး နဂါးခံတွင်းရောက်ခဲ့လို့ ပြန်ဖို့ထားခဲ့တာဖြစ်မယ်။ အဲ ... လောကဓာတ်သိပ္ပံကို ပြောရရင် အပူဓာတ်ငွေ့တွေ ရှိတဲ့နေရာကွ။ အဲဒါကို ရေတွင်းတူးသမားတွေက သတိမထားမိကြဘူး။ ပြီးတော့ ငပေါက် ရေတွင်းထဲမဆင်းခင် အပူငွေ့တွေ မီးခိုးလို ထွက်နေတာ ဘယ်သူမှ သတိမမူမိကြဘူး''

''ဟုတ် ... ဟုတ်တယ်။ အဘချုံပြောတဲ့ နဂါးခံတွင်းထဲမှာ အစ်ကို လဲနေတော့ ကျွန်တော် အစ်ကို့ကို ... တား ... တားပါသေးတယ်''

ညွန့်စက စကားပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျနေဆဲဖြစ်သည်။ အဘချုံက ညွန့်စမျက်နှာကို ကြည့်ရင်း ကိုပေါက်ကို သတိရသွားမိသည်။ ကိုပေါက်ဆုံးပါးပြီး တစ်လပင်မပြည့်သေး။ ခြတောင်ပို့ ထူးထူးခြားခြားစွဲခဲ့သည့် ကုက္ကိုပင်ကြီးက လေမတိုက်ဘဲ မြုန်းစားကြီး အမြစ်ပါကျွတ်





၍ လဲကျသွားသည်။ ပြီး ကိုပေါက်ဖျက်ဆီးခဲ့သည့် ခြတောင်ပို့ ကြီးနေရာတွင် ခြတောင်ပို့ အသစ်ကြီးဖြစ်နေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

''အင်းလေ ... ခုလို ငပေါက်အဖြစ်က ဆန်းကြယ်တယ်လို့ ပြောရမလား။ တိုက်ဆိုင်တယ်လို့ ပြောရမလားပဲ။ ငပေါက် လွန်ခဲ့ပြီး အိမ်ဆောက်ချင်တဲ့ ကုက္ကိုပင်ကြီးက ဟိုနေ့ညက အလိုလို လဲကျသွားတာ''

အဘချုံစကားကို ကြားလိုက်ရ၍ ရွာသားများက သတိထားလိုက်မိသည်။ ကိုပေါက်ခြံကြီးထဲရှိ လူနှစ်ဖက်သာသာရှိပြီး အတောင်သုံးဆယ်ခန့် ဖြောင့်ဖြောင့်ဖြူးဖြူး မြင့်မားသည့် ကုက္ကိုပင်ကြီး။ သည်ကုက္ကိုပင်ကြီး အမြစ်ပါကျွတ်ပြီး လဲခဲ့သည်ကို တစ်ရွာလုံးမသိခဲ့ရသည့်အဖြစ်က အံ့ဩစရာဖြစ်နေသည်။

''ဒါ ... ဒါဆို ... ဒီကုက္ကိုပင်ကြီးလဲတာ အံ့ဩစရာပဲနော် ... အဘချုံ''

''ဟုတ်တယ် ... ညွန့်စ၊ ပြောရရင်တော့ ဒီကုက္ကိုပင်ကြီးမှာ လာဖွဲ့နေတဲ့ ခြတောင်ပို့က ငပေါက်ကို အကျိုးပေးဖို့ ခြစွဲတာကွ။ အဲဒါကို ငပေါက်က မယုံကြည်ဘဲ ခြတောင်ပို့ကြီးကို တိတ်တဆိတ် ဖျက်ဆီးခဲ့တာ။ အမှန်တော့ ဒီခြံကြီးပိုင်ရှင် ဦးရွှေဒေါင်းက ရတနာတွေမြှုပ်ခဲ့တာကို အစွဲအလမ်းကြီးပြီး မကျွတ်မလွတ်တဲ့ ဝေမာနိကပြိတ္တာ ဖြစ်နေတာ။ အဲဒါ သူ့ကို အမျှအတန်းဝေ ကုသိုလ်ပြုဖို့ပါကွယ်''

အဘချုံက စိတ်မကောင်းစွာပြောရင်း ရွာသားများကို နှုတ်ဆက်ပြီး ငပေါက် ရေတွင်းဆီသို့ လာခဲ့သည်။ ရေတွင်းတစ်ခုလုံး မြေကြီးများပြန်ဖို့ထား၍ ရေတွင်းနှုတ်ခမ်းများကိုသာ မြင်တွေ့နေရသည်။ အဘချုံ ရေတွင်းကိုကြည့်ရင်း ကိုပေါက်မျက်နှာကို မြင်ယောင်သွားမိကာ ရတနာအိုးလေးကို အမှတ်ရသွားမိသည်။

ကိုပေါက် ခြတောင်ပို့ကြီးကို ဖျက်ဆီးနေရင်း ရတနာအိုးလေးကို တွေ့ခဲ့စဉ် ခြေသံများကိုကြား၍ လှည့်ကြည့်မိရင်း ရတနာအိုးလေး ပျောက်ဆုံးပြီး ရှာဖွေမရ၍ ပြန်သွားခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ထိုညက အဘချုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက်ကို ခြတောင်ပို့ မဖျက်ဆီးရန်ပြောဖို့ ကိုပေါက် ခြံကြီးထဲရှိ ကုက္ကိုပင်ကြီးဆီသို့လာစဉ် အဘချုံခြေသံကိုကြားပြီး ကိုပေါက် ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

ကိုပေါက် အမှတ်မထင်တွေ့ရှိပြီး ရုတ်ခြည်း ပျောက်ဆုံးသွားခဲ့သည့် ရတနာအိုးလေးကို အဘချုံရရှိပြီး ရွာဦးကျောင်းဆရာတော်ကို လှူဒါန်းခဲ့သည်ကို တမလွန်ရောက် ကိုပေါက်သာ သိခွင့်ရခဲ့လျှင်။ အဘချုံ ကိုပေါက်အဖြစ်ကို တွေးမိရင်း ခြံကြီးထဲသို့ ကြည့်လိုက်မိသည်။ အမြစ်ပါမကျန် ကျွတ်ပြီးလဲနေသည့် ကုက္ကိုပင်ကြီး။ ကုက္ကိုပင်ကြီးနေရာတွင် မြေသားအသစ်များနှင့် တောင်ပို့ကြီးလိုဖြစ်နေသည် ခြတောင်ပို့။ အဘချုံကြည့်ပြီး ကိုပေါက်တစ်ယောက် ကောင်းရာဘုံဘဝရောက်ဖို့ ဆုတောင်းလိုက်မိလေတော့သည်။

ဇလွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကျုပ်နာမည် ကျားမောင်။ အလုပ်အကိုင် လူကြမ်း။ ရုပ်ရှင်ထဲက လူကြမ်းမဟုတ်ဘူး။ ဘဝထဲက လူကြမ်း။ အောက်ခြေသိမ်းအလုပ် မှန်သမျှ ကျုပ်မလုပ်ဖူးတာ မရှိဘူး။ လူကြမ်းဘဝနဲ့ လုပ်ကိုင်စားရတာ အသက်ရှူ မချောင်တော့ လူဆိုးလူမိုက်ဘဝကို ကူးပြောင်းခဲ့ရတယ်။

ကျားမောင်ဆိုးချင်လို့ ဆိုးတာမဟုတ်ဘူး။ မိုက်ချင်လို့မိုက်တာ မဟုတ်ဘူး။ ဘဝပေးအခြေအနေအရ ဆိုးမှမိုက်မှ အသက်ရှင်ခွင့် ရမယ် ထင်လို့ ဆိုးမိုက်ခဲ့တာ။

လူဆိုတာ သူ့အကျိုးပေးနဲ့သူတဲ့။ ကျုပ်တို့ရပ်ကွက်ထဲက မောင်ငြိမ်းဆိုတာ ဆင်းရဲတယ်။ ဝက်ဒိုင်မှာ ဝက်ဆွဲလုပ်ရတယ်။ ဝက်ဆွဲလုပ်ရာက ဝက်ဒိုင်ပြောင်းလုပ်တယ်။ သူဌေးနဲ့ စုမိဆောင်းမိတာလေးတွေ စပ်တူလုပ်တယ်။ အကျိုးပေးတယ်။ သူဌေးက ငွေစိုက်တယ်၊ လူမစိုက်နိုင်ဘူး။ ဒီတော့က မောင်ငြိမ်းပဲ အစအဆုံး လုပ်ရတော့တာပေါ့။ ဝက်ဝယ်တယ်။





ဝက်လှောင်တယ်။ ဝက်ပေါ်တယ်။ ဝက်သားရောင်းတယ်။ မောင်ငြိမ်းအလုပ် ချည်းပဲ။

အကုသိုလ်နဲ့ တော်တော်အကျိုးပေးတဲ့ မောင်ငြိမ်းလို့ လူတွေက ပြောကြတယ်။ မောင်ငြိမ်းက ငွေကြေးအတော်စုမိတော့ အကုသိုလ်အလုပ် ကို ဆက်မလုပ်ချင်ဘူး။ ဝက်ဒိုင်ပြန်အပ်ပြီး ဆန်ကုန်ကူးတယ်။

သမာအာဇီဝနဲ့ ဆန်ကုန်ကူးပြီး စီးပွားရှာတော့ ရှုံးလိုက်တာမှ ခွက်ခွက်ကို လန်ရော။ တခြားသုံးလေးခု ပြောင်းလုပ်တယ်။ ဘာမှကို အဆင်မပြေဘူး။ ရှိတာလေး ပြုတ်ပြုတ်ပြုန်းပြီ။ အဲဒါနဲ့ ဝက်ဒိုင်မှာ အခစား ပြန်လုပ်တယ်။ ပြန်စုဆောင်းမိလာတယ်။ အရင်သူဌေးနဲ့ စုစပ်ပြီး ဝက်ဒိုင် လိုင်စင် ပြန်ဆွဲတယ်။ ဘာအလုပ်ဖြစ်သလဲ မမေးနဲ့။ ဝက်ဒိုင်ကို တစ်ဦး တည်း လိုင်စင်ဆွဲနိုင်လာတယ်။

ဒီ့အပြင် ဝက်တွေကိုဖမ်းပြီး ကားစင်းလုံးလိုက် မန္တလေးက သား သတ်ရုံကို ပို့ပေးရတဲ့ အလုပ်ရတယ်။ မြို့နီးချုပ်စပ် ရွာတွေဆင်း၊ ဝက်တွေ ဖမ်း၊ ကားစင်းလုံးလိုက်တင်ပြီး စီးပွားရှာတယ်။ ငွေတွေ သောက်သောက် လဲ မြတ်တယ်။ အခုဆိုရင် ဆယ်ဘီးကားကြီး သုံးလေးစီး၊ တိုက်ကြီးသုံးလေး လုံး ဟီးနေအောင်ဆောက်၊ ကိုယ်ပိုင်စီး ဗီမ်ခံကားနဲ့ သူဌေးကြီးဦးငြိမ်းဖြစ် နေပြီ။ သူ့အလုပ်ကိုက အကုသိုလ်နဲ့ကို အကျိုးပေးလွန်းတာ။

ကျားမောင်ဆိုတဲ့ ကျုပ်လည်း ဒီလိုပဲ။ သမာအာဇီဝနဲ့ အောက် ခြေသိမ်းအလုပ်တွေ ဝင်လုပ်တယ်။ လုပ်ရင်းက ကိုယ့်အပေါ် ဗိုလ်ကျ အနိုင်ကျင့်တဲ့လူတွေနဲ့ ရန်ဖြစ်မိတယ်။ မဟုတ်မခံစိတ်ရှိတဲ့ ကျားမောင်ကို ရေမြှောထင်ပြီး ထကြမ်းတော့ နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက် တာပေါ့။

ကျားမောင်က စိတ်မြန်၊ လက်မြန်သမား။ ဒေါသက ရှူးဆို လက် က ဒိုင်းခနဲ ရိုက်ပြီးသား။ ဆင်းရဲသားချင်းအတူတူ၊ သခင်အားရ ကျွန်ပါးဝ နေတဲ့ကောင်တွေက ဇာတ်တူသားစားသလို လာဖိနှိပ်နေသေးတယ်။

"ဟေ့ကောင် ... ကျားမောင်၊ သူဌေးက စက်လှေပေါ် ဓာတ် မြေဩဇာအိတ် သယ်ခိုင်းတာ မင်း ကုန်းဘောင်က ခြေချော်ကျပြီး မြေဩဇာ အိတ် ရေထဲကျသွားတာ ဘာလို့ လိုက်မဆယ်သေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကြီး ... အခုချိန်ကြီး ရေငုပ်ရတာ မလွယ်ဘူး။ ငါက ရေငုပ်လည်း ကျွမ်းတာမဟုတ်ဘူး။ မြစ်ရေဝင်ပြီး ဓာတ်မြေဩဇာအိတ်လည်း ကောင်းမှာမဟုတ်တော့ဘူး"

"ဘာကွ ... မင်းက အဲဒါနဲ့ ဒီလိုပဲ ထိုင်ငိုင်နေတော့မှာပေါ့။ ပြန်လျော်ပေးရမယ်လေကွာ"

"လျော်စရာမှ ပိုက်ဆံမရှိတာ။ တစ်နေ့လုပ်မှ တစ်နေ့စားရတာ မင်းလည်းအသိပဲ။ ဘာပိုက်ဆံနဲ့ လျော်ရမှာလဲ"

"ခွေးကောင် ...။ စားစရာမရှိ လျော်စရာ ရှိရတယ်ကွ။ နောက်တစ်ပတ်လုံး မင်း အလုပ်ဆင်းရမယ်။ မင်း လုပ်အားခ မရဘူး။ ဓာတ်မြေဩဇာအိတ်ဖိုးနဲ့ ချေလိုက်ပြီ"

"လုပ်ခမရရင်နေ ထမင်းတော့ ကျွေးပေါ့။ ထမင်းစားမှ အလုပ်ဆက်လုပ်နိုင်မှာ"

"ဘာထမင်းမှ မကျွေးဘူး။ မင်းပြစ်ဒဏ် မင်းခံရမှာပဲ"

"ဒါတော့ မင်းတို့ မတရားဘူး။ ရက်စက်လွန်းတယ်"

"မင်းတို့လို နုမော်နမ့်ကောင်တွေကို အဲလိုပြစ်ဒဏ်ပေးမှ မှတ်မှာပေါ့။ မင်း မကျေနပ်လည်း လေဖြတ်သေလိုက်ကွာ"

"ဘဝတူချင်းကွာ၊ အဲလိုမလုပ်ပါနဲ့"

"ဘာ ဘဝတူတာလဲ။ ငါက သူဌေးရဲ့လူယုံ။ မင်းက သူဌေးရဲ့နိုင်းဖတ်၊ အလုပ်သမား။ ဘာမှ ဘဝမတူဘူး"

"ဟေ့ကောင် ... ကျော်ကြီး။ မင်းလည်း အလုပ်သမား၊ ငါလည်း အလုပ်သမား။ အလုပ်သမားတွေဆီက လုပ်အားခတွေလည်း ခေါင်းချိုးယူသေးတယ်၊ ဗိုလ်လုပ်ပြီး အနိုင်ကျင့်သေးတယ်။ မင်း လွန်လွန်းနေပြီ၊ မင်း သိပ်များနေပြီ"

"အောင်မာ ... ခွေးမသားက ငါ့ကို ပြန်ခံပြောနေသေးတယ်။ လွန်တော့ ဘာဖြစ်လဲ၊ များတော့ ဘာဖြစ်လဲ"

"တော်ပြီ၊ မင်းတို့ပွဲရုံမှာ ဆက်မလုပ်တော့ဘူး"

"မလုပ်နဲ့။ အေး ... ဓာတ်မြေဩဇာအိတ်ဖိုးတော့ လျော်ပေးတဲ့အနေနဲ့ နောက်တစ်ပတ် လုပ်သွား"





"မလုပ်ပေးနိုင်ဘူးကွာ"

"ဟာ ... သောက်ရှူးသောက်ပေါကောင်။ ပါးစပ်ကပြောရတာ အာပေါက်တယ်။ ကဲကွာ ..."

ကျော်ကြီးက ကျားမောင်ကို စတင်ထိုးကြိတ်၏။ ကျားမောင်က မခံနိုင်၍ ပြန်ထိုးကြိတ်၏။ ကျော်ကြီးခံရသောအခါ ကျော်ကြီးရဲ့ သူဌေးက မခံနိုင်၍ ရဲတိုင်၏။ ကျားမောင်မှာ ငွေမရှိ။ သူဌေးရဲ့ရှေ့နေ စွပ်စွဲချက်တွေကြောင့် ထောင်နန်းစံခဲ့ရ၏။

ထောင် (၆)လကျခဲ့ရာက ကျားမောင်ရဲ့ဘဝလည်း တစ်ဆစ်ချိုးပြောင်းလဲခဲ့ရတော့၏။

✿ ✿ ✿

[၂]

ကျားမောင်က တစ်ကောင်ကြွက်။ မိဘမဲ့။ နှောင်တွယ်စရာ သံယောဇဉ်မရှိဘူး။ မွေးစားမိဘနှစ်ပါးတော့ ရှိတယ်။ ဆင်းရဲတဲ့ မိဘတွေပါ။ သူတို့ဝမ်းတောင် သူတို့ အနိုင်နိုင်ရယ်။ ကျားမောင်ကို မွေးစားပြီး ခြောက်တန်းလောက်ရောက်အောင် ကျောင်းထားပေးခဲ့တာ နည်းတဲ့ ကျေးဇူးလား။

ခြောက်တန်းအောင်ပေမဲ့ ကျောင်းဆက်မတက်ခဲ့ရဘူး။ ရေခဲချောင်းထွက် ရောင်းရတယ်။ နွေရာသီကုန်သွားရင် လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးဝင်လုပ်ရတယ်။ အရွယ်ကျသွားတဲ့ မွေးစားမိဘတွေကို လုပ်ကျွေးရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မွေးစားမိဘတွေမှာက သားသမီး မထွန်းကားဘူး။ ကျားမောင်ကိုပဲ အားကိုးနေရတာပေါ့။

ကျားမောင်ထောင်ကျတော့ လေဖြတ်နေတဲ့ မွေးစားအဖေက လာမတွေ့နိုင်ဘူး။ မွေးစားအမေက တစ်ခေါက်ပဲ လာတွေ့နိုင်တယ်။ ဘာပေးနိုင်လို့လဲ။ ထောင်ထဲမှာက ငွေမပေးနိုင်ရင် သိတဲ့အတိုင်းပဲလေ။ မိလ္လာကျုံးအောက်ခြေသိမ်းအလုပ်မှန်သမျှ အကုန်လုပ်ရတယ်။ ကျောက်ထုတ်တဲ့စခန်းတောင် ရောက်သွားသေးတယ်။ ငှက်တွေဘာတွေစွဲပြီး မသေတာပဲ ကံကောင်း။

ကျားမောင် ပြစ်ဒဏ်ခံရပြီး ထောင်က ပြန်ထွက်လာတော့ လူတွေက ကျားမောင်ကို ဖြူကုန်၊ လန့်ကုန်ကြပြီ။ ထောင်ထွက်၊ လူဆိုးလူမိုက်ကြီးပေါ့။ အလုပ်တွေ လိုက်တောင်းတယ်။ ဘယ်သူကမှ မပေးဘူး။ ထောင်ထွက်မို့လို့ အယုံအကြည်မရှိကြဘူး။ ကြည့်တဲ့မျက်လုံးတွေကိုက ခါးသီးစက်ဆုပ်စရာကြီးတွေ။ ကျော်ကြီးနဲ့ သူ့သူငယ်ချင်းကလည်း ဘယ်အလုပ်ရှင်မှ ကျားမောင်ကို လက်မခံအောင် လိုက်ဖျက်နေကြတာကိုး။ ကျားမောင် ထမင်းငတ်တာ တစ်ပတ်လောက်ရှိပြီ။ သည်းမခံနိုင်တော့ဘူး။

ထမင်းဆိုင်မှာ အဝစား ဝင်တီးပစ်တယ်။ ပေးစရာ ပိုက်ဆံမရှိဘူး။ ကြိုက်တာခိုင်း။ မကျေနပ်ရင်လည်း ရိုက်သာသတ်လိုက်။ မသေခင်တစ်နပ်တော့ အဝတွယ်လိုက်ပြီးပြီ။ ထမင်းဆိုင်ရှင်တွေကလည်း ဒေါသထွက်ပြီး အင်္ကျီအစုတ်ကိုတောင် ချွတ်ယူထားလိုက်ကြသေးတယ်။

အအေးပတ်ပြီး သေပစေပေါ့။ ရပါတယ်။ ကျားမောင်အပေါ်ပိုင်းဗလာကျင်းနဲ့ပဲ နေလိုက်တယ်။ ကျားမောင်ထက် ဘဝနာတဲ့သူတွေ အများကြီးရှိသေးတာပဲ။ မသန်စွမ်းသူတွေ၊ မျက်မမြင်တွေ၊ တောင်းရမ်းစားသောက်နေကြရတဲ့ နူနာဝဲစွဲတွေပေါ့။

ကျားမောင်က အရွယ်ကောင်း။ သန်မာဖျတ်လတ်သေးတယ်။ ဘဝကို ဦးဆောင်နိုင်တဲ့ အသိသာရှိရင် ခွင်ကောင်းတစ်ချက်ငြိတာနဲ့ သူဌေးဖြစ်နိုင်တဲ့ အရွယ်ပေါ့။





ကျားမောင် ဆင်းရဲရတာကို မုန်းတယ်။ အချမ်းသာကြီးမဟုတ်ရင်တောင် လူတန်းစေ့နေထိုင်ချင်တယ်။ ကျားမောင် ကြိုးစားပြီး အလုပ်ရှာပေမဲ့ ဖိနှပ်ပါး ခေါင်းနေပူတာပဲ ကြုံရတယ်။ မွေးစားမိဘတွေလည်း သေကုန်ပြီ။ သူတို့အိမ်ကို သူတို့အမျိုးတွေက သိမ်းယူလိုက်ကြတယ်။

ကျားမောင် ဘုံပျောက်ပြီပေါ့။ ကံဆိုးထဲက ကံကောင်းတာလေးတစ်ခုကတော့ ကားဂိတ်ထမင်းဆိုင်က ဇင်မာနဲ့ သွားတိုးတာပဲ။ ဇင်မာက ကျားမောင်ကိုမြင်တာနဲ့ သနားသွားတယ်။ ထမင်းကျန်၊ ဟင်းကျန်လေးထုပ်ပြီး ကျားမောင်ကို လူတွေမမြင်ကွယ်ရာမှာ နိုးပေးလာတယ်။

"ဒီမှာ ... ဟိုလူကြီး။ ရှင် ညစာ မစားရသေးဘူးမဟုတ်လား။ ညစာအတွက် ဒီမှာ ..."

"မင်း ... မင်းက ..."

"ဒီထမင်းဆိုင်ကလေ။ ဆိုင်ရှင်ရဲ့ တူမပါ။ တူမဆိုပေမဲ့ ဆိုင်မှာအောက်ခြေသိမ်း အကုန်လုပ်ရတဲ့သူပါ။ ကိုယ်ချင်းစာမိလို့ ကျွေးတာနော်။ အကောင်းကြီးမဟုတ်ပေမဲ့ ရှင်ဗိုက်အဆာတော့ ပြေမှာပါ"

"ကျေးဇူးတင်ပါတယ် ... မိန်းကလေး"

"ကျွန်မနာမည် ဇင်မာပါ"

"ကျုပ်နာမည် ကျားမောင်"

တည်တင်းတင်း ပြောလိုက်တာကို လန့်သွားပုံရ၏။ ချက်ချင်းပြန်လှည့်ပြေးသွား၏။ ထမင်းဆိုင် နောက်ဘက်လမ်းအတိုင်း ကျားမောင်လျှောက်လာပြီး ကင်းတဲလေးမှာ ထမင်းထုပ် ဖြည်စားလိုက်၏။

စေတနာပါပါလုပ်ပေးထားသော ထမင်းထုပ်ကို စားရတာ စားမြိန်လှ၏။ ဘေးက ရေအိုးစင်မှရေကို တစ်ဝသောက်လိုက်၏။ ဗိုက်ကားသွားတာနှင့် မျက်ခွံလေးလာ၏။ ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာရှိုက်ကာ ကင်းတဲပေါ် တက်လှဲလိုက်၏။ တစ်ချိုးတည်း အိပ်မောကျသွားရတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ကျားမောင်တစ်ယောက် သချိုင်းနားက ချက်စုတို့နဲ့ ပေါင်းမိပြီး အုတ်ဂူဖောက်တဲ့အလုပ်တွေ လိုက်လုပ်မိပြန်၏။ ရွှေသွားစိုက်ပြီး သေသွားတဲ့ လူတွေရဲ့ အုတ်ဂူကိုဖောက်ကာ ရွှေသွားပြန်နုတ် ရောင်းချကြခြင်းဖြစ်၏။ လက်တလော ဝမ်းရေးအတွက် ...

'မြွေမကြောက်'

'ကင်းမကြောက်'

သရဲတစ္ဆေမကြောက်ဘဲ လုပ်မိခဲ့ခြင်းဖြစ်၏။ အဲဒီလုပ်ကလည်း ခဏရယ်သာ။ ဇင်မာကျွေးတဲ့ ညစာထမင်းထုပ်လေးနဲ့ နှစ်ပါးသွားမိ၏။ ဇင်မာနှင့်လည်း ရင်းနှီးကျွမ်းဝင်လာ၏။

အဆင့်တက်ပြီး ...

"နင့်ကို ငါ မင်္ဂလာဆောင်ချင်တယ် ... ဇင်မာ"

"အို ..."

"မရှက်ပါနဲ့ဟာ ... ဒါ လူတွေရဲ့ သဘာဝပါ"





"အို ... ရှင် ..."

"ဘာဖြစ်လို့လဲ ... နင်ရှက်နေရင် ငါလည်း မနေတတ်တော့ဘူးဟ"

"ရှင်က တုံးတိကြီးပြောတော့ မိန်းကလေးပဲ။ ရှက်တာပေါ့ရှင်"

"ပြောသာပြောရတယ်။ ငါက ခြေသလုံးအိမ်တိုင်။ နင့်ကို မင်္ဂလာဆောင်ဖို့ ငါ့မှာ ငွေမရှိဘူး။ အတူနေဖို့ အိမ်မရှိဘူး။ ရှာကျွေးဖို့ အလုပ်မရှိဘူး"

ကျားမောင်ပြောရင်း သူ့ဘာသာ သိမ်ငယ်သွား၏။ ဇင်မာက နောက်ဖေး အပေါ့အပါးသွားသလိုလိုနှင့် လာပြောရခြင်းဖြစ်၏။

"ရှင်ကလည်း ယောကျ်ားမဟုတ်ဘူးလား"

"ငါ ယောကျ်ားအစစ်ပါ"

"ယောကျ်ားတွေရဲ့ ဖွဲလုံ့လကို ပြလိုက်လေ"

"ဘယ်လိုပြရမှာလဲ"

"ရှင် ... ဇင်မာ့ကို မင်္ဂလာဆောင်ချင်ရင် ငွေရအောင်ရှာပေါ့။ ငွေရှိရင် အားလုံးဖြစ်တာပဲ"

အဲဒီကတည်းက ကျားမောင်ခေါင်းထဲမှာ ... ငွေ ... ငွေ ... ငွေ ... ဆိုတာပဲ မြည်ဟိန်းနေတော့၏။

"ငွေ ဘယ်ကရမလဲ"

အရက်ဆိုင်မှာပေါင်းဖြစ်သော ရွှဲကြီးနှင့်တိုးကြည်တို့က အရက်သောက်နေရင်းက ...

"လွယ်လွယ်လေး။ မင်းက များများလိုတာလား။ နည်းနည်းလိုတာလား"

"သိန်းနှစ်ဆယ်လောက်ဆို တော်ပါပြီကွာ။ မင်းတို့လည်း ချေးနိုင်တာ မဟုတ်ဘဲနဲ့"

"ရနိုင်တဲ့နည်းတွေ ကိုယ့်မှာရှိတယ်။ ငါတို့နှစ်ယောက်နဲ့ ပူးပေါင်းဖို့လိုအပ်ရင် လက်ရဲဇက်ရဲသတ်ဖြတ်တဲ့လူ လိုတယ်။ လုပ်ငန်းအောင်မြင်ရင် သိန်းနှစ်ဆယ်မဟုတ်ဘူး။ သိန်းနှစ်ရာလည်း ရသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာနည်းလဲ"

"ဓားပြတိုက်တဲ့နည်းလေ"

"ဟာကွာ ... အကောင်းအောက်မေ့လို့ နားထောင်နေတာ။ လာ နောက်နေသေးတယ်"

"နောက်နေတာမဟုတ်ဘူး။ တကယ်ပြောနေတာ"

ကျားမောင် အရက်ခွက်ကို နှုတ်ခမ်းတေ့ပြီးမှ ပြန်ချထားလိုက်၏။ ရွှဲကြီးတို့ကို သေချာကြည့်လိုက်ပြီး ...

"ဘယ်သူ့အိမ်ကို တိုက်မှာလဲ"

"ကျော်ကြီးရဲ့သူဌေး၊ ဦးစိန်ဌေးကြွယ်အိမ်ကိုပေါ့။ မင်းကို ဒုက္ခ လိုက်ပေးထားတဲ့ လူတွေလေကွာ။ မင်းအတွက် လက်စားချေခွင့်ရတယ်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပေါ့ကွာ"

ကျားမောင် နဖူးကြောတွေရှုံ့အောင် စဉ်းစားသွား၏။

ကျော်ကြီးရဲ့သူဌေးက ကျားမောင်အလုပ်မရအောင် သူ့အရှိန်အဝါ နှင့် လိုက်ပိတ်ပြီး လုပ်ကြခဲ့၏။ သူလုပ်ကြခဲ့လို့ သမာအာဇီဝအလုပ်ကို မရ ခဲ့။ ကြုံသလိုလုပ်ပြီး အသက်ဆက်နေရ၏။

"ကောင်းတယ် ... ငါလိုက်မယ်။ ငါ့ကို ဒီဘဝရောက်အောင် လုပ် ခဲ့တာလဲ သူတို့ပဲ"

"မင်းက ဦးစိန်ဌေးကြွယ်ရဲ့ ကုန်လှောင်ရုံနဲ့ အိမ်ကိုဝင်ထွက်တဲ့ လမ်းတွေ ပိုင်ပိုင်နိုင်နိုင်သိတယ်"

"သိပ်သိတာပေါ့။ ကုန်လှောင်ရုံမှာ ကျော်ကြီးအိပ်တယ်။ ဘေးက အိမ်မှာ ဦးစိန်ဌေးကြွယ် နေတယ်။ သူ့မှာ မယားသုံးယောက်နဲ့ ရန်ကုန် မှာတစ်ယောက်၊ ပုသိမ်မှာတစ်ယောက်၊ ပြည်မှာတစ်ယောက်။ သူစိတ်ပါ တဲ့အိမ်ကို တစ်လမှာ တစ်ပတ်သွားတတ်တယ်။ ခုနေတော့ အိမ်မှာရှိ တယ်"

"ရှိတော့ ပိုကောင်းတာပေါ့။ သူတစ်ယောက်တည်းလား"

"အိမ်ထဲမှာ သူတစ်ယောက်ပဲအိပ်တယ်"

"အဲဒါ ခွင်ပဲ။ သူ့အိမ်ထဲရောက်အောင်ဝင်ပြီး သူ့ကိုချုပ်နိုင်ရင် သူ့မီးခံသေတ္တာသော့ကို ရပြီ။ သူ့ပစ္စည်းတွေ တို့လက်ထဲရောက်ပြီပေါ့။ ကျန်





တာ မင်းအပိုင်။ စိန်ဌေးကြွယ်တင် မဟုတ်ဘူး။ ကျော်ကြီးပါ ရှင်းပစ်လိုက် လည်း အကြောင်းမဟုတ်ဘူး"

ကျားမောင်တစ်ယောက် အရက်ရှိန်ဖြင့် ဇောတွေကြွနေ၏။ ရွှဲကြီး က ...

"ငါတို့ အားလုံး စီစဉ်ပြီးပြီ။ မင်းကို စောင့်နေတာ။ မင်းပါလိုက် တော့ ပွဲပြီးပြီပေါ့"

တိုးကြည်ကလည်း မြှောက်ပင့်ပေးနေ၏။ ကျားမောင်ဘဝမှာ ကိုယ့် ကို ပညာရှိနည်းနှင့် တွယ်ခဲ့သူတွေကို ပညာမဲ့နည်းနဲ့ ပြန်ဆော်ခွင့်ရတော့ မည်။

သရဲတစ္ဆေတွေကိုတောင် မကြောက်ဘဲ ဂူဖောက်ခဲ့သေးတယ်။ သူဌေးအိမ်ဖောက်ဖို့ကတော့ ဘာမှကြောက်စရာမလို။

✿ ✿ ✿

[၄]

❑

ရွှဲကြီးမှာ လုပ်သေနတ်တစ်လက် ပါလာ၏။ ကျန်တာက ဓား မြှောင်နှင့် ငှက်ကြီးတောင်ဓားတွေ။ မျက်နှာကို ပုဆိုးဖြင့် နင်ဂျာလို ခြုံဝတ် လိုက်ကြ၏။ ကျော်ကြီး လာစောင့်အိပ်ပေးသော ဂိုဒေါင်ကို ချုံထဲက ချောင်း နေလိုက်၏။ ဂိုဒေါင်က မြစ်ဘက်လှည့်ထား၏။ ကုန်းမြင့်မှာ ဆောက်ထား ခြင်းဖြစ်၏။

ကျော်ကြီး ညဘက် ဘီယာသွားသောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လေကလေး တချွန်ချွန်ဖြင့် ပြန်လာ၏။ တရုတ်ဆိုင်ကယ်လေးနှင့် ဂိုဒေါင်တံခါးဖွင့်နေစဉ် ကျားမောင်ပြေးသွားပြီး လည်ပင်းကို ဓားနှင့်ထောက်လိုက်၏။

"အထဲဝင်စမ်း ‥ အော်မယ်မကြံနဲ့ သတ်ပစ်မယ်။ ထောက်ထားတာ ဓား၊ သေနတ်လည်း ပါတယ်။ ငါတို့ ဓားပြတွေပဲ"

ကျော်ကြီး ဖြူသွား၏။ ကွမ်းသီးလုံးငုံကာ အသံဖျက်ပြောသော ကျားမောင်ခိုင်းသည့်အတိုင်း လုပ်ပေး၏။

"ဒီနောက်ပေါက်ကနေ ဦးစိန်ဒွေးကို ခေါ်လိုက်။ မင်းအသံနဲ့ တံခါးဖွင့်ခိုင်းလိုက်။ ဟောကောင် … လုပ်လေ။ ကဲကွာ …"

"အား … နာတယ်။ လည်ချောင်းပေါက်မယ်။ အား … ကျွတ် … ကျွတ် … ခိုင်းတဲ့အတိုင်း လုပ်ပေးပါ့မယ်"

ကျော်ကြီးက ခေါ်ပေး၍ ဦးစိန်ဒွေးကြွယ် တံခါးဖွင့်ပေးလိုက်၏။ ပွဲရုံနှင့် အိမ်မကြီးကိုဖောက်ထားသော တံခါးဖြစ်၏။ ရွှဲကြီးနှင့် တိုးကြည်က ဦးစိန်ဒွေးကြွယ်ရဲ့ လည်မျိုကိုဓားနှင့် ထောက်၏။ သေနတ်နှင့် နားထင်ကို ချိန်ထား၏။

မီးခံသေတ္တာ လိုက်ဖွင့်ခိုင်း၏။ အစပိုင်းတော့ ဦးစိန်ဒွေးကြွယ် ကြောက်ကြောက်နှင့် လိုက်လုပ်ပေး၏။ မီးခံသေတ္တာထဲက ရွှေငွေ၊ လက်ဝတ်ရတနာတွေကို ရွှဲကြီး သိမ်းကျုံးယူနေတာ မြင်သောအခါ …

"မပေးဘူး။ ငါ့ဟာတွေ မယူနဲ့"

ရွှဲကြီးကို အတင်းဝင်လုံး၏။ တိုးကြည်က ငှက်ကြီးတောင်ဓားကြီးကိုင်ပြီး ကြောင်ကြည့်နေ၏။ ကျော်ကြီးက ကျားမောင်ကို ဆတ်ခနဲ ကိုယ်ခန္ဓာလှည့်ပြီး ပြန်လုံး၏။ မျက်နှာဖုံးထားသည့် ပုဆိုးကျွတ်သွား၏။

"ဟင် … ကျားမောင် … မင်း … ဓားပြ …"

ကျော်ကြီး တွေ့သွားပြီမို့ ကျားမောင် လက်စတုံးလိုက်ရတော့၏။ ကျော်ကြီးရဲ့ မချိမဆန့်အော်သံတွေ ထွက်ပေါ်လာ၏။

"သူခိုး … သူခိုး … ဓားပြက … ကျားမောင် … ကျားမောင် … တိုက်တာ …. အား …"





ကျော်ကြီး အသက်ပျောက်သည့်အထိ ဓားချက်ပေါင်းများစွာ ဝင်သွား၏။ ရွှဲကြီးကို ဦးစိန်ဒွေးကြွယ်က အတင်းလည်ပင်းညှစ်ထား၏။

"ဟောကောင် … တိုးကြည်၊ ဝင်ပိုင်းလေ။ ရွှဲကြီးသေတော့မယ်။ ဟောကောင် … ဟာ …"

ကျားမောင်ပဲ ဓားမြှောင်နှင့် ဦးစိန်ဒွေးကြွယ်ကို လက်စသတ်ပေးရပြန်၏။ ဦးစိန်ဒွေးကြွယ်က ဖောက်ပနေ၍ ခုနစ်သံချီဟစ်အော်ပြီး လဲကျကာ သွေးတွေ အိုင်ထွန်းသွား၏။ ဦးစိန်ဒွေးကြွယ်ကို လက်စသတ်ပေးပြီး ဂိုဒေါင်ရှေ့က ပြန်အထွက်မှာ ဘေးအိမ်တွေ ဝိုင်းထားတာနှင့် သွားတိုး၏။ ဦးစိန်ဒွေးကြွယ် အော်သံကြောင့် လူစုပြီး ဝိုင်းထား၏။ အတင်းဖောက်ထွက်စဉ် ရဲတွေရောက်လာ၏။ ဒုရဲအုပ်က တိုးကြည်ထွက်ပြေး၍ ခြောက်လုံးပြူးနှင့် ပစ်ခတ်ဖမ်းရ၏။

ဓားနှင့်ဝင်ခုတ်သော ရွှဲကြီးကိုလည်း ပစ်ဖမ်းရ၏။ နှစ်ယောက်လုံး ပွဲချင်းပြီး သေဆုံးကုန်၏။ ခြေတွေလက်တွေ ပစ်ဖမ်းသော်လည်း လှုပ်ရှားနေသောလူကို စိတ်လှုပ်ရှားတုန်လှုပ်နေချိန် ပစ်လိုက်ရ၍ ချက်ကောင်းတွေ သွားထိ သေကုန်ခြင်းပင်။

ကျားမောင်က မခုခံ။ လက်မြှောက်လက်နက်ချ၍ သက်သာရရသွားခြင်းပင်။ သို့ပြား မသက်သာပါ။ လူနှစ်ယောက်ကို မသေမချင်း ဓားနှင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့မှုကြောင့် သေမိန့်ချခံလိုက်ရတော့၏။

ဤသည်မှာ ကျားမောင်တစ်ယောက် ကြိုးတိုက်အကျဉ်းသား ဖြစ်လာရခြင်းတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၅]

❑

ကြိုးတိုက် အကျဉ်းသားဘဝမှာ ကြိုးတိုက်သား အချင်းချင်းပင် ဆက်သွယ်လို့မရ။ အစောင့်လစ်လျှင် စကားလှမ်းပြောနိုင်၏။ အကျယ်ကြီး ပြောလို့မရ။ တစ်ယောက်စာနေရသည့် နေရာကလည်း ကျဉ်း၏။ သေမိန့်ချ ခံရသူတွေမို့ လုံးဝ ထွက်မပြေးနိုင်အောင် အကာအရံ အစောင့်အရှောက် ထူထူထပ်ထပ် ချထားခြင်းဖြစ်၏။

ဒီကြိုးတိုက်ထဲကို စရောက်သည့်ညကပင် ကျားမောင် အိပ်မက် ထဲမှာလိုလို၊ အပြင်မှာလိုလိုနှင့် ခန္ဓာကိုယ်ပေါ်တက်ခွပြီး အကောင်ကြီးတစ် ကောင်က လည်ပင်းညှစ်တာ ကျားမောင်ခံလိုက်ရ၏။ ကြောက်လန့်ပြီး လိုမ့်အော်မိ၏။ အစောင့်က ဝေါက်ငမ်းကာ အထက်ကို သတင်းပို့လိုက်၏။ နောက်နေ့ ကျားမောင် တိုက်ပိတ်ခံရသဖြင့် တကယ့်ကို လောကငရဲပါပဲ။ လူ တစ်ကိုယ်လှည့်သာရုံ တိုက်ခန်းထဲမှာ အသက်ရှူမဝ၊ အလင်းရောင်မရ။ ဘယ်သူနှင့်မှလည်း စကားမပြောရ။ နံရံကလွဲရင် ဘာမှမမြင်ရ။





ထမင်းလာပို့သော အပေါက်လေးကလွဲရင် ဘာမှမရှိ။ ကြောက် လန့်တုန်လှုပ်ဖွယ်ရာအတိ။ တိုက်ပိတ်ခံရခြင်းကို ကျားမောင် အသေလန့် သွား၏။ ကြိုးတိုက်ထဲ ပြန်ရောက်သည်နှင့် ဘာကောင်နှင့် ကြုံကြုံမအော် ဘဲ တင်းခံဖို့ ဆုံးဖြတ်လိုက်၏။

ဒုတိယမြောက် ကြိုးတိုက်ထဲကမှာလည်း နံရံလေးဘက်ကလည်း အရိပ်မည်းမည်းတွေ၊ ဗလုံးဗထွေးလိုက်သံပါသည့် ပြောဆိုသံတွေ။ ခန္ဓာကိုယ် ကို ဟိုနေရာက အေးခနဲ ဒီနေရာက ကျဉ်ခနဲဖြစ်သွားအောင် လက်လိုလို၊ သူ့လိုလိုအရာမျိုးနှင့် လာကာထိတာခံနေရရင် ကျားမောင် အံကြိတ်ထား ၏။ ပါးစပ်ကို ပဝါဖြင့် ပိတ်ထား၏။

အပေါ်က အကောင်ကြီးတွေ တက်စီးပြန်၏။ ကျားမောင် အလူး အလဲ ရုန်းကန်တွန်းထိုးသော်လည်း အသံမထွက်။ ဘုရားစာရွတ်၏။ အနှောင် အဖွဲ့မှ လွတ်မြောက်စေသော သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အားကိုးရွတ်နေ လိုက်၏။ သမ္ဗုဒ္ဓေဂါထာ အခေါက်တစ်ထောင်ပြည့်အောင် ရွတ်လျှင် အနှောင် အဖွဲ့မှ လွတ်မြောက်သည်ဟု ကြားဖူး၏။ ထို့ကြောင့် အားကိုးဂါထာတော် မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်၏။ ညဘက် မကောင်းတာတွေ တက်ဖိနေ ချိန်မှာ ဂါထာရွတ်ဖတ်လိုက်၏။ အရိပ်အယောင်တွေ၊ အသံတွေ၊ ပုံရိပ်တွေ နံရံထဲကို အငွေ့လို ပြန်လည်ပျံ့စိမ့်ဝင်သွား၏။

ကျားမောင် သိလိုက်ပါပြီ။ ဒီလို အကျဉ်းတိုက်နေရာက သေခါနီး လူတွေ သွေးရူးသွေးတန်း သွေးပျက်ခန်းတွေ ကြုံတွေ့သွားရသည့်နေရာ။ သေပြီးသူတွေ မကျွတ်မလွတ်ဘဲ ဒီအခန်းထဲမှာ အထပ်ထပ် ဖြစ်ပေါ်ပျက် ပျောက် ဖြစ်ပေါ်ပျက်ပျောက်နှင့် ထပ်လာခဲ့ရာက ပိုမိုဆိုးရွားလာခြင်းဖြစ် သည်။ ဒီအကြောင်းကို ဘယ်သူ့ကိုမှလည်း မေးလို့မရ၊ ပြောခွင့်လည်းမရ၊ သေရတော့မည့်လူအတွက် ဘာအခွင့်အရေးမှမရှိ။ စားချင်တာကျွေးကာ တရားဟောဆရာရဲ့ တရားပြမှုကို ခံယူခွင့်ရကာ ဥပဒေနဲ့ မငြိစွန်းသော လို ချင်တာတွေသာ ပြုလုပ်ပေးတတ်၏။

မွေးစားမိဘတွေကို အရမ်းသတိရ၏။ ဇင်မာ့ကိုလည်း မေ့လို့မရ။ ငယ်ဘဝကတည်းက ဆင်းရဲခဲ့ရတဲ့ ဘဝကိုတော့ ပြန်လည် မတမ်းတချင်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ဘဝရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပါပြီ။ ကျားမောင်ဘဝက ဘာမှမလုပခဲ့။ အမြန်အဆုံးသတ်လိုက်တာပဲ ကောင်းပါတယ်။

ကျားမောင်နောက်နေ့တွေ အိပ်နိုင်တာ သမ္ဗုဒ္ဓေဂါထာ ရွတ်ဖတ်သရဇ္ဈာယ်ရသော အစွမ်းကြောင့်ဖြစ်၏။ မကောင်းတာတွေ ကျားမောင်အနား သိပ်မကပ်နိုင်တော့။ လူသတ်ဖို့အထိ မရည်ရွယ်ခဲ့သော်လည်း လူသတ်မိခဲ့ပြီး ချမ်းသာမလားလို့ လုပ်လိုက်ပါတယ်။ သေမိန့်နဲ့ တန်းတိုးရပြန်တယ်။ ထောင်ဆိုတာ လူ့ဘဝရဲ့ငရဲ။ လူသားတွေရဲ့ ပထာမ ငရဲပါ။ ကြိုးမိန့်ကျခဲ့ရတဲ့ ကြိုးတိုက်ထဲက ငရဲကတော့ အပြင်းစားငရဲပါပဲ။

လုံခြုံရေးအရ အပြင်ထွက်တန်းစီချိန်မှာ ကြိုးတိုက်သားအချင်းချင်း တွေ့ဆုံခွင့်ရ၏။ လိမ္မော်ရောင်ဝတ်စုံတွေနှင့် အစောင့်တွေအလစ်မှာ စကားပြောခွင့်ရ၏။

အားလုံးက အကြောင်းအမျိုးမျိုးနှင့် လူကို မသေမချင်း သတ်ခဲ့တဲ့ သူတွေချည်းပင်။ တချို့က နှစ်ယောက်။ တချို့က သုံးယောက်။ လွတ်လမ်းမရှိ။ အားလုံးရဲ့မျက်နှာပေါ်မှာ သွေးပျက်နေသလို အရိပ်အယောင်တွေ အထင်းသား။ ကိုယ်အလှည့်ကျမှ တွန့်နေကြသလိုပင်။ သေရမှာကို အချိန်ဆွဲပြီး စောင့်နေရခြင်းက စိတ်ဒုက္ခတစ်မျိုးဖြစ်၏။

ကြိုးတိုက်ထဲမှာ ငါးရက်မြောက်ည။ အိပ်နေသော ကျားမောင်ကိုယ်ပေါ်ကို တရွရွတက်လာ၏။ အိပ်နေ၍ ဂုဏ်တော်မပွားမိ။ လက်ပြတ်ကြီးလိုလို တက်လာခြင်းဖြစ်၏။ လက်ချောင်းတွေက လမ်းလျှောက်သလို လျှောက်လာနေမှန်း ထိတွေ့မှုနှင့် သိနေ၏။

အော်မိမလိုဖြစ်သွားစဉ် လက်ပြတ်က လည်ပင်းကို ညှစ်ထား၏။ အတင်း ကုန်းရုန်းတွန်းထိုးကြည့်မိ၏။ ခြေနှင့်လက်တွေ လှုပ်မရ။ လက်က တံတောင်ဆစ်လောက် ပြတ်နေ၏။ လက်ပြတ်က နှစ်ဖက်ဖြစ်သွား၏။ ကျားမောင်ကို တရွတ်တိုက် ဆွဲထုတ်သွား၏။ အခန်းထဲကနေ ကြိုးတိုက်အပြင်ကို ဆွဲချသွား၏။ ကျားမောင် နာကျင်သော်လည်း မအော်နိုင်။

မြေပြင်ပေါ် ဒရွတ်တိုက်ဆွဲခေါ်သွားရာနေရာကို ကြည့်လိုက်တော့ ကြိုးစင်ဖြစ်နေ၏။ ကြိုးစင်လှေကားအတိုင်း ဒရွတ်တိုက် ဆွဲတင်ခေါ်သွား၏။





ကျားမောင်ရဲ့ကျောပြင်တွေ သံတံစို့ ထိုးခံထားရသလို အောင့်နာနေ၏။ ကြိုးစင်ပေါ်ရောက်သည်နှင့် အတင်းပင် လည်ပင်းကို ကြိုးကွင်းစွပ်လိုက်၏။ ပြီးနောက် ကြိုးကို တအားဆောင့်ဆွဲလိုက်ရာ ကျားမောင် အတိုင်းမသိ နာကျင်ပြီး ငါးမျှားချိတ်မိ၍ သုတ်ခံလိုက်ရသော ငါးပမာ။

ကျားမောင်ရဲ့ မချိမဆန့်အော်သံနှင့် လန့်နိုးလာ၏။ လန့်နိုးစမှာ ပါးစပ်က ညည်းတွားနေ၏။ အော်သံမထွက်။ ညည်းသံသာ ထွက်နေ၏။ ကျားမောင် အမြန်ဆုံး ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို အာရုံပြုပြီး ဂါထာတော်အား ရွတ်ဖတ်သရဇ္ဈာယ်လိုက်၏။

ခေါင်းချွေးတွေပျံပြီး အိပ်ရာက နိုးထလာ၏။ အပြင်ကိုကြည့်တော့ မီးရောင်သာ မြင်လိုက်ရ၏။ အားလုံး တိတ်ဆိတ်လျက်သား။ တချို့ ကြိုးသမားရဲ့ဟောက်သံကို သဲ့သဲ့ပင် ကြားနေရသေး၏။

ကြိုးစင်ကတစ်ဖက်၊ မမြင်ရတဲ့ ပရလောကသားတွေကတစ်ဖက် ကျားမောင်ကို အကြီးအကျယ် နှောင့်ယှက်နေကြ၏။ သွားပြောပြန်လျှင်လည်း တရားခံရှာမရ။ မူယာမာယာများပြီး လီဆယ်လုပ်ကြတယ်ဟုဆိုကာ တိုက်ပိတ်ခံနေရလျှင် အခက်။

အစောင့်တွေ ဟိုဘက်၊ ဒီဘက် လမ်းလျှောက်ချိန် လစ်ဟာသည့် ခဏလေးမှာ ဘေးအခန်းကလူကို မေးကြည့်ရာ . . .

"ကျုပ်နာမည် ကျားမောင်၊ ဘေးအခန်းကလူ ဘယ်သူလဲဗျာ"

"ကျုပ်နာမည် ပုံထောင်လို့ ခေါ်ပါတယ်။ အလုပ်အကိုင်က ဖာခေါင်းပါ။ ကျုပ်ကြိုက်တဲ့ဖာသည်ကို ပြောမရဆိုမရတာနဲ့ ရိုက်လိုက်တာ လက်လွန်သွားတယ်။ 'မသေမချင်း ရိုက်သတ်မှုဖြစ်ပြီး ကြိုးမိန့်ကျခဲ့ရတာ"

"ခင်ဗျားအခန်းမှာ ညဘက်တွေဆို မကောင်းဆိုးဝါးတွေ သောင်းကျန်းသေးလား။ ကျုပ်တော့ အတော်ဆိုးတယ်ဗျာ"

"အောင်မလေးလေး ဒုက္ခပေးလိုက်တာမှ ညတိုင်းပဲ။ စိတ်ငြိမ်အောင် သမထထိုင်တော့လည်း ရှေ့ဘက်မှာ မမြင်အပ်တာကြီး ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လှဲအိပ်တော့လည်း မျက်နှာကြက်မှာ ပေါ်လာတယ်။ မှောက်အိပ်တော့လည်း အသုဘအလောင်းကြီးနဲ့ မျက်နှာချင်း ထိကပ်အိပ်စက်နေရသလိုပဲ။ ညရောက်မှာကို အရမ်းကြောက်နေရတယ်ဗျာ"

"ဘုရား၊ တရား၊ သံဃာကို အာရုံပြုပြီး သမ္ဗုဒ္ဓေဂါထာတော်ကိုသာ တစ်နေ့ အခေါက်တစ်ထောင်ပြည့်အောင် ရွတ်ဆိုပူဇော်စမ်းပါဗျာ။ အဓိပ္ပာယ်က ဘုန်းတော်ကြီးတော်မူကြသော ဂင်္ဂါ၀ါဠု၊ သဲစုမက ဘုရားရှင်တို့ကို တရားတော်တို့ကို ရဟန္တာအရှင်သူမြတ်တို့ကို ရှိခိုးဦးခိုက်ပါသည်လို့ နှလုံးသွင်းထား။ ယုံယုံကြည်ကြည်သာ ရွတ်ဗျာ။ အသက်ဘေးက လွတ်တယ်"

"လူတွေ ပြောကြတာပဲ။ ဟိုဘက်ခန်းက အဘိုးကြီးကတော့ ပြောတယ်၊ ကျိန်စာတိုက်သွားလို့ အဲဒီဂါထာက ဒီကြိုးတိုက်ထဲမှာ မစွမ်းတော့ဘူးတဲ့"

"မစွမ်းမရှိဘူး။ ဘယ်နေရာမှာ မဆိုစွမ်းတယ်။ ယုံကြည်မှုနဲ့သာ ရွတ်စမ်းပါ။ မသကာ သေရင်တောင် အပါယ်လေးဘုံ မရောက်နိုင်ဘူး။ ကျုပ်ကတော့ သေမယ့်အချိန်ထိ ရွတ်သွားမှာပဲ"

"အေးဗျာ ... ကျုပ်တို့မှာ အားကိုးအားထားရာရှိထားမှ ဖြစ်တော့မယ်။ လူဘဝရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပြီပဲ"

ကျားမောင်နှင့် ပုံထောင်တို့ သမ္ဗုဒ္ဓေဂါထာတော်ကို တစ်နေ့ အခေါက်တစ်ထောင်ပြည့်အောင် မပျက်မကွက် ရွတ်ဖတ်ပူဇော်ကြ၏။ ညဘက် မကောင်းဆိုးဝါးတွေလည်း လာမနှိပ်စက်တော့။ ရင်ထဲမှာလည်း အလိုလို ပေါ့ပါးပြီး လန်းဆွှင်နေ၏။ သေရမှာကိုပင် ကြောက်စိတ်မရှိတော့။

နောက်နှစ်ပတ်အတွင်းမှာ ကိုပုံထောင် အယူခံဝင်တာ အောင်မြင်သွား၏။ ထောင်ဒဏ်ဆယ်နှစ် ပြောင်းလဲကျခံလိုက်ရ၏။ ကျားမောင်ကတော့ အဲလိုမဟုတ်။

သေမိန့်ကျခံလိုက်ရာက လွတ်ငြိမ်းချမ်းသာခွင့်ပေးတာနှင့် တိုး၍ ထောင်ဒဏ်ဆယ့်ငါးနှစ်သာ ပြောင်းလဲကျခံလိုက်ရတော့၏။ သေမိန့်မှ လွတ်



မြောက်ခဲ့ကြ၏။ သမ္ဗုဒ္ဓေဂါထာတော်ရဲ့အစွမ်းက တကယ်ကို အံ့မခန်းပါပဲ။ ယုံကြည်မှုနှင့် ထောင်ထဲမှာ ဆက်လက်ရွတ်ဖတ်သရဇ္ဈာယ်သောအခါ နေရာကောင်းမှာ သက်သာစွာနေရ၏။

နေ့တိုင်းရွတ်ဖတ်ရသော အကျိုးကြောင့် ပုံထောင်က သုံးနှစ်နှင့် လွတ်မြောက်သွား၏။ ကျားမောင်လည်း သုံးနှစ်ခွဲနှင့် လွတ်မြောက်ခဲ့ရ၏။ ကြိုးတိုက်ထဲက သွေးပျက်ဖွယ်ရာညကို ထိတ်လန့်တုန်လှုပ် နေခဲ့ရပြီး ကျားမောင်တစ်ယောက် ဘာသာရေးအပေါ် ယုံကြည်သက်ဝင်အားကောင်းလာကာ ရဟန်းဝတ်သွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com




[၁]

❑

ရေမြေတောတောင်တို့၏ သဘာဝက အေးချမ်းခြင်းကို ဆောင်သည်။ စိမ်းလန်းစိုပြည်၍လည်း အေးချမ်းသည်။ သို့သော် ထိုတောနှင့်တောင်တို့တွင် အန္တရာယ်သည် မြင်ရခြင်းလည်း ရှိ၏။ မမြင်မတွေ့ရမှုလည်း ရှိသည်။ တောကိုမှီသော ပရလောကသားများသည် တောတောင်အမှီသဟဲကြောင့် ပို၍ပင် ဒုက္ခပေးတတ်သည်။ တောမှောက်ခြင်း၊ တောခြောက်ခြင်းတို့တွင် ပရလောကသားတို့၏ လုပ်ဆောင်မှုလည်း ပါသည်။ တောသည် ဂမ္ဘီရဆန်သည်၊ တောင်သည်ဂမ္ဘီရနှင့် နွယ်သည်၊ တောတောင်၏ အကြောင်းတို့က လိုက်မမီအောင် များပြားလှသည်။ တောတောင်တို့သည် ကမ္ဘာမြေအပြင်နှင့် သက်ရှိသက်မဲ့တို့ကို အကျိုးပြုသည်။ မိုးလေဝသရာသီဥတုနှင့်ပါ သက်ဆိုင်သည်။

ကျေးရွာသူရွာသားတို့က သိနားလည်ထားကြသည်မှာ တောတောင်ကောင်းလျှင် သစ်ဝါးရမည်။ တောကောင်ပေါ်များမည်ဟု ပင်ဖြစ်သည်။ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိပါသည်၊ ကျေးရွာများမှ ကျောင်းနေစာတတ်ကြလို့ ဌာနရဲ့အရာရှိ အရာခံများ။ လယ်လုပ်ခြံစိုက်၊ သစ်ခုတ်ဝါးသယ်၊ ငါးဖမ်း။ ငှက်ထောင်သူတို့ လူ့ကမ္ဘာသည် ဆန်းပြား၏၊ ဂမ္ဘီရဆန်၏။

ညောင်နီကုန်းရွာ ဦးမှတ်တင်နှင့် ဒေါ်သိန်းနုတို့တွင် သားရွှေတင်မိုးက ထူးခြားသူ၊ အစ်မလတ်တစ်ယောက်က အပျိုကြီး၊ အစ်မကြီးက အိမ်ထောင်ရှင်တစ်ယောက်ဖြစ်ပြီး ဥသျှစ်ကုန်းရွာတွင် ယောက်ျားဖြစ်သူနှင့် လိုက်နေသည်။

ရွှေတင်မိုးကို အဖေ ဦးမှတ်တင်ကရော၊ အမေ ဒေါ်သိန်းနုကပါ ပညာတတ်ဘွဲ့ရပြီး မြို့ပေါ်တွင် အရာရှိကြီးဖြစ်၊ စီးပွားရေးကောင်းကောင်းနှင့် ဖြစ်စေချင်သည်။ တစ်မိပေါက် တစ်ယောက်ထွန်းဆိုသည့်အတိုင်းမက တစ်ရွာလုံးတွင်မှာပင် တစ်ယောက်ထွန်းခဲ့သည်။ ရွှေတင်မိုးကို ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအပ်လိုက်သည်၊ တစ်နှစ်ကျော်ကျော်ကြာပြီး ရှင်ပြုရသည်။ ကိုရင်ဝတ်နှင့် ဘုရား၊ တရား၊ သံဃာ အလုပ်ကို ပို၍လုပ်ဖြစ်ပြီး တရားထိုင်ခြင်း၊ ဓူတင်ဆောင်ခြင်းများပင် ပြုသည်။

မိသားစုများက ကိုရင်ဘဝကထွက်မှာ မဟုတ်ဟူ၍ ထင်ထားကြရာ ကိုရင်ဝါနှစ်ဝါရပြီးချိန်တွင် ကိုရင်မှ သင်္ကန်းချွတ်လိုက်သည်။ ရွှေတင်မိုး ပြန်ဖြစ်သွားသည်။ လူပျိုပေါက် (၁၆) နှစ်ကျော်ကျော်အရွယ် ဖြစ်လာသည်။ ဒါပေမဲ့ ရွှေတင်မိုးက တခြားသော ရွာရှိလူငယ်တွေလို နွားကျောင်း၊ ကျွဲကျောင်း မလုပ်။ ကျောင်းကန်ဘုရားသွား၊ ဥပုသ်သီလစောင့် အမိဌာန်ဝင်၊ တရားထိုင်၊ ပုတီးစိပ်သည့်အလုပ်ကိုပဲ လုပ်သည်။ ထို့ကြောင့် အဖေနှင့် အမေကရော ဆွေမျိုးများရွာမှ အသိအကျွမ်းများကပါ။

"ရွှေတင်မိုးရယ် ... ကိုရင်ဝတ်ကများ ဘာလို့ လူထွက်နေရသေးလဲ၊ ကျောင်းထိုင်ဖြစ်အောင်ပဲ ဆက်ဝတ်ပါတော့"

"သင်္ကန်းနဲ့လဲ ကြည့်လို့ကောင်းသားပဲ"

ပြောကြဆိုကြသည်။ အဲဒီလို မနေနိုင်၊ အကြောင်းတွေကလည်း ရွှေတင်မိုးမှာ ရှိနေသည်။





"သင်္ကန်းတာဝန်ကကြီးတယ်။ ဝိနည်းနဲ့ ပြည့်စုံမှလည်း ကောင်းတာ။ သင်္ကန်းဝတ်နဲ့လုပ်မရတဲ့အလုပ်တွေရှိသေးတယ်လေ။ ဒါကြောင့် လူထွက်တာပါ "

"ရွှေတင်မိုးကတော့ကွာ ... ဘုန်းကြီးအပြောပဲ ... ငါ့ကောင်ရာ"

ဘာတွေလုပ်စရာရှိ၍ ဘာတွေလုပ်မည်မှန်းတော့ မသိပါ။ ဦးမှတ်တင်နှင့် ဒေါ်သိန်းနုကတော့ အငယ်ဆုံးသားရဲ့အပြောကို သဘောကျကြသည်ပဲပေါ့။ သားတစ်ယောက်ဆိုသလောက်လည်း ထူးခြားသည်။ ရွာမှာက ကာလသားပေါက် (လူပျိုပေါက်) ဆိုရင် ကြီးသူတို့က အတတ်ကောင်းတို့ကို အမွေပေးလက်ထပ်သင်ကြသည်။ ထန်းရည်သောက်၊ ကြက်တိုက်၊ ဖဲရိုက်၊ ဒီထက်တစ်ဆင့် အရက်သောက်၊ လူပျိုလှည့်ဆိုသည့် အတတ်များပင်ဖြစ်သည်။ ဒါကို ရပ်ရွာဓလေ့ဟု ပြောကြ လက်ခံကြသည်။ ရွှေတင်မိုးက လက်လည်းမခံ၊ ထိုအမွေကိုလည်း မယူသလို ဆက်ခံခြင်းလည်း မပြုပါ။

ဒေါ်သိန်းနုရဲ့ ပထမမွေးလိုက်တာက သမီးမိန်းကလေး၊ မိဘမေတ္တာနဲ့ လုံအောင် 'အေးချို' လို့မွေးပြီး ဒုတိယတစ်ယောက်ကလည်း သမီးမိန်းကလေးပဲဖြစ်လို့ အကြီးမအေးချိုနဲ့ ကလေးနှစ်ယောက်ကွာလို့ ထွေးအုံရယ်လို့ နောက်ထပ်မမွေးတော့ဘူးလို့ ထင်ပြီး အငယ်အထွေးမှာ 'ထွေးအုံ' လိုက်တာပါ။ ဒါပေမဲ့ အသက်သုံးဆယ်ကျော်ပြီး လေးဆယ်နားကပ်မှ တတိယကိုယ်ဝန် ရှိလာပြန်သည်။

"ဟဲ့ ... မှတ်တင် ခါးကုန်းမှ ကလေးဆွဲ ရဦးမယ်။ သမီးနှစ်ယောက်တောင် လက်မလွှတ်သေးဘူး"

"သိန်းနု ဒါ နောက်ဆုံးဖြစ်ပါစေဟယ်"

ရင်းနှီးသူတို့က စေတနာနှင့် ပြောကြသည်။ အေးချိုနှင့် ထွေးအုံက လေးနှစ်ကျော်ကျော်ကွာသည်။ ယခုတတိယကခြောက်နှစ်ကျော် ခုနှစ်နှစ်မျှ ကွာသည်။ အဲဒီကိုယ်ဝန်က  ရွှေတင်မိုး ဖြစ်လာမည့်သူ ကိုယ်ဝန်ရှိပါပြီလို့ သိလိုက်တဲ့ နေ့ညအိပ်တော့ မသိန်းနု (ဒေါ်သိန်းနု) ရဲ့ဘေးမှာ အိပ်ရာထဲမှာပေါ့၊ မြွေကြီးနှစ်ကောင်တစ်ကောင်ကို ကိုမှတ်ထင် (ဦးမှတ်တင်) ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်လုံးလောက်ရှိတယ်။ အဲဒီမြွေနှစ်ကောင်ကဆန့်ဆန့် အလျားလိုက် အရှည်လိုက်ကြီး ရှိနေတာ၊ ဘယ်အချိန်ဝင်နေမှန်း ရှိနေမှန်းပင်မသိ။ အိပ်ရာကနိုးလို့ ဘေးမှာတွေ့လိုက်တော့ အသံကုန်အော်ပြီး မေ့မြောတာပေါ့။ အေးမြို့တို့ ထွေးအုံ့တို့က သူ့အဖေနဲ့ အိမ်ရှေ့ခန်းမှာ အိပ်လို့ တော်သေးတာပေါ့။ အဲဒီလို ထူးခြားခဲ့တာ။

မသိန်းနု (ဒေါ်သိန်းနု) မှာ အတော်ကလေး လန့်သွားတယ်။ အဲဒါလည်း မကြာမကြာ မြွေက တွေ့နေသေးတယ်။ အိုးခွက်ပန်းကန်ဆေးတဲ့နေရာ၊ ဘုရားခန်း၊ ကွင်းထဲ ထမင်းပို့ ဘုန်းကြီးကျောင်းအသွား တွေ့ပဲ့၊ မြွေဆိုတာ အကောင်ကြီးကြီးသေးသေးတွေပေါ့၊ ကိုယ်ဝန်ကိုးလ ကျော်ဆယ်လပြည့်လာပြီး မွေးဖွားရန် နီးလာသည့်အချိန်နှင့် မိုးဦးကျရာသီဖြစ်သည်မှာ တစ်ချိန်တည်းပင်။

မသိန်းနု ဗိုက်နာသည့်အချိန် မိုးကသည်းသည်းထန်ထန် ရွာချလိုက်သည်။ တောရေတောင်ရေများမှာ ဒလဟောကျလာပြီး ရေကြီးရေလျှံပြီးရပ်ရွာများထဲထိရောက်ရှိပြီး တောကောင်ငယ်များ ပါပါလာသည်။ ဒီပြင်အိမ်များတွင် မပြောနိုင်ပါ။ မသိန်းနုတို့၏ အိမ်ဝိုင်းထဲတွင် တောရေနှင့်မျော၍ပါလာသည့် မြွေများ၊ တခြားအကောင်ပလောင်များကပါ ခြံတွင်းရှိသစ်ပင်များပေါ်တွင် ငြိတွယ်ခိုကပ်နေကြသည်။ အိမ်၏ ထုပ်တန်း၊ ဆင့်တန်းများတွင်ပါ၊ မြွေအကောင် ကြီးကြီးသေးသေးများ မျိုးစုံကလည်း တွယ်ချိတ်လိမ်ယှက်၍ ကျန်နေကြသည်။

မြွေများ တင်နေသဖြင့်လည်းကောင်း၊ မိုးကလည်း သည်းထန်စွာရွာသွန်းသဖြင့် မြွေတင်မိုးဟု ပြောကြသည်။ လွန်ခဲ့သောနှစ်များက မိုးရွာရွာရေကြီးကြီး ထိုကဲ့သို့ မြွေများမျောပါလာခြင်း မရှိပေ။ ထိုအချိန်မှာပင် မသိန်းနုက သားယောကျ်ားလေးကို မွေးဖွားလိုက်သည်။ ဒါကြောင့် အရပ်ဝမ်းဆွဲနှင့် အဖေအမေတို့ကပါ ထိုကလေးကို 'ရွှေတင်မိုး' ဟု ခေါ်လိုက်ကြသဖြင့် ဦးမှတ်တင်၊ ဒေါ်သိန်းနု၏ သားရွှေတင်မိုးဟုဖြစ်ပြီး ရွာတွင် တမူခြား၍ရွှေတင်မိုး အမည်တွင်ခဲ့သည်။





ကိုရင်လူထွက်ရွှေတင်မိုးကရွာ၏ အနောက်တောတန်းအစပ်တွင်ရှိသော ရှေ့ဟောင်းဘုရားစေတီလေးတွင် နေ့စဉ်နံနက်တိုင်း သွား၍ စိတ်ပုတီးစိပ်သည်။ ရွှေတင်မိုးပုတီးစိပ်နေလျှင် မြွေကြီး တစ်ကောင် နှစ်ကောင်ကအမြဲပင် ရွှေတင်မိုး၏ ဒူးခေါင်းနားတွင် ခွေ၍နေတတ်ကြသည်။ ဒါကို ထင်းခုတ်သူတချို့နှင့် ငှက်ထောင်သူရွာသားများက တွေ့ရှိပြီး ရွာထဲတွင် တစ်ယောက်ပြော နှစ်ယောက်ပြောနှင့် သတင်းပျံ့သွားသည်။ ရွှေတင်မိုးက သူ့အနားတွင် မြွေကြီးများ ရှိနေခြင်းကို ဘာမှမဖြစ်ပေမဲ့ ရွာထဲတွင်တော့ ရွှေတင်မိုးကလည်းတခြားရွာက ကာလသားပေါက်များလို ကာလသားကြီးများနှင့်တွဲ၍ အပျိုလှည့် ထန်းတော အရက်ဝိုင်း၊ ကြက်ဝိုင်းတို့လည်းမလိုက်၊ ရွာရိုးကိုး ပေါက်လျှောက်လည်ခြင်းလည်း မရှိ၊ လူထူးလေးဖြစ်နေသည်။

✿ ✿ ✿

[၂]

❑

တစ်ခါက ရွှေတင်မိုးက အနောက်တောတန်းအစပ်မှ ရှေ့ဟောင်းဘုရားလေးတွင် ပုတီးစိပ်နေစဉ်အခါတိုင်းလိုပင် မြွေကြီးနှစ်ကောင်က ဒူးတစ်ဖက်စီတွင် အခွေလိုက် ရှိနေကြသည်။ အစာရှာရင်းမှ နယ်ကျွံလာသည့်တောဝက်ကြီးတစ်ကောင်က ရွှေတင်မိုးကိုတွေ့ပြီး ပြေး၍အပက်၊ ဘေးတစ်ဖက်တစ်ချက်တွင် ခွေနေသော မြွေကြီးနှစ်ကောင်က ရှေ့မှ ဆီးကြိုခံလိုက်ပြီတောဝက်နှင့် လုံးထွေးသွားသည်။ ဒါကို ရွှေတင်မိုးက နားထဲတွင် ကြားမိ



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ တောကောင်ခြင်းအစာလုသည်ပဲ ထင်မှတ်၍ ပုတီးကိုသာ ပြီးအောင် စိပ်လိုက်သည်။ ပုတီးပတ်ရေပြည့်လို့ မျက်လုံးဖွင့်ကြည့်လိုက်တွင် ဘေး ဝန်းကျင်တွင် ရှုပ်ပွ၍ ကျန်ခဲ့ပြီး မြွေကြီးနှစ်ကောင်ကိုလည်း မတွေ့ရတော့ပေ။

ရွာထဲတွင် ရွှေတင်မိုးကို ဘိုးတော်လိုလို၊ ဥစ္စာစောင့်လိုလို လူဝင်စားလိုလိုနှင့်တူသည်ဟု ပြောကြသလို အင်းရှူးလား၊ ဆေးပေါက်စည်၊ ပေါက်သူလားဟု ပြောကြသည်။

"ကိုမှတ်တင် ခင်ဗျားသားက အငယ်သားရှိသေးတယ်၊ ဆေးဆရာ ကောင်းကောင်းနဲ့ ကုပါဗျာ"

"သက်န်းပြန်စီးပေးထားလိုက်ပါ ... ကိုမှတ်တင်ရာ"

"ဟာ ... ကျုပ်သားက ဘာဖြစ်နေလို့လဲ အရူးလည်း မဟုတ်ဘူး၊ ကောင်းတဲ့အလုပ်ကို လုပ်နေတာ"

တချို့က အကြံကောင်း ဉာဏ်ကောင်း ပေးကြသည်။ တချို့၏ အပြောကတစ်မျိုး ဖြစ်သည်။

"ဒီလောက်မြွေနဲ့ အလွှမ်းသင့်နေတာ၊ မြွေအလမ္ပာယ် ပြစားနိုင်းပါလား"

"မြွေကုဆရာ လုပ်နိုင်းပါလား"

ဟုလည်း တမင်ပြောတတ်ကြသည်။ မြွေအလမ္ပာယ်ပြသူသည် တစ်နေ့တွင် ထိုမြွေနှင့်ပင် သေရသည်။ မြွေဆေးကုရန်မှာလည်း ဆေးကု သော ဆရာနှင့်ဆေးကုခံသော လူနာမှာပါ သစ္စာကတိသမာဓိ ရှိရမည်၊ မြွေသတ်သူကို မြွေကိုက်လျှင် မည်ကဲ့သို့ ကုမလဲ။

တစ်နေ့တွင် ရွှေတင်မိုးတစ်ယောက် မျောက်ချောကုန်းရွာမှ အပြန် ခင်မတန်းရွာရောက်ခါနီး ကိုင်းတောစပ်အရောက်တွင် မျောက်ချောကုန်း ရွာသားများဖြစ်သည့် ရွှေတင်မိုးနှင့် ရွယ်တူသက်တူ ငချိန်း၊ ဖိုးတာတီး၊ တောက်ကျော်တို့ သုံးယောက်၊ ကြွက်ထိုး၊ ဖားရှာ၊ ငါးနှိုက် မြွေကိုပါ ရှာဖွေ ဖမ်းဆီး သတ်ဖြတ်နေသူတို့နှင့် ဆုံမိသည်။





"ဟာ ... ဒီမှာ ... မြွေကြီးကွ"

မြွေကြီးက ရွှေတင်မိုး၏ ဘေးမှ ကပ်လိုက်လာခြင်းဖြစ်သည်။ ကိုင်း တောမှထွက်၍ လိုက်လာသောမြွေ၊ ဒါကိုမြင်လိုက်သည့် တောက်ကျော်က ပြောလည်းပြော၊ ဒုတ်နှင့်ရိုက်ရန်လည်း ပြေးလာသည်။ ရွှေတင်မိုးက ..

"ဟေ့ ... ဟေ့ ... နေဦးကွာ ... မြွေကို မရိုက်ပါနဲ့"

"ဘာလို့မရိုက်ရမှာလဲကွ တစ်မနက်လုံးလိုက်ရှာတာ ဒီတစ်ကောင် ပဲ တွေ့သေးတယ်၊ မင်းက ဘာလို့တားတာလဲ "

သက်တူရွယ်တူလည်းဖြစ်ပြီး သုံးယောက်နှင့် တစ်ယောက်လည်း ဖြစ်နေ၍ မျောက်ချောကုန်းရွာသား၊ တောက်ကျော်က မာမာတင်းတင်း ပြော လိုက်ခြင်းဖြစ်သည်။

"ဘာမှဖြစ်လို့ မဟုတ်ပါဘူးကွာ၊ သနားလို့ပါ။ မင်း စားချင်ရင် စားစရာ ပေါပါတယ်ကွာ၊ ဒီမြွေသားမှ မဟုတ်ပါဘူး"

"ခင်မတန်ရွာမှာ သွားပြော၊ တို့ကမြွေသားစားချင်လို့ မြွေလိုက်ရှာ တာ၊ မြွေတွေ့မှတော့ သကြားမင်း တာဝတိံက ဆင်းတားလဲ။ ရိုက်မှာပဲ"

တောက်ကျော်ကစကားပြောလည်း ရိုင်းသည်၊ အနေလည်း စုတ်ပြီး ရွာကျောလန် အသွင်တူသာ ပေါင်းသည့်သူမျိုး။

"ငါ မင်းတို့ကို ကြွက်တစ်ကောင်ပေးမယ်ကွာ၊ ဒီမြွေကို မရိုက်ပါ နဲ့"

"အဟုတ် ... ဘာကြွက်တစ်ကောင် ဟုတ်လား။ တောမှာ ကြွက် ပေါပါတယ်ကွာ၊ ဘယ်အိမ်က နိုးစားစားရတယ်၊ မင်းကြွက်ထက်ကောင်းတဲ့ မြွေကွ၊ ရိုက်မယ်ကွာ"

တောက်ကျော်က ပြောလည်းပြော၊ ရှေ့ကိုတိုးလိုက်ပြီး တုတ်နှင့် ရွယ်လိုက်သည်။ မြွေကြီးက ရွှေတင်မိုး၏ ဘေးတွင် ငြိမ်နေသည်။ ဖိုးတာတီး နှင့် ငချိန်းက အထူးအဆန်းဖြစ်၍ ကြည့်နေကြသည်။ ရွှေတင်မိုး၏ဘေး တွင် မြွေကြီးက ရှိနေ၍ မြွေကိုရိုက်ရန်လှမ်းလိုက်သော တောက်ကျော်ကို ရွှေတင်မိုးက ရှေ့မှ ဖြတ်တားလိုက်သည်။ ခြေလှမ်းတန့်သွား တောက်ကျော် ကို မြွေကြီးက လှမ်းပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟာ"

"ဟင်"

ဝေဒနာနှင့် မချိမဆန့် အော်လိုက်သည့်တောက်ကျော်၏ အသံနှင့် ချေါင်းထံမှရော ဖိုးတာတီး၏ နှုတ်မှပါဟောဟင် ဟု အသံများ ထွက်လာသည်နှင့် မြွေကြီးက ကိုင်းတောထဲကို လျှောတိုက်တွန့်လိမ်၍ ပြေးသွားသည်။

"ဟာ ... တောက်ကျော်ကို မြွေကိုက်သွားပြီ"

"ဘယ်လိုလုပ်မလဲ ... ချေါင်း"

အော်ပြောလိုက်သော ချေါင်းကို ဖိုးတာတီးက လှမ်းမေးလိုက်သည်။ ချေါင်းနှင့်ဖိုးတာတီးမှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားကြသည်ကို ရွှေတင်မိုးက ...

"ကဲ ... မင်းတို့နှစ်ယောက် ဒီကောင်ကို ထမ်းပြီးခေါ်သွား။ ငါ မြွေဆိပ် တားပေးလိုက်မယ်၊ ကန်တော့ပွဲတစ်ပွဲ လက်ဖက်တစ်ပွဲ၊ နွားနို့တစ်ပိဿာ ငါးဆယ်သားနဲ့ ငါ့ကိုလာတောင်းပန်ရင် မင်းတို့ရွာကို လာပြီး ကုပေးမယ်။ အဲ ... ကြိုက်တဲ့ဆရာခေါ်ကု ... ဟုတ်လား"

ရွှေတင်မိုးကပြောလည်း ပြောနေရာမှလည်း လှည့်ထွက်၍ ရွာကို ပြန်ခဲ့သည်။ ချေါင်းနှင့် ဖိုးတာတီးတို့မှာ ဘာမှလည်း ပြန်မပြောမိဘဲ ကြောင်ငေး၍ ရပ်ကြည့်ပြီး ကျန်ခဲ့ကြသည်။

အတော်ကြာမှ ချေါင်းနှင့်ဖိုးတာတီးတို့က မလှုပ်မယှက် ငြိမ်နေသော တောက်ကျော်ကို မ,ပြီးတွဲ၍ မျောက်ချောကုန်းရွာကို ပြန်သွားကြသည်။

✿ ✿ ✿

[ ၃ ]

❑

နောက်တစ်နေ့ ညနေပိုင်းတွင် ရွှေတင်မိုးတို့ မိသားစု ညစာ စားပြီး စုဝေးထိုင်နေကြစဉ် အိမ်ရှေ့တွင် နွားလှည်းတစ်စီး ရပ်လိုက်သည်။ လှည်းပေါ်တွင် ချေါင်းနှင့်ဖိုးတာတီးပါ ပါလာကြပြီး လူကြီးတစ်ဦးက တောက်ကျော်ကို ပွေ့ထားပြီး မိန်းမကြီးတစ်ဦးက အဝတ်နှင့် ယပ်ခပ်ပေးနေသည်။ ဦးမှတ်တင်နှင့် ဒေါ်သိန်းနုတို့က လှမ်းကြည့်လိုက်ရာ လှည်းပေါ်မှဆင်းလာကြပြီး တောက်ကျော်ကိုပွေ့၍ အိမ်ပေါက်ဝကို ရောက်လာသည်တွင် ဦးမှတ်တင်ကရော ဒေါ်သိန်းနုကပါ နေရာထိုင်ခင်းပေး၍ အဖြစ်အပျက်နှင့် လာရင်းအကြောင်းကို မေးကြ ပြောကြရာ။

"အို ... ဖြစ်မှဖြစ်ရလေဗျာ၊ ကဲ ... သားရယ် ... မင်းတတ်နိုင်ရင် ကုပေးလိုက်ပါ"

ဦးမှတ်တင်နှင့် ဒေါ်သိန်းနုကပါ ရွှေတင်မိုးကို ပြောလိုက်ကြသည်။ ချေါင်းနှင့် ဖိုးတာတီးတို့က နွားလှည်းပေါ်မှ ကန်တော့ပွဲနှင့် လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန် နွားနို့ချိုင့် (ဂျိုင့်)ကို သွားယူလိုက်ပြီး ရွှေတင်မိုး၏ ရှေ့တွင်ချထားလိုက်သည်။ တောက်ကျော်၏ အဖေနှင့်အမေကလည်း ...

"ဟုတ်ပါတယ်ကွယ် ... ကုပေးပါ ... မှာလိုက်တဲ့အတိုင်း ဒီမှာ ကန်တော့ပွဲနဲ့ လက်ဖက်၊ နွားနို့က တစ်ပိဿာ ငါးဆယ်သားပါ ယူလာပါတယ်"

ရွှေတင်မိုးဝိုင်းကြည့်ကြသည်။ ရွှေတင်မိုးက ဖျာပေါ်တွင် ခေါင်းအုံးချ၍ ပက်လက်ဖြစ်နေသော တောက်ကျော်ကိုကြည့်ပြီး ...

"အင်း ဆရာသုံးယောက် ပြောင်းသွားတယ်။ ရွာမှာ ကျန်းမာရေးမှူးက မရှိဘူး၊ ဒီတစ်ခါတော့ ကုပေးလိုက်မယ်။ မြွေသားတော့ မစားရဘူး မြွေလည်း မသတ်ရဘူး ဒါကို ကတိပေးရမယ်"

ရွှေတင်မိုး၏ အပြောကို လူကြီးများက နားထောင်ပြီး ငချိန်နှင့် ဖိုးတာတီးတို့ အံ့သြနေသည်။

"အေးပါကွယ် ... ဦးကြီးတို့ အဒေါ်တို့ တာဝန်ယူပါတယ်။ ကုသာ ကုပေးပါ၊ မနေ့ကနဲ့ ညကတစ်ည၊ ဒီနေ့တစ်နေ့ထိ သတိမရသေးဘူး၊ ပင့်လိုက်တဲ့ ဆရာတွေက ကြည့်ပြီး ပြန်သွားကြတယ်"

ရွှေတင်မိုးက ဘုရားကျောင်းဆောင်ရှေ့တွင် ကန်တော့ပွဲ လက်ဖက်ပန်းကန်မှ နွားနို့ချိုင့် (ဂျိုင့်) ကိုချပြီး သေချာစွာထိုင်၍ ဘုရားရှိခိုး မေတ္တာပို့အမျှဝေပြီး သောက်တော်ရေတစ်ခွက်စွန့်၍ လက်နှင့်နှိုက်ပြီး တောက်ကျော်၏ မျက်နှာကို တောက်ပေးလိုက်ပြီး ကျန်သည့်ရေကို တိုက်ခိုင်းလိုက်သည်။

တောက်ကျော်၏အဖေက ပါးစပ်ဖြဲ၍ ရေနည်းနည်းကို တောက်ကျော်၏ ပါးစပ်ထဲကို လောင်းထည့်ပေးလိုက်သည်။ ရွှေတင်မိုးက နွားနို့များကို ပန်းကန်ပြားယူပြီး လောင်းထည့်၍ ပန်းကန်ကိုင်ရင်း နှုတ်မှ တွတ်တွတ်နှင့်ပြောရင်း အိမ်ရှေ့ပေါက်တွင် ချထားလိုက်သည်။ ခဏအကြာတွင် ခြံထောင့်မှ မြွေကြီးတစ်ကောင်က တရွေ့ရွေ့နှင့် နွားနို့ပန်းကန် ချထားရာကို လာနေသည်။





ငချိန်း၊ ဖိုးတာတီးနှင့် ကျန်လူများ နောက်ကို ဆုတ်လိုက်ကြသည်။ ဖိုးတာတီးနှင့်ငချိန်းက ...

"ဟာ ... အဲဒီမြွေပဲ တောက်ကျော်ကို ကိုက်တာ"

"မင်းတို့နှစ်ယောက် ငြိမ်ငြိမ်တိတ်တိတ် နေစမ်း၊ မြွေကို နွားနို့တိုက်မလို့ လန့်သွားဦးမယ်"

ငချိန်းနှင့်ဖိုးတာတီးက ငြိမ်သွားသလို၊ လူကြီးများကပါ မလှုပ်မရှားဘဲ ကြည့်နေကြသည်။ ရွာထဲမှ လူတချို့ကလည်း ရောက်လာကြသည်။ မြွေကြီးက နွားနို့များကို နှာသီးဖျားနစ်၍ သောက်နေသည်။ ရွှေတင်မိုးက နှုတ်မှ တတွတ်တွတ်နှင့် ပြောဆိုရွတ်ရင်းမှ မြွေကြီးကို ကြည့်ပြီး တောက်ကျော်ကို ပေါင်ရင်းမှ ခြေဖျားအထိ လက်နှင့် သပ်ချပေးနေသည်။ ပြီးမှ ...

"ကဲ ... အားလုံး ငြိမ်ငြိမ်နေပြီး တစ်ဖက်မှာ ရှေ့ထိုင်ကြပါ။ မြွေက သူကိုက်ထားတဲ့အဆိပ် ပြန်ယူလိမ့်မယ်"

အားလုံးက အိမ်အတွင်းဘက်ကို ကပ်ထိုင်ကြပြီး အပြင်မှ ကြည့်နေသူတို့ကလည်း တစ်ဖက်သို့ ကပ်လိုက်ကြသည်။ မြွေကြီးက နွားနို့များ ကုန်သွားသည်နှင့် ပက်လက်ဖြစ်နေသော တောက်ကျော်၏ ခြေထောက်နားကိုကပ်ပြီး တောက်ကျော်၏ခြေခုံကို ပါးစပ်နှင့်တို့ပြီး ပါးစပ်ဟ၍ တစ်ခါပြီးတစ်ခါ သေချာစွာ ထိလိုက်သည်။

"ဟာ ..."

"ဟယ် ..."

"အေးဟဲ့ ..."

"ရွှေတင်မိုးက အတော်စွမ်းတာပဲဟယ်"

ဟု ကြည့်နေသူများထဲမှ အသံခပ်တိုးတိုး ထွက်လာသည်။ မြွေကြီးက ငါးကြိမ်ငါးခါ ပြည့်သွားသည်တွင် နောက်ကိုတွန့်ဆုတ်ပြီး နောက်ကြောင်း ပြန်လှည့်၍ အိမ်ပေါ်မှ ဆင်းသွားလေသည်။

အိမ်ပေါ်မှ မြွေကြီးဆင်းသွားပြီး ခဏအကြာတွင် တောက်ကျော်က လှုပ်လာသည်၊ ကြည့်နေသူများက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဟော"

"ဟေ ... သတိရလာပြီဟဲ့"

ရွှေတင်မိုးကို ကြည့်လိုက်၊ တောက်ကျော်ကို ကြည့်လိုက်နှင့် တအံ့တဩ ဖြစ်နေကြသည်။ သတိရလာသော တောက်ကျော်က ခေါင်းလှည့်၍ ဘေးဘယ်ညာကို ကြည့်လိုက်သည်။

"တောက်ကျော် ... သတိရပြီနော်"

"သား ... တောက်ကျော် မင်းသူငယ်ချင်းလေ၊ မောင်ရွှေတင်မိုး သိလား"

တောက်ကျော်ကကြည့်ပြီး ဘာမှမပြောပေ။ ရွှေတင်မိုးက လက်ကာပြပြီး ...

"နေ ... နေ ... သက်သာသလိုနေပါစေ၊ ရေတိုက်လိုက်ပါ။ ကျွန်တော်ပြောတာတွေ မမေ့ပါနဲ့ ကတိတည်ကြပါ"

"ဟာ ... စိတ်ချပါ၊ လူလေးရယ်၊ ကျေးဇူးကြီးပါတယ်။ ဟို ... ဦးရိုးတို့ ... ဘာ ... ဘာ ... လုပ် ..."

"ဟာ ... ဘာမှပေးဖို့ မလိုပါဘူး။ ကျွန်တော်ပြောတာကိုသာ လိုက်နာကြပါ။ မြွေမသတ်ပါနဲ့ မြွေသားမစားပါနဲ့၊ မေတ္တာပို့ပါ၊ မြွေဆိုတာ အန္တရာယ်ရှိတဲ့သတ္တဝါပါ လူတွေနဲ့ ကင်းကွာလို့မရအောင် နီးစပ်ပါတယ်"

တောက်ကျော်ကလည်း လူကြီးတွေရှေ့တွင် တောင်းပန်သည်။ တောက်ကျော်၏အဖေနှင့်အမေက ကြက်ဥများ၊ မြေပဲဆံများ၊ ငါးခြောက်များ ပေး၍ နှုတ်ဆက်ပြီး ပြန်သွားကြသည်။

"ရွှေတင်မိုးက လူသာငယ်တယ် တကယ့်ဆရာကြီးပဲ"

"နို ... နေပါဦး ရွှေတင်မိုး ဘာလို့ မြွေနိုင်တာလဲ"

ရွာထဲတွင် ဖြစ်နေသော သတင်းစကားများကြောင့် ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီးက ဦးမှတ်တင်နှင့် ဒေါ်သိန်းနုတို့မိသားစုနှင့် ရွာလူကြီးဦးစံတောအပါအဝင် ခေါ်ခိုင်းလိုက်သည်။ အားလုံး ဘုန်းကြီးကျောင်းကိုရောက်ကြပြီး နောက်မှရောက်လာကြသူများက မျောက်ချောကုန်းရွာမှ တောက်ကျော်နှင့် အဖေရော အမေပါ ဆရာတော်ကြီးကို လာကန်တော့ရင်းမှ ဦးမှတ်တင်ကို အိမ်ကိုလည်း ဝင်မည်ဟု ရောက်လာကြ၍ လူစုံသွား





သည်။ ဆရာတော်ကြီးက ရွှေတင်မိုး၏ အစွမ်းအစနှင့် အကြောင်းတရားများကိုပါ မိန့်ဟပြောပြချင်၍ လူစုံအောင် မှာခြင်းဖြစ်သည်။

"ကဲ ... ကဲ ... ဒကာမှတ်တင်ရဲ့သား ရွှေတင်မိုးကြောင့် ကျုပ်က လူစုံအောင် မှာလိုက်တာ၊ မျောက်ချောကုန်းက ဒကာသိန်းပုနဲ့ မလှိုင်တို့ကလည်း ကျုပ်ဒကာရင်း ဒကာမရင်းတွေပဲ။ လက်သည်ဒကာမကြီး မအေးတုတ်ရော ရောက်ပြီလား"

"မှန်ပါ ... ရောက်နေပါပြီ ဘုရား"

နောက်ဆုံးမှ ကျောင်းပေါ်ကိုတက်လာသော ရွာ၏ ဝမ်းဆွဲလက်သည် ဒေါ်အေးတုတ်က ဆရာတော်ကို ဦးချရင်းမှ လျှောက်တင်လိုက်သည်။ ကိုရင်လေးနှစ်ပါးက ရေနွေးကြမ်းနှင့် မုန့်များ၊ ပဲခြမ်းကြော်များ ချပေးသည်။

"ကဲ ... ဒကာမှတ်တင်ရော ဒကာမကြီးမအေးတုတ်ပါ သိပြီးဖြစ်တဲ့ ရွှေတင်မိုးကိုမွေးတုန်းက မြွေကြီးနှစ်ကောင်က ကလေးဝမ်းက ကျွတ်တဲ့အထိ ဘာမှမလုပ် အန္တရာယ်မပေးဘဲ ရှိနေတာရယ်၊ မွေးလိုက်တဲ့ ကလေးရဲ့ ရင်ဘတ်မှာ နဂါးလည်ဆစ် (မြွေခေါင်း) ပုံပါတာရယ်၊ ညာလက်ဝါးမှာလည်း စကြာပုံ အမှတ်ပါတာရယ်ကို ကျုပ်ကိုလာပြလို့ ဒီအကြောင်းကို ဘယ်သူမှမပြောနဲ့လို့ ကျုပ်မှာထားတာ။ ဒါတွေကို ခင်ဗျားတို့ လူ့လောကမှာ တချို့တွေက နဂါးသိုက်ကလာတာ။ နဂါးဆက်တို့ ဘာတို့ဆိုတာတွေ စကားရှုပ်လာမှာစိုးလို့ပဲ။ အဲ ... လူဝင်စားတို့ ဘဝတစ်ခုက ပြောင်းတာတို့က ကျုပ်တို့ ဘုရားရှင်လက်ထက်တော်ကတည်းက ရှိတာပဲ"

"မှန်ပါ ဘုရား"

"ဒီရွှေတင်မိုးက မြွေတို့နဂါးတို့နဲ့ နီးစပ်ခဲ့တယ်။ ရင်ဘတ်နဲ့ လက်ဝါးပြင်မှာပါတဲ့ အမှတ်အသားတွေက မြွေသတ္တဝါတွေကို ခေါ်ယူလို့ရတယ်။ သွားလို့လည်း နှင်လို့ရတယ်။ မြွေအကြောင်းကို ပြောပြမယ်၊ မာဂဓဝေါဟာရမှာ အာသိဝိသလို့ခေါ်တယ်။ အဆိပ်ပြင်းသော သေစေနိုင်သော လျင်မြန်စွာသွားတတ်တဲ့အတွက် ခေါ်တာ။ မြွေအမျိုးပေါင်း တစ်ဆယ့်တစ်မျိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းလာပြဆိုထားတယ်။ ပြေးလွှားသွားတတ်ခြင်းကြောင့် အဟိကိုပါ ပြဆိုထားတယ်"

ဆရာတော်ကြီးက ခေတ္တနားပြီး ရေနွေးကြမ်း ဘုဉ်းပေးလိုက်သည်။ အားလုံးက ငြိမ်ပြီး နားထောင်နေကြသည်။ ရွှေတင်မိုးရဲ့ အစ်မ ထွေးအုံက သူမောင်၏လက်ကိုကိုင်ပြီး နားထောင်နေသည်။ ဆရာတော်ကြီးက ဆက်၍ မိန့်သည်မှာ . . .

"မြေတွင် ကလိုဏ်ဂူပေါက်တို့မှာနေခြင်း၊ သစ်ပင်ကိုတက်ရောက်တတ်ခြင်းတို့ကြောင့်လည်း သူဇာလိုပါ ခေါ်တယ်။ အသံကို ပြုတတ်တဲ့အတွက် သရီသပလို့ ခေါ်ပြီး ရှူးရှူးလို့ အသံပေးတတ်လို့ ဖဏီလို့ပါ ခေါ်တယ်"

ဆရာတော်ကြီးက ရွှေတင်မိုးကို လက်ပြခေါ်၍ တံထောင်နှင့်ခါးကြောကို ဖြေနိုင်းရင်း ဆက်၍မိန့်ဆိုသည်။

"ရင်ဘတ်နဲ့ မြေပြင်ကိုထိပြီး သွားတတ်လို့ သပ္ပလို့ပါခေါ်တယ်။ အလျင်အမြန် ပျောက်ကွယ်အောင်သွားနိုင်လို့ အလဂဒ္ဒတဲ့ ကိုယ်လုံးနဲ့ညီတဲ့ ပါးပျဉ်းရှိတဲ့အတွက် ဘောဂီလို့ဆိုတယ်။ ခြေလက်မရှိဘဲ သွားတဲ့အတွက်လည်း ပဏ္ဍာလို့မှတ်ရတယ်။ လျှာနှစ်ခွရှိသောကြောင့် ဒွိဇိဝှတဲ့ ရင်ဘတ်နဲ့ လျှောတိုက်သွားလို့ ဥရာလို့ပါခေါ်တယ်။ အသက်ကို သေစေနိုင်လို့ ဝါဠဗျာလတဲ့ ကိုယ်လုံးရှည်လျားလို့ ဒီဃ၊ ဒီဃပိဋ္ဌိကလို့ပါ ခေါ်နိုင်တယ်။ ဝမ်းပျဉ်းရေခြေလို့ ပြုတဲ့အတွက် ပါဒူဒရတဲ့ ပြင်းထန်တဲ့အဆိပ်ကို ဆောင်ထားလို့ ဝိသမရလို့ပါ မြွေကို ပြဆိုထားတယ်။

တို့များ ဘုရားရှင်ကဟော ဖော်မိန့်မြွက်ခဲ့တာက မထိမဲ့မြင်ပမာမထားပေါ့ရွှင်စွာ မထားအပ်သော အရာလေးမျိုးမှာ အဆိပ်ရှိသော မြွေ၊ မီး၊ အခြွေအရံအစေအပါး ပေါများသော မင်းပုဂ္ဂိုလ်၊ အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းတို့လေးမျိုးကို အထူးဂရုပြုလေလို့ ဟောကြားခဲ့တယ်။ မြွေသတ္တဝါ ကိုက်ခဲ၍ အသက်သေဆုံးနိုင်သည်။ မီးစွဲလောင်ပါကလည်း မွဲတေဆင်းရဲနိုင်၏။ မင်းပေးသော အပြစ်ဒဏ်သင့်ရင် ဒုက္ခရောက်၏။ သံသရာတစ်လျှောက်လုံး သံယာကို ပြစ်မှားကျူးလွန်မှုတွေကို ဘုရားရှင်က ဟော





ကြားခဲ့တယ်။ ဒါကြောင့် မြွေကိုပမာမခန့် မပြုရဘူး ရွှေတင်မိုးက မြွေနဲ့ အကျိုးဆက်ရှိလို့ ဂရုပြုသင့်တယ်။ အင်း . . . တစ်ဆက်တည်းပဲ ရွှေတင်မိုးကို ဆရာတော် မေတ္တာရပ်ခံချင်တယ်။ မြွေအန္တရာယ်နဲ့ကြုံရင် အယုတ်အလတ်အမြတ်မရွေး ကယ်တင်ပါလို့ . . . ဟုတ်လား။ ဇီဝိတကုသိုလ်ပေါ့ကွယ်"

"မှန်ပါ့ ဘုရား . . . လိုက်နာပါ့မယ် ဘုရား"

"အိမ်း . . . သာဓု . . . သာဓု . . . သာဓု သက်နီးဝတ်ဘဝနဲ့ဆိုရင် ဆေးကု၊ ဗေဒင်၊ ယတြာမလုပ်ရဘူး။ ဒါကြောင့် ရွှေတင်မိုး ကိုရင်ဘဝက လူဝတ်လဲတာကို ကျုပ် မကန့်ကွက်တာ၊ မတားဆီးတာပဲ"

ဆရာတော်ကြီးက မြွေအကြောင်းကို ရွှေတင်မိုးနှင့် ပတ်သက်ပြီး အတော်ပင် ရှည်ရှည်ဝေးဝေး ဟောပြောခဲ့သည်။ မြွေသည် အမျိုးပေါင်းများစွာရှိပြီး မျိုးပွားမြွေပွေးတစ်ရာကျော် ငန်းတော်ကြား၊ မြွေဟောက်မျိုးပွားပေါင်းသည်လည်း တစ်ရာကိုးဆယ်မျှ ရှိသည်။ မြစ်၊ ချောင်း၊ ပင်လယ်သမုဒ္ဒရာတွင်နေသော မြွေတို့တွင် ရေမြွေ၊ ဂျတ်မြွေ၊ ကနကုတ်အပါအဝင် ငါးဆယ်ကျော်ရှိပြီး မြွေဆိုးများက လူကိုဒုက္ခပေးပြီး ကျန်မြွေပေါင်း သုံးရာကလည်း လူတို့ကို ရွေးခြယ်ဒုက္ခမပေးသော်လည်း အဆိပ်ကတော့ ပြင်းထန်သည်ဟု ဆရာတော်က ပြောပြရာ နားထောင်သူထဲမှ တောက်ကျော်နှင့် သူ့မိဘများက ရွှေတင်မိုးကို အထူးပင်ကျေးဇူးတင်ကြသည်။

ဆရာတော်ကြီးကို ကန်တော့ကြပြီးပြန်ကြရာ ဦးမှတ်တင် ဒေါ်သိန်းနုတို့အိမ်ကို တောက်ကျော်တို့ မိသားစုက လိုက်ပါပြီးမှ နှုတ်ဆက်၍ မျောက်ချောကုန်းရွာကို ပြန်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၄]

ရွာဦးကျောင်းဆရာတော်ထံမှ ပြန်လာကြပြီးသည့်နောက်ပိုင်းတွင် ညောင်နီကုန်းရွာတွင် အသက်ငယ်ငယ်နှင့် မြွေဆရာရှိသည်ဟု အနီးဝန်းကျင်ရွာများတွင် သတင်းကြီးသွားသည်။ အသက် (၁၆)နှစ်ကျော် ရွှေတင်မိုးက စိတ်ကြီးမဝင် အနေမလွတ်၊ တောဘုရား၊ ရွာဘုရားများတွင် တရားထိုင်၊ ပုတီးစိပ်ခြင်းကို ပုံမှန်လုပ်သည်။ တချို့ရွယ်တူများက မြွေရှုးဆရာယောင်၊ အောက်လမ်းဆရာ သိုက်တူးမလို့ကျင့်နေတာဟု ပြောကြသည်။ ရွှေတင်မိုးက ရှေ့တွင်ပြောလည်း စိတ်မဆိုးကွယ်ရာပြောလည်း စိတ်မဆိုး၊ ကျောင်းပညာကိုလည်း ရအောင်သင်ကြားနေသည်။

ရွှေတင်မိုး၏အစ်မကြီး အေးခြိုက ဥသျှစ်တွင်းရွာမှ သိန်းတိုး ဆိုသူနှင့် အိမ်ထောင်ကျပြီး ညောင်နီကုန်းရွာတွင်မနေဘဲ ဥသျှစ်တွင်းရွာတွင် ယောက္ခမများနှင့်ပေါင်းနေသည်။ အလတ်မထွေးအုံက အသက် (၂၀) ကျော်





အပျိုကြီး။ အိမ်ထောင်ရေးကို စိတ်မဝင်စား။ မိဘများနှင့်အတူ လုပ်ကိုင်ပြီး မောင်ဖြစ်သူ ရွှေတင်မိုး၏ ဝေယျာဝစ္စများကို အစစ လုပ်ပေးနေသူ။

ရွှေတင်မိုးက ကိုးတန်းအောင်ပြီး ယခုနှစ် (၁၀)တန်း တက်ရမည်။ အားလုံးက ဝိုင်းပြောကြသည် (၁၀)တန်းအောင်လျှင် တက္ကသိုလ်တက်ပြီး ဘွဲ့ယူ၍ အရာရှိလုပ်ပါဟု ပြောကြပေမဲ့ အရာရှိလည်း မလုပ်ဘူး၊ မိဘနှင့်ရော၊ အစ်မထွေးအုံကိုပါ မခွဲနိုင်ဟုပဲ ပြောသည်။ ကျောင်းက ပြန်လျှင် ဘုရားရှိခိုး ပုတီးစိပ်သည့်အလုပ်ကိုပဲ လုပ်သည်။

အစ်မကြီး အေးခြိုက ဥသျှစ်တွင်းတွင်နေပြီး မိဘညီမမောင်တို့ရှိသည့် ညောင်နီကုန်းရွာကို အလည်အပတ်မပြန်။ ယခုလာတော့ သူတို့လင်မယားနှစ်ယောက်တည်းမဟုတ်၊ မြို့မှ ဧည့်သည်နှစ်ယောက်ပါ ပါလာသည်။ ကုန်သည်ပွဲစားများဖြစ်ပြီး စပါးကြီးသည်းခြေနှင့် စပါးကြီးညို့ကို လိုချင်၍ဟု ပြောသည်။ သားမက်ဖြစ်သူ သိန်းတိုး၏ ဧည့်သည်များဖြစ်၍ ဦးမှတ်တင်နှင့် ဒေါ်သိန်းနုတို့က ဝတ္တရားကျေပွန်စွာ ဧည့်ခံပြုစုကြသည်။ ရောက်ရောက်ခြင်းပင် . . .

"ဩော် . . . မအေးခြိုရဲ့မောင်က မြွေကုဆရာဆို . . . ဟုတ်လား။ ကျွန်တော်တို့အလုပ်နဲ့ ဆက်စပ်တယ်ဗျာ။ ကျွန်တော်တို့က စပါးကြီးသည်းခြေလည်း ရသလောက်ယူမယ်၊ စပါးကြီးညို့လည်း ယူမယ်၊ မြွေအရှင်ရရင်လည်း ဘာမြွေဖြစ်ဖြစ် ယူမယ်။ ကျွန်တော်တို့ တွဲပြီး အလုပ်လုပ်ပါလို့ မအေးခြိုမောင်ကို ပြောပေးစမ်းပါ။ တောက်တဲ့လည်း အကောင်ကြီးကြီးသေးသေး ရသလောက်ယူမယ်။ တောက်တဲ့ကတော့ အကောင်ကြီးရင် ဈေးကောင်းရမယ် . . . ဟုတ်လား"

ဟု အောင်ဘုဆိုသည့် ဧည့်သည်က ဦးမှတ်တင်ကိုပြောရာ မထွေးအုံက ကြားပြီး နှာခေါင်းရှုံ့သည်။ အောင်ဘုဆိုသူနှင့် ကံဆိုင်ဆိုသည့် ခဲအိုသိန်းတိုး၏ ဧည့်သည်များဟုဆို၍ ကြည့်နေလိုက်ရသည်။

"အစ်မအေးခြို . . . နင့်ယောက်ျား ပေါင်းတာတွေကလည်း ဘယ်လိုလူတွေလဲဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိထွေးအုံ ... အဲဒီလူတွေကြောင့် တို့ချောင်လည်တာဟဲ့။ အခု လည်း စပါးကြီးသည်းခြေနဲ့ မြွေညို့ကိုရရင်တို့လည်း ပိုက်ဆံရမယ်။ ပြီး တော့ တောက်တဲ့က အရမ်းဈေးကောင်းတာ၊ နယ်စပ်ကို ပို့ရတယ်။ သူတို့ နှစ်ယောက်က ဟိုဘက်နိုင်ငံတွေကို အခေါက်ခေါက် ရောက်နေတာ။ ဒီ တစ်ခါ နင့်ခဲအို ငါ့ယောက်ျားပါ ခေါ်သွားမယ်လို့ပြောတယ်။ ငါ မောင်လေး ကို ပြောရမယ်၊ မြွေအရှင်လည်း ပိုက်ဆံရတယ်လို့"

"ဟင် ... မပြောပါနဲ့ ... အစ်မအေးချို မောင်လေးကလည်း လုပ်မှာမဟုတ်ဘူး မြွေအကြောင်း သွားမပြောနဲ့"

"ငါက အကြီးပါဟဲ့။ ပိုက်ဆံရတော့လည်း နင်တို့ပဲ သုံးရမှာ"

မအေးချိုနှင့် ရွှေတင်မိုးတို့ ထွေးအုံတို့နှင့်က ပြဒါးတစ်လမ်း သံ တစ်လမ်း ဖြစ်နေကြသည်။ ညနေ ကျောင်းမှပြန်လာသော ရွှေတင်မိုးက အဝတ်အစားလဲ၍ စိပ်ပုတီးနှင့် တဘက်ပဝါကိုယူပြီး အိမ်မှအထွက်တွင် မအေးချိုက လှမ်းခေါ်ပြီး ...

"မောင်လေး ... လာဦး။ ဒါ နင့်အစ်ကိုရဲ့ အလုပ်လုပ်ဖက်တွေ။ ဟိုလေ စီးပွားရေးအကြောင်း ပြောမလို့"

"ဟာ ... မမကြီးကလည်း စီးပွားရေးအကြောင်းက အဖေတို့ အမေတို့နဲ့ တိုင်ပင်လေဟာ။ ငါ ပုတီးစိပ်ရဦးမယ်။ ပြန်လာရင်လည်း စာကျက်ရဦးမယ်"

"ကဲ ... ကဲ ... ကြွကြွ ... နင်က အုတ်နီခဲပဲ။ ကိုအောင်ဘု ရော၊ ကိုကံဆိုင်ရော ညကျမှ ကိုသိန်းတိုးနဲ့ တိုင်ပင်တာပေါ့"

" အေးပါဗျာ ... ချက်ချင်းပဲ ပြန်မှာမှ မဟုတ်သေးဘဲ။ မအေးချို ကျုပ်တို့ရွာထဲ ပတ်လိုက်ဦးမယ်"

"အင်း ... အင်း ..."

ကံဆိုင်နှင့် အောင်ဘုတို့က အကြံနှင့်ဖြစ်၍ ရွှေတင်မိုး၏နောက် မှ နောက်ယောင်ခံ၍ လိုက်ကြသည်။ ရှေ့မှသွားနေသော ရွှေတင်မိုးက သူ့လမ်း သူ သွားနေသည်။ ရွာအနောက်ပိုင်းတောစပ်မှ ရှေ့ဟောင်းဘုရားကလေး တွင်ထိုင်၍ ပုတီးစိပ်ရန် ဘုရားရှိခိုးစဉ် ရွှေတင်မိုး၏ဘေးတွင် မြွေကြီး





နှစ်ကောင်က ခွေ၍ နေရာယူလိုက်သည်။ ချုံကွယ်မှချောင်းနေသော အောင်ဘု နှင့် ကံဆိုင်တို့က တအံ့တဩ ဖြစ်နေကြသည်။ ဘာကြောင့်ရယ်တော့ မသိ။

ယနေ့မှပင် ရွှေတင်မိုး ပုတီးစိပ်ရာတွင် မြွေအကြီးကြီး နှစ်ကောင် အပြင် မြွေအကြီးအသေးတို့ကပါ ဘေးနှင့်အနောက်တွင် အကောင် အစိတ် သုံးဆယ်မျှ ရှိသည်။ ဒါတွေကို မြင်လေ၊ ကံဆိုင်နှင့် အောင်ဘုက ပို၍အံ့ဩ နေကြသည်။ အခြေအနေကိုကြည့်ပြီး အောင်ဘုနှင့် ကံဆိုင်တို့က နေရာမှ လှည့်ထွက်လာကြသည်။

"အောင်ဘုရေ ... ဘယ်လိုလုပ်မလဲ"

"အေးပါကွ ... ငါသိန်းတိုးနဲ့ တိုင်ပင်ပြီး တစ်ခုခုလုပ်မယ်ကွာ"

သွက်သွက်လျှောက်ရင်းမှ စဉ်းစားကြသည်။ အောင်ဘုက မျက်လုံး ထဲတွင် ထွေးအုံကို ပြေးမြင်လိုက်သည်။ ဒါကြောင့် ...

"ဟေ့ကောင် ... ကံဆိုင်၊ ငါ ဒီလိုလုပ်ချင်တယ်။ သိန်းတိုးကို တိုင်ပင်မယ်။ မရရင် တစ်မျိုးပေါ့"

အောင်ဘုရဲ့အပြောကို ကံဆိုင်က သဘောတူ လက်ခံသည်။ အိမ် ကိုပြန်ရောက်တော့ သိန်းတိုးက ပြန်ရောက်နေသဖြင့် ...

"ဟ ... သိန်းတိုးရေ ... တို့ကွာ လမ်းလျှောက်ရင်း လုပ်ကွက် တစ်ခု တွေ့လာတယ်ကွ။ အဲဒါပဲ လုပ်နိုင်ရင် တစ်ချက်ခုတ် သုံးချက်ပြတ် ပဲ သိလား"

အောင်ဘုအပြောကို ကံဆိုင်က ခေါင်းညိတ်လိုက်သည်။ သိန်းတိုး က စဉ်းစားပြီး ...

"ကိုအောင်ဘု ... နှစ်ခုက ကောင်းတယ်၊ ကျန်တဲ့တစ်ခုက ကျွန် တော်ပါ ပြေးနေရမယ်။ အေးချိုကိုတော့ ပိုင်တယ်။ ဒါပေမဲ့ ..."

"ကဲပါကွာ ... တော်တော့ အဲဒီနှစ်ခုကို လုပ်မယ်။ အဆင်မပြေ လို့ လွဲမှ နောက်ဆုံးတစ်ခုကို လုပ်မယ် ... ဟုတ်လား"

"အင်း ... ကောင်းတယ်"

"အဲဒါဆို အရက်ရောင်းတဲ့ မကျယ်တဲကို သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကံဆိုင်ရယ်၊ မကျယ်မဟုတ်ပါဘူးကွ မမော်ပါကွာ"

သုံးယောက်သား အသံထွက်အောင် ရယ်ကြပြီး ရွှေတင်မိုးတို့ အိမ်မှ ထွက်လာကြသည်။ အိမ်နောက်ဖေးမှ ထင်းစင်တွင် ထင်းခွဲနေသော ထွေးအုံက ကြည့်၍ ခေါင်းညိတ်ပြီး ကျန်ခဲ့သည်။

သိန်းတိုးနှင့်ကံဆိုင် အောင်ဘုတို့သုံးယောက် မမော်၏ အရက်တဲမှ အရက်သောက်ပြီး ရွာအနောက်တောစပ်ကို ထွက်လာကြသည်။ ရွှေတင်မိုးက ရှေးဟောင်းဘုရားလေးမှာ ပုတီးစိပ်နေတုန်းပင်။ သိန်းတိုးက ယောက်ဖရွှေတင်မိုးကို ကြည့်ပြီး ကံဆိုင်နှင့် အောင်ဘုကို လက်တို့ခေါ်ပြီး စေတီတော်ကလေး၏ အနောက်ဘက်အခြမ်းကို ထွက်လာကြပြီး အုတ်သားများကို ကိုင်ကြည့်၍ ခေါင်းညိတ်ပြီး ခပ်တိုးတိုးနှင့် ...

"အုတ်တွေက ရှေးအုတ်တွေအပြားကြီးပြီး ပါးပါးလေးတွေ အခြေအနေကြည့်နေ။ ယူစရာရှိတာတွေ ပြန်ယူလိုက်မယ်။ ကောင်လေး မတွေ့စေနဲ့ဦး"

အောင်ဘုနဲ့ ကံဆိုင်တို့ကို ပြောပြီး သိန်းတိုးက နေရာမှ လှည့်ထွက်သွားသည်။

"ဟေ့ကောင် ... ကံဆိုင်၊ ဒီကောင် ပုတီးစိပ် တရားထိုင်တာ ကြာလှချေလား။ တို့အရက်သောက်နေတာပဲ အကြာကြီး။ ဘာဈာန်ဝင်စားနေလည်း မသိဘူး။ တို့လုပ်စရာရှိတာကို လုပ်ရအောင် မင်းတွေ့ထားတဲ့ သစ်ကိုင်းခြောက် သွားယူ။ မြွေတော့ သတိထားရမယ်။ သူ့ဘေးမှာ မြွေတွေနဲ့"

"အေး ... အေး ..."

ကံဆိုင်သူလာသော သစ်ကိုင်းက အခြောက်အဆွေးမဟုတ် အစိမ်းကို ပဲ့ကျတာဖြစ်၍ စီးစီးပိုင်ပိုင်ရှိသည်။

"ဖျောင်"

'ခွပ် ... ရှပ် ရှပ် ... ဝေါ ဝေါ ... ဖလပ် ဖလပ်' ဟူသော အသံများက ရှေးဟောင်းဘုရားစေတီလေးဘေးနှင့် တောတန်းလေးတွင်





ပြည်သွားသည်။ မြွေအကြီးကြီးနှစ်ကောင်နှင့် မြွေသေးသေးလေးများပါ ပျောက်ကွယ်သွားကြသည်။

ခဏအကြာတွင် သိန်းတိုးက ပြန်ရောက်လာသည်။ ထမ်းလာသော သံတူရွင်းများ ပေါက်ချွန်နှင့်တူတို့ကို ချလိုက်ပြီး ...

"ယောက်ဖတော်ရော ... ကိုအောင်ဘု"

"မင်းယောက်ဖက ပြန်သွားပြီလုပ်စရာရှိတာကို လုပ်ကြအောင်။ တော်ကြာ မှောင်သွားမယ်"

"အင်း ... ဟုတ်တယ် ... ဟုတ်တယ်"

"ကဲ ... လုပ်ငန်းစကြရအောင်"

ကံဆိုင်၏ စကားဆုံးသည်နှင့် ရှေးဟောင်းစေတီအပြိုကလေး၏ အုတ်ချပ်များကို သံတူရွင်းနှင့် ထိုးသူနှင့် ပေါက်ချွန်းနှင့်ပေါက်သူက ပေါက်၍ တူနှင့် ထုသူကထုရာ ခဏလေးနှင့်ပင် အုတ်ချပ်များက နှစ်တောင်ပတ်လည်လောက်ကွာကျပြီး အပေါက်ကြီး ဖြစ်သွားသည်။

"ဟာ ... အပေါက်တော့ ဖြစ်သွားပြီ၊ ကံဆိုင် ... မင်း အထဲဝင်ကွာ"

"ဟာ ... ဟို ... ကိုအောင်ဘုကလည်းဗျာ ... မှောင်နေတယ် နောက် အနံ့ကလည်း စိမ်းရွှေရွှေနဲ့"

"မင်းကလေ အလုပ်ဆိုရင် ဒီလိုပဲ။ ပြီးရင် ပိုပြီးလိုချင်တယ်။ မင်းကွာ ... ဖယ် ... ငါဝင်မယ်၊ ငါ့မှာ မီးခြစ်ပါတယ်"

အောင်ဘုက ပြောလည်း ပြော၊ လက်ထဲမှ မီးခြစ်ကိုခြစ်ပြီး အုတ်ပေါက်ထဲကို ခေါင်းငုံ၍အဝင် ရှီးဖောက် ...

"အာ ..."

အောင်ဘုမှာ အော်၍ကိုယ်တစ်ပိုင်းက အပြင်တွင်ဖြစ်ပြီး လဲကျသွားသည်။ လဲကျသွားသော အောင်ဘု၏ ကိုယ်ပေါ်မှရော၊ ဘေးဝန်းကျင်မှပါ မြွေများ ထွက်လာကြသည်။

"ဟာ ... မြွေတွေ ... ပြေး ပြေး ... ကိုသိန်းတိုး"



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုင်က ပြောလည်းပြော လှည့်၍အပြေးတွင် 'ဝေ ဟေ ဟေ' ဟူသော အသံများနှင့် ဘုရားလေးကုန်းပေါ်ကို ပြေးတက်လာကြသော ညောင်နီကုန်းရွာထဲမှ လူများ။

"ဟာ"

"ဟင်"

"ဩော် သိန်းတိုး၊ မင်းက ဒီလိုကိုး။ ဘယ်မှာလဲ ရွှေတင်မိုး"

ရွာသားတစ်ယောက်က မေးလိုက်သည်။ သိန်းတိုးနှင့် ကံဆိုင်ဘေးတွင် မြွေများ ဝိုင်းထားသည်။ ကံဆိုင်ပြောလိုက်သဖြင့် ရွာသားနှစ်ယောက်က လှည့်ထွက်သွားပြီး ခဏအကြာတွင် ရွှေတင်မိုးပါ ပါလာပြီး ပြန်ရောက်လာကြသည်။ ရွှေတင်မိုးရောက်လာမှ မြွေတွေက နေရာမှ ထွက်သွားကြသည်။ ရှေးဟောင်းစေတီလေး၏ အုတ်ပေါက်ကို သစ်ခက်သစ်ကိုင်းများပိတ်ဆို့ဖုံးအုပ်ပြီး အောင်ဘုအလောင်းကို ဝါးနှင့်လျှိထမ်း၍ သိန်းတိုးနှင့် ကံဆိုင်ကို ကြိုးနှင့်တုပ်ပြီး ခေါ်လာကြသည်။

ရွာထဲကို ပြန်ရောက်သည်တွင် အောင်ဘု၏အလောင်းကို ရွာပြင်တွင်ထားခဲ့ပြီး သူကြီးအိမ်ကို သွားကြသည်။ သူကြီးက ဦးမှတ်တင်နှင့် ဒေါ်သိန်းနုရော၊ အေးခြုံကိုပါ ခေါ်ခိုင်းလိုက်သည်။ ထွေးအုံက သူကြီးအိမ်ကို အစောကြီးကပင် ရောက်နေသည်။ ဦးမှတ်တင်တို့ ရောက်လာသည်။ အေးခြုံက သူယောက်ျားသိန်းတိုးကို ကြည့်ပြီး မျက်နှာပျက်၍ ခေါင်းငုံ့ထားသည်။

ထွေးအုံက ရွှေတင်မိုး၏ လက်နှင့် ခြေထောက်ကို ပွတ်ပေးလိုက်၊ ခေါင်းကို ပွတ်ပေးလိုက်၊ မျက်ရည်သုတ်လိုက်နှင့် မည်သူကိုမှ စကားမပြော။

ကဲ . . . ဦးမှတ်တင်ရဲ့သားမက် သိန်းတိုးက မြို့ပေါ်က ဘုရားခိုးလူရှုပ်ဖြစ်တဲ့ အောင်ဘုဆိုတာရယ်၊ ကံဆိုင်ဆိုတာနဲ့ ပေါင်းပြီး ရွာအနောက်တောစပ်က ရွှေတင်မိုးပုတီးသွားသွားစိပ်တဲ့ ရှေးဟောင်း ဘုရားပြိုကလေးက ရှေးဟောင်း ရုပ်ပွားဆင်းတုတော်တွေကို ပေါင်းပြီး ခိုးဖို့လုပ်တယ်။ ရွှေတင်မိုး ပုတီးစိပ် တရားထိုင်နေတာကို သိမှာစိုးလို့ ရိုက်ပြီး တဘက်ပဝါကိုစုတ်ပြီး ပါးစပ်ကိုဆို့ ခြေတွေလက်တွေကို ကြိုးတုပ်ထားတာ။ ရွှေတင်မိုးကို သစ်ကိုင်းနဲ့ရိုက်တာ





နာရုံပဲနာတာ မေ့မသွားဘူး။ ဒါပေမဲ့ မေ့ချင်ယောင်ဆောင်လိုက်ပြီး မြွေတွေကိုလည်း နှင်ထုတ်လိုက်တယ်။ သူတို့ ဘာလုပ်မလဲဆိုတာကို သိချင်လို့ သိန်းတိုးက အုတ်ဖောက်ဖို့ ရွာမှာ သံတူရွင်းတို့၊ တူတို့၊ ပေါက်ချွန်းတို့ ပြန်ယူတဲ့အချိန် သိန်းတိုးက သံတူးရွင်းတွေ တူပေါက်ချွန်းတွေ လာယူတော့ ထွေးအုံပဲ အိမ်မှာရှိတယ်။ ကိုမှတ်တင်တို့ မသိန်းနုတို့က ဘုန်းကြီးကျောင်းမှာ အေးခြုံက ရွာအရှေ့ပိုင်းက ဘဖိုးစံတို့အိမ်မှာ စကားသွားပြောနေတာ ထွေးအုံက သိန်းတိုးထွက်သွားတာနဲ့ ကျုပ်ကိုလာပြောလို့ ခေါင်းတုံးနဲ့ ထွန်းနိုင်လေးကို နောက်ကလိုက်ခိုင်းပြီး အကြောင်းထူးရင် အမြန်လာပြောလို့ မှာလိုက်တယ်။

အဲ့နောက်ကမှ မောင်ကြည်တို့၊ ဇော်ဝင်းတို့ ဖိုးကျစ်တို့နဲ့ လူကြီးလေးငါးယောက်ကို ထပ်လွှတ်လိုက်တော့ ဒီကောင်တွေ ဘုရားလေးက အုတ်တွေ ခွာနေတာကို တွေ့ပြီး ခေါင်းတုံးနဲ့ ထွန်းနိုင်လေးက ပြန်လာပြောတာ။ တောစပ်မှာပဲ မောင်ကြည်တို့လူစုနဲ့တွေ့လို့ အခုလို မိလိုက်တာပဲ။ အဲ . . . အဲ . . . လောဘကြီးတဲ့ခေါင်းဆောင်က ကလိုဏ်ထဲက မြွေပေါက်လို့ သေတာ။ ရွှေတင်မိုးက ဒီကောင်တွေ မပြေးနိုင်အောင် မြွေတွေကို ခေါ်ပြီး ဝိုင်းခိုင်းထားလိုက်တာ။ ကဲ . . . ကဲ . . . ဘယ်လိုလုပ်ကြမလဲ၊ ကျုပ်ဆန္ဒအတိုင်းဆိုရင် ဥပဒေနဲ့အညီပဲ လုပ်မယ်"

"လုပ်ပါ . . . သူကြီး၊ ကျုပ် ကျေနပ်ပါတယ်။ အေးခြုံကိုရော"

"ဟို . . . သမီး မသိရပါဘူး။ သူတို့က စပါးကြီးသည်းခြေတို့ တောက်တဲ့တို့ဆိုလို့ ရွာကို ခေါ်လာမိတာပါ။ ဟင် . . . ကောင်းသေးရဲ့ သိန်းတိုးကြီးရဲ့"

ဦးမှတ်တင်က သူ့သမီးအေးခြုံကို ဒေါသမျက်လုံးနှင့် ကြည့်လိုက်သည်။ ဒေါ်သိန်းနုနှင့် ထွေးအုံက ရွှေတင်မိုးကို ပွတ်သပ်ပေးနေကြသည်။ သိန်းတိုးနှင့်ကံဆိုင်က ခေါင်းငုံ့၍ ထိုင်နေကြသည်။

"ရွှေတင်မိုးက ယောက်ဖကိုမနိုင်ဘဲ မြွေပဲနိုင်တာ"

ဟု အသံက လူတောထဲမှ ထွက်လာသည်။ ရွှေတင်မိုးက သူကြီးကိုပြောပြသည့် စကားထဲတွင် သည်ကိစ္စများပြီးလျှင် ရွာဦးရွာထိပ်မှ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲတွင် တောစပ်ရှေးဟောင်းစေတီပြိုလေမှ ရသမျှ ဓာတ်တော်များ ပစ္စည်းများကို ပြန်၍ ဌာပနာပြီး နဂါးရုံဘုရားတည်ရန်ကိုပါ ထည့်ပြောထားသည်။


ညောင်နီကုန်းရွာ၏ ရွာထိပ် ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းထဲတွင် နဂါးရုံ ရုပ်ပွားဆင်းတုတော်တစ်ဆူနှင့် စေတီတော်လေးကပါ (၉)တောင် ပြည့် သပ္ပာယ်ကြည်ညိုဖွယ် တည်ထားပြီးစီးခဲ့ပြီဖြစ်သည်။ ညောင်နီကုန်းရွာ၏ မူလတန်းကျောင်းမှ ကျောင်းဆရာလေး ရွှေတင်မိုးက ကျောင်း၏ပြတင်းပေါက်မှ လက်အုပ်ချီ၍ ဖူးမြော်နေသည်ကို မထွေးအုံနှင့် မအေးမြိုတို့က ဆရာတော်၏ကျောင်းကို ဆွမ်းအုပ်လာပို့ရင်း မြင်ပြီး …

"မမအေးမြို … ရွှေတင်မိုး မြွေသခင်ဘုရားကို ကျောင်းပြတင်းပေါက်က လှမ်းဖူးမြော်နေတယ်"

"အေးပါ … ညီမလေးရဲ့ မောင်လေးက ဘုရားတရားမြဲသူကိုး"

ညီအစ်မနှစ်ယောက်က အပြုံးမျက်နှာနှင့် မောင်ဖြစ်သူကို ကြည့်၍ ဘုန်းကြီးကျောင်းဝင်းထဲကို လှမ်းဝင်ကြလိုက်သည်။

စိုးယဉ်ထွန်း




www.burmeseclassic.com

www.burmeseclassic.com



လောဘသားများ လက်ထဲရောက်ရင် အာနိသင်ပြယ်လိမ့်မယ်။ ကိုင်း ... စာရေးဆရာ၊ မှတ်ထားဗျ။ ကျုပ်တို့ မြန်မာအဂ္ဂိရတ်ပညာက စွမ်းပြီဟော့ဆို ပီယသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ခနသိဒ္ဓိ၊ ရောဂါဘယသိဒ္ဓိ ပြီးတဲ့ ဓာတ်လုံးမျိုး ရှိကိုရှိခဲ့ဖူးတယ်။ ထိုက်တန်မှလည်း ရတယ်။

သို့သော် ...

အဲဒီသိဒ္ဓိဝင် ပစ္စည်းမျိုးဟာ တစ်စုံတစ်ဦးလက်ထဲမှာ ကြာကြာနေလို့ မရဘူး။ အချိန်စေ့ရင် သူ့ဌာနကို သူပြန်သွားတာမျိုး ရှိတယ်။ ယုံချင်လည်း ယုံ၊ မယုံချင်လည်းနေ ဟုတ်ပြီလား။

ကျွန်ုပ်သည် အဘဦးကုန်းဘောင်အမည်ရှိ လူကြီး ပြောသမျှကို အံ့အံ့သြသြ နားထောင်ရင်း ထူးဆန်းသော မိုးကြိုးရွှေကွပ်ဓာတ်လုံးလေးကို လှမ်းကြည့်ရင်းက အဘဦးကုန်းဘောင်ရဲ့ ဘဝအတွေ့အကြုံများကို ဆက်၍ နားထောင်နေချင်ဆဲ ဖြစ်နေမိတော့လေသတည်း။

BURMESE CLASSIC

မောင်ညိုမှိုင်း(သန်လျင်)




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အသက်ကလေး ရလာသည်နှင့် အားလပ်နေချိန်များတွင် စာရေးဆရာပီပီ ကုန်ကြမ်းရှာရင်း ခရီးထွက်လိုသည်မှာ လူ့စိတ်ပင် ဖြစ်ပါလိမ့်မည်။ တစ်ဦးတည်းလည်း ခရီးမထွက်လို၊ အဖော်အပေါင်း မိတ်ဆွေသင်္ဂဟ တပည့်ရင်းများဖြင့် သွားလိုနေသည်။

အိမ်က SUNNY (PICKUP) ကားကညီး မကြာမတင် (ကညန) သို့ အပ်နှံရတော့မည်။ ၁၉၉၀ Model ဖြစ်၍ အလွန်ကောင်းသည်။ ခရီးဝေးလည်း အကြိမ်ကြိမ်ထွက်ဖူးသည်။ မချူချာ။ အလွန်သန့်ကောင်းသည်။

ခရီးထွက်ရန် အဖော်အဖြစ် ရှာဖွေတော့လည်း သစ်တောအရေးပိုင်ဦးနေအောင်က အသက်ကြီးပြီ။ သူ၏စီးပွားရေးလုပ်ငန်းများနှင့် ရက်ကြာခရီးဝေးမလိုက်နိုင်တော့။ တောအုပ်ကြီးကိုဇော်မင်းနှင့် ကျော်စိန်ဝင်းတို့ကလည်း သူတို့၏ မိသားစုကိစ္စများကြောင့် မလိုက်နိုင်ပြန်ပါ။





သာယာဝတီက မုဆိုးတပည့်ကျော်အောင်သန်းနှင့် မျောက်တင်သောင်းတို့အား အကြောင်းကြားထားသော်လည်း အကြောင်းမပြန်ကြသေးပါ။ တစ်ခါ မန္တလေးက ပုဏ္ဏားတင်ဦးနှင့် ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးနှင့် သူခိုးမြင့်သိန်းတို့ကလည်း ဆက်သွယ်ရှာဖွေ၍ မရသေးပါ။ ထောင်တွင်းပြန်ရောက်နေကြပြီလားမသိ။ အကျဉ်းဌာနက ထွက်လာကတည်းက ထောင်နှင့်အဆက်အသွယ်မရှိသည်မှာ ကြာချေပြီ။

ကျွန်တော်တို့ ထောင်မှူးသင်တန်းအပတ်စဉ် (၆)က ငယ်ပေါင်းရောင်းရင်းများဖြစ်တော့ (၆)လတစ်ခါ ဆုံဖြစ်ကြသည်။ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အဆက်အသွယ်က မပြတ်ပါ။ သို့သော် သူတို့က ကျွန်တော့်လို အားလပ်သူများမဟုတ်ကြ။ အပတ်စဉ်(၆) လက်ထွက် စာရေးဆရာများဖြစ်ကြသော စာရေးဆရာ ကိုစိုးဝေက ပုသိမ်မြို့သို့ သွားနေရသည်။ သူ့မိန်းမ ဆရာမက အသက်ကြီးမှ ကံပေါ်သတဲ့လေ။

စာရေးဆရာ ပီတာမြဦးကတော့ မဂ္ဂဇင်းအစောင်စောင်ဖြင့် မအားလပ်ရှာ။ ကျွန်တော်နှင့်တွဲနေသော စာရေးဆရာ မောင်ညိုမှိုင်းကတော့ သူ့မိန်းမကိစ္စ၊ သူ့သားသမီးများ ကိစ္စကြောင့် ခရီးဝေးမလိုက်နိုင်ပါ။ သူက သန့်လျှင်သား။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မပြောနှင့် မြန်မာပြည် အလယ်ပိုင်း အညာဒေသသို့ပင် ရောက်ဖူးသူမဟုတ်။ ထနောင်းပင်ကို မြင်ဖူးချင်သည်ဟုတော့ အမြဲတမ်း ပြောနေတတ်သည်။

သို့သော် သူက ကားစက်ပြင်ရန် မပြောနှင့် ကားပင်မမောင်းတတ်ရှာပါ။ ကျွန်တော်လိုချင်သော အဖော်က ကျွန်တော့်တပည့်ရင်းဖြစ်ပြီး ကားမောင်းစက်ပြင် တတ်ရမည်။ အရေးကြုံက အားကိုးအားထားပြုနိုင်သော ကျန်းမာသန်စွမ်း၍ ကိုယ်ခံပညာ တတ်ကျွမ်းသူလည်း ဖြစ်ရပေမည်။ မောင်ညိုမှိုင်းက လူပလံလေး နွဲ့နွဲ့ဖြူဖြူချောချောကလေး။

ကျွန်တော်မျှော်လင့်နေတုန်း ရေငတ်သူ၊ ရေတွင်းထဲကျသလို မန္တလေးက ပုဏ္ဏားတင်ဦးတစ်ယောက် ကျွန်တော့်အိမ်သို့ မနက်စောစောရောက်လာခဲ့သည်။ ဧည့်သည်လာသည်ကို သိသော်လည်း ကျွန်တော်က



www.burmeseclassic.com